www.burmeseclassic.com



www.burmeseclassic.com

# နတ်ပျိုမရဲ့
# ရှိမန်တစ်အချစ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အထီးကျန်မနက်ခင်းတစ်ခု

ခပ်မှုန်မှုန် အလင်းဖျော့တစ်ခု

ပြီးတော့ ...

ဆိတ်ငြိမ်ရပ်ဝန်းက အလည်လာတဲ့

ပန်းတစ်ပွင့်နဲ့ ပုံရိပ်တွေ

ငါ့ရဲ့နိုးထခြင်းရာသီထဲမှာ

ဖလက်(ရှ်)ဂမ်းတစ်ချက် ဖွင့်လိုက်သလို

ပန်းတစ်ပွင့်နဲ့အပြုံးက

ငါ့ရဲ့နှလုံးသားမှာ လင်းခနဲ

ကြယ်စင်

သက်ပိုင်ရဲ့စာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သက်ပိုင်ရဲ့

လှပမွေးပျံ့တဲ့ အိပ်မက်တစ်ခုက
မွေးဖွားသန့်စင်ပေးလိုက်တဲ့
ရင်ခုန်သံတွေဟာ ...
တစ်ရေးနိုးလာတာနဲ့
သူတို့ရဲ့ဆန္ဒအရ
ရင်ဘတ်ထဲမှာ ကခုန်နေကြ၏။

ရှင်ငြိမ်းမယ်

## အခန်း (၁)

**သု**ခိတာဘုံမှ နတ်ပျိုမတစ်ဦး၏ အတွေးပုံရိပ်တစ်ခုက သိပ်ကို နုသစ်လတ်ဆတ်လို့နေ၏။

လူ့ဘုံမှ လူသားများသည် မင်္ဂလိုလ်နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်ရပါလို၏ဟု တောင်းဆုတွေ အခါခါခြွေနေသော အချိန်မှာ ...

နတ်ပျို့မလေး **"ရှင်ငြိမ်းမယ်"** ရဲ့အတွေးပုံရိပ်ထဲမှာတော့ လူ့ဘုံရဲ့ အတိဒုက္ခပင်လယ်ထဲမှာ ကူးခပ်မျောပါနေကြသော လူသားတချို့ရဲ့ဒုက္ခတရားကို ကူညီဖြေရှင်းပေးချင်သော အလိုဆန္ဒက ရင်မှာ ဖွာလန်ကြဲစွာ အမြစ်တွယ်လို့နေ၏။

သာယာသော ဂီတသံစဉ်များနှင့်အတူ နီယွန်ရောင်စုံမီးများ ခေတ်မီလှသောအဆောက်အအုံများ၊ ဆန်းသစ်လှပသော



www.burmeseclassic.com

www.burmeseclassic.com



လူသားတွေရဲ့ အတွေးစိတ်ကူးတွေနဲ့ ပုံဖော်ထားသော လူပတ်ဝန်းကျင်အသိုင်းအဝိုင်း၊ ပျော်စရာတွေ၊ ဝမ်းနည်းစရာတွေ၊ လွမ်းဆွတ်ခြင်းတွေ၊ ချစ်ခင်စုံမက်ခြင်းတွေ ပြည့်သိပ်ကျပ်ညပ်နေသော လူ့ဘုံခန်းဝါသို့ တစ်ခါတစ်ခေါက်လောက်တော့ ရောက်ဖူးချင်လှပါရဲ့ . . .။

နတ်တို့၏ကံကြမ္မာကလည်း အစဉ်အမြဲ တည့်တံ့ခြင်းမရှိပါလေ။

အတွေးပုံရိပ်မဆုံးခင်မှာပင် နတ်ပျိုမလေးရဲ့ အလိုဆန္ဒကို အဘယ်သို့သော နတ်မင်းကြီးက ကူညီဆောင်မ,လိုက်လေသည် မသိ . . .။

နတ်ပျိုမလေး၏ စိတ်အစဉ်နှင့်အတူ ရုပ်ခန္ဓာကိုယ်သည် တညီတညွတ်တည်း ပူးတွဲစွာဖြင့် လူ့ပြည့်လူ့ရွာသို့ ဖြုတ်ခနဲ ရောက်ရှိသွားသည်မှာ တကယ့်ကို အံ့ဩစရာပင်။

ကမ္ဘာမြေပြင်ပေါ်သို့ ကိုယ်ရောင်ကိုယ်ဝါ ပြိုးပြိုးပြက်ပြက်ဖြင့် ရုတ်ခြည်းပေါ်လာသော နတ်ပျိုမလေးကို မည်သူကမှ အာရုံမထား၊ သတိမမူမိကြ။

"အလို . . . ငါ ဘယ်ဌာနေကိုများ ရောက်ရှိလာတာပဲ"

ဘေးပတ်ဝန်းကျင်ကို မျက်လုံးတွေဝေ့ကြည့်တော့ ကိုယ်နှင့်ရင်းနှီးကျွမ်းဝင်မှုမရှိသော ပတ်ဝန်းကျင်သစ်တစ်ခု။

စိမ်းလန်းနေသော မြက်ခင်းပြင်နှင့် လှပဝေဖြာနေသော





ရောင်စုံပန်းခင်းကြီးတွေ၊ တခြားတစ်ဖက်ဆီမှာတော့ မီးရောင်စုံတွေ လင်းဖြာနေသော နတ်ဘုံနတ်နန်းနှင့်မတူ ကာရိုက်တာတစ်မျိုးဖြင့် ထူးခြားဆန်းသစ်နေသည့် ထည်ဝါသောအဆောင်ကြီးများ။

ထိုသို့ခံ့ညားထည်ဝါသော အထပ်ထပ်ဆီမှာတော့ မီးအလင်းရောင်တွေက မှိန်သွားလိုက်၊ အပြာဖြစ်လိုက်၊ အစိမ်းဖြစ်လိုက် အရောင်စုံသော ခပ်မှိန်မှိန်အလင်းရောင်တွေရဲ့ လွှမ်းခြုံအုပ်မိုးခြင်းခံရတဲ့ လူသားတချို့ကတော့ ဂီတသံနှင့်အတူ စည်းချက်ညီစွာ လှုပ်ရှားကခုန်နေကြ၏။ ဒါဟာ ဘယ်လိုနေရာမျိုးဖြစ်မလဲ။

သိချင်လှပေ၏။

သူတို့ပုံပန်းသဏ္ဍာန်တွေမှာတော့ ပျော်ရွှင်ခြင်းတွေနဲ့ ယစ်မူးလို့နေပုံရ၏။

ဘယ်မှာလဲ ဒုက္ခတွေ၊ ရုန်းကန်ရမှုတွေ၊ ထိုနေရာဆီသို့ ဦးတည်ကာ ခြေလှမ်းတွေ လှမ်းမိတယ်ဆိုရင်ပဲ . . .

နတ်ပျိုမလေးဟာ သူမရဲ့ ပုံပန်းသဏ္ဍာန်ကို တစ်ချက်ငုံ့ငေ့ကြည့်လိုက်သည်။

စိုးရိမ်စိတ်တစ်ခုက ရင်ထဲမှာ ယှက်ဖြာဖြတ်သန်းလျက် အာရုံထဲသို့ စိတ်ကူးသစ်တစ်ခုပါ ရုတ်ခြည်းပေါ်လာလို့နေ၏။

"အလို . . . ငါ့ရဲ့အဆင်းအရောင်ပြောင်ပြောင်လှ



www.burmeseclassic.com

www.burmeseclassic.com



လက်တွေနဲ့ အဲဒီဌာနေကိုသွားဖို့ သင့်တော်ပါ့မလား၊ အဲဒီတော့ ငါ့ရဲ့တန်ခိုးအစွမ်းနဲ့ လူ့ပြည်က လူသားမိန်းကလေးတစ်ယောက်လို ဖန်ဆင်းလိုက်မှပဲ''

နတ်ပျိုမလေးသည် သူ့ကိုယ်သူ ဘယ်လိုပုံစံမျိုး ဖန်ဆင်းရမလဲဟူသောအတွေးဖြင့် လူသားမိန်းမပျိုတစ်ယောက်ကို တွေ့လိုတွေ့ငြား ဂန်းခင်းကြီးထဲမှ ဖြတ်နင်းလာကာ လူစည်ကားသော နေရာအရောက်တွင် အမှောင်ကွယ်ပြီးစူးစမ်းနေစဉ် ...

မိမိရှေ့မှ ဖြတ်သွားသော လူမလေးတစ်ယောက်ရဲ့ ဝတ်စားဆင်ယင်ပုံကို တွေ့လိုက်ပြီး ထိုမိန်းကလေးအတိုင်း လိုက်၍ ဖန်ဆင်းလိုက်သည့် တစ်ခဏအတွင်းမှာ ခေတ်မီလှပသော ဂါဝန်ဖြူလွလွလေးနှင့် အင်မတန်မှ ချောမောလှပသော လူ့ဘုံမှ လူသားမိန်းမပျိုလေးတစ်ယောက်လို နုသစ်လတ်ဆတ်လို့သွား၏။

''အို ... ငါ့ကို နတ်ပြည်က အလည်ဆင်းသက်လာတဲ့ နတ်ပျိုမလို့ ဘယ်သူက ထင်နိုင်တော့မှာလဲ အဟင်း ... ဒီပုံအတိုင်းဆိုရင် ငါဟာ လူတွေနဲ့ တစ်သားတည်းဖြစ်လောက်ပြီ''

နတ်ပျိုမလေးဟာ သူ့ကိုယ်သူ လူသားမိန်းမပျိုလေးတစ်ယောက်အသွင်ဖြင့် လူစည်ကားလှသော စူပါမားကတ်တွေ၊ စားသောက်ဆိုင်တန်းတွေရှိသောဘက်ကို စူးစမ်းသောအကြည့် မျက်ဝန်းလေးဖြင့် မဝံ့မရဲ လျှောက်လို့လာလိုက်၏။

ဖန်ဆင်းထားသော ပင်ဆဲလ်ဟီးကြောင့် ခြေထောက်





တွေက သိပ်မနိုင်ချင်။

ချော်လဲမည်စိုး၍ ဟန်ချက်မပျက်အောင်ထိန်းပြီးလျှောက်ရင်း စားသောက်ဆိုင်တစ်ခုရှေ့သို့အရောက်မှာ ဆာလောင်သော ခံစားမှုလေး အသိစိတ်မှာ ဖြစ်ပေါ်လာ၏။

နတ်ဘုံဗိမာန်မှာဆိုရင်တော့ နတ်သုဒ္ဓာပေါ့။ လူ့ပြည် လူ့ဘုံမှာတော့ နတ်သုဒ္ဓာဆိုတာ ဒဏ္ဍာရီပုံပြင်ထဲမှာသာ ကြားဖူးကြပါလိမ့်မည်။

လူတွေစားသောက်နေသော စားသောက်ဆိုင်ထဲသို့ ခြေလှမ်းတွေကို ဦးတည်လိုက်သည်။

ခြေလှမ်းတွေ မနိုင့်တနိုင်ဖြင့် လှမ်းဝင်သွားသော နတ်ပျိုမလေးကို ဝိတ်တာကောင်လေးတစ်ယောက်က ခရီးဦးကြိုပြုလိုက်၏။

များပြားလှသောစားပွဲဝိုင်းတွင် စားသောက်သူများကလည်း နေရာလွတ်မရှိ အပြည့်နေရာယူထားကြပြီးသား။

''အစ်မ ... သီသန့်ခန်းယူမလား၊ အေးအေးဆေးဆေး အနားယူလို့ရပါတယ်''

နတ်ပျိုမလေး၏ လှပမှုအရှိန်အဟုန်ကို လူတိုင်းက သတိထားမိကြပုံရ၏။ အားလုံး၏အကြည့်တွေ (အထူးသဖြင့် ယောကျ်ားသားအရွယ်စုံ)က နတ်ပျိုမလေးထံ စုပြုံကြလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သီးသန့်ခန်းဆိုတာ ဘာမှန်းမသိသော နတ်ပျိုမလေးခမျာ ခပ်ချောချောဝိတ်တာကောင်လေးရဲ့ အမေးစကားကို အယောင်ယောင်အမှားမှား ခေါင်းညိတ်လိုက်ပြီး ...

ဝိတ်တာလေးခေါ်ဆောင်ရာ စားသောက်ဆိုင်အပေါ်ထပ် သီးသန့်ခန်းလေးထဲသို့ လိုက်ပါလာလိုက်သည်။

သီးသန့်ခန်းထဲရောက်တော့ အေးစိမ့်ခြင်းနှင့်အတူ မွှေးပျံ့သောရနံ့သစ်တစ်ခုကို ရှုရှိုက်ရင်း ဆိုဖာထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။

အိစက်နစ်ဝင်သွားသော ဆိုဖာ၏အတွေ့အထိကြောင့် ခန္ဓာကိုယ်လေး တွန့်ခနဲဖြစ်သွား၏။

''အစ်မ ... ဘာသုံးဆောင်မလဲခင်ဗျာ''

နတ်ပျိုမလေးကို တရိုတသေမေးပြီး မီနူးကဒ်ကလေး လှမ်းပေးလိုက်သည်။

ကမ်းပေးလာသော မီနူးကဒ်ကလေးကိုယူရင်း ဘာပါလိမ့်ဆိုသော သိချင်စိတ်နဲ့အတူ ...

''အဲဒါက စားလို့ရလား အမောင်''

နတ်ပျိုမလေးအမေးကြောင့် ဝိတ်တာလေးမျက်နှာ မချိမချိဖြစ်သွားပြီး ဂေါက်များဂေါက်နေသလားဆိုသည့် စူးစမ်းသည့်အကြည့်နှင့်အတူ ...

''ဒီကဒ်ကိုတော့ စားလို့မရပါဘူးခင်ဗျာ၊ ဒီကဒ်ထဲမှာ





ပါတဲ့ စားစရာအမျိုးအမည်ထဲက အစ်မ,ကြိုက်တာကို မှာယူသုံးဆောင်နိုင်ပါတယ်''

''ဩော် ... အင်း ... ကောင်းပါပြီ ... ဒါဆို ဒီဟာနဲ့ ဒါယူလာပေး''

ဝိတ်တာသည် သူမ,ညွှန်ပြရာသို့ကြည့်ပြီး မျက်လုံးပြူးသွားကာ ...

''အစ်မ ... အဲဒါက နိုင်ငံခြားဖြစ်ဝိစကီတွေပါ ... အစ်မနဲ့ မဖြစ်ဘူးထင်တယ်''

''ဝိစကီ ... ဝိစကီ''

အထပ်ထပ် ရေရွတ်ကြည့်ရင်း ...

''အဲဒါတွေက စားလို့မရဘူးလား''

''အဲဒါတွေက လူကို မူးယစ်ရီဝေစေပါတယ်၊ အစ်မတို့လို မိန်းကလေးအတွက် မသင့်တော်ဘူးလို့ ထင်ပါတယ်ခင်ဗျာ''

''ဒါဆို ... အစ်မတော်နဲ့ သင့်တော်မယ့် သုံးဆောင်စရာတွေသာ ဆောင်ယူလာခဲ့ပါတော့ မောင်တော်''

နတ်ပျိုမလေးရဲ့ နှုတ်ထွက်စကားလုံးဆန်းဆန်းတွေကြောင့် ဝိတ်တာလေးရဲ့မျက်နှာမှာ ထူးဆန်းမှုနှင့်အတူ အံ့ဩမှင်တက်နေမိ၏။ ဇာတ်အဖွဲ့ထဲက မင်းသမီးများလား။

ဝိတ်တာသည် နတ်ပျိုမရဲ့သီးသန့်ခန်းထဲမှ ထွက်လာပြီး အခန်းပြင်ရောက်မှ အူကြောင်ကြောင်မျက်နှာထားဖြင့် အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com



များလားဟု အတွေးရောက်ကာ ခေါင်းကို ဘယ်ညာခါယမ်းလိုက်သည်။

လုတာကတော့ သူ့မတူအောင် လှပါသည်။

တစ်ကမ္ဘာလုံးမှာရှိသော မိန်းမလှလေးတွေ အယောက်တစ်သိန်းလောက်စုပြီး ယှဉ်ပြိုင်လျှင်တောင်. ထိုမိန်းကလေး၏ အလှကို မီမည်မထင်ပါ။

နတ်ပျိုမလေးတစ်ယောက်မှာတော့ ပြာလဲ့လဲ့မာကျူရှိ မီးရောင်အောက်တွင် တစ်ကိုယ်တည်း ကြောင်တက်တက်နှင့် ထိုင်ကျန်ရစ်ခဲ့ပြီး သီးသန့်ခန်းလေးထဲ ငေ့ဝဲကြည့်လိုက်မိသည်။

အခန်းနံရံပတ်ပတ်လည်တွင် တပ်ဆင်ထားသော စတစ်ကာမှန်တွေမှတစ်ဆင့် တခြားအခန်းဘက်ဆီသို့ ခပ်ဝါးဝါးလှမ်းမြင်နေရသော စုံတွဲတွေဆီ အကြည့်ရောက်သွားကာ ရူးစမ်းလိုစိတ်ဖြင့် ထိုမှန်အနားသို့ လျှောက်သွားရင်း ဘေးမှထိုင်ခုံနှင့် ဝင်တိုက်မိပြီး ရှေ့သို့ ဟပ်ထိုးလဲကျသွား၏။

လဲကျသည့်အရှိန်ကြောင့် ဆွဲမိဆွဲရာဆွဲလိုက်သဖြင့် စားပွဲပေါ်မှ အလှပန်းအိုးလဲကျပြီး လိမ့်ဆင်းလာသည်။ ကြမ်းပြင်ပေါ်သို့ ကျအံ့ဆဲဆဲဖြစ်နေရာမှ ကျမသွားအောင် အမြန်ဖမ်းယူလိုက်ပြီး နေရာတကျပြန်ထားကာ ဟန်မပျက်ဖြင့် ဆိုဖာခုံပေါ်တွင် ပြန်ထိုင်နေလိုက်သည်။

တစ်ဖက်အခန်းမှ စုံတွဲများက သူမ၏အဖြစ်ကိုကြည့်ရင်း





ရယ်နေကြလေ၏။

ထိုစဉ် ဝိတ်တာမှ အခန်းထဲသို့ စားသောက်စရာများ ပြင်ဆင်ထားသည့် ဗန်းကို ကိုင်၍ဝင်လာပြီး သူမရှေ့သို့ စားသောက်စရာများ စနစ်တကျဖြင့် လာ၍ချပေးလေသည်။

“အစ်မ . . . သုံးဆောင်ပါ”

အနီ၊ အစိမ်း၊ အဝါ အရောင်အသွေးစုံလင်သော စားသောက်စရာများကိုကြည့်ပြီး အထူးအဆန်းဖြစ်နေရ၏။

လှပစွာပြင်ဆင်ထားသော ပန်းကန်ပြားထဲမှ အသားဖတ်ကလေးတစ်ဖတ်ကို ယူစားကြည့်လိုက်သည်။

ထူးခြားကောင်းမွန်သော အရသာထူးကြောင့် မျက်ဝန်းမှ အရောင်ကလေး. လက်ဖြာသွားသည်။

“အင်း . . . သိပ်ပြီး အရသာရှိလှပါတယ် မောင်တော်”

“ဟုတ်ကဲ့ . . . ဒါဆို စိတ်အေးလက်အေးသုံးဆောင်ပါ အစ်မတော်၊ အဲ . . . ဟို . . . အစ်မ . . . ကျွန် . . . ကျွန်တော် ဒီအနားမှာ ရှိနေပါတယ်၊ လိုအပ်တာကိုမှာချင်ရင် လှမ်းခေါ်လိုက်ပါ”

“အင်း . . . ကောင်းလှပါပြီ မောင်တော်”

နတ်ပျိုမလေးသည် ထူးခြားကောင်းမွန်သော အရသာထူးကို ကျေနပ်နှစ်ထောင်း အားရမိသဖြင့် မြိန်ရေယှက်ရေ စားနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်၍ပြီးသွားသောအခါ ဖန်ချိုင့်ထဲမှ ရေကို တစ်ဝသောက်လိုက်ပြီး ဝိတ်တာလေးကို လှမ်းခေါ်လိုက်သည်။

"ဘာလိုအပ်ပါသလဲ အစ်မ"

"အစ်မတော်ကို ... အခုလိုစားသောက်ဖွယ်အစုံ ဆက်သတဲ့အတွက် အထူးကျေးဇူးတင်တယ်ကွယ်၊ အစ်မတော်ကို ဒီနန်းရင်ပြင်ထဲကနေ အစ်မတော်ရဲ့နန်းဆောင်ကို လိုက်ပို့လို့ရပါပြီ"

ဝိတ်တာသည် နတ်ပျိုမ၏စကားကြောင့် ငယ်ထိပ်မြွေပေါက်သလိုဖြစ်ကာ ...

"အစ်မတော် ... အဲ ... မဟုတ်ပါဘူး အစ်မ ... ဒီနန်းရင်ပြင်က ကြွမြန်းလို့မရသေးပါဘူး အစ်မဘုရား၊ အဲ ... ဟာ ... မှားကုန်ပါပြီ ... ဟို ... အပြင်ကို ထွက်လို့က မရသေးပါဘူးအစ်မ၊ စားထားတဲ့အစားအသောက်တွေအတွက် ဘေလ်ရှင်းရဦးမှာပါ၊ ရှင်းပြီးမှ ပြန်ထွက်လို့ ရပါ့မယ်"

"ဘေလ် ... ဘေလ်ဆိုတာ ဘာလဲမောင်တော်"

"ကျသင့်ငွေကို ပြောတာပါ ... အစ်မစားသုံးတာ အားလုံး ၁၁၅၀၀ ကျပါတယ်ခင်ဗျာ၊ အဲဒါကို ကောင်တာမှာ ရှင်းရပါမယ်"

နတ်ပျိုမလေးသည် နားမလည်သည့်ဟန်ဖြင့် ...

"မောင်တော်ပြောတာကို အစ်မတော် နားရှုပ်လှတယ်





ကွယ်"

ဝိတ်တာသည် ခေါင်းကိုသာ တွင်တွင်ကုတ်ပြီး ...

"ဒုက္ခပါပဲ ... ငါတော့ ဒီအရှုပ်ထုပ်ကို ဘယ်လိုရှင်းရပါ့မလဲ"

"မထူးပါဘူး ... မန်နေဂျာဆီ ခေါ်သွားမှဖြစ်မှာပေါ့"

တစ်ဆက်တည်းပင် ...

"ကဲ အစ်မ ... ကျွန်တော့်နောက် ခဏလိုက်ခဲ့ပါ၊ မန်နေဂျာနဲ့ တွေ့ပေးပါမယ်"

"ကောင်းပြီမောင်တော် ... မင်းတို့ရဲ့ မနေကြာဆိုတဲ့ အစ်မတော်ဆီကို လိုက်တွေ့အခစားဝင်ပါ့မယ်"

နတ်ပျိုမ၏စကားကြောင့် ...

"ဘုရား ... မန်နေဂျာကြီးက ယောကျ်ားစစ်စစ်ကနေ မနေကြာဖြစ်ရပြန်ပြီ"

ကောင်တာတွင်ထိုင်နေသော မန်နေဂျာရှေ့အရောက်တွင် ...

မျက်စိမျက်နှာပျက်ကာ ပျာယာခတ်နေသော ဝိတ်တာကိုကြည့်ပြီး ...

မန်နေဂျာက ဆီး၍မေးလိုက်သည်။

"**ဟာရာ** ... ဘာကေ့စ်ဖြစ်ပြန်ပြီလဲ"

"ဆရာ ... ဒီကအမျိုးသမီးက ထူးဆန်းတဲ့စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး စားသောက်ထားတဲ့ဘေလ်တွေကို ရှင်းပေးမယ့်ပုံမပေါ်ဘူး''

''ခက်တော့တာပဲ ... မင်းတို့က လူကြည့်ပြီး ဧည့်ခံလေကွာ၊ ဘယ်လိုဟာတွေကို ဒီဆိုင်ထဲကို အဝင်ခံရတာလဲ''

ခက်ထန်သော၊ မာကျောသော မန်နေဂျာ၏စကားနှင့် မျက်နှာတင်းမာမှုကြောင့် ...

''တယ် ... ဒီလောက်တောင် ရင့်သီးခက်ထန်ရသလား အမောင်တို့''

''အမောင် ... ဒီကအစ်မတော် မနေကြာရဲ့ ရင့်သီးလွန်းတဲ့ နှုတ်ထွက်စကားတွေကို ဒီတစ်ခါတော့ ဗွေမယူတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့လူပြည်လူ့ရွာမှာ ကိစ္စများမြောင်တွေက ရှုပ်ထွေးလှတယ်၊ ဒါ့ကြောင့် တစ်ခဏအတွင်းမှာ လူသားတွေနဲ့ ရင်းနှီးမှုမရှိသေးလို့ပဲလို့ မှတ်ယူလိုက်မယ်''

မန်နေဂျာသည် နတ်ပျိုမလေး ငွေမရှင်းနိုင်၍ ဇာတ်လမ်းဆင်နေသည်ဟု ထင်သောကြောင့် ...

''ဒီမှာ ... ဘာတွေလာပြောနေတာလဲ၊ ဒီလိုခွင်လာရိုက်တာနဲ့ ပြီးမယ်မထင်နဲ့၊ ငွေမရှင်းနိုင်ဘူးဆိုရင်တော့ မင်းကို ရဲစခန်းပို့ရလိမ့်မယ်''

ဝိတ်တာမှာ ကြားထဲက မနေသာ၍ ...

''ဆရာ ... ကျွန်တော် တစ်ခုပြောပါရစေ''





''မင်းက ဘာပြောမှာလဲ''

''ဒီကအစ်မ ရှင်းရမယ့်ငွေကို ကျွန်တော့်လစာထဲကပဲ ဖြတ်လိုက်ပါတော့၊ သူ့ရဲ့ဦးနှောက်တစ်ခု ချို့ယွင်းနေပုံရတယ်''

''အေး ... သူ့ကို အပြင်ခေါ်ထုတ်သွားလိုက်တော့''

''ဟုတ်ကဲ့ ဆရာ''

စားသောက်သူတွေရဲ့အကြည့်တွေကို စုပြုံခံနေရသော နတ်ပျိုမလေး၏ အိစက်နေသော လက်အစုံကို ဖျတ်ခနဲ ဆွဲခေါ်လာလိုက်ပြီး စားသောက်ဆိုင်အပြင်ဘက် ကားစတန်းဘက်သို့ ခေါ်သွားပြီး ...

''ကဲ မယ်မင်းကြီးမ ... ခင်ဗျားသွားလိုရာသွားတော့၊ နောက်လည်း ဒီဆိုင်ကိုမလာပါနဲ့၊ နောက်တစ်ခါ ထပ်လာမယ်ဆိုရင် ကျုပ်ရဲ့လစာတွေလည်း တစ်ပြားမှ ကျန်မှာမဟုတ်တော့ဘူး''

''အို ... အမောင်ရယ် စကားတွေက ရင့်သီးခက်ထန်လိုက်ပါဘိ၊ အစ်မတော်ကို ဘယ်လိုစိတ်ထားနဲ့ ပြောလိုက်တာလဲ''

''စောစောက လုပ်ငန်းခွင်ထဲမှာမို့ အလုပ်သဘောအရ ယဉ်ယဉ်ကျေးကျေး ဆက်ဆံတာ၊ မင်းပုံစံက ငါနဲ့ ရွယ်တူဖြစ်ရင်ဖြစ်, မဖြစ်ရင် ငယ်ရုံပဲရှိမယ်၊ ငါ့ထက်တော့ မကြီးနိုင်ပါဘူး၊ ကဲ ... ငါလည်း အလုပ်ရှိသေးတယ် ပြန်ဝင်တော့မယ်''



www.burmeseclassic.com

www.burmeseclassic.com



နတ်ပျိုမလေးအနားမှ တာရာဆိုသော ဝိတ်တာလေးသည် ခပ်သွက်သွက်ထွက်သွားကာ စားသောက်ဆိုင်ဟောလ်ထဲသို့ ဝင်သွားလေသည်။

ဒီညကျခါမှ လူတွေက အရင်ညတွေထက် ပိုစည်နေ၏။ ဆိုင်ပိတ်တော့ ညဆယ့်တစ်နာရီပင် ရှိနေပြီ။

ဖယ်ရီကားကလည်း ဝပ်ရှော့ရောက်နေသဖြင့် ကြုံပို့အစီအစဉ် မရှိ။ ကိုယ့်ခြေထောက်ကိုသုံးပြီး ပြန်ရတော့မှာပေါ့။

တာရာသည် ကျောပိုးအိတ်ကလေးလွယ်ပြီး စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့လိုက်သည်။

ယူကလစ်ပင်အောက်ရှိ အမှောင်ကျသော နေရာနားမှ ရပ်နေသော စောစောက မိန်းကလေးကိုမြင်တော့ ...

''ဟင် ... မင်း မပြန်သေးဘူးလား၊ မှောင်ထဲမှာ ဘာရပ်လုပ်နေတာလဲ''

''လူ့ပြည်မှာ အစ်မတော်ရဲ့ နတ်ဘုံနတ်နန်း မရှိသေးဘူးကွယ်၊ လောလောဆယ် မောင်တော်ရဲ့နန်းဆောင်မှာ ခဏလိုက်နေပါရစေ''

''ဗုဒ္ဓေါ ... မြတ်စွာဘုရား''

တာရာသည် အံ့သြလွန်း၍ ဘုရားတမိသည့်အဖြစ်။ ပြီးမှ အသိဝင်လာကာ ....

''မဖြစ်ဘူးကွ၊ ငါ့ရဲ့နန်းဆောင်မှာ ... အဲ ... ဒုက္ခပါပဲ၊





ငါတောင် အယောင်ယောင်အမှားမှားတွေ ဖြစ်ကုန်ပါပြီ''

''ငါ့ရဲ့အိမ်မှာက ငါတစ်ယောက်တည်းနေတာကွ၊ မင်းလိုက်လို့ မသင့်တော်ပါဘူး''

''ဒါဆို ... အစ်မတော် ဘယ်မှာစံမြန်းရမှာလဲ''

''မင်းဟာမင်း စံမြန်းချင်တဲ့နေရာမှာ စံမြန်းပေါ့ကွ''

နတ်ပျိုမလေးခမျာ ထိုနေရာမှာပင် တွေတွေလေးရပ်ရင်း ကျန်ခဲ့ရှာသည်။

ရုပ်ကလေးက နုဖတ်ဝင်းမွတ်နေအောင် လှလွန်းသည်။ ဘယ်အတွက်ကြောင့် ခုလို စိတ်ဖောက်ပြန်သွားရတာပါလိမ့်။ တကယ်ပဲ သွားစရာနေရာ မရှိတာလား။

တာရာ၏အိမ်အပြန်လမ်းတစ်လျှောက်မှာ ထိုမိန်းကလေးအကြောင်းက ကြီးစိုးလာသည်။

ခေါ်သွားလို့ကမဖြစ်ပါ။ ကိုယ်တောင် တဲသာသာအိမ်ကလေးကို တစ်လငါးထောင်နဲ့ ငှားနေရတာ။ လူပိုတစ်ယောက်ခေါ်တင်ထားဖို့ဆိုတာ မလွယ်။ ပြီးတော့ မိန်းကလေးဖြစ်နေပြန်တော့ ခက်တယ်။

ကိုယ့်မှာရှိတာက ခေါင်းအုံးတစ်လုံး၊ စောင်တစ်ထည်၊ ဖျားတစ်ချပ်နှင့်။ ခြင်ထောင်ကို အပေါင်ဆိုင်မှာ နှစ်ပတ်လောက် ပို့ထားရသေးသည်။

ဒီခေတ်ဒီအခါ ရှားပါးနေတဲ့အချိန်မှာ လူပိုတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို တာဝန်ယူဖို့ဆိုတာ မဖြစ်နိုင်။ ဒါ့ကြောင့် တစ်ကိုယ်တည်း လှုပ်လှုပ်နေတာပေါ့။ အသက်သာ နှစ်ဆယ်ကျော် စွန်းရုံလေးရှိသေးတာ ရည်စားထားဖို့ဆိုတာ စိတ်တောင်မကူးမိ။ ဒီခေတ်ကြီးမှာ ရည်းစားထားတယ်ဆိုတာ ကိုယ့်ဆီမှာ ကုန်စရာရှိမှ။

ကိုယ့်ချစ်သူနှင့် အနည်းဆုံး တစ်ပတ်နှစ်ခါလောက်တော့ ကော်ဖီဆိုင်ထိုင်နိုင်မှ။ ခုတော့ ကိုယ်တစ်ယောက်တည်းတောင် လမ်းဘေးလက်ဖက်ရည်ဆိုင်ထိုင်ဖို့ အနိုင်နိုင်။ အတွေးနှင့်အတူ အနောက်နားဆီမှ ခြေသံကြားမိ၍ လှည့်ကြည့်လိုက်သည်။

"ဟာ ...မင်း ...မင်း ငါ့နောက်ကို လိုက်လာပြန်ပြီလား"

နတ်ပျိုမလေးထံမှ အသနားခံအကြည့်နွေးနွေးတစ်ချက်နှင့်အတူ ...

"အစ်မတော်မှာ ပြန်စရာနန်းဆောင်မှမရှိတာ၊ ဒီည အစ်မတော် ဘယ်နန်းဆောင်မှာ ကျိန်းစက်ရမှန်းမသိဘူး၊ ဒါ့ကြောင့် မောင်တော်ရဲ့နန်းဆောင်မှာ ခေတ္တခဏ နားခိုခွင့်ပြုပါ၊ လူပြည်လူ့ရွာဟာ အစ်မတော်နဲ့ စိမ်းနေသေးလို့ပါ၊ နောက်ဆို မောင်တော်လည်း အစ်မတော်အပေါ်ကို နားလည်လာပါလိမ့်မယ်"

ချည်သားဂါဝန်ဖြူဖြူလေးနှင့် ရှင်းသန့်ဝင်းမွတ်နေသော မျက်နှာပြည့်ပြည့်လေးမှာ အခြယ်အသကင်းပေမယ့် ရှင်းလင်း





ဝင်းမွတ်သော ပုလဲနှစ်ရောင် မျက်နှာပြင်မှာ မာယာကင်းနေ၏။ ဂါဝန်ဖြူလေးနှင့် လိုက်ဖက်စွာ ချည်နှောင်ထားသော ဖဲကြိုးဖြူဖြူလေးက လရောင်အောက်မှ လေနုအေးအထိအတွေ့ကြောင့် လှုပ်ရှားယိမ်းနွဲ့လို့နေ၏။

လက်မှာကိုင်ထားသော ပင်ဆဲလ်အနီရဲရဲကလေးမှာ ကျောက်ကလေးတွေစီတန်းထားလို့ တကယ့်လူချမ်းသာတွေသာ ဝယ်စီးနိုင်သော တန်ဖိုးကြီး ဖိနပ်မျိုး။

သူမလေးရဲ့ နီထွေးနုဖပ်လွန်းသောခြေအစုံက ကတ္တရာလမ်းမမှာ အကာအရံမရှိစွာ မြေကြီးနှင့်ထိစပ်လျက် ...

ခြေထောက်တွေနာလို့ ဆက်မစီးနိုင်တာဖြစ်မည်ဟု ဘာသာတွေးမိလိုက်သည်။

ဒီမိန်းကလေးဟာ သာမန်အရပ်သူထဲက မဖြစ်နိုင်ပါ။ ချမ်းသာကြွယ်ဝသော မိသားစုမှ စိတ်ဝေဒနာတစ်ခုခု ခံစားနေရပြီး အိမ်မှ ခိုးထွက်လာတာများလား။

ရင်မှာ အနည်းငယ်တော့ သနားစိတ်ဝင်သွားရ၏။

သူမှ မကူညီရင် ညမှောင်မှောင်ထဲမှာ လမ်းစပျောက်သူတစ်ယောက်လို ဘယ်သွားလို့ဘယ်လာရမှန်းမသိ ဖြစ်ချေတော့မည်။

သူမအတွက် ဒီလိုညကြီးအချိန်မတော်မှာ လုံခြုံစိတ်ချရသော ကွန်းခိုရာတစ်နေရာတော့ အထူးလိုအပ်နေပြီဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သိလိုက်ရခြင်းနှင့်အတူ သက်ပြင်းမောတစ်ချက်ကို အပြင်လောကသို့ မှုတ်ထုတ်လိုက်ရင်း . . .

"ကောင်းပြီလေ . . . ငါ့ရဲ့မပြည့်စုံတဲ့ အိမ်ကလေးမှာ လိုက်နေနိုင်မယ်ဆိုရင်တော့ မင်းသဘောပေါ့"

ထို့နောက် သူမလေးနှင့် လုံးဝမအပ်စပ် မလိုက်ဖက်သော သူ့ရဲ့အိမ်ကလေးဆီသို့ မဟာကာယ်တင်ရှင်ကြီးတစ်ယောက်အသွင်ဖြင့် ခေါ်ဆောင်လာခဲ့ရပါတော့၏။

ရပ်ကွက်ထဲရောက်တော့ အိမ်တွေက မီးအလင်းရောင်မရှိတော့လောက်အောင်ကို မှောင်မိုက်ခြင်းတွေက ကြီးစိုးလို့နေ၏။

သူ့ဘဝက ဒီလိုပါပဲ။ သူများအိပ်မောကျချိန်မှ အိမ်ပြန်ရတဲ့ ညတွေချည်းပါပဲ။

အိမ်ရှေ့ရောက်တော့ ကျောပိုးအိတ်ထဲမှ သော့ကို ဖစ်ဖွင့်ကာ ထုတ်ယူလိုက်ပြီး သော့ဖွင့်လိုက်ရင်း ယိုင်နဲ့နေသော တံခါးလေးကို အသာတွန်းဖွင့်ကာ မိန်းကလေးကို အိမ်ပေါ်တက်ဖို့ ခေါ်လိုက်သည်။

"လာ . . . တက်လေ . . . ဒါဟာ . . . မင်း ခေတ္တနားခိုရမယ့် ငါ့ရဲ့နန်းဆောင်ပဲ"

လရောင်အလင်းအောက်မှာ ခပ်မှိန်မှိန်မြင်ရသော တဲအကြီးစား အိမ်ကလေးတစ်လုံးကို မျက်လုံးကလေး ကလယ်





ကလယ်ဖြင့် လိုက်ကြည့်နေသော သူမလေးရဲ့အဖြစ်ကို သနားသွားသည်။

အင်းပေါ့လေ . . . ရွှေဘုံပေါ်မှာ စံနေရတဲ့ သူဌေးသမီးလေးတစ်ယောက်အတွက် ဒီအုံ့ဩမှုမျိုးနဲ့ကြုံရတာ သိပ်တော့မဆန်းပါဘူးလေ။

ခြေရင်းဘက်အိမ်တိုင်မှာရှိသော မီးခလုတ်ကို လက်ဖြင့်အသာစမ်း၍ ဖွင့်လိုက်၏။

နီကြင့်ကြင့် မီးရောင်ဖျော့ဖျော့လေးက ခနီးမိုးထရံကာအိမ်လေးထဲရှိ ဝါးကုလားထိုင်လေးနှင့် ပိုစတာပြကွဲဒိန်ကလေးတစ်ခုကို လုံလောက်သော အလင်းရောင်ကလေး ပေးလို့နေ၏။

အိပ်ခန်းကလေးထဲမှာ သူမလေးအိပ်ဖို့ အိပ်ရာကို သေချာသပ်ရပ်စွာ ခင်းကျင်းပေးလိုက်ပြီး . . .

"မိန်းကလေး . . . လာ . . . ဒီထဲမှာ လာအိပ်လို့ရပြီ၊ ငါကတော့ အပြင်က ကုလားထိုင်ပေါ်မှာပဲ အိပ်လိုက်မယ်"

အိမ်ရှေ့ထရံလေးဘေးတွင် ခပ်ကုပ်ကုပ်ထိုင်ကာ ခြေဖဝါးမှ သွေးခြည်ဥနေသော ဒဏ်ရာတွေကို ပွတ်သပ်ငုံ့ကြည့်နေ၍

"မင်းခြေထောက်က ဘာဖြစ်တာလဲ"

"မသိဘူး . . . နည်းနည်းတော့ နာနေသလိုပဲ မောင်တော်"



www.burmeseclassic.com

www.burmeseclassic.com



"ပြစ်မီး ... ဖိနပ်ပေါက်တာဖြစ်မှာပါ၊ နေဦး ... ငါ့မှာ ဒဏ်ကြေလိမ်းဆေးတော့ ရှိတယ်"

ဆေးဘူးထယူပြီး သူကိုယ်တိုင် လိမ်းပေးလိုက်သည်။

"တစ်အောင့်နေရင် နာတာသက်သာသွားလိမ့်မယ်၊ မင်းအတွက် အိပ်ရာပြင်ပြီးပြီ ... သွားအိပ်တော့"

"အမောင်ကရော ဘယ်မှာကျိန်းစက်မှာလဲ"

"ငါက ဒီဝါးကုလားထိုင်ကလေးမှာ အိပ်လို့ဖြစ်ပါတယ်"

"ဒါနဲ့ မင်းနာမည် ဘယ်လိုခေါ်သလဲ"

"အစ်မတော် နာမည်က **ရှင်ငြိမ်းမယ်** လို့ ခေါ်တယ်"

"အသက်ကရော"

"အသက် ... ဟုတ်လား ... နတ်သက်တမ်းကိုပြောတာလား"

သူ့မအမေးကြောင့် တာရာ ရယ်ချင်သွားရင်း ...

"အင်း ... ဟုတ်တယ်"

"သက်တမ်း လေးထောင်ကျော်ပြီပေါ့ အမောင်ရဲ့"

"အိုးမိုင်ဂေါ့"

"အိုးမိုင်ဂေါ့ဆိုတာ ဘာလဲအမောင်"

"အံ့သြလွန်းလို့ ငါတို့ရဲ့မြတ်ဗုဒ္ဓကို တ,လိုက်တာဟေ့"

"ဩော်"





"ဒါနဲ့ အမောင့်နာမည်ရော"

"**တာရာ**"

"တာရာဆိုတာ ကောင်းကင်က ကြယ်တွေကို ပြောတာပေါ့၊ သူတို့လေးတွေက အစ်မတော်ရဲ့ ကစားဖော်တွေလေ"

ဒီမိန်းကလေးပုံစံကြည့်ရတာ နတ်သမီးရူး ရူးနေတာများလား။ ဘာပဲရူးရူး ဒီအချိန်မှာ အလိုက်သင့်ဆက်ဆံတာ ကောင်းပါတယ်။ တော်ကြာ သူ့ကိုဆန့်ကျင်ပြီး လိုက်ပြောနေရင် စိတ်ထ,ဖောက်သွားပြီး တစ်ခုခုလုပ်လိုက်မှ ဘဝတုံးနေဦးမယ်။

"မင်းက မိုးပေါ်မှာနေလို့လား"

"မှန်ပါတယ် မောင်တော်၊ အစ်မတော်က ဟိုးမိုးပေါ်က နတ်ပြည်ခြောက်ထပ်မှာနေပါတယ်၊ အမောင်တို့ လူ့ဘုံနဲ့ နီးစပ်တယ်အမောင်ရဲ့၊ နတ်ပြည်ခြောက်ဘုံနဲ့ လူ့ဘုံတစ်ဘုံဟာ ကာမသုဂတိ ခုနစ်ဘုံပေါ့ အမောင်ရဲ့၊ လူ့ပြည်မှာ ဆင်းရဲဒုက္ခတွေ ရောက်နေတာကို သိပြီး ကယ်ချင်လို့"

တာရာသည် ရှင်ငြိမ်းမယ်အပြောကြောင့် ရယ်ချင်စိတ်ကို မနည်းထိန်းရင်း ...

"အင်းပေါ့ ... ခုလောလောဆယ်တော့ မင်းကြောင့် ငါ့လစာထဲက ငွေအချို့ကတော့ ခုန်ထွက်သွားပြီလေ"

"ငွေဆိုတာ ဘာကိုပြောတာလဲ အမောင်"

"ငွေဆိုတာ ငါတို့လူ့ပြည်မှာ မရှိမဖြစ်တဲ့အရာတစ်ခုပဲ



www.burmeseclassic.com

www.burmeseclassic.com



ကွ၊ သူရှိရင် လူတွေလိုချင်တာကို ဖန်တီးလို့ရတယ်''

''အဲဒီငွေတွေနဲ့ ကုသိုလ်ဖန်တီးလို့ရလား''

''ဟာ ... သိပ်ရတာပေါ့၊ အဲဒီ ငွေဆိုတဲ့အရာသာ ရှိကြည့် ကုသိုလ်ကိုလည်း ပြုလို့ရတယ်၊ အကုသိုလ်ကိုလည်း ပြုလို့ရတယ်''

''တကယ်ပြောတာလား အမောင်''

''တကယ်ပေါ့''

''အဲဒီငွေ အမောင့်မှာရှိလား၊ ရှိရင် ခဏပြပါ၊ အစ်မတော် ရှုမြင်ချင်လို့ပါ''

''ပြီးရင် ... အမောင် ဒါနတွေပြုလို့ရအောင် အစ်မတော် ဖန်ဆင်းပေးမယ်လေ''

သူမစကားကြောင့် တာရာသည် အရှုးစိတ်ချမ်းသာရန် ဆိုသည့် စိတ်ကလေးဖြင့် အိတ်ကပ်ထဲကိုစမ်းကြည့်တော ငါးရာတန်အနွမ်းလေး တစ်ရွက်နှင့် တစ်ထောင်တန် အနွမ်းလေးတစ်ရွက်တော့ ရှိနေသေးသည်။

အိတ်ကပ်ထဲမှ ထုတ်ယူပြီး ရှင်ငြိမ်းမယ်ဆိုသော နတ်ပျိုမလေးကို ပြလိုက်သည်။

''ငွေဆိုတာ ဒါမျိုးကို ပြောတာပေါ့''

စိတ်မနှံ့သူမိန်းကလေးတစ်ဦးကို စိတ်ရှည်လက်ရှည် ရှင်းပြလိုက်သည်။





ဒါဟာလည်း ကုသိုလ်ရပါတယ်လေ။

''အမောင့်မှာ ဒါပဲရှိတာလား''

''ငါချမ်းသာတာ ဒါအကုန်ပဲ''

''အဲဒီလိုငွေမျိုး အများကြီး လိုချင်လား''

နတ်ပျိုမရဲ့အမေးစကားကြောင့် တာရာသည် ဟန်မဆောင်နိုင်လောက်အောင်ဖြစ်ကာ တဟားဟားနှင့် ရယ်လိုက်တော့သည်။ နောက်မှ ပတ်ဝန်းကျင်ရှိ အိမ်နီးချင်းများ အိပ်စက်အနားယူနေသည်ဆိုတာကို သတိရကာ ရယ်မောခြင်းကို အလျင်အမြန် ဘရိတ်အုပ်လိုက်ရ၏။

ပြီးမှ ရယ်သံနှောသော အဖြေတစ်ခုကို ပေးလိုက်၏။

''လိုချင်တာပေါ့၊ လောကမှာ ငွေမလိုချင်တဲ့သူဆိုလို့ ရဟန္တာတွေပဲရှိမယ်''

''ဒါဆို အစ်မတော်ဖန်ဆင်းပေးမယ် ... အမောင် ရှုစားနော်''

နတ်ပျိုမသည် မျက်ဝန်းအစုံကိုမှိတ် လက်အုပ်ကလေးချီမိုးလျက် တစ်စုံတစ်ခုကိုအာရုံပြုကာ ချီမိုးထားသော လက်အစုံကို အသာအယာ ဖော့ယမ်းလိုက်တယ်ဆိုရင်ပဲ ...

တာရာသည် ကိုယ့်မျက်လုံးတွေကိုပင် ကိုယ်မယုံချင်လောက်အောင်ဖြစ်သွားကာ လက်ဖြင့် အကြိမ်ကြိမ်ပွတ်သပ်ကြည့်ပြီး အိပ်မက်များလားဟု ထင်ယောင်ထင်မှားဖြစ်ကာ ဘေး



www.burmeseclassic.com

www.burmeseclassic.com



နားတွင်ရှိနေသော ဒဏ်ကြေလိမ်းဆေးဘူးဖြင့် ကိုယ့်ခေါင်းကို ကိုယ်တိုင်ပင် ခပ်နာနာလေး ထုကြည့်မိသည်။

'ခွပ်'

"အား ... နာတယ် ... ဒါဆို အိပ်မက်မဟုတ်ဘူး"

နတ်ပျို့မရဲ့ရှေ့တွင် တစ်ထောင်တန် ငွေစက္ကူအုပ်တွေ၊ ငါးရာတန်ငွေစက္ကူအုပ်တွေက အပုံလိုက်။ ထိုမြင်ကွင်းမျိုး၊ ထိုသို့သော အပုံလိုက်ငွေကို တစ်ခါမှ မမြင်ဖူးခဲ့ရသဖြင့် ကြက်သီးများပင် ထ,ရလောက်အောင် အံ့ဩသွားရသည်။

ဘုရား ... ဒီ ... ဒီမိန်းကလေးက ဘာလဲ။ အောက်လမ်းအတတ်တွေတတ်တဲ့ စုန်းမလား၊ ကဝေမလား။ ထူးဆန်းတာတော့ တော်တော့်ကို ထူးဆန်းနေပြီ။

"မင်း ... လူတော့ ဟုတ်ပါတယ်နော်"

"အမောင်ရယ် ... ဒါဟာ အခုပစ္စုပ္ပန်ရှေ့တည့်တည့်မှာရှိနေတဲ့ အမှန်တရားပါ၊ အဲဒီအမှန်တရားကို ယုံယုံကြည်ကြည်နဲ့ လက်ခံပြီး ဒီငွေတွေကို မောင်တော် အကျိုးရှိနိုင်မယ့်နေရာတွေမှာ အသုံးချပါ"

"ကဲ ... အစ်မတော် ကျိန်းစက်အနားယူလိုလှပြီ ... အိပ်ဆောင်ထဲ ဝင်တော့မယ်နော်"

တာရာ အနားမှထ,ထွက်ကာ အိပ်ခန်းထဲသို့ ဝင်သွားလေသည်။





တာရာသည် သူမလေး ဖန်ဆင်းခဲ့သော ငွေပုံကြီးကို ကြည့်ကာ ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်မလား၊ အံ့ဩရမည်လား၊ ထိတ်လန့်ရမည်လား ...။ သေချာသည်ကတော့ ဒါဟာ သမားရိုးကျဆန်သော ကိစ္စရပ်တစ်ခုမဟုတ်ဘူးဆိုတာပင်။

ထို့နောက်မှာတော့ အတွေးများစွာကို ချဲ့ထွင်တွေးတောရင်း ထိုငွေပုံဘေးမှာပင် အိပ်မောကျသွားရရှာလေသည်။

နတ်ပျို့မသည် မနက်ခင်း အိပ်ရာမှနိုးတော့ ခနီဖတ်ကလေးများ ကာရံအုပ်မိုးထားသော မျက်နှာကြက်ကလေးကို ကြည့်ရင်း ဗိုက်ထဲမှာဆာသလို ဖြစ်လာသည်။

အိပ်ရာမှ အသာထကာ အိပ်ခန်းအပြင်သို့ အသာထွက်ကြည့်တော့ ...

ညတုန်းက သူမ,ဖန်ဆင်းပေးထားသော ငွေပုံကြီးနံဘေးတွင် အိပ်မောကျနေဆဲဖြစ်သော တာရာကိုကြည့်ပြီး မနိုးတော့ဘဲ စားစရာ ရှာတွေ့လိုတွေ့လိုငြား နောက်ဖေးဘက်သို့ ထွက်ခဲ့လိုက်သည်။

တစ်အိမ်လုံးစားလို့ရတဲ့အရာ တစ်ခုမှမတွေ့။

တာရာအိပ်ပျော်နေသော နံဘေးနားတွင် အသာကျုံ့ကျုံ့ကလေး ဝင်ထိုင်ရင်း ဘုရားစင်အောက်ရှိ စာအုပ်ကလေးပေါ်တွင် တင်ထားသော ဂျာနယ်တစ်စောင်ကို စူးစမ်းလိုစိတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ယူကြည့်လိုက်၏။

ဂျာနယ်တွင်ပါသော ဓာတ်ပုံများကိုကြည့်ပြီး ဘာမှ နားမလည်။ ဘယ်လိုအကြောင်းအရာတွေကို ဖော်ညွှန်းထားတယ်ဆိုတာမသိ။

ဂျာနယ်၏နောက်ဆုံးတွင်ပါသော ပုံတစ်ပုံကြောင့် ဆာလောင်မှုက ပို၍ကြီးထွားလာသည်။

ကြက်ပေါင်ဖြင့် စားချင်စဖွယ်ပြင်ဆင်ထားသော ခေါက်ဆွဲပြုတ်ကြော်ငြာကြောင့် သူမသည် ထိုကြော်ငြာထဲမှ စားသောက်စရာအတိုင်း အပြင်မှာ တကယ်ရှိလာစေရန် အာရုံပြုဖန်ဆင်းလိုက်ပြန်သည်။

ချက်ချင်းပင် အငွေ့တထောင်းထောင်းထနေသော ခေါက်ဆွဲပြုတ်နှစ်ပန်းကန်က သူမရှေ့တွင် ဘွားခနဲ ပေါ်လာလေသည်။

မွှေးပျံ့သော ခေါက်ဆွဲပြုတ်ရနံ့ကြောင့် တာရာသည် အိပ်နေရာမှ နိုးလာလေသည်။

နိုးနိုးချင်း မြင်ရသောမြင်ကွင်းကြောင့် ထပ်မံအံ့သြရပြန်သည်။

"နိုးလာပြီလား အမောင် ... အစ်မတော် စားစရာပြင်ဆင်ပြီးပါပြီ"

"ဒါတွေကရော ညတုန်းကလို ဖန်ဆင်းလိုက်တာပဲလား"





"မှန်တာပေါ့ မောင်တော်ရယ် ...ကဲ လာပြီး သုံးဆောင်လိုက်ဦး"

တာရာသည် မျက်နှာသစ်ခြင်းအမှုကို အလျင်အမြန်ထပြီး လုပ်လိုက်ပြီး အိမ်ရှေ့သို့ ပြန်ထွက်လာကာ ...

"မင်းရော မျက်နှာသစ်ပြီးပြီလား"

"ဟင့်အင်း"

"ထားလိုက်ပါ ... မင်းက နတ်သမီးပဲ၊ ဒါတွေ လိုအပ်မယ်မထင်ပါဘူး"

ထို့နောက် စားပွဲပေါ်ရှိ အငွေ့တထောင်းထောင်းထနေသော စားသောက်စရာများကိုကြည့်ပြီး တကယ့်အရသာစစ်၊ မစစ် သိလိုစိတ်ဖြင့် ကြက်ပေါင်တစ်ချောင်းကို ယူလိုက်ကြည့်ရာ တကယ့်အရသာအစစ်။

"အဟင်း ...ငါ့အနားမှာ မင်းသာ တစ်သက်လုံး ရှိနေရင် တကယ့်အငြိမ့်ဇယားပဲ"

"ဒါပေမဲ့ ...မင်းမှာ ဒီအစွမ်းတွေရှိနေမှန်း လူတွေသိရင်တော့ မင်းအတွက် အန္တရာယ်ရှိနိုင်တယ်၊ အဓိက,ကတော့ မင်းရဲ့ပြောပုံဆိုပုံ အသုံးအနှုန်းတွေကို အရင်ပြင်ရမယ်"

"မှန်ပါတယ် မောင်တော် ... အစ်မတော်က လူ့ပြည်က လူတွေရဲ့အခေါ်အဝေါ်တွေကို မသိလေတော့ ခက်တာပေါ့"

"အဲ့ဒီအတွက် မပူပါနဲ့၊ မင်းရဲ့အာရုံတွေကို ခေတ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



အာရုံသစ်တစ်ခုအဖြစ် ပြောင်းလဲဖန်ဆင်းလိုက်ပေါ့၊ အဲဒီအာရုံအသစ်ထဲမှာ ခေတ်ရဲ့အတွေးအခေါ် အယူအဆတွေနဲ့ ပြောင်းလဲခြင်းသဘောတရားတွေ အပြည့်ပါနေလိမ့်မယ်၊ ဒါဆို မင်းဟာ ခုခေတ် မိန်းကလေးတစ်ယောက်ဖြစ်သွားပြီ''

''အို ... မောင်တော့်အကြံ မဆိုးဘူးပဲ''

ထို့နောက်မှာတော့ နှစ်ထောင့်တစ်ဆယ်စုခေတ်ရဲ့ အာရုံအသစ်၊ ခံစားမှုအသစ်တွေဟာ နတ်ပျိုမရဲ့ ရုပ်ခန္ဓာနှင့် တစ်ထပ်တည်း ကျသွားလေသည်။

''ကဲ ... ဒီနေ့ကစပြီး မင်း ငါ့ကို တာရာလို့ ခေါ်ရမယ်၊ အစ်မတော်တွေ မောင်တော်တွေဆိုတဲ့ နာမ်စားကို မသုံးရတော့ဘူး ...၊

ပြီးတော့ မင်းဟာ ဒီနေ့ကစပြီး လူတွေနဲ့ တစ်သားတည်းဖြစ်သွားပြီ၊ ပြီးတော့ ငါက မင်းနဲ့အတူ လူသားတွေရဲ့ ဒုက္ခတွေကို ဝိုင်းပြီးကယ်တင်ပေးမယ့် မင်းရဲ့မိတ်ဆွေအဖော်တစ်ယောက် မင်းအနားမှာ ရှိနေပေးမယ် ....၊

ဒါပေမဲ့ ငါတို့ ဒီနားဝန်းကျင်ကလူတွေရဲ့ဒုက္ခကို ဝိုင်းဝန်းဖြေရှင်းပြီးရင်တော့ နောက်တစ်နေရာကို ပြောင်းရမယ်''

''ဘာဖြစ်လို့လဲ မောင်တော် ... အဲ ... တာရာ''

''မင်းဟာ ဖန်ဆင်းရှင်နတ်သမီးဆိုတာ ဒီပတ်ဝန်းကျင်က သိလို့မဖြစ်ဘူး၊ ဒါကြောင့် မင်း ညက ဖန်ဆင်းထားတဲ့ငွေ





အချို့နဲ့ ရပ်ကွက်ထဲက ဆင်းရဲသားတွေကို ခွဲဝေပေးခဲ့ပြီး တစ်နေရာကို ပြောင်းမယ်''

''ဟေး ... တာရာ''

အိမ်ရှေ့မှခေါ်သံကြောင့် တာရာသည် အထိတ်တလန့်ဖြစ်ကာ ...

''ဟာ ... ဒုက္ခပဲ၊ ဒီငွေတွေကို သူတို့မြင်လို့မဖြစ်ဘူး''

ဟုဆိုကာ အိပ်ခန်းထဲသို့ အမြန်ဝင်ကာ စောင်တစ်ထည်ဖြင့် ဖြန့်အုပ်လိုက်လေသည်။

ပြီးနောက် ...

''လာဗျို့ ... ကိုတာကြီး''

ကိုတာကြီးဆိုသူသည် အိမ်ပေါ်သို့ တက်လာရင်း ...

''မင်း အလုပ်မသွားသေးဘူးလား''

''ကျွန်တော် ဒီအလုပ်မလုပ်တော့ဘူး''

''ဟေး ... ဟုတ်လား''

ဟုဆိုကာ နတ်ပျိုမဘက်သို့လှည့်ကာ ...

''ငါ့ကောင်ကြီးကတော့ လုပ်ချလိုက်ပြန်ပြီဟ''

ကိုတာကြီးအပြောကြောင့် တာရာသည် ...

''ဘာကိုလဲဗျ''

''မင်း ... မိန်းမ ယူတာ ငါတို့ကိုတော့ အသိပေးသင့်ပါတယ်ကွာ''



www.burmeseclassic.com

www.burmeseclassic.com



တာရာသည် ကိုတာကြီး၏ မဆင်မခြင်ပြောမှုကြောင့် နတ်ပျိုမကို အားနာကြည့် ကြည့်လိုက်ပြီး ...

"ဟာ ... ခင်ဗျားကလည်း အဲဒါနယ်က ကျွန်တော့် ညီမဝမ်းကွဲပါဗျ၊ ငရဲတွေတော့ ကြီးကုန်တော့မှာပဲ"

ဟု မလိမ်ချင်ဘဲ မုသာသုံးလိုက်ရ၏။

"ဟေ ... ဟုတ်လား ... အဟီး ဟီး ... ငါက မသိဘူးလေကွာ၊ မင်းညီမက တော်တော်လေးကို လှတာပဲ၊ မိုးကျနတ်မိမယ်လေးတစ်ပါးလို့တောင် ထင်ရတယ်"

"ခင်ဗျားကတော့ ပြောတော့မယ်၊ ကဲပါ ... လာရင်း ကိစ္စက"

"ငါ့ကို ငွေလေးနှစ်ထောင်လောက် ခဏလှည့်ပါလား ကွာ"

"ခင်ဗျားက ဘာလုပ်မလို့လဲ"

"ငါ့အမေကို ဆေးခန်းပြချင်လို့ပါကွာ၊ အဘွားကြီးက ငါ့မှာ ပိုက်ဆံမရှိမှန်းသိလို့ ရောဂါကို ကျိတ်ပြီးခံနေတာကွ၊ ငါလည်း ကြံရာမရတာနဲ့ မင်းဆီပြေးလာတာ"

"ခင်ဗျားကလည်း ဆေးကုတာ ငွေနှစ်ထောင်နဲ့ ဘာ လုပ်လို့ရမှာလဲ"

"ကျွန်တော် ခင်ဗျားလိုသလောက် ထုတ်ပေးမယ် ပြန် ဆပ်စရာ မလိုဘူး"





"ဟာ ... အဲလိုကြီးတော့မလုပ်ပါနဲ့ အလကား မလို ချင်ဘူး"

"ကျွန်တော်က အလကားကို ပေးချင်တာ၊ ခင်ဗျားမှ မဟုတ်ဘူး ... ကျွန်တော်တို့ရပ်ကွက်ထဲက ဆင်းရဲသားမှန်သမျှ ကို"

"မင်း တကယ်ပြောတာလား"

ကိုတာကြီးသည် အားရဝမ်းသာသော အပြုံးဖြင့် မေး လေ၏။

"တကယ်ပြောတာ ... ကျွန်တော် ထီပေါက်ထား တယ်ဗျ၊ ဒါ့ကြောင့် ကျွန်တော် ခင်ဗျားကို ဒီလိုအလကားပေးနိုင် တာပေါ့၊ အဲ ... တစ်ခုတော့ ကူညီရမယ်နော်"

"အေး ... ပြော ငါကူညီမယ်"

"ဒီရပ်ကွက်ထဲက ဆင်းရဲသားတွေရဲ့စာရင်းကို ခင်ဗျား အတိအကျကောက်ပေး၊ ဒီကိစ္စကို လျှို့ဝှက်ရမယ်နော်၊ ဘယ်သူမှ မသိစေနဲ့၊ မသမာလူတွေရဲ့နားထဲ မရောက်သွားဖို့ ခင်ဗျား တာဝန်ယူရမယ်၊ လှပတဲ့ အနာဂတ်တွေကို ကျွန်တော်နဲ့အတူ မရှိဆင်းရဲသားတွေကိုလည်း မျှဝေခံစားစေရမယ်"

"ဟာ ... မင်းကိုတော့ အရမ်းလေးစားသွားပြီကွာ၊ စိတ်ချ ... မင်းတို့မောင်နှမရဲ့ဒါနအလှူမှာ ငါလည်း တစ်တပ် တစ်အားပါဝင်မယ်ကွာ၊ မင်းတို့ကို နတ်လူသာဓုခေါ်မှာပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုတာကြီးသည် ဝမ်းသာလှိုက်ဖိုသော ပီတိသံကြီးနှင့် ပြောပြီး ...

"ငါ ဒီကိစ္စကို အခုပဲ အကောင်အထည်ဖော်မယ်ကွာ"

ဟုဆိုကာ ဝါးကြမ်းခင်းတွေကို တကျွိကျွိမြည်အောင် ပြဘ်နင်းပြီး အိမ်ပေါ်မှ ဆင်းသွားလေသည်။

နောက်တစ်နေ့တွင် ကိုတာကြီး၏စာရင်းအရ တစ်အိမ် တက်ဆင်း လိုက်ပြီး ငွေများကို လှူဒါန်းပေးကမ်းလေသည်။

ထို့နောက်မှာတော့ တာရာသည်လည်း စားသောက်ဆိုင် ဝိတ်တာဘဝမှ ကွင်းလုံးကျွတ်လွတ်မြောက်ကာ သူဌေးသားလေး သူဌေးသားလေးတစ်ယောက်ဘဝသို့ နေ့ချင်း ပြောင်းလဲသွားလေသည်။

တာရာသည် တစ်နေ့သော နေ့လယ်ခင်းလေးတွင် နတ်ပျိုမအတွက် လိုအပ်သော အသုံးအဆောင်တွေဝယ်ရန် City Mart တစ်ခုသို့ ခေါ်သွားလေသည်။

အင်္ကျီဆိုင်များတွင် အဝတ်အစား အဆင်ဒီဇိုင်းများဖြင့် အလှပြင်ထားသော အရုပ်ရှေ့တွင်ရပ်ပြီး နတ်ပျိုမသည် ထို အရုပ်အား ပြုံးပြနှုတ်ဆက်ပြီး ...

"ရှင့်အင်္ကျီလေးက လှလိုက်တာ၊ ကျွန်မလည်း ရှင့်လို ဝတ်ရင် လှမလားမသိဘူးနော်"

ဟုသော လောကဝတ်ကိုပြု၍ နှုတ်ဆက်လေ၏။





အရုပ်နှင့်စကားပြောနေသော နတ်ပျိုမကို အရောင်းစာရေးမလေးတွေကကြည့်ရင်း ...

"စိတ်မနှံ့ဘူးထင်တယ်နော်"

"အေးဟယ် ... ပုံစံလေးက တကယ့်ကို ကြွေရုပ်ကလေးလို နုရွနေတာပဲနော် ... သနားစရာလေးဟယ်"

တာရာသည် နတ်ပျိုမကို အတင်းဆွဲခေါ်လာပြီး ...

"မင်းကလည်း မသိရင်မေးပေါ့၊ အဲဒါ အရုပ်ကြီးလေ၊ ဘာလို့ စကားတွေပြောနေရတာလဲ"

"အဲဒါ လူအစစ် မဟုတ်ဘူးလား"

"မဟုတ်ဘူး ... အဲဒါအရုပ်၊ ငါ့အနားမှာပဲ နေပါ၊ အမှားတွေ ထပ်မလုပ်မိပါစေနဲ့"

ထို့နောက်မှာတော့ ရှင်ငြိမ်းမယ်ဆိုသော နတ်ပျိုမလေးဟာ တကယ့်လူ့လောက လူ့ဘုံမှာ ကျင်လည်နေသော လူသားများနှင့် တစ်သားတည်းဖြစ်လို့ သွားပါသည်။

သူတို့နှစ်ဦးဟာ အလှူဒါနတွေကို နေ့စဉ်မပြတ် လှူဒါန်းရင်း ဘဝရဲ့ချမ်းသာခြင်းအစစ်အမှန်ကို ရှာဖွေနေကြလေ၏။

တစ်နေ့သော နေ့လယ်ခင်းလေးမှာပေါ့ ...

"တာရာ ... ကျွန်မလေ ဟိုအထမ်းကြီးနဲ့ လိုက်ရောင်းနေတဲ့ဟာကို စားကြည့်ချင်တယ်"

"ဒါလား ... အဲဒါ ရွှေရင်အေးလို့ခေါ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



တာရာသည် ကားမောင်းနေရာမှ အနောက်သို့ ဘက်ပြန်ဆုတ်ကာ ရွှေရင်အေးသည်အဘိုးအိုရဲ့ အထမ်းရှေ့တွင် ရပ်လိုက်သည်။

တာရာတို့ ကားရပ်သည်နှင့် အဘိုးအိုက ...

"ရွှေရင်အေးသောက်မလို့လား လူလေး"

"ဟုတ်ကဲ့ အဘိုး ... နှစ်ပွဲထည့်ပေးပါ"

တာရာနှင့်ရှင်ငြိမ်းမယ်သည် ရွှေရင်အေးသည်အဘိုးအို၏ အရှေ့ထိုင်ခုံပုလေးတွင် ဝင်ထိုင်လိုက်ကြသည်။ ရှင်ငြိမ်းမယ်က ...

"အဘိုး ... ဒီလို နေ့တိုင်း လည်ရောင်းနေရတော့ အရမ်းပင်ပန်းမှာပေါ့နော်"

"ဘယ့်နှယ်ပြောပါလိမ့် သမီးရယ် ... ပင်ပန်းတာပေါ့၊ ဒါဟာ ဘဝရဲ့အမောတွေပေါ့ သမီးရယ်"

"အဘိုးမှာ သားသမီးတွေ မရှိဘူးလား"

"ရှိတော့ရှိတယ်၊ ဒါပေမဲ့ ... သူတို့ကလည်း သူတို့မိသားစုနဲ့သူတို့လေ၊ အဆင်မပြေမှုတွေနဲ့ ရုန်းကန်နေကြရတာပါပဲ၊ သူတို့လေးတွေ အဘိုးကြောင့် ဝန်ထုပ်ဝန်ပိုး မဖြစ်စေချင်ပါဘူး"

"အဘိုးက ဒီလိုရုန်းကန်နေရတော့ ဥပုသ်သီလမစောင့်ဖြစ်ဘူးပေါ့"





"ဥပုသ်နေ့တိုင်းတော့ ဈေးရောင်းနားပြီး ဥပသဒ်သီလလေး စောင့်ဖြစ်ပါတယ်၊ ကျန်တဲ့ရက်တွေမှာလည်း ဈေးရောင်းရင်းနဲ့ ကံငါးပါးကို လုံအောင်ထိန်းပြီး အသိကို သတိလေးနဲ့ ယှဉ်ပြီးနေထိုင်ပါတယ်၊ ဒါဟာလည်း သွားရင်းလာရင်း သီလဆောက်တည်တာပဲပေါ့"

နတ်ပျိုမသည် ထိုအဘိုးအိုကို သနားသွားကာ ကြမ်းတမ်းသောဘဝထဲမှာ ကယ်တင်လိုစိတ်တွေ ရင်ထဲမှာ ဖြစ်ထွန်းပေါ်ပေါက်လာရ၏။

ရွှေရင်အေးသောက်ပြီးနောက် တာရာ့ကို လက်တို့ကာ ကားနားသို့ခေါ်လိုက်ပြီး ...

"တာရာ ... အဲဒီအဘိုးအိုအတွက် ငြိမ်းချမ်းခြင်းအစစ်အမှန် လိုအပ်တယ်လို့ ရှင်မထင်ဘူးလား"

"မင်း ... ကူညီချင်ပြန်ပြီ မဟုတ်လား"

"အင်း ... ကျွန်မ သူ့ကို သနားကရုဏာသက်မိတယ်"

ထို့နောက်မှာတော့ တာရာသည် ကားနောက်ဖုံးထဲမှာ ထည့်ထားသော ငွေခွံအိတ်နှင့်ထည့်ထားသော ငွေထုပ်ကို သယ်ယူလျက် အဘိုးကြီးရှေ့သို့ ချလိုက်သည်။

'ဘုတ်'

"အဘိုး ... ရော့ ... ဒါက ရွှေရင်အေးဖိုး"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် အထုပ်ကြီးကိုမြင်ပြီး ရုတ်တရက်လန့်သွားကာ ...

''ဘာအထုပ်ကြီးလဲကွယ့်''

''မလန့်ပါနဲ့ အဘိုးရဲ့၊ ဒီအထုပ်ထဲက ငွေတွေကို လိုရာသုံးပြီး အဘိုးရဲ့အချိန်တွေကို တရားမမွေနဲ့ပဲ ပျော်မွေ့ပါတော့''

ရှင်ငြိမ်းမယ်၏စကားအဆုံးတွင် အဘိုးအိုသည် အံ့အားသင့်ခြင်းနှင့်အတူ ဝမ်းသာခြင်းပါ မျက်နှာပြင်ပေါ်သို့ ပြုံဆင်းကျလာပြီး ချက်ချင်းပင် သွေးဆုတ်ဖြူရော်ကာဖြင့် ငိုက်ခနဲဖြစ်သွားကာ သတိလစ်မေ့မြောသွားလေ၏။

''တာရာ ... လုပ် ... လုပ်ပါဦး ... ဘာဖြစ်သွားပြီလဲ မသိဘူး. ... အဘိုး အဘိုး ... ထပါဦး အဘိုး''

ထို့နောက်မှာတော့ အဘိုးအိုကို အရေးပေါ်ဌာနသို့ ချက်ချင်း ပို့လိုက်ရလေသည်။

ကံကောင်းထောက်မစွာဖြင့် အဘိုးအိုသည် အသက်မသေခဲ့ပါ။

ဆေးရုံတွင် နှစ်ရက်လောက်နေလိုက်ရပြီးနောက်မှာ သူ့ရဲ့နောက်ဆုံးအချိန် အပိုင်းအခြားတစ်ခုကို ရှင်ငြိမ်းမယ် အကြံပေးသလိုပင် တရားမမွေနဲ့ပဲ ပျော်မွေ့စွာ နေလေတော့သည်။

ခုတော့ ထိုအဘိုးကြီးသည် ဘုရားဒကာ ကျောင်းဒကာဆိုသော သာသနာ့ဂုဏ်ပုဒ်တွေ တသီတတန်းကြီးဖြင့် ဘဝရဲ့





အချိန်တွေကို ငြိမ်းအေးစွာ ကုန်ဆုံးလျက်ရှိပါသည်။

✦

တာရာနှင့် ရှင်ငြိမ်းမယ်တို့နှစ်ဦးသည်လည်း ဘဝကို ရုန်းကန်ကျင်လည်နေရရှာသော သူဆင်းရဲများကို ကယ်တင်ခြင်းဖြင့် ...

ကြိုးချင်းထား ကြိုးချင်းငြိ၊ အိုးချင်းထား အိုးချင်းထိဆိုသလိုပင် လူငယ်တို့သဘာဝအရ တာရာ့ဘက်မှ စတင်၍ နတ်ပျိုမအပေါ် တိမ်းညွတ်ယစ်မူး၍လာပေသည်။

တစ်ခုသော ညနေခင်းလေးတွင် တာရာ့ဘက်မှ စတင်၍ ရင်ခုန်သံချင်းညှိဖို့ ကြိုးစားလေသည်။

''မယ်''

''ဟင်''

''မင်းနဲ့ငါနဲ့ တစ်သက်လုံး ဒီလိုပဲ နေသွားတော့မှာလားဟင်''

''ဒီလိုမနေလို့ ဘယ်လိုနေမလဲ''

''ငါတို့ ချစ်သူတွေအဖြစ် ပြောင်းပြီးနေကြရအောင်နော်''



www.burmeseclassic.com

www.burmeseclassic.com



တာရာ၏ရင်ခုန်သံချင်း စည်းချက်ညီစွာ ပွင့်အံလာသောစကားလုံးတွေကြောင့် နတ်ပျိုမတစ်ယောက်ရဲ့ နှလုံးသားအစုံကို လှုပ်ခတ်သွားစေ၏။

သူမသည်လည်း တာရာ့ကို သံယောဇဉ်ငြိတွယ်လို့ နေပါ၏။ ဒါပေမဲ့ လူနှင့်နတ်ဆိုတာ ဘယ်လိုမှ ပေါင်းစည်လို့မရအောင် ဆန့်ကျင်ဘက် ဆုံမှတ်တစ်ခုဆီသို့ ဦးတည်နေပြီးသားပါ။

"တာရာရယ် ... ကျွန်မလည်း ရှင့်ကို ရင်ခုန်ပါတယ်၊ ဒါပေမဲ့ ကျွန်မတို့နှစ်ယောက် ပေါင်းစည်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူး"

"ဘာလို့မဖြစ်နိုင်ရမှာလဲ၊ မင်း ငါ့အနားမှာရှိနေသ၍ ငါနဲ့မင်း အပြန်အလှန် ချစ်လို့ရတာပဲ၊ ဒါဟာ ငါတို့နှစ်ယောက်ကို ချမှတ်ပေးထားတဲ့ လောကရဲ့အခွင့်အရေးပဲ၊ ဒါကြောင့် ငါတို့ အဲဒီအခွင့်အရေးကို မျှဝေအသုံးချပြီး ချစ်သူတွေအဖြစ် ရှင်သန်ကြရအောင်"

နှစ်သိမ့်မှုတွေ တသီတတန်းကြီး ပျော်ဝင်နေသော မျက်ဝန်းအကြည့်တွေဖြင့် မော့ကြည့်လာသော မျက်ဝန်းတစ်စုံနှင့် အတူ နှုတ်ဖျားမှ တိုးသဲ့ညင်သာသော စကားသံတချို့က အဖျားခတ်၍ တုန်ယင်လှုပ်ခါနေ၏။

"အဲဒီ့လောကရဲ့အခွင့်အရေးကို ရှင်တို့လူသားတွေက အသုံးချပိုင်ခွင့်ရှိပေမယ့် ကျွန်မအတွက်တော့ အဲဒီလောက်





မလွယ်ဘူး တာရာ၊ တကယ်တော့ အဲဒီအချိန်တိုလေးအတွင်းမှာ ကျွန်မ ရှင့်အပေါ် အဲဒီလောက် မတိမ်းညွတ်သင့်ဘူး၊ ဒါဟာ ကျွန်မတို့နှစ်ယောက်ကို ထာဝရခွဲခွာစေမယ့် အကြောင်းပြချက်တစ်ခု ဖြစ်လာလိမ့်မယ်"

"ခွဲခွာမှု ... ဟုတ်လား၊ အဲဒီခွဲခွာမှုက တို့နှစ်ယောက်ကြားထဲကို လွယ်လွယ်နဲ့ ဝင်လာနိုင်ပါ့မလား"

"အချိန်တွေ အရမ်းနီးကပ်နေပြီ တာရာ၊ အဲဒီ ကျရောက်လာမယ့်ကံကြမ္မာကို ရှင်ရော ကျွန်မရော ပြင်ဆင်ခွင့်၊ ငြင်းဆန်ခွင့်မရှိဘူး"

"အဲဒါတွေ ငါ မသိချင်ဘူး၊ ငါသိတာ မင်းကိုချစ်တယ်၊ မင်း ... ငါ့ကို ခွဲမသွားဖို့ ... ဒါပဲ"

ထိုစဉ် ကောင်းကင်ပြင်တစ်ခုလုံး အရောင်တွေ လင်းဖြာလာကာ အလင်းတန်းများ ထွက်ပေါ်လာ၏။

ထိုအလင်းတန်းများသည် နတ်ပျိုမအား အုပ်မိုးကာရံလျက်ရှိစဉ်မှာပင် နတ်ပျိုမဆီမှ ကြေကွဲဝမ်းနည်းစရာကောင်းသော နှုတ်ဆက်စကားများ ထွက်ပေါ်လာသည်။

"တာရာ ... ကျွန်မ ရှင့်ကို မခွဲချင်ပါဘူး၊ ဒါပေမဲ့ အချိန်ကျလာပြီ၊ အဲဒီအချိန်ကို ကျွန်မ မေ့ထားပေမယ့် သူတို့က မမေ့ဘူး၊ ရှင့်ဘဝထဲက ကျွန်မ ပျောက်ကွယ်သွားတဲ့နောက်မှာ ရှင့်ရဲ့စိတ်အရည်အသွေးမြင့်မားအောင် လောကရဲ့ငြိမ်းချမ်းခြင်း



www.burmeseclassic.com

www.burmeseclassic.com



တွေကို အဖော်ပြုပါ၊ လောကမှာ ဖြစ်တည်နေတဲ့ အရာအားလုံးဟာ ရှုမြင်သုံးသပ်တတ်မယ်ဆိုရင် ရှင့်စိတ်တွင်းကို ငြိမ်းချမ်းခြင်းတွေ ဆောင်ကျဉ်းပေးပါလိမ့်မယ်၊ ချစ်ခြင်းမေတ္တာတရားဟာလည်း လောကရဲ့ရိုးရာတစ်ခုပါ၊ အဲဒီလောကရိုးရာဟာ ရှင့်ဘဝရဲ့လှပတဲ့အနာဂတ်တစ်ခု ဖြစ်လာပါလိမ့်မယ်၊ ကျွန်မ ရှင့်ကို ကောင်းကင်ဘုံက စောင့်နေမယ်''

အလင်းတန်းကြီးသည် နတ်ပျိုမ၏ခန္ဓာကိုယ်ကို တဖြည်းဖြည်း ဆွဲငင်ခေါ်ဆောင်လျက် ထိုမြင်ကွင်းကိုကြည့်ပြီး တာရာသည် နာကျင်သွေးပျက်လွန်းစွာဖြင့် မျက်ရည်များက ပါးပြင်ထက်သို့ အတားအဆီးမဲ့စွာ လိမ့်ဆင်းကျလာခြင်းနှင့်အတူ ...

''ရှင်ငြိမ်းမယ် ... ရှင်ငြိမ်းမယ် ... မင်းကို ငါမခွဲနိုင်ဘူး၊ ငါ့ကို ထားမသွားပါနဲ့''

ရုတ်တရက် နှုတ်မှရေရွတ်ရင်း **ကြယ်စင်** သည် အိပ်ရာထက်မှ ဝရုန်းသုန်းကားဖြင့် ထထိုင်လိုက်သည်။

ခန္ဓာကိုယ်နှင့် အသိစိတ် တစ်ထပ်တည်းကျချိန်မှာတော့ ဒါဟာ အိပ်မက်ပါလားဆိုသည်နှင့်အတူ ရင်ထဲမှာ လှိုက်ဖိုဟာဆင်းသွားသည်။

ပူနွေးစိုစွတ်သော မျက်ရည်တွေက ပါးပြင်ထက်တွင် ယခုတိုင် နွေးထွေးစိုစွတ်ဆဲ။

''နတ်ပျိုမ ... ရှင်ငြိမ်းမယ် ... အို ... ဘုရားရေ





... အိပ်မက်က ထူးဆန်းလိုက်တာ''

မိန်းမလျှာလေး ကြယ်စင်သည် သူ၏အိပ်မက်ကြောင့် ရင်ခုန်လှိုက်ဖိုနေသည်။

ဒါပေမဲ့ ဒီရင်ခုန်သံတွေက ပုံမှန်မဟုတ်။ ကြယ့်ဘဝတစ်လျှောက်လုံးမှာ စွဲလမ်းရင်သန်မိခဲ့တဲ့ မိန်းမလျှာတစ်ယောက်ရဲ့စိတ်ဆန္ဒခံစားချက်တွေနဲ့ ဆန့်ကျင်ခြားနားလွန်းလို့နေသည်။

ကြယ်က သူ့ရင်ဘတ်ကိုသူ လက်ကလေးနဲ့ အလန့်တကြား ဖိလိုက်မိသည်။

ဘုရားရေ ... ဒါဟာ အချစ်ကြောင့်ဖြစ်လာတဲ့ ခံစားမှုတစ်ခုဆိုရင် အိပ်မက်ထဲက ရှင်ငြိမ်းမယ်ကို ချစ်မိတဲ့ ကြယ့်အချစ်က ဘယ်လိုအချစ်မျိုးပါလဲ။

မိန်းမလျှာတစ်ယောက်က အခြားမိန်းမတစ်ယောက်ကို မိန်းမသားချင်းလို ခံစားပြီး ချစ်မိတဲ့အချစ်မျိုး မဟုတ်ခဲ့ဘူးဆိုရင် ရှင်ငြိမ်းမယ်အပေါ်မှာ ကြယ်က ဆန့်ကျင်ဘက်ယောကျ်ားတစ်ယောက်ရဲ့ စိတ်ခံစားမှုမျိုးနဲ့ ခံစားပြီး ယောကျ်ားတစ်ယောက်ရဲ့နှလုံးသားက ချစ်ခြင်းမျိုးနဲ့ ချစ်မိသွားတာမျိုးတဲ့လား။

ကိုယ်တိုင်မခွဲခြားနိုင်စွာ ထွေပြားဝေဝါးလာတဲ့အတွေးတွေကြောင့် ကြယ့်ရင်မှာ မောလာသည်။

ဘယ်လိုပင်ဖြစ်စေ သေချာတာတစ်ခုကတော့ ကြယ့်အတွေးအာရုံထဲမှာ နတ်ပျိုမ ရှင်ငြိမ်းမယ်ရဲ့ပုံရိပ်က ခုချိန်တိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် ထင်ဟပ်ပေါ်လွင်နေဆဲဖြစ်နေရခြင်းပင်။

ဒါဟာ ... ကြယ့်ရင်ထဲက နက်ရှိုင်းဆုံးတစ်နေရာမှာ ငုပ်လျှိုးနေတဲ့ အတွင်းဗီဇသဏ္ဍာန် အစစ်အမှန် ထွက်ပေါ်လာခြင်းပေပဲလား။

ထူးခြားရှိန်းမြတဲ့ ခံစားမှုတစ်မျိုးနဲ့ ကြယ်တစ်ယောက် ငြိမ်သက်ငေးငိုင်သွားရ၏။

ဘာကြောင့်လဲဆိုတော့ ...

ကြယ်ကိုယ်တိုင်က ယောကျ်ားတစ်ယောက်ပဲ မဟုတ်လား။

## အခန်း (၂)

"ရှင်ငြိမ်း ... ရှင်ငြိမ်း ... ဟဲ့ ... ရှင်ငြိမ်း"

နံဘေးနားမှ တကြော်ကြော်အော်နိုးနေသော အမေ့ရဲ့ အသံစူးစူးကြောင့် ရှင်ငြိမ်းမယ်ရဲ့ လှပတဲ့အိပ်မက်ကလေး မြူမှုန်တစ်စလို ပျောက်ပျက်၍ သွားလေသည်။

အာရုံစေ့ဆော်မှု အသိတစ်ချက်ဝင်လာ၍ ဒါဟာ အိပ်မက်ပါလားဟု အတွေးသက်ရောက်မိသည်နှင့် တစ်ပြိုင်နက်တည်းမှာပင် ရင်အစုံသည် နုံးခွေသွားလေသည်။

ပါးပြင်ကို ယောင်ယမ်းစမ်းမိတော့ မျက်ရည်စတွေက စိုရွှဲနေဆဲပင်။ အမေ့ကြောင့် အိပ်မက်ကလေး ပျက်စီးသွားပြီ။

"အမေ ... အိပ်မက်ကောင်းနေတုန်း အမေရာ"

"အိပ်မက်ကောင်းတာတွေ,ဘာတွေ လုပ်မနေနဲ့၊ နေ



www.burmeseclassic.com

www.burmeseclassic.com



ဖင်ထိုးတော့မယ်၊ ဒီနေ့ အလုပ်သွားလျှောက်မယ်ဆိုပြီး အဲဒီလောက်အိပ်နေရသလား''

ခြင်ထောင်ထဲမှထွက်ကာ စားပွဲခုံပုလေးပေါ်တွင် တင်ထားသောနာရီကိုကြည့်လိုက်တော့ ခုနစ်နာရီတောင် မထိုးသေး။

''အမေကလည်းလေ ... ခုနစ်နာရီတောင် မထိုးသေးတဲ့ဟာကို''

''အမေ ဈေးသွားမလို့ ... သမီးမှာ ဘယ်လောက်ရှိသလဲ''

''ဘယ်လိုလုပ်ရှိမှာလဲ အမေရာ၊ မနေ့ကပဲ သမီးမှာရှိတဲ့ပိုက်ဆံလေး အမေ့ကို ပေးလိုက်တာပဲ၊ ခုတောင် အကြွေလေးသုံးရာပဲရှိတယ်၊ အင်တာဗျူးဝင်ဖို့ လမ်းစရိတ်တောင် မရှိဘူး''

အမေသည် လေးပင်သော သက်ပြင်းခပ်ကြမ်းကြမ်းကို မှုတ်ထုတ်လိုက်ပြီး ...

''အေးလေ ... ဒါဆိုလည်း အမေ ဈေးမသွားတော့ပါဘူး၊ ဟိုဘက်လမ်းလေးက ဒေါ်သန်းဆင့်ဆိုင်မှာပဲ ဆန်လေးလုံးနဲ့ ဆီတစ်ဆယ်သားလောက် အကြွေးသွားယူလိုက်တော့မယ်''

စောစောစီးစီး စိတ်ပျက်မိသည်။ အိမ်မှာ မနက်တိုင်းအဲဒီလိုငွေကြေးရှင်းတမ်းက အစဉ်အလာတစ်ခုပါပဲ။

''ကျွတ် ... အမေရာ ... အဲဒီမိန်းမကြီးက အာကြမ်းလျှာကြမ်းနဲ့ အရင်အကြွေးတောင် မဆပ်ရသေးတဲ့ဟာ နောက်





အကြွေး ပေးပါ့မလား''

''မတတ်နိုင်ဘူး ပြောကြည့်ရမှာပဲ၊ မရရင်တော့ ညည်းဘွဲ့ယူတုန်းက ဈေးထဲကနေပြီး နေ့သွင်းဝယ်ချုပ်ထားတဲ့ ပိုးချိတ်ဝမ်းဆက်ကိုပဲ သွားပေါင်ရတော့မှာပေါ့''

ရှင်ငြိမ်းမယ်သည် အမေ့ကို ဘာမှ စောဒကတက်မနေတော့ဘဲ အမေ့ကို အိပ်မက်အကြောင်းကိုပဲ ပြောပြလိုက်သည်။

''အမေ ... သမီးအိပ်မက်က ထူးဆန်းတယ်သိလား''

''ဘာတွေများ ထူးဆန်းနေလို့လဲ''

''နတ်သမီးတစ်ပါးကို မက်တယ်အမေ၊ အဲဒီနတ်သမီးက သမီးဖြစ်နေတယ်၊ ပြီးတော့ ဆင်းရဲသားတွေကို လိုက်ကယ်တင်ပြီး အရာအားလုံးကို ဖန်ဆင်းပေးနိုင်တဲ့ အစွမ်းတွေလည်းရှိတယ်''

အမေသည် နားထောင်နေရာမှ မျက်လုံးတွင် အရည်ကြည်လေးများ လက်လာကာ ...

''ဒါဟာ အိပ်မက်ကောင်းပဲ၊ ငါ့သမီးဘဝ ရှေ့လျှောက်မြင့်မားတော့မယ်ဆိုတဲ့ အတိတ်နိမိတ်မျိုးပဲ''

အမေသည် ထိုသို့ပြောပြီး ဒေါ်သန်းဆင့်ဆိုင်ကို သွားဦးမည်ဟုဆိုကာ အနားမှထသွားလေသည်။

အိပ်မက်ရဲ့နောက်ဆက်တွဲအကြောင်းအရာတွေကိုပင် စုံလင်အောင် မပြောလိုက်ရ။ သူမလည်း အိပ်ရာထက်မှ ထ



www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေး ရေတိုင်ကီနားသို့ ထွက်လာခဲ့လိုက်သည်။

မျက်နှာသစ်သွားတိုက်ပြီး တစ်လက်စတည်း ရေပါချိုးလိုက်သည်။ အမေကတော့ ဟိုဘက်လမ်းထိပ်က ဒေါ်သန်းဆင့်ဆိုင်သို့ အကြွေးသွားယူတာ ရလား၊မရလား မသိ။ ရှင်ငြိမ်းတို့ဘဝက အဲဒီလိုအခြေအနေ။ အဖေမရှိတော့တဲ့နောက်ပိုင်းမှာ အိမ်ရဲ့စီးပွားရေးအခြေအနေက သိသိသာသာ ဆိုးရွားစွာဖြင့် အမေ၏စက်ချုပ်၍ရသောဝင်ငွေဖြင့် အမေ၊ မောင်လေးနှင့် သူမ တို့သုံးယောက် စားဝတ်နေရေးကို လုံလောက်စွာ မဖြေရှင်းနိုင်။

ရှင်ငြိမ်းမှယ်ကလည်း အလုပ်က ရှာမရ၊ ရပြန်တော့လည်း လစာကနည်းပြီး အသွားအပြန်လမ်းစရိတ်၊ ထမင်းဘူးထည့်ရတာနှင့် မကာမိပြန်။

ခုလည်း Beauty Spa တစ်ခုက ဝန်ထမ်းခေါ်နေသည်ဟု သိရသဖြင့် သွားလျှောက်ထားလိုက်သည်။ ဒီနေ့ အင်တာဗျူးဖြေရမည့်နေ့။

ရတော့လည်း အမြတ်။ မရတော့လည်း အင်တာဗျူးအတွေ့အကြုံအသစ်တစ်ခုပေါ့။ ရေချိုးပြီးသည်နှင့် ဘာမိတ်ကပ်မှ မလိမ်းတော့ဘဲ (လိမ်းစရာမရှိ၍) သနပ်ခါးရေကျဲလေးကို ဖုံနေအောင် ပွတ်လိမ်းလိုက်ပြီး အဝတ်အစားလဲရန် ဗီရိုကိုဖွင့်လိုက်တော့ အရမ်းကို စိတ်ပျက်မိပါ၏။

"ကျွတ် ... အမေတို့ကတော့ လုပ်လိုက်ပြန်ပြီ၊ ဒီဝတ်စုံ





လေးတစ်စုံတည်း အကောင်းဆိုတာကို သိရဲ့သားနဲ့ ဟိုကိုပို့လိုက်ပြန်ပြီထင်ပါရဲ့"

တစ်ယောက်တည်း စိတ်ပျက်စွာဖြင့် ရွတ်နေချိန်မှာ အမေသည် ဆန်ထုပ်ဆွဲပြီး အိမ်ပေါ်တက်လာသည်။

"အမေ ... သမီးရဲ့အသစ်ဆုံးအကျီကို အပေါင်ဆိုင်ပို့လိုက်ပြန်ပြီလား"

"ဟုတ်တယ်လေ ... တစ်နေ့က အေးမာကို နေ့သွင်းငါးရက်စာ ထပ်သွားလို့ အိမ်ရှေ့မှာ လာသောင်းကျန်းမှာစိုးတာနဲ့ အမေလည်း ကြံရာမရဖြစ်ပြီး သမီးရဲ့ဝတ်စုံလေးကို အပေါင်ဆိုင်ခဏပို့ထားလိုက်တာ"

အမေ့ကိုလည်း အပြစ်မတင်လိုတော့ပါ။ အမေက မိန်းမသားပဲလေ။ ကြံရာမရတော့လည်း ဒီနည်းပဲ သုံးရတော့မှာပေါ့။

"စိတ်ညစ်ပါတယ် အမေရာ၊ သမီးတို့ ဒီဆင်းရဲတွင်းက ဘယ်တော့များမှ လွတ်ပါ့မလဲမသိဘူး"

အိပ်မက်ထဲကလို အရာရာကို ဖန်တီးနိုင်စွမ်းသာရှိရင် အမေ့ကို ကမ္ဘာ့အချမ်းသာဆုံးစာရင်းဝင်အဖြစ် ဖန်တီးလိုက်ချင်ပါသည်။

"ဒီနေ့တော့ ရှိတာလေးပဲ ဝတ်သွားလိုက်ပါ သမီးရယ်၊ နောက်နေ့ကျရင် အမေ ပြန်ရွေးပေးမယ်နော်၊ ငါ့သမီးလေးက ဘာဝတ်ဝတ် လှပြီးသား၊ မိုးပေါ်က နတ်သမီးလေး ကျလာသ



www.burmeseclassic.com

www.burmeseclassic.com



လားလို့တောင် ထင်ရတယ်''

အမေ့ရဲ့အားပေးနှစ်သိမ့်သော စကားတွေဟာ သူမ၏ မွန်းကျပ်ပိတ်လှောင်နေသော သောကနံ့ရုံတွေကို ထွင်းဖောက်ဖို့ အားအင်တစ်ရပ် စုဆောင်းနေရသလိုပါပဲ။

''ကဲ . . . ထ . . . အမေကြော်ထားတဲ့ ထမင်းကြော်လေး သွားစားလိုက်ဦး၊ နင့်မောင်လေးနဲ့အမေကတော့ စားပြီးသွားပြီ''

''သူ ဘယ်သွားလဲ အမေ''

''ဘေးအိမ်က ဦးတင်မောင်နဲ့ လက်သမား လိုက်လုပ်မယ်ဆိုပြီး လိုက်သွားလေရဲ့''

ရင်ထဲမှာ တစ်ခါထပ်နင့်ရပြန်၏။ မောင်လေးသည်ပင် သည်အိမ်ရဲ့စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းက သူ့အင်သူ့အားနဲ့ နိုင်တဲ့ဝန်ကို ထမ်းနေရရှာပါလား။

''အမေကလည်း ဒီနေ့ ကျောင်းတက်ရမယ်မဟုတ်လား၊ ဘာဖြစ်လို့ ထည့်လိုက်တာလဲ''

''ဒီနေ့ သူ့ဆရာမ နေမကောင်းလို့ မလာဘူးတဲ့၊ အဲ့ဒါကြောင့် သူလည်း ကျောင်းမတက်တော့ဘူးဆိုပြီး ဦးတင်မောင်နဲ့ လိုက်သွားလေရဲ့၊ မလိုက်ပါနဲ့ဆိုတာ မရဘူး''

''မောင်လေး သနားပါတယ် အမေရယ်''

''ဘယ်တတ်နိုင်ပါ့မလဲ သမီးရယ်၊ သူကိုယ်တိုင်ကိုက အိမ်ရဲ့အခြေအနေကိုသိပြီး တစ်ဖက်တစ်လမ်းက ဝင်ပြီး ကူချင်





ရှာတာ''

ပြောနေရင်းမှ အမေ့မျက်နှာပြင်သည် ဝမ်းနည်းရိပ်တွေ ထင်ဟပ်လာကာ ညှိုးမှောင်သွားသည်။ အမေစိတ်မကောင်းဖြစ်သွားတာ ရှင်ငြိမ်း သိပါသည်။

အမေ့ကို ပြန်လည်ဖြေသိမ့်စကား ပြောလိုက်သည်။

''သမီးအလုပ်ရရင်တော့ မောင်လေး အလုပ်လုပ်စရာ မလိုတော့ပါဘူး အမေရယ်၊ အမေလည်း ဒေါ်သန်းဆင့်ဆိုင်မှာ အကြွေးသွားဝယ်စရာ မလိုတော့ဘူး၊ အဲဒီဘဝက လွတ်အောင် သမီးကြိုးစားမယ်နော်၊ သမီးက အမေပြောသလို နတ်သမီးလေးလေ၊ အဲဒါကြောင့် သမီးက အမေ့ဆီကို စိတ်ချမ်းသာခြင်းတွေ ရောက်လာအောင် ဖန်ဆင်းပေးမယ် . . . အဟင်း ဟင်း ဟင်း''

သူမ ပြောပြီးရယ်တော့ အမေပါ လိုက်ရယ်လေသည်။

''အမေကလေ ဖြစ်နိုင်ရင် ငါ့သမီးကိုရော, ငါ့သားကိုရော ဘာမှမခိုင်းဘဲ ရွှေပေါ်မြတင်ထားချင်တာပါအေ . . . ဒါပေမဲ့ အမေ့မှာက အဲဒီလောက် အစွမ်းကမရှိတော့ ခက်တယ်''

''အမေ့မှာ အစွမ်းရှိဖို့ မလိုပါဘူး အမေရယ်၊ သမီးကသာ အမေ့ကို ရွှေဘုံပေါ်မှာ တင်ထားချင်တာပါ''

သားအမိနှစ်ဦး ရင်ထဲကဆန္ဒတွေကို ဖလှယ်ကြရင်း ခေတ္တခဏတော့ ရင်မှာ ငြိမ်းအေးကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေသည် အကြွေးယူလာသောဆန်ဖြင့် ထမင်းအိုး စတင်တည်နေချိန်မှာ ရှင်ငြိမ်းကလည်း အမေ့ကိုနှုတ်ဆက်ပြီး အင်တာဗျူးဝင်ရန်အတွက် အိမ်မှထွက်လာခဲ့လိုက်ပါသည်။ လွယ်ထားသော ကျောပိုးအိတ်ထဲတွင် ငွေစလေး သုံးရာပဲရှိသဖြင့် ကားမှတ်တိုင်ဘက်သို့ ခြေဦးမတည့်ဖြစ်တော့ဘဲ ကုမ္ပဏီသို့ လမ်းလျှောက်သွားရန် စိတ်ကူးလိုက်သည်။ အနည်းဆုံး လေးဆယ့်ငါးမိနစ်လောက်တော့ လျှောက်ရမည်ထင်သည်။

ဒါကြောင့်လည်း သူမသည် ထိုအလုပ်ကို စိတ်ဝင်စား၍ လျှောက်ခြင်းဖြစ်သည်။ ပညာလည်း ရသည်။ အိမ်နဲ့လည်း နီးနီးလေးဆိုတော့ လမ်းစရိတ်အတွက် ထည့်စဉ်းစားစရာ မလိုပေ။

ထိုကုမ္ပဏီသည် အမျိုးသား၊ အမျိုးသမီးသုံး ရေမွှေး၊ မိတ်ကပ် hair coat များထုတ်လုပ်သည့်အပြင် နာမည်ကြီး Beauty Spa အများအပြားကိုလည်း ပိုင်ဆိုင်ထားသည်ဖြစ်၏။

ကိုယ့်အတွေးနှင့်ကိုယ် လျှောက်လာရင်းမှ လမ်းချိုးကွေ့လေးတစ်ခုအရောက် ရှင်ငြိမ်းမယ်ရဲ့စိတ်ကူးယဉ်အိပ်မက်တွေထဲမှာ အမြဲလိုချင်မက်မောဖြစ်ခဲ့ရသည့် စူဇူကီးဝက်ဂွန်အာရ်ပလတ်စ် (SUZUKI W.G. R+) ကားလှလှလေးတစ်စီး လမ်းဘေးမှာ ရပ်ထားတာကို တွေ့လိုက်ရသဖြင့် သူမရဲ့အကြည့်တွေက ကားလေးဆီသို့ အာရုံစူးစိုက်ကျရောက်သွားသည်။





"ဟင်"

ကားအနီးတွင် လူတစ်ယောက်ကို လူသုံးယောက်က ဝိုင်းဝန်းအနိုင်ကျင့်တော့မည့်ပုံစံ ရုတ်ရုတ်သဲသဲမြင်ကွင်းကို တွေ့လိုက်ရသည်မို့ ရှင်ငြိမ်းမယ်က စိတ်ဝင်စားသွားမိပြီး ကားအနီးသို့ တိုးကပ်လျှောက်လာခဲ့လိုက်သည်။

"နင်တို့ ဘယ်လိုကောင်တွေလဲ ... ငါ့ကို အားနွဲ့တယ်ဆိုပြီး အနိုင်ကျင့်နေတာလား"

"မဟုတ်ပါဘူး ကြယ်စင်ရာ ... ငါတို့မှာ အသုံးစရိတ်ပြတ်နေလို့ နင့်ဆီမှာ အလှူခံတာပါ"

တဖြည်းဖြည်း နီးကပ်လာ၍ အသံတွေကို အတိုင်းသားကြားနေရသည်။ သူမဘက်ကို ကျောပေးပြီးရပ်နေသော ကောင်လေးထံမှ ငွေညှစ်နေပုံရသည်။

"မပေးနိုင်တော့ဘူး၊ ငါ့ဆီက ရမှန်းသိလို့ နင်တို့ လာချဉ်းနေတာ ဘယ်နှစ်ကြိမ်ရှိနေပြီလဲ ဂျင်နီ၊ ငါပေးလိုက်တဲ့ ငွေကို နင်တို့အကျိုးရှိတဲ့နေရာမှာ သုံးတာမဟုတ်ဘူး၊ နင်တို့ဘဝကို ပျက်စီးစေမယ့် ဆေးပြားတွေ ဝယ်သုံးနေတာ ငါ မသိဘူးများ မှတ်နေလား"

"ဟာကွာ ... မျောနေပြန်ပြီ၊ ဒီအခေါက်မတော့ ပေးမလား၊ မပေးဘူးလား"

"ကြာတယ်ကွာ ... သူ့အိတ်ကိုလုပြီးသာ ယူလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့''

တခြားတစ်ယောက်က ဂျင်နီဆိုသောခနဲ့ကို ပြောလိုက်သဖြင့် လူငယ်၏ကားထဲမှ ပိုက်ဆံအိတ်ကို အတင်းဝင်လုလေသည်။

''ဟယ် . . . နင်တို့ ဘာလုပ်နေတာလဲ၊ ငါ အော်လိုက်မှာနော်''

ရှင်ငြိမ်း မြင်တွေ့နေရသောမြင်ကွင်းက သိပ်မလှပတော့။ သုံးယောက်နှင့်တစ်ယောက်ဆိုတော့ အင်အားက လုံးဝမညီမျှပေ။ ကြည့်ရတာ ထိုလူငယ်သည် သူတို့စောစောကပြောသလို အခြောက်များလား။

ထိုအချိန်တွင် လူငယ်သည် ဘေးဘီကို အကူအညီတောင်းရန် ဝေ့ကြည့်လိုက်သဖြင့် ရှင်ငြိမ်းမယ်သည် အံ့သြမှုနှင့် အတူ နှုတ်မှလည်း လွှတ်ခနဲ အမည်တစ်ခုကို ခေါ်လိုက်မိသည်။

''တာရာ''

ဟုတ်ပါသည်။ အိပ်မက်ထဲက တာရာမှ တာရာအစစ်။ ရှင်ငြိမ်းမယ်သည် ရှည်ရှည်ဝေးဝေး တွေးမနေတော့ဘဲ ပလက်ဖောင်းဘေးမြောင်းနှုတ်ခမ်းစပ်တွင် ထိုးစိုက်ထားသော တုတ်တစ်ချောင်းကို အားကုန်ဆွဲနှုတ်ယူလိုက်ပြီး . . .

ထိုရွှံ့ပေနေသော သစ်သားတိုင်ဖြင့်ပင် ကားထဲတွင် ကိုယ်တစ်ပိုင်းဝင်ကာ ပိုက်ဆံအိတ်ကိုအတင်းလုနေသောလူ၏





ကျောပြင်ကို လွှဲရိုက်လိုက်သည်။

'ဘုန်း'

''အား''

ထိုလူသည် အနောက်မှ ရုတ်တရက် တိုက်ခိုက်တာခံလိုက်ရသဖြင့် ကားထဲသို့ ဟပ်ထိုးလဲကျသွားလေသည်။

ကျန်လူနှစ်ယောက်ကလည်း အံ့အားသင့်စွာဖြင့် ရှင်ငြိမ်းထံသို့ ပြေးဝင်လာကြသည်။ ပြေးဝင်လာသော လူနှစ်ယောက်ကို ကြည့်ပြီး သူမ နည်းနည်းတော့ သွေးပျက်သွားရ၏။ ထို့နောက် ကြောက်ကန် ကန်ကာဖြင့် ဝင်လာသူထဲမှ အနီးကပ်ဆုံးလူကို ထပ်ပြီး ရိုက်ချလိုက်ပြီးသည်နှင့် တစ်ပြိုင်နက်တည်းမှာပင် ဘေးပတ်ဝန်းကျင်ကို အသံကုန်ဟစ်၍ အကူအညီတောင်းလိုက်လေသည်။

''လာကြပါဦးရှင် . . . ဒီမှာ ပိုက်ဆံအိတ်ကို ဝိုင်းလုနေကြလို့ပါ ကယ်ကြပါဦး''

''ဟာ . . . ဟေ့ ဟေ့ . . . မအော်နဲ့ . . . ဒီကောင်မ လုပ်တာနဲ့ ရှုပ်ကုန်တော့မှာပဲ''

''ဟေ့ကောင်တွေ ထ ထ . . . အခြေအနေ မကောင်းဘူး . . . လစ်ကြမယ်''

နောက်ဆုံး ကျန်သည့်တစ်ယောက်မှာ သူမ,အော်သံကြောင့် လန့်ဖျပ်ကာ သူမလက်ချက်ဖြင့် မှောက်နေသော အခြေ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ဆွဲထူနေရာက သုတ်ခြေတင် လစ်တော့လေသည်။

ပတ်ဝန်းကျင်မှ လူတစ်ယောက်စ, နှစ်ယောက်စသည် ရှင်ငြိမ်းမယ်အသံကြောင့် ပြေးလာတာကို မြင်သောကြောင့် ထို သုံးယောက် လစ်သွားခြင်းဖြစ်သည်။

"မိန်းကလေး ... ပိုက်ဆံအိတ်ပါသွားသေးလား ဘယ် မှာလဲ အလစ်သမား"

"ဟို ... ကျွန်မ တုတ်နဲ့ဆော်ထည့်လိုက်တာပြေးပြီ ... အဟင်း ... လုတာ ကျွန်မ,ပိုက်ဆံအိတ်ကို မဟုတ်ဘူး၊ သူ့ပိုက်ဆံအိတ်၊ ဟင် ... ဟိုလူ ဘယ်ရောက်သွားပြီလဲ"

လူငယ်ထံသို့ လက်ညှိုးထိုးပြတော့မရှိ။

"စောစောက ဟိုလူတွေကို တုတ်နဲ့ မရိုက်ခင်တုန်းက တောင် ရှိသေးတယ်"

ဘေဘီကို ဝေ့ကြည့်ပြီး ရှာလိုက်သည်။ ပန်းချုံတစ်ခု ထဲတွင် ဝင်ပြီးပုန်းနေသော သူ့ကိုတွေ့၍ သူမသည် သူ့အနား သို့ တိုးသွားရင်း ...

"ဟော့လူ ... အဲ့ဒီလောက်ကြောက်မနေနဲ့၊ ရှင့်လူတွေ သွားပြီ"

ရှင်ငြိမ်းမယ်ပြောလိုက်မှ သူသည် ပန်းချုံထဲမှ ကြောက် စိတ်တွေနှင့် ပြည့်နှက်နေသောမျက်နှာဖြင့် ခပ်ကုပ်ကုပ်ထွက်လာ သည်။





သူ့အဖြစ်ကိုကြည့်ပြီး ဝိုင်းကူရန်ရောက်လာသောလူ အချို့က ရယ်ကြလေသည်။

"တကယ့်အာဂပဲကွာ ... မိန်းကလေးက သတ္တိရှိပြီး ယောကျ်ားလေးက ပန်းချုံထဲ ဝင်ပုန်းရတယ်လို့ ... မကြုံဖူးပါ ဘူး"

ထိုလူများသည် လှောင်ပြောင်ခြင်းနှင့်အတူ လာရာလမ်း အတိုင်း ပြန်လှည့်သွားကြလေသည်။ အူကြောင်ကြောင်နိုင်လွန်း သော သူ့ပုံစံကိုကြည့်ရင်း ရယ်ချင်မိပေမယ့် တိုက်ဆိုင်မှုတစ်ခု ကြောင့် အံ့ဩလွန်းနေ၍ ရယ်ဖို့မဖြစ်နိုင်သေး။

"ရှင်ကလည်း သူတို့ပြောလည်း ပြောချင်စရာပဲကို"

"အို ... တို့များက သွေးထွက်သံယိုတွေ မကြည့်ရဲဘူး၊ ဒါကြောင့် အဲဒီမှာ ခဏသွားရှောင်နေရတာ၊ မင်းကို ကျေးဇူး တင်တယ်နော်"

"ဘာကျေးဇူးလဲ"

"အို ... တို့များရဲ့အခက်အခဲကို ဝင်ဖြေရှင်းပေးလို့ပေါ့"

"မလိုပါဘူး ... ရပါတယ်"

"ရှင်က နတ်ကတော်လား"

ဟု မေးလိုက်သဖြင့် ဖျပ်ဖျပ်လူးသွား၏။

"အို ... တို့ကို အဲဒီလိုမကျီစားပါနဲ့၊ တို့က နတ်က တော်ဆို သိပ်မုန်းတာ၊ တို့က အလှဖန်တီးရှင်"



www.burmeseclassic.com

www.burmeseclassic.com



ကန့်ကလန့်ကလျဖြင့် ပြောလိုက်သော သူ့ပုံစံကိုကြည့်ပြီး ရင်မှာ နွေးမြောသွားရသည်။ ယောက်ျားပီပီသသသာဆိုရင် ဘယ်လောက်များ ကျက်သရေရှိပြီး ကြည့်ကောင်းလိုက်မလဲ။ မိန်းကလေးတော်တော်များများ ကျလောက်တဲ့ရုပ်မျိုး ဖြစ်သည်။

"ရှင့်နာမည် ဘယ်လိုခေါ်သလဲ"

"ကြယ်စင်"

ပို၍အံ့သြရပြန်ပါသည်။ သူမ,မက်ခဲ့သော အိပ်မက်ထဲမှ ကောင်လေး၏အမည်က တာရာ။ ဘာထူးမှာလဲ ... ကြယ်နှင့် တာရာ။ အဓိပ္ပာယ်သက်ရောက်ပုံချင်းက အတူတူပင်။

"မင်းနာမည်ကရောဟင်"

"ရှင်ငြိမ်းမယ်"

နာမည်ကြားလိုက်ရုံဖြင့် ကြယ်စင်၏မျက်နှာတွင် အံ့သြမှုရဲ့အမည်မဖော်နိုင်သော အဓိပ္ပာယ်သက်ရောက်မှုတစ်ခု ရုတ်တရက် ဖြတ်သန်းသွားရ၏။ တိုက်ဆိုင်လိုက်တာ။ ညက မက်ခဲ့ရသော နတ်ပျိုမနှင့် တစ်ထေရာတည်း လှသလို နာမည်ကလည်း တစ်ထပ်တည်းကျနေပါလား။ ညကမက်ခဲ့ရသော အိပ်မက်သည် အနာဂတ်အတွက် အဘယ်သို့သော ရင်ခုန်မှုကို ပေးစွမ်းစေဦးမလဲမသိ။

"အို ... လှလိုက်တာ၊ မင်းရဲ့နာမည်လေးက အရမ်းကို မဟာဆန်တာပဲကွယ်၊ မင်း အခုဘယ်သွားမှာလဲ၊ ကြယ် လိုက်





ပို့ပေးမယ်လေ၊ ကြယ်တို့တစ်တွေ ခုကစပြီး ဘော်ဘော်တွေ အဖြစ် သတ်မှတ်လိုက်ကြရအောင်"

သူ့ကိုယ်သူ ကြယ်ဟု နာမ်စားသုံးပြီး သာမန်ထက်ပိုပြီးနွဲ့နေသော သူ့ကိုကြည့်ပြီး ရှင်ငြိမ်းမယ်သည် စိတ်ပျက်စွာမဲ့လိုက်မိသည်။

"ကျွန်မက အင်တာဗျူးသွားဖြေမလို့"

"ဟုတ်လား ... ဘယ်ကုမ္ပဏီမှာလဲ"

"ကြယ်စင် Beauty Spa မှာလေ"

ကြယ်စင်သည် အံ့သြခြင်းကြောင့် လင်းလက်သွားသော အပြုံးတစ်ခုနှင့်အတူ လက်ခုပ်ကလေးကို ဖျန်းပါပါတီးခတ်လိုက်ပြီး မျက်လုံးလေးကိုဝင့်ကာ ...

"အဲဒါဆိုရင်တော့ အင်တာဗျူးစရာမလိုတော့ဘူး၊ အလုပ်ရသွားပြီလို့သာ မှတ်လိုက်ပေတော့"

"အို ... ဘာဆိုင်လို့လဲ"

"ကဲ ... ကားပေါ် အရင်တက်၊ ကားပေါ်ရောက်မှ ရှင်းပြမယ်၊ အရမ်းကို အံ့သြဝမ်းသာသွားစေရမယ်ကွယ့် မယ်လေးရဲ့"

ကြယ်စင်ထံမှ 'မယ်'ဟူသော အဖျားဆွတ်ခေါ်လိုက်သဖြင့် ရင်မှာ တိမ်းညွတ်တုန်ခါသွားရသည်။

ဘုရားရေ ... အိပ်မက်ထဲက တာရာဆိုသောကောင်



www.burmeseclassic.com

www.burmeseclassic.com



လေးကလည်း သူမအား 'မယ်' ဟုပင် ခေါ်ခဲ့ပါသည်။ စဉ်းစားရင်းနှင့်ပင် ရှင်ငြိမ်းမယ်သည် ထူးဆန်းသော အိပ်မက်ကြောင့် ကြက်သီးများပင် ဖြာရပါသည်။ ဒီနေ့ တွေ့ကြုံနေရသောအဖြစ်အပျက်ကို အိမ်ရောက်မှ မိခင်ဖြစ်သူကို ပြောပြရဦးမယ်။ ဒီတစ်ခါတော့ အမေ အံ့ဩမှာပါ။ အဲဒီအခါမှ အိပ်မက်နှင့်ပတ်သက်သော အမေ့ဆီမှ ထင်မြင်ယူဆချက်တစ်ခုခုတော့ ရနိုင်ကောင်းပါရဲ့။ ခက်တာက အိပ်မက်ထဲက ရှင်ငြိမ်းမယ်ဆိုသော နတ်ပျိုမလေးနှင့် အပြင်လောကမှ လှုပ်ရှားရုန်းကန်ရင်း ဆင်းရဲမွဲတေနေသော ရှင်ငြိမ်းမယ်တို့ရဲ့အခြေအနေက တကယ့်ကို မိုးနဲ့မြေ။

တာရာဆိုသောကောင်လေးနှင့် ကြယ်စင်ကရော ဘာထူးလို့လဲ ...ဆန့်ကျင်ဘက်ပဲ။ ဒီအိပ်မက်ဟာ သူမဘဝကို ဘယ်လိုအကျိုးဆက်တွေ ဖြစ်ပေါ်လာလေမလဲ။ ကောင်းကျိုးလား၊ ဆိုးကျိုးလား မသေချာ မရေရာ။

ယခုအချိန်မှာတော့ လူတစ်ဦးကိုကူညီလိုက်ရ၍ အလုပ်လျှောက်စရာမလိုဘဲ အလုပ်တန်းခန့်ခံရတာကတော့ သေချာသလောက်ပင်။

အတွေးနှင့်အတူ ရှင်ငြိမ်း သဘောကျ၊ စီးချင်နေတဲ့ ကြယ်စင်ရဲ့ စူဇူကီးဝက်ဝွန်အာရ်ပလတ်စ်ပေါ်သို့ မရဲတရဲလှမ်းတက်လိုက်ရင်း ကားထဲမှ မွှေးပျံ့သောရနံ့တစ်ခုကို ရှူရှိုက်ရင်း ခံစားမှုနှင့် အတွေးရောယှက်သိမ်းဆည်းရင်း သူ့နံဘေးမှ ခပ်ငြိမ်

သက်ပိုင်ရဲစာပေ



ငြိမ်ပင် လိုက်ပါခဲ့တော့၏။

ဒါဟာ နတ်ပျိုမ ဖန်ဆင်းပေးခဲ့သော ရှင်ငြိမ်းမယ်ရဲ့ ချိုမြိန်သော နိဒါန်းအစလေးပဲလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ကုမ္ပဏီအဆောက်အအုံထဲ ဝင်လိုက်သည်နှင့် အဲယားကွန်းမှ ထွက်ပေါ်လာသော အေးစိမ့်သည့် ခံစားမှုအတွေ့အထိရဲ့ ဆီးကြိုပွေ့ဖက်ခြင်းကို အရင်ဆုံး ခံစားလိုက်ရ၏။

အဆောက်အအုံခန်းမထဲ မျက်လုံးဝေ့ကြည့်လိုက်တော့ ပန်းခင်းကြီးတစ်ခုထဲမှာ လေသင့်ရာယိမ်းနွဲ့နေသည့် အရွယ်စုံ၊ အလှမျိုးစုံသည့် ပန်းကလေးများသဖွယ် ကုမ္ပဏီ၏တူညီဝတ်စုံကလေးများ ဝတ်ဆင်လျက် တက်ကြွရွှင်လန်းစွာ လှုပ်ရှားလုပ်ကိုင်နေကြသည့် ဝန်ထမ်းမိန်းကလေးများ၏အလှအပတွေက ခမ်းနားလွန်းသည့် ကုမ္ပဏီခန်းမကြီးနှင့် လိုက်ဖက်စွာ လှပပြီး ကျက်သရေရှိလို့နေသည်ကို တွေ့လိုက်ရ၏။

ကြယ်က အံ့သြငေးမောနေသည့် ရှင်ငြိမ်းမယ်ရဲ့လက်





ကလေးကိုဆွဲရင်း ...

"လာ ... မယ် ... မမရုံးခန်းကို အရင်သွားပြီးမှ ကျန်တဲ့ Show Room တွေကို လိုက်ပြပေးမယ်"

ကြယ်စင်၏အစ်မရုံးခန်းကို ဓာတ်လှေကားဖြင့် တက်ရ၏။ ကြယ်စင်တို့က အဲဒီလောက်တောင် ချမ်းသာကြွယ်ဝ၍ အံ့သြရ၏။

သုံးလွှာသို့အရောက်တွင် ဓာတ်လှေကားထဲမှထွက်ပြီး ညာဘက်စင်္ကြံအတိုင်း လျှောက်လာပြီး အခန်းတစ်ခုရှေ့အရောက်တွင် စေ့ရုံစေ့ထားသော တံခါးကို တွန်းဖွင့်ကာ ရှင်ငြိမ်းမယ်ရဲ့လက်ကလေးကို အုပ်မိုးဆုပ်လိုက်ပြီး လေသံခပ်နွဲ့နွဲ့ဖြင့် အားပေးရင်း ...

"လာ မယ် ... တို့မမ ရှိတယ်၊ ဘာမှသိမ်ငယ်စရာမလိုဘူး၊ မယ်အလုပ်ရဖို့ကို တို့ တာဝန်ယူလိုက်ပြီ ... သိလား"

ရုံးခန်းကျယ်ကြီးထဲတွင် ခေတ်မီပြီး တန်ဖိုးရှိသော အသုံးအဆောင်များဖြင့် ဖိတ်ဖိတ်တောက်နေသည်။

ပြောင်လဲ့နေသော မဟော်ဂနီရောင် ကျွန်းစားပွဲတွင် ဓာတ်လည်ဆိုဖာကုလားထိုင်တစ်လုံးနှင့်ထိုင်ကာ ကွန်ပျူတာတစ်လုံးဖြင့် အလုပ်ရှုပ်နေသော အသက်သုံးဆယ်ခန့် အမျိုးသမီးချောချောတစ်ဦးက ခံ့ခံ့ထည်ထည်ဖြင့်ထိုင်ကာ စာရင်းဇယားများဖြင့် အလုပ်ရှုပ်နေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်နှင့်သူမ ဝင်လာတာကို အလုပ်ရှုပ်နေသည့်ကြားမှ မျက်လုံးကလေးပင့်ကြည့်ကာ ...

"ကြယ် ... ဘာအကြောင်းတွေ ပေါ်လာပြန်ပြီလဲ၊ အင်တာဗျူးခန်းကို ဒီနေ့ မင်းဝင်ရမယ်နော်"

"မမကလည်းလေ ကြယ့်ကိုတွေ့ရင် အဲ့ဒီမေးခွန်းကိုပဲ ဆီးပြီးမေးတော့တာပဲ၊ အဲဒါတွေကြောင့် မမကို စိတ်ကုန်တာ"

"အမလေး ... ဘုရားရေ ... ကိုယ့်မောင်ရဲ့ပြဿနာ ပေါင်း သောင်းခြောက်ထောင်ကို ဒိုင်ခံဖြေရှင်းပေးနေတဲ့ အစ်မကို များ စိတ်ကုန်တယ်လို့ မင်းမို့ ပြောရက်တယ်"

ကြယ်စင်ကို စိတ်မဆိုးဟန်ဖြင့် ပြုံးကာပြောရင်းမှ ရှင်ငြိမ်းမယ်ဘက်သို့ အကြည့်ပို့လာပြီး ...

"သူက ဘယ်သူလဲ"

"အဲ့ဒါပြောမလို့ မမဆီကိုလာတာပေါ့၊ မနက်က ဂျင်နီတို့အဖွဲ့ များကို ထုံးစံအတိုင်း ပြဿနာရှာတယ်၊ ဒီတစ်ခါက ပွဲကြမ်းတယ် ... သိလား၊ သူတို့ပိုက်ဆံတောင်းတာကို များက မပေးလို့ များဆီက ပိုက်ဆံအိတ်ကို အတင်းဝင်လုလို့"

"အို ... ဂျင်နီ အဲဒီလောက်တောင် အခြေအနေဆိုး နေပြီလား"

"ဆိုးတာတော့မပြောနဲ့၊ နောက်ဆို အသက်ကိုတောင် ရန်ရှာရင် ရှာနိုင်တယ်"





"မယ် ဝင်ကူလို့သာ ကြယ် ဘာမှမဖြစ်တာ၊ ပိုက်ဆံလည်း တစ်ပြားတစ်ချပ်မှ ပါမသွားတာ ... သိလား၊ မယ်က လေ နီးရာတုတ်ဆွဲပြီး ကြယ့်ဆီမှာ ပိုက်ဆံအိတ်ဝင်လုနေတဲ့ ဂျင်နီ့ကျောကို ဝင်ကျုံးတာ၊ ဘာပြောကောင်းမလဲ ... ဂျင်နီ ကျောကို ကော့သွားတာပဲ၊ ပြီးလည်းပြီးရော မှောက်လဲတော့တာ ပဲ၊ ကျန်တဲ့နှစ်ယောက်ကလည်း မယ့်ကို ဝင်ဖိုက်တာ ဘယ်ရမလဲ မယ်က အဲဒီတုတ်နဲ့ပဲ ဒင်းတို့ရဲ့မျက်နှာတွေကို ဖြတ်ရိုက်တာ၊ တကယ့် ဂျက်မတစ်ယောက်ရဲ့ စတိုင်ပဲ"

ကြယ်စင်၏ကနွဲ့ကလျှဟန်ဖြင့် ဇာတ်လမ်းရှည်ကြီးကို ဟန်ပါပါဖြင့် ခင်းပြနေတာကိုကြည့်ပြီး **ရာသက်ပန်** ခေါင်းတညိတ်ညိတ်နှင့် သဘောတွေကျကာ ပြုံးနေ၏။

"တိုက်ဆိုင်ချင်တော့ မယ်ကလည်း ကြယ်တို့ကုမ္ပဏီမှာ အလုပ်လျှောက်ဖို့လာတာ မမရဲ့၊ အဲ့ဒါ ကြယ်လည်း ကျေးဇူး တင်လွန်းလို့ မယ့်ကို အလုပ်ခန့်ခဲ့ပြီနော် မမ၊ အင်တာဗျူးခန်း ထဲလည်း ဝင်စရာမလိုတော့ဘူးနော်"

"မမရဲ့မောင်လေးကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါ တယ် ညီမရယ်၊ ကြယ် အလုပ်ခန့်တာကိုလည်း မမအတည်ပြု ပါတယ်၊ ဒါနဲ့ ညီမလေးနာမည် ..."

"ရှင်ငြိမ်းမယ်ပါ၊ ကျွန်မရဲ့ဘိုင်ဘိုဂရပ်ဖီမှာ ပါပါတယ်"

"အိုကေ ... ရတယ်၊ မမ မင်းကို အင်တာဗျူးဝင်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်ပါဘူး၊ ကြယ်က စရောက်ကတည်းက တစ်မယ်တည်း မယ်နေလို့ နာမည်အပြည့်အစုံကို မေးကြည့်တာပါ”

“ကဲ ကြယ် . . . ရှင်ငြိမ်းမယ်ကို ဘယ်ဌာနမှာ နေရာချပေးမှာလဲ”

“ကြယ်ကတော့ မယ့်ကို ကြယ့်အနားမှာပဲ ခေါ်ထားလိုက်တော့မယ်၊ ပြီးရင် သူ့ကို ကြယ့်မှာရှိနေတဲ့ပညာရပ်တွေကို သင်ပေးမယ်၊ ကြယ်လည်း တိုးတိုးဖော်ရတာပေါ့၊ ဟိုကောင်တွေရန်က ကြောက်ရသေးတယ်၊ အနားမှာ မယ်ရှိရင် ဒီကောင်တွေ မလာရဲတော့ဘူးဆိုတာ ကြယ်သိတယ်”

“ကဲ ညီမရေ . . . မင်းကြားတဲ့အတိုင်းပဲ မင်းကို ပေါက်ပေါက်ဖွသလို စကားတွေ တစ်လှေကြီး ပြောပါတော့မယ်၊ မင်းနားငြီးရလိမ့်မယ်”

“ဘယ်လိုလဲ . . . ကြယ်ရဲ့အတွင်းရေးမှူး၊ အင်း . . . ဘော်ဒီဂဒ်ဆိုရင် ပိုမှန်လိမ့်မယ်ထင်တယ်၊ ဘယ်လိုလဲ . . . လုပ်နိုင်ပါ့မလား”

“ကျွန်မအတွက်က အလုပ်ရမယ်ဆိုရင် ကုမ္ပဏီနဲ့ပတ်သက်တဲ့ ဘယ်လိုအလုပ်မျိုးမဆို လုပ်နိုင်ပါတယ်”

“အိုကေ . . . ကောင်းပြီ ရှင်ငြိမ်းမယ်”

“ကဲ မမ . . . ကြယ် ဒီနေ့တော့ အင်တာဗျူးတာဝန် မယူနိုင်တော့ဘူး၊ မန်နေဂျာနဲ့ပဲ လွှဲလိုက်တော့၊ လာ . . . မယ်





. . . သွားရအောင်”

ကြယ်စင်သည် ရှင်ငြိမ်းမယ်အား ကုမ္ပဏီတစ်ခုလုံးရှိ ဝန်ထမ်းများနှင့် မိတ်ဆက်ပေးပါသည်။

“အေး . . . ဒါ တို့ရဲ့အတွင်းရေးမှူးမလေးလေ၊ မလှဘူးလားကွယ်”

“လှပါတယ် ကြယ်ရယ် . . . သူ့အလှလေးက လင်းလက်လိုက်တာ”

မယ့်အား ထိုသို့ချီးမွမ်းလျှင် ကြယ်၏မျက်နှာမှာ ပီတိတွေဖုံးလွှမ်းနေသော လမင်းကြီးလို ထိန်ထိန်သာနေသလိုပါပဲ ဂုဏ်ယူဝံ့ကြွားဟန်အပြည့်ဖြင့် . . .

“မလှလို့လည်း မရဘူးလေ၊ တို့များက အလှဆုံးကို ရွေးထားတာ”

“မယ့်ရဲ့အလုပ်စားပွဲကို ကြယ်ရဲ့ရုံးခန်းမှာပဲ ထားလိုက်မယ်၊ ဒီနေ့ကစပြီး မယ် အလုပ်စဝင်ပြီလို့ သဘောထားလိုက်တော့၊ မယ့်ကို လစာတစ်သိန်းပေးရင် မယ် ကျေနပ်မှာလား”

လစာတစ်သိန်းပေး၍ စိတ်ထဲမှာ ကျိတ်ပြီး ဝမ်းသာသွားရ၏။

“ကျေနပ်ပါတယ် ကြယ်ရယ်၊ များတောင်များနေပါသေးတယ်”

“အို . . . နိုး နိုး . . . များဘူး၊ အတွင်းရေးမှူးမလေး



www.burmeseclassic.com

www.burmeseclassic.com



ယောက်အနေနဲ့ ဒီလောက်တော့ ခံစားခွင့်ရှိရမှာပေါ့''

ပျာပျာသလဲငြင်းဆန်လာသောကြယ့်ကို အမှတ်တမဲ့ ကြည့်လိုက်မိသည်။ ပါးပြင်ပေါ်မှ အကြောစိမ်းကလေးများ ပေါ် အောင်ပင် ကြယ့်ရဲ့အသားအရေက ကြည်လင်တောက်ပလို့နေ၏။ ယောကျ်ားတစ်ယောက်ဆို ဘယ်လောက်ကောင်းလိမ့်မလဲ။ ဘာဖြစ်လို့ မိန်းမလျှာဘဝကို ရောက်နေရသည်လဲ မသိ။

အင်းလေ ... မိန်းမလျှာဘဝရောက်နေလို့လည်း ကြယ်နဲ့ ခုလို ဆုံစည်းခွင့်ရတာပေါ့။ ယောကျ်ားပီပီသသပုံစံနဲ့ဆိုရင် ရှင်ငြိမ်းမယ်လို ဆင်းရဲသူမတစ်ယောက်ကို ဘယ်သူဌေးသားက အရေးတယူနဲ့ သူ့ရဲ့စက္ကူထရီနေရာမှာ ထားမှာလဲ။

ထိုနေ့တစ်နေ့လုံး မယ်သည် ကြယ်သွားရာနောက် တကောက်ကောက်လိုက်ရသည်မှလွဲ၍ ဘာမှထွေထွေထူးထူး အလုပ်မလုပ်ခဲ့ရ။

ထိုအဖြစ်အပျက်အားလုံးကို အိမ်ပြန်ရောက်တော့ အမေ့ကို ပြောပြသောအခါ အမေသည် လစာတစ်သိန်းရ၍ ဝမ်းသာသောမျက်နှာမှာ ထိန်ထိန်သာနေသော လပြည့်ဝန်းကြီးပမာ။

''အမေတို့ အကြွေးလေးတွေကျေအောင် ဆပ်နိုင်ပြီပေါ့၊ မောင်မင်းကြီးသား မိန်းမလျှာလေး ကျန်းမာပါစေ ချမ်းသာပါစေကွယ်''

''မမ လစာထုတ်ရင် ကျွန်တော့်ကို လွယ်အိတ်အသစ်





တစ်လုံး ဝယ်ပေးနော်''

''အေးပါ ... မမ ဝယ်ပေးပါ့မယ်၊ မင်းသာ ဘယ်သူနဲ့မှ အလုပ်လျှောက်မလုပ်ဘဲ ကျောင်းကို မှန်မှန်တက်''

''ဟုတ်ကဲ့ ... ကျွန်တော်တက်မှာပါ''

''သမီးဝင်ငွေက အမေတို့သားအမိသုံးယောက်အတွက် အတော်အသင့် ဖူလုံနေပြီပဲကွယ်၊ မောင်လေး ဘာအလုပ်မှ မလုပ်စေရတော့ပါဘူး''

''အမေ ... သမီးမနက်ကမက်တဲ့ အိပ်မက်ထဲက တာရာဆိုတဲ့ကောင်လေးကလေ အခု သမီးရဲ့ဘော့စ် ကြယ်စင်နဲ့ တူနေသလိုပဲ အမေရယ်''

''ဩော် သမီးရယ် ... ဒီကောင်လေးကို သမီး အရင်က တစ်နေရာရာမှာ မြင်ဖူးခဲ့လို့ မသိစိတ်က စွဲလမ်းပြီး မက်တာဖြစ်မှာပါ၊ ဒီအိပ်မက်နဲ့ပတ်သက်ပြီး ဘာမှစိတ်ထဲမှာ ထားမနေနဲ့၊ သမီးအတွက် ကောင်းကျိုးချမ်းသာတွေကို ဆောင်ကျဉ်းပေးနိုင်တဲ့ အိပ်မက်မျိုးပဲဖြစ်မှာပါ၊ ခုပဲကြည့်လေ ... သမီး ဒီအိပ်မက်ကို မက်ပြီးတာနဲ့ လစာကောင်းတဲ့အလုပ်ကို ရတယ်၊ ဒါဟာ ကောင်းတဲ့အိပ်မက်ပေါ့၊ ကဲ သမီး ... ရေချိုးတော့လေ၊ အမေ မောင်လေးကို ထမင်းပွဲပြင်ခိုင်းထားလိုက်မယ်''

''ဟုတ်ကဲ့ အမေ''

သူမ အနားမှထလာကာ ရေချိုးရန် ပြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမလိုပင် ကြယ်စင်သည်လည်း အိပ်မက်နှင့် ရှင်ငြိမ်းမယ်ကို ဆက်စပ်တွေးတောကာဖြင့် ခက်ခဲသောပုစ္ဆာတစ်ပုဒ်ရဲ့ အဖြေကို ကြိုးစားရှာဖွေနေ၏။

သူ့ရဲ့အတွေးများစွာနောက်မှာတော့ ရင်ခုန်ခြင်းဆိုတဲ့ ခံစားမှုထူးလေးတစ်ခုက တိတ်တဆိတ် ခိုဝင်ကိန်းအောင်းလို့ လာပါသည်။

မိန်းမလျာတစ်ယောက်က ယောကျ်ားတစ်ယောက်ရဲ့ ခံစားမှုတစ်ခုကို ပိုင်နိုင်စွာခံစားပိုင်ခွင့် ရှိပါသည်။

အရွယ်ရောက်စဉ်ကတည်းက မိန်းမလျာမာမီတွေနဲ့ အနေများလာရာမှ သူ့ရဲ့ပြောဆိုဟန်တွေ အသွင်ပြောင်းလဲလာပေမယ့် သူ့ရဲ့နှလုံးသားထဲမှာတော့ ယောကျ်ားတစ်ယောက်ခံစားနိုင်တဲ့ ခံစားမှုမျိုးက ရင်ထဲက အနက်ရှိုင်းဆုံး နေရာတစ်နေရာမှာ တားမြစ်ချက်တစ်စုံတစ်ရာမရှိဘဲ ပုန်းအောင်းခိုလှုံနေခြင်းဖြစ်၏။

ဒီအိပ်မက်ကို မက်ပြီးခါမှ သူ့ရဲ့နှလုံးသား တစ်ထောင့်တစ်နေရာမှာ ခိုလှုံနေတဲ့ ခံစားမှုတွေဟာ ရုန်းကြွလှုပ်ခတ်လာခြင်းဖြစ်သည်။

နတ်ကောင်းနတ်မြတ်တွေရဲ့ ကောင်းချီးပေးခြင်းလား၊ ဒါမှမဟုတ် တိုက်ဆိုင်မှုပဲလား။ သေချာတာကတော့ သူ့ရဲ့ အတွေး စိတ်ကူးစိတ်သန်းတွေနဲ့ ပေါင်းဆုံဖွဲ့စည်းထားတဲ့ ဝိညာဉ်





တစ်ခုဟာ အချစ်ကို စတင်ခံစားတတ်လာတာပဲဖြစ်သည်။ ဒါဟာ သူ့ဘဝကို စတင်ပြောင်းလဲဖို့ ဖန်လာတဲ့ လတ်ဆတ်လှပတဲ့ ကံကြမ္မာတစ်ခုလေပဲလား။

ခုလောလောဆယ်တော့ အိပ်စက်ခြင်းထဲကို သူမလေးအား အဖော်ခေါ်လိုပါသည်။ သူ့ရဲ့အိပ်မက်တွေနဲ့ အနာဂတ်ကို လှပစွာ ပုံဖော်လိုသောဆန္ဒတွေကို ရင်မှာ တသီတတန်းကြီး ထည့်ပြီး မျှော်လင့်ချက်အပြည့်ဖြင့် မျက်လုံးတွေကို အားယူကြိုးစားမှိတ်လိုက်၏။

အိပ်မက်ထဲတွင် တိမ်တိုက်တွေကြားထဲ၌ မယ်နှင့်ကြယ်စင်တို့ ပျော်ရွှင်စွာ ပြေးလွှားကစားနေကြသည်။ မယ်က ဘော်ငွေရောင်ပေါ်တွင် အပြာရိပ်လဲ့လဲ့လေး ပြေးနေသည့် ပခုံးချိတ်ကြိုးသိုင်း ပိုးပျော့ဂါဝန်ပေါင်လယ်ခန့်အရှည်လေးဖြင့် ခြေသလုံးတစ်ဝက်ဖုံးသည့် အဖြူရောင်ကိုယ်ကျပ်ဘောင်းဘီလေးကို ဝတ်ဆင်ထားသည်။ ပခုံးထက်တွင် ခြုံလွှမ်းထားသည့် ဖြူလွလွသားမွေးချိုထည်ကလေးက လျော့ရိလျော့ရဲမို့ ပခုံးသားနုနုလေးတွေက ဝင်းမွတ်လှပစွာ ပေါ်လွင်နေ၏။

တုလွတ်ကင်းသည့် အလှတရားတို့နှင့်အတူ သွက်လက်မြူးကြွနေသည့် ရှင်ငြိမ်းမယ်၏ဟန်ပန်က နတ်ပျိုမလေးတစ်ဦးရဲ့အသွင်။

အဖြူရောင်အင်္ကျီနှင့် အဖြူရောင်ဘောင်းဘီကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆင်ထားသည့်ကြယ်က မယ့်ကို ယုယစွာထွေးပွေ့လျက်သားဖြင့် တိမ်တိုက်တွေကို ဒန်းဆင်ပြီးစီးကာ နှစ်ဦးသား ပျော်ရွှင်ကြည်နူးလို့မဆုံး။

ကြယ်က ရှည်စင်းကော့ပျံနေတဲ့ မယ်ရဲ့မျက်တောင်ရှည်လေးတွေကို နူးညံ့ညင်သာစွာ လက်နှင့်သပ်ပြီး မျက်ဝန်းတွေကို မှိတ်ထားစေလိုက်သည်။ မြန်ဆန်လှုပ်ရှားလွန်းတဲ့ ရင်ခုန်သံစည်းချက်နှင့်အပြိုင် ကြယ်စင်ရဲ့ ထွက်သက်နွေးနွေးက မယ်ရဲ့ နုဖပ်အိစက်နေတဲ့ ပါးပြင်မို့မို့လေးဆီ ရိုက်ခတ်သွားချိန်မှာတော့ ရှင်ငြိမ်းမယ်ရဲ့နှုတ်ခမ်းထက်မှာ ရက်ပြုံးနုနုလေးတစ်ခုက တွဲခိုလျက် ...

နောက်တစ်နေ့မနက်ရောက်ချိန်တွင် ညကမက်သည့် လှပသောအိပ်မက်တွေကို ကြယ်တစ်ယောက်တည်းထိုင်ကာ နုသစ်တဲ့ရင်ခုန်ခြင်းတွေနဲ့ စားမြုံ့ပြန်စဉ်းစားနေခိုက် ...

နံနက်ခင်းရဲ့ နေခြည်သစ်အောက်မှာ ပျိုမျစ်လန်းဆန်းတဲ့အလှတွေနဲ့ ကုမ္ပဏီရုံးခန်းဆီ လျှောက်လာနေသည့် ရှင်ငြိမ်းမယ်ကို ကြယ် တွေ့လိုက်ရသည်။





သို့သော် ...

ရှင်ငြိမ်းမယ်ရဲ့အဝတ်အစားတွေက အိပ်မက်ထဲမှာလို သစ်လွင်လန်းဆန်းမှုမရှိဘဲ ခပ်နွမ်းနွမ်းလေးဖြစ်လို့နေသည်ကို ကြည့်ရင်း ကြယ့်ရင်ထဲမှာ မကောင်း။ အဝတ်အစားကောင်းကောင်းမရှိရှာသည့် ရှင်ငြိမ်းမယ်အပေါ် သနားကရုဏာစိတ်တွေ ယိုဖိတ်သွားရသည်။

"အင်း ... မယ့်အတွက် တစ်ခုခုစီစဉ်ဦးမှပါ"

ကြယ်စင် ထိုသို့တွေးနေဆဲမှာပင် ရှင်ငြိမ်းမယ်က ကြယ်စင့်ကို တွေ့မြင်သွားပြီး ရုတ်တရက် အံ့သြဝမ်းသာသွားဟန်ဖြင့် အနီးသို့ အပြေးကလေးရောက်လာကာ ...

"ကြယ်က အစောကြီးရောက်နေတာပဲ"

"ညက ကြယ် အိမ်မပြန်ဖြစ်ဘူး မယ်ရဲ့၊ ဒီမှာပဲ အိပ်ဖြစ်လို့၊ အခုထိ ဘရိတ်ဖတ်စ်တောင် မစားရသေးဘူး၊ မယ်ရော ဘာစားပြီးပြီလဲ"

"အမေကြော်ကျွေးတဲ့ ထမင်းကြော်စားခဲ့ပြီးပြီ"

"ကြယ် ဘာစားမလဲ ... ကျွန်မ စီစဉ်ပေးမယ်လေ"

"များတို့ အပြင်ထွက်စားကြမယ်လေ"

"ကျွန်မရော လိုက်ရဦးမှာလား"

"မယ်က ကြယ့်ရဲ့အတွင်းရေးမှူးလေ၊ ကြယ် ဘယ်သွားသွား လိုက်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရှင်ငြိမ်းမယ်သည် ကြယ်စင်ရဲ့ခပ်နွဲ့နွဲ့ပုံစံလေးကိုကြည့်ပြီး ရယ်ချင်စိတ်ကို မနည်းထိန်းကာ အောင့်အီးမျိုသိပ်ထားရ၏။

ရှင်ငြိမ်းမယ်အတွက်တော့ သူ့ဟန်ကလေးဟာ အလွန်တရာမှ နှစ်လိုဖွယ်ကောင်းလွန်းလှပါသည်။ မိန်းမလျာတစ်ယောက်ကို ယောကျ်ားစစ်စစ်တစ်ယောက်အဖြစ် စိတ်ထဲသွင်းမှတ်ကာ ရင်ခုန်နေရသည့် သူ့အဖြစ်ကို တွေးပြီး ရှက်သလိုလိုဖြစ်မိသည်။ မတတ်နိုင်ဘူးလေ ... သူ့ဟာသူ ရင်ခုန်တာတော့ ဘာတတ်နိုင်မှာလဲ။ ဖူးစာမှန်ရင် အခြောက်ဘဝကနေ ပုံမှန်ယောကျ်ားတစ်ယောက်အဖြစ် သူ့အလိုလို ကူးပြောင်းသွားမှာပါ။

မြေနီကုန်းက ဒေါ်စိန်ဥဆိုင်ရောက်တော့ မယ့်အတွက်ပါ မုန့်ဟင်းခါးကို ငါးဖယ်ကြော်၊ အိုးဘဲဥတွေနှင့် မှာနေသဖြင့်..

"ကြယ် ... ကျွန်မ မစားနိုင်တော့ဘူး၊ မမှာပါနဲ့နော်"

"အို ... ဒီက တစ်ယောက်တည်းစားရမှာ ပျင်းစရာကြီး၊ အဖော်ရအောင် လိုက်စားပေး"

အားနာစွာဖြင့်ပင် စားပွဲထိုးလာချပေးသော မုန့်ဟင်းခါးကို စားလိုက်ရလေသည်။

"ညက ... ကြယ် ဘာဖြစ်လို့ အိမ်ပြန်မအိပ်တာလဲ"

"တစ်ခါတလေ ဒီလိုပဲ၊ အိမ်ပြန်အိပ်ချင်စိတ် မရှိတဲ့အခါဆိုရင် ကုမ္ပဏီမှာပဲ အိပ်ဖြစ်တာများတယ်၊ တိုက်ရဲ့ခေါင်မိုးအပေါ်ဆုံးထပ်မှာ ကြယ်နေဖို့အခန်းတစ်ခန်း သီးသန့်ရှိတယ်၊





ညဆို အဲဒီအပေါ်ကနေကြည့်ရင် ရန်ကုန်မြို့ရှုခင်းက သိပ်လှတာ မယ်ရဲ့"

တစ်ဆက်တည်းမှာပင် တစ်စုံတစ်ခုကို သတိရသွားပြီး ...

"မေ့နေလိုက်တာ၊ ပြီးရင် အိမ်ကို ခဏပြန်ဦးမှဖြစ်မယ်"

"ဘာယူစရာရှိလို့လဲ"

"ယူစရာတော့ ထွေထွေထူးထူးမရှိပါဘူး၊ ကြယ်မဝတ်ဖြစ်တဲ့ အင်္ကျီတွေက အိမ်မှာ ဗီရိုကြီးတစ်လုံးနဲ့အပြည့်ပဲ၊ အမျိုးသမီးဝတ်တွေနော်၊ အဲဒါတွေကို မယ့်ကိုပေးမလို့"

"မယ့်ဝတ်စားဆင်ယဉ်ပုံက မယ့်ရဲ့မျက်နှာလှလှလေးကို ပေါ်လွင်မှုမရှိဘူးဖြစ်နေတယ်၊ အဝတ်အစား သွားယူပြီးရင် မယ့်ရဲ့ဆံပင်ပုံစံကို ကြယ်ကိုယ်တိုင် ပြောင်းပေးမယ်နော်၊ ကြယ်က ဆံပင်ကို အုန်းဆီလိမ်းတာ သိပ်မကြိုက်ဘူး၊ အဲဒီအုန်းဆီက ဦးရေပြားအေးပြီး ဆံပင်ကို နက်တဲ့အစွမ်းရှိပေမယ့် နုနယ်တဲ့ အမျိုးသမီးလေးတွေကို စတိုင်မကျစေဘူး ...၊

အလှဖန်တီးရှင်တစ်ယောက်ရဲ့ စက္ကုထရီတစ်ယောက်က ရိုးတုံးတဲ့အဝတ်အစားတွေနဲ့ ဆီရွှဲနေအောင် လိမ်းထားတဲ့ ဆံပင်ပုံစံနဲ့ ဘယ်လိုမှ ပနာမစားဘူးဖြစ်နေတယ်"

မုန့်ဟင်းခါးပန်းကန်ထဲက မုန့်ဟင်းခါးကို ဟိုမွှေဒီမွှေ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေသော မယ့်ကိုကြည့်ပြီး ကြယ့်ရဲ့ ရစရာမရှိအောင် ဝေဖန်မှုကြောင့် ရှင်ငြိမ်းမယ်ကိုယ်ခန္ဓာလေး ကျုံ့နိုင်သမျှ ကျုံ့သွားလေသည်။ ရှက်တာကိုး . . .။

ကြယ်ကတော့ သူ့ကိုယ်သူ မိန်းကလေးတစ်ယောက်ရဲ့ စိတ်မျိုး မွေးမြူထားသလို သူမကိုလည်း မိန်းကလေးသူငယ်ချင်း အချင်းချင်း အားမနာတမ်း ဝေဖန်ကာ သူ့စိတ်တိုင်းကျ ပြင်ဆင်ပေးလိုသော စေတနာကြောင့်ဖြစ်ပေမယ့် ရှင်ငြိမ်းမယ်ကတော့ ကြယ်ကို မိန်းကလေးတစ်ယောက်အဖြစ် ဘယ်လိုမှ မြင်လို့မရပါ။

ကြယ်က အိပ်မက်ထဲက ရှင်ငြိမ်းမယ်ချစ်ခဲ့မိတဲ့ တာရာပါ။

ကြယ်ရဲ့အိမ်ရောက်တော့ ကြယ်တို့မောင်နှမရဲ့ ခမ်းနားထည်ဝါသော အိမ်ကြီးရဲ့ချမ်းသာကြွယ်ဝမှုတွေက တကယ့်ကို အံ့မခန်းစရာပါပဲ။ ရုပ်ရှင်တွေ၊ ဗွီဒီယိုတွေထဲမှာသာ မြင်ဖူးသော လူကုံထံတွေရဲ့အိမ်ပုံစံမျိုး။ အိမ်ထဲဝင်လိုက်ပြန်တော့လည်း နင်းရက်စရာမရှိအောင်ကို သန့်ပြီးတောက်ပြောင်နေသော ပါကေးကြမ်းခင်းများနှင့် အသုံးအဆောင်ပရိဘောဂများကလည်း ရှင်ငြိမ်း တစ်ခါမှမမြင်ဖူးသော တန်ဖိုးကြီးအသုံးအဆောင်တွေ။

နံရံကပ်ဝေါလ်ပေပါတွေကလည်း အိမ်ရဲ့ခန်းဆီးလိုက်ကာဖက်ဖူးရောင်နုနုနှင့် လိုက်ဖက်တင့်တယ်နေ၏။ ကြယ်သည်





သူ၏အခန်းထဲဝင်သွား၍ လွတ်လပ်စွာ ငေးမောနေခြင်းဖြစ်၏။

အပေါ်ထပ်လှေကားမှဆင်းလာသော မမရာသက်ပန်ကို တွေ့လိုက်၍ ငေးမောကြည့်ရှုခြင်းကို ရပ်လိုက်ပြီး မမရာသက်ပန်ကို အပြုံးနုနုလေးနှင့် ဦးညွှတ်နှုတ်ဆက်လိုက်သည်။

"ရှင်ငြိမ်းမယ် ရောက်နေပါလား။ ကြယ်နဲ့ ပါလာတာလား"

"ဟုတ်ကဲ့"

"ရှင်ငြိမ်းမယ် . . . မမရုံးခန်းကို ခဏလာခဲ့ဦးကွယ်၊ ကြယ်တော့ မသိစေနဲ့နော်"

"ဟုတ်ကဲ့ . . . လာခဲ့ပါ့မယ် မမ"

ထိုစဉ် ကြယ်သည် သူ၏အခန်းထဲမှ အဖုံးမပါသော ပလတ်စတစ်ခြင်းကြီးနှစ်ခြင်းကို မနိုင့်တနိုင့်မ,ကာ အိမ်ရှေ့ဧည့်ခန်းထဲသို့ တရွတ်ဆွဲထွက်လာရင်း . . .

"မယ်ရယ် . . . အခန်းထဲကို လိုက်မလာဘူး"

"ဟို . . . မသင့်တော်ဘူးထင်လို့ပါ ကြယ်ရယ်"

"ဘာရယ် . . . ဘာကိုမသင့်တော်ရမှာလဲ၊ အားနွဲ့တဲ့သူအချင်းချင်းကို ရှင်က မသင့်တော်ဘူးရယ်လို့"

ကြယ်က ချစ်စဖွယ်ဟန်လေးနှင့် အပြစ်တင်စကားဆို၏။

"ရော့ . . . လောလောဆယ် ဒီလောက်ပဲယူသွားဦး



www.burmeseclassic.com

www.burmeseclassic.com



ဗီရိုထဲမှာ အများကြီး ကျန်သေးတယ်၊ တစ်ဘရိတ်တည်းသယ်လို့ မနိုင်ဘူး၊ သူများလက်တွေ သွေးခြည်ဥတော့မယ်၊ နောက်နေ့မှ တစ်ခါထပ်သယ်တော့မယ်''

မမရာသက်ပန်သည် ကြယ်၏ရက်ရောမှုကိုကြည့်ကာ

''အဲဒါသာကြည့်တော့ ရှင်ငြိမ်းမယ်၊ သူကလေ သူခင်တွယ်တဲ့သူဆိုရင် အဲဒီလိုပဲ ရက်ရက်ရောရောကိုပေးတာ''

''ဟုတ်ကဲ့ ... ဒါပေမဲ့ ကျွန်မ အကုန်မယူပါရစေနဲ့ ကြယ်ရယ်''

''အားနာမနေနဲ့ ရှင်ငြိမ်းမယ်၊ သူ စိတ်ကောင်းဝင်လို့ ပေးရင် ယူထားလိုက် ... မင်းကံကောင်းတာ၊ အစ်မရင်းခေါက်ခေါက်တောင် သူ အဲဒီလောက် တစ်ခါမှမရက်ရောဘူး''

''အို ... မမက ကြယ်ထက် လုပ်ပိုင်ခွင့်တွေ အများကြီး ပိုရှိတာပဲ၊ ကြယ်က ဘာကိုရက်ရောရမှာလဲ''

''ကဲ ... တွေ့တယ်မဟုတ်လား ရှင်ငြိမ်းမယ်၊ မင်းမြင်တဲ့အတိုင်းပဲ''

မယ်သည် မမရာသက်ပန်ကို အားနာသွားရ၏။ သူ့ကိုလည်း ကြယ့်ဆီက ခွာယူတယ်လို့ ထင်မှာစိုးပါသည်။

''မမ ရုံးမသွားသေးဘူးလား''

''မမ ဆယ်နာရီလောက်မှ ရောက်ဖြစ်မယ်၊ အင်္ဂလန်က ပို့တဲ့ ကုန်ကြမ်းတွေကို သွားစစ်ရဦးမယ်''





''အင်းပါ ... ဒါဆို ကြယ်တို့သွားပြီ''

ကြယ်သည် အစ်မဖြစ်သူကို နှုတ်ဆက်ကာ အဝတ်ခြင်းကို မ,ရန် ဟန်ပြင်သဖြင့် ...

''အို ... နေ နေ ... ကျွန်မဘာသာပဲ သယ်မယ်၊ ကြယ်မသယ်ပါနဲ့''

ကြယ်က အသယ်မခံပေ။

''နေပါ ... ကြယ်ပဲ သယ်ခဲ့တော့မယ်၊ မယ်က ကြယ့်ထက် ပိုနုတယ်''

ကားပေါ်ရောက်တော့ ...

''မယ် ... ဒီအဝတ်ခြင်းတွေကို ရှင့်အိမ်ကို အရင်သွားပို့လိုက်ရင် ကောင်းမယ်''

''အို ... ရတယ်လေ၊ ... ညနေ ရုံးဆင်းမှ ကားငှားပြီး သယ်သွားလိုက်မယ်''

''ဟယ် ... လူမြင်တာပေါ့လို့၊ မထူးပါဘူး ... တစ်ခါတည်းသာ ဝင်ပို့လိုက်တော့မယ်''

ကြယ့်ကို တားမရသည့်အဆုံး ရှင်ငြိမ်းမယ် စိတ်ပျက်အားငယ်စွာဖြင့်ပင် အသာကြည့်နေလိုက်သည်။

မတတ်နိုင်ပါ။ သူက အလုပ်ရှင်ဆိုတော့ သူ့သဘောအတိုင်းပေါ့။

ရှင်ငြိမ်းနေသော ရပ်ကွက်ထိပ်ရောက်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ကြယ် ...ရပ်ကွက်ထဲကို ကားဝင်လို့ဖြစ်ပါ့မလား လမ်းဆိုးတယ်"

"ရပါတယ် ...ကိစ္စမရှိဘူး၊ ရှင့်အိမ်ကိုသာ လမ်းပြ"

"ဒီလမ်းတည့်တည့်သွားပြီး ဟိုထိပ်မှာ အမိုးအပြာရောင်လေးနဲ့ မုန့်ဟင်းခါးဆိုင်ရှိတယ်၊ အဲဒီရောက်ရင် ဘယ်ဘက်ကို ချိုးလိုက်၊ အင်း ...ဟုတ်ပြီ၊ ပြီးရင် ဓာတ်တိုင်တည့်တည့်က အိမ်ပဲ၊ ကျွန်မက အရမ်းဆင်းရဲတယ်နော်"

"ဆင်းရဲတယ်, ချမ်းသာတယ်ဆိုတာ ဘဝရဲ့အဓိကကျတဲ့ ကိစ္စမဟုတ်ပါဘူး မယ်ရယ်၊ အဓိက,က ဘယ်နေရာ ဘယ်လိုအခြေအနေမျိုးမှာပဲရပ်တည်,ရပ်တည် ပင်ကိုအတွင်းစိတ်လေး သာလျှင် အဓိကပါ၊ ချမ်းသာတိုင်း လူဖြစ်ကျိုးနပ်တယ်လို့ ပြောလို့မရသလို ဆင်းရဲတိုင်းလည်း လူဖြစ်မရှုံးပါဘူး"

ကြယ့်ထံတွင် ဒီလိုလေးနက်သော အတွေးအခေါ်ရှိနေသဖြင့် ရှင်ငြိမ်းသည် စိတ်ထဲမှ ကျိတ်၍ လေးစားမိသလို စောစောက သိမ်ငယ်နေသောစိတ်ကလေးလည်း ပျောက်ပျက်လွင့်စဉ်သွားရ၏။

အိမ်ရှေ့သို့ ကားအကောင်းစားကြီး ရပ်လာသဖြင့် ယိုင်နဲ့နေသော အိမ်လေးထဲက မောင်ငယ်လေး ပြေးဆင်းကာ ဘယ်သူတွေလဲဟူသောအကြည့်ဖြင့် ကားနားသို့ မရဲတရဲကပ်လာပြီး ကြည့်လေသည်။





ရှင်ငြိမ်း ကားပေါ်မှ ဆင်းလာတာကို မြင်ရသဖြင့် အံ့သြသွားကာ ...

"မမ ...နင် ဒီကားကြီးနဲ့ ဘာပြန်လုပ်တာလဲ"

"မောင်လေး၏အမေးကိုမဖြေဘဲ အမေ့ကိုသာ မေးလိုက်၏။

"အမေရော"

"ရှိတယ်လေ ...ထမင်းချက်နေတယ်"

"လာ ...မမကို ဒီကားပေါ်က အဝတ်ခြင်းတွေ ဝိုင်းသယ်ပေး"

သူမသည် အဝတ်ခြင်းတစ်ခုကို သယ်ယူလာရင်း ကြယ့်ကိုပါ အိမ်ပေါ်တက်ရန် ခေါ်လိုက်၏။ ကြယ်သည် ကားပေါ်မှ ဆင်းလာကာ ရှင်ငြိမ်းမယ်အိမ်ကလေးကို သနားကရုဏာသက်စွာကြည့်ရင်း အိမ်ပေါ်သို့ တက်လိုက်သည်။

"ကြယ် ...ခဏထိုင်ဦးနော်"

ကျိုး(ချေး)ဝနေသော ဆက်တီကုလားထိုင်လေးပေါ်တွင် ကြယ်သည် ကန့်ကလျ ဟန်ပါပါလေးထိုင်လိုက်ပြီး ...

"မယ်ရယ် ...ရှင့်ကို ဒီလိုအိမ်မျိုးနဲ့နေတာ တွေ့တော့ ကျုပ် ဓိတ်မကောင်းဘူး ...သိလား"

"အတိတ်ရဲ့ကုသိုလ်ကံအကျိုးတွေကြောင့် ဒီလိုနေရတာပဲ ...ဘယ်တတ်နိုင်ပါ့မလဲ ကြယ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူး ... ရှင်တို့ကို ကျောက်မြောင်းမှာ ကျုပ်ဝယ်ထားတဲ့ အခန်းတစ်ခန်းရှိတယ်၊ အဲဒီမှာ ပြောင်းနေခိုင်းရမယ်၊ အဲ့ဒီအခန်းမှာ အသုံးအဆောင်ပစ္စည်းတွေအားလုံး အဆင်သင့်"

"မဖြစ်နိုင်ပါဘူး ကြယ်ရယ် ... မမရာသက်ပန် တစ်မျိုးမြင်မှာပေါ့"

"မမြင်ပါဘူး ... ဒါ ကြယ်ဝယ်ထားတဲ့ အခန်းပဲ၊ မမလည်း သူဝယ်ထားတဲ့အိမ်တွေမှာ သူ့အသိတွေကို ဒီလိုပဲ ပေးနေတာပဲ၊ တစ်ခါမှ ကြယ် မကန့်ကွက်ခဲ့ပါဘူး"

ထိုစဉ် အမေသည် မီးဖိုခန်းထဲမှ ထွက်လာကာ ကြယ့်ထံသို့ကြည့်လိုက်ပြီး သမီးလုပ်သူကို လှမ်းမေးလိုက်သည်။

"သမီး ... အလုပ်ချိန်ကြီး အိမ်ပြန်လာတာ ကိစ္စရှိလို့လား"

"ကြယ်က သူ့အဝတ်အစားတွေ သမီးကိုပေးလို့လေ၊ အဲဒါ ညနေရုံးဆင်းရင် ယူလာလို့ရတာကို လူမြင်လို့တဲ့ ... ဒါကြောင့် သူ တစ်ခါတည်းလာပို့တာ"

"အိုကွယ် ... အားနာစရာ၊ ဟဲ့သား ... ထူးထူးရေ ညီ့သည်အတွက် ကော်ဖီမစ် သွားဝယ်လိုက်ပါဦးကွယ်"

ကြယ်သည် ပျာပျာသလဲငြင်းကာ ...

"ဟင့်အင်း အမေ ... မဝယ်ခိုင်းပါနဲ့၊ ကြယ် မသောက်တော့ပါဘူး ... ခုပဲ ပြန်တော့မှာပဲ"





"အို ကလေးရယ် ... တစ်ခုခုတော့ ညှိခံပါရစေ"

"ကျေးဇူး အမေ ... နောက်များမှ ကြယ် ဒီကိုထပ်လာပြီး စားပါ့မယ်"

ကြယ်သည် သူမ၏မိခင်ကို အမေဟု ရင်းရင်းနှီးနှီးခေါ်လိုက်သဖြင့် ရှင်ငြိမ်း၏ရင်ထဲတွင် ကြယ့်အပေါ် ပိုပြီးရင်းနှီးနှစ်လိုဖွယ်ကောင်းသော ခံစားမှုအသစ်လေးတစ်ခု ဖြစ်ထွန်းလာရ၏။

"ဟုတ်တယ် အမေ ... သူစားနိုင်တော့မယ်မထင်ဘူး၊ သမီးတို့လည်း အလုပ်ပြန်ဝင်ရဦးမယ်"

"ထူးထူးရေ ... စောစောက အဝတ်ခြင်းထဲက အဝတ်တွေ အပြင်ကို အကုန်ထုတ်လိုက်ပြီး ခြင်းပြန်ယူခဲ့ပါဦး၊ ညနေပြန်လာမှပဲ အဝတ်တွေသိမ်းတော့မယ်"

ထူးထူး အခန်းထဲမှထွက်လာကာ အဝတ်ခြင်းနှစ်ခြင်းကို ယူလာပြီး ရှင်ငြိမ်းထံလှမ်းပေးကာ ...

"မမ ... ထူးကို မုန့်ဖိုးပေးခဲ့၊ တီဗွီဂိမ်းသွားနိုပ်ချင်လို့"

"မယ့်မောင်လေးက ချစ်စရာလေးပဲ၊ ကဲ ... ရော့ ... မင်းကို မယ့်ကိုယ်စား မုန့်ဖိုးပေးမယ်"

တစ်ထောင်တန်အသစ်နှစ်ရွက်ကို ထူးထူးထံသို့ လှမ်းပေးသည်။ ထူးထူးက မယူရဲသောပုံစံဖြင့် မယ့်ထံသို့ လှမ်းကြည့်သည်။

"အို ... ကြယ် မပေးနဲ့၊ အလကား ... သူ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



သွားရတော့မှာ''

''ကလေးပဲ ...သူ့စိတ်အလိုကို ဖြည့်ဆည်းပေးပါ၊ မယ် မဟန့်ပါနဲ့ကွယ်''

''ယူပါ ကလေးရဲ့ ...မမကို မင်းကိုချစ်လို့ပါ''

ကြယ်က သူ့ကိုယ်သူ မမဟု နာမ်စားသုံးလိုက်သဖြင့် ထူးထူးသည် ကြယ်မမြင်အောင် တစ်ဖက်သို့လှည့်ကာ ခိခနဲ ရယ်လိုက်လေသည်။

''ကဲ ...ယူလိုက်လေ ထူးထူး''

အစ်မထံမှ ခွင့်ပြုချက်ရသဖြင့် ကမ်းပေးလာသော ပိုက်ဆံကို လှမ်းယူရင်း ...

''ဟုတ်ကဲ့ မမ ...ကျေးဇူးတင်ပါတယ်''

ထို့နောက် အမေနှင့်မောင်လေးသည် ကားနားအထိ လိုက်လာကြပြီးနောက် ကြယ်ထံမှ နှုတ်ဆက်စကားနှင့် ကားကို မောင်းထွက်လာလိုက်၏။

''သွားမယ်နော် အမေ''

''ကောင်းပါပြီကွယ်''

ရှင်ငြိမ်းမယ်နှင့် ကြယ်တို့ ကုမ္ပဏီကိုရောက်တော့ မမ ရာသက်ပန်ပင် ရောက်နှင့်နေပြီ။

ကြယ်သည် မြေညီထပ်တွင်ရှိသော အရောင်းစင်တာ ဘက်ကိုထွက်သွားသဖြင့် ရှင်ငြိမ်းလည်း မမရာသက်ပန်ရဲ့ရုံးခန်း





ဆီသို့ ခါတ်လှေကားဖြင့် တက်လာခဲ့လိုက်သည်။

''ဝင်လာခဲ့လေ ရှင်ငြိမ်း''

''ဟုတ်ကဲ့''

သူမန်ဘေးမှာ ကြယ်ရှိမနေ၍ မမရာသက်ပန်ကို နည်းနည်းတော့ရှိန်မိ၏။

''မင်းကို ...တာဝန်တစ်ခုပေးစရာရှိတယ်၊ မင်းလက်ခံနိုင်လိမ့်မယ်လို့လည်း ထင်တယ်၊ မမကို ကူညီရာလည်း ရောက်တာပေါ့လေ''

''ဟုတ်ကဲ့ ...ပြောပါ မမ''

''ကြယ်နဲ့ပတ်သက်တဲ့ တာဝန်ပါ''

''ရှင် ...ကြယ်က ဘာဖြစ်လို့လဲ''

''တို့လေ တို့မောင်လေးကို သိပ်ချစ်တယ်၊ မောင်လေး ခုလိုပုံစံမျိုးဖြစ်နေတာကို ဘဝင်မကျခဲ့တာလည်း နှစ်တွေကြာနေပါပြီ၊ ဒါဟာ မေမေ့ပယောဂမကင်းဘူးလို့ပဲ ဆိုရမှာပေါ့၊ ဒါပေမဲ့လည်း ခုချိန်မှာ ကွယ်လွန်သွားတဲ့ မေမေ့ကိုလည်း အပြစ်မဆိုသင့်တော့ပါဘူး၊ အရာရာကို ကံကြမ္မာက ချမှတ်ပေးထားတာပဲ ...၊

သူ ၁၅ နှစ်သားအရွယ်လောက်မှာ မေမေဟာ ဒီကုမ္ပဏီစတင်တည်ထောင်ခဲ့တာပဲ၊ အဲဒီမှာပင် မောင်လေးဟာ အလှဖန်တီးရှင်မာမီတွေနဲ့ အနေနီးစပ်ပြီး သူကိုယ်တိုင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီပညာတွေကို လေ့လာသင်ယူဖို့ စိတ်ဝင်စားထက်သန်ခဲ့တယ်၊ မေမေနဲ့ဖေဖေကလည်း ခွင့်ပြုခဲ့တာကိုး၊ အဲဒီအချိန်မှာ မမက ဒီမှာမရှိဘူးလေ၊ အင်္ဂလန်က အဘိုးအဘွားတွေဆီမှာ ကျောင်းသွားတက်နေတာ၊ ဟိုမှာ ကျောင်းပြီးခဲ့လို့ အလုပ်ကုန်လုပ်ငန်းအတွက် နည်းပညာတွေ သင်ယူလေ့လာပြီး ပြန်လာတဲ့အချိန်မှာ မောင်လေးကို ခုလိုပုံစံနဲ့ မြင်ရတော့တာပါပဲ ...၊

မမလည်း ကြိုးစားပြီး ပြုပြင်ကြည့်ပါသေးတယ်၊ မောင်လေးက အစွဲအလမ်းကြီးတယ်၊ ဟိုငယ်ငယ်လေးကတည်းက မိန်းမလှလှမြင်ရင် အရမ်းကို သဘောကျနေတတ်တာ ...၊

မမ မင်းကို စတွေ့လိုက်တဲ့အချိန်မှာ မမရဲ့အတွေးထဲကို စိတ်ကူးသစ်တစ်ခု ဝင်လာတယ်၊ အဲဒါဟာ ဘာလဲဆိုတော့ ဖိုနဲ့မဆိုတာ ဆန့်ကျင်ဘက်သဘောတရားတွေပဲလေ၊ အဓိကကတော့ ညီမရယ် မင်းရဲ့အလှနဲ့ မမမောင်လေးရဲ့ ပင်ကိုဗီဇစိတ်ပေါ်လာအောင် စည်းရုံးသိမ်းသွင်းပေးဖို့ပါပဲ''

''ရှင်''

''အဲ့ဒီအတွက် မင်း လုံးဝမနစ်နာစေရပါဘူး''

ရာသက်ပန်စကားကြောင့် ရှင်ငြိမ်းမယ် မျက်နှာလေး ရဲခနဲဖြစ်သွား၏။

''ဖြစ်နိုင်ပါ့မလား မမရယ်၊ ကျွန်မ သူ့ကို ဖြားယောင်းသွေးဆောင်နိုင်မယ် မထင်ဘူး၊ ပြီးတော့ ကျွန်မ အဲဒီလိုလုပ်ဖို့





စိတ်မရဲဘူး''

''အို ... နိုး နိုး ... မင်းရဲ့အမြင် လွဲသွားပြီ၊ မမ ဆိုလိုတာက ယောကျ်ားတစ်ယောက်ရဲ့အတွင်းစိတ်သဏ္ဍာန်က မိန်းမတစ်ယောက်ကို တဖြည်းဖြည်း စိတ်ဝင်စားလာပြီး အဲဒီမိန်းမတစ်ယောက်ကို မမြင်နိုင်တဲ့ နှလုံးသားတစ်ထောင့်တစ်နေရာကနေ တဖြည်းဖြည်း သက်ဝင်ယုံကြည်လာမှုမျိုး ...ဒါကို ပြောတာ''

''ကြွယ်က သူ့ကိုယ်သူလည်း မိန်းကလေးတစ်ယောက်လို ပြုပြင်နေတိုင်သလို, ကျွန်မကိုလည်း သူ့ရဲ့မိန်းကလေးသူငယ်ချင်းတစ်ယောက်လိုပဲ မြင်နေတယ်လေ၊ အဲဒီအတွက် သူ့နှလုံးသားမှာ ထူးဆန်းတဲ့ရင်ခုန်မှုမျိုး ဖြစ်လာနိုင်ပါ့မလား''

''အဲ့ဒါကို တို့တွေ ကြိုးစားကြည့်ရမယ်လေ၊ တို့ဖြစ်စေချင်သလိုကြီးတော့ ချက်ချင်း ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတာ တို့သိပါတယ်၊ အဲ့ဒီအတွက် အချိန်တော့ပေးရမှာပေါ့''

ရှင်ငြိမ်းမယ်သည် ဖျော့တော့ယိုင်နဲ့သော သက်မမောလေးကို မသိမသာချလိုက်သည်။

''ဒီတာဝန်ကို မင်းတစ်ယောက်တည်းတင် မဟုတ်ဘူး မမပါ ခွဲဝေယူမှာပါ၊ မမနဲ့မင်းနဲ့ ပူးပေါင်းကြိုးစားလိုက်ရင် မောင်လေးဟာ သူဆုံးရှုံးနေတဲ့ ဗီဇစိတ်တွေ ပြန်ဝင်လာနိုင်မယ်လို့ ထင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့ . . . ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားကြည့်ပေးပါ့မယ်”

ထိုစဉ် ရုံးခန်းထဲသို့ ကြယ်စင်ဝင်လာသဖြင့် မမရာသက်ပန်သည် အပြုံးလေးဖြင့် စကားလမ်းကြောင်းလွှဲလိုက်သည်။

“မမတို့ဆီမှာ အလုပ်ဝင်ရတာ အဆင်ပြေရဲ့လား”

“ဟုတ်ကဲ့ . . . ပြေပါတယ်”

ကြယ်သည် မယ့်အနားမှလွတ်နေသော ဆိုဖာဆက်တီခုံတွင် ဝင်ထိုင်ရင်း . . .

“မပြေလို့ရမလား မမရယ် . . . ကြယ်က မယ့်ကို စိတ်ချမ်းသာအောင် ထားမှာ၊ ဘယ်ဘဝရေစက်ကြောင့်လဲ မသိဘူး . . . ကြယ်လေ မယ့်ကို အရမ်းချစ်တာပဲ”

ပြောပြောဆိုဆိုဖြင့် ကြယ်သည် မယ့်ရဲ့သေးကျဉ်သော ခါးလေးကို သိုင်းဖက်လိုက်ရင်း . . .

“မယ်ကရော ကြယ့်ကို ချစ်ရဲ့လားဟင်”

ရှင်ငြိမ်းမယ်သည် မမရာသက်ပန်ထံသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ မမရာသက်ပန်ကလည်း ရှင်ငြိမ်းမယ်အကြည့်ရဲ့ အဓိပ္ပာယ်သက်ရောက်မှုကို သဘောပေါက်နားလည်စွာဖြင့် လုပ်ငန်းစတော့ဟူသော အကြည့်မျိုးဖြင့် တုံ့ပြန်ကာ မေးဆတ်ပြသည်။

“ကျွန်မလည်း ကြယ့်ကိုချစ်ပါတယ် . . . ရှင်”





“အိုကေ . . . ဒါဆို တို့တွေ သွေးသောက်ညီအစ်မ ဖွဲ့ရအောင်၊ ဟိုတရုတ်ကားတွေထဲကလိုလေ”

“အဟင်းဟင်း . . . ကြယ့်သဘောပါရှင်”

“တကယ်နော် . . . ဒါဆို ကျောက်မြောင်းကအိမ်မှာ ပြောင်းနေရမယ် . . . သိလား”

တစ်ဆက်တည်းမှာပင် အစ်မဖြစ်သူဘက်လှည့်ကာ . .

“မမရယ် . . . ကြယ်လေ မယ့်အိမ်ကို မနက်က ရောက်သွားတယ်၊ အရမ်းကိုသနားဖို့ကောင်းတာပဲ မမရယ်၊ ကျောက်မြောင်းအိမ်မှာ ပြောင်းနေဖို့ပြောတာကို ငြင်းနေတယ်၊ အဲဒါ မမ ကူပြောပေးဦး”

“ဟုတ်သားပဲ ရှင်ငြိမ်းမယ် . . . အဲဒီအိမ်က ဘယ်သူမှ မနေဘူး၊ တစ်ခါတလေ ကြယ် သွားအိပ်တတ်တာကလွဲလို့ ဘယ်သူမှမနေဘူး၊ ဒီအတိုင်း ထားမယ့်အတူတူ မင်းတို့မိသားစုလေး ပြောင်းနေလိုက်ကြပါလား”

မမရာသက်ပန်က ကြည်ဖြူစွာ တိုက်တွန်းလာသဖြင့် ရှင်ငြိမ်းမယ် ငြင်းဆန်ဖို့ခက်သွား၏။

“ဟုတ်ကဲ့ . . . ကျွန်မ မေမေနဲ့ တိုင်ပင်လိုက်ပါဦးမယ်”

“မရရင် ကြယ်ကိုယ်တိုင် အမေ့ကို လိုက်ပြောမှာနော်”

“အင်းပါ”

“အဟင်း . . . ဒါကြောင့် မယ့်ကိုချစ်ရတာ”



www.burmeseclassic.com

www.burmeseclassic.com



'ရှုတ်'

ကြယ်ရဲ့ လျှပ်တစ်ပြက် ထိတွေ့မှုအနမ်းကြောင့် ရှင်ငြိမ်းမယ်သည် ရင်ခုန်လှိုင်းလေးတွေ တဖျပ်ဖျပ် လွန့်လူးသွားရကာ မျက်နှာလေးမှာ ပန်းသွေးရောင် လွှမ်းသွားရ၏။

ဒီအနမ်းပန်းပွင့်လေးဟာ ရှင်ငြိမ်းမယ်ရဲ့ပါးပြင်မှာ ပထမဦးဆုံး ဖူးပွင့်ခဲ့သော အချစ်ပန်းပွင့်ကလေးရယ်ပါ။

အသည်းဦးမှာ စိတ်ကူးဆန္ဒပေါင်းများစွာဖြင့် ဤပါးပြင်ဥယျာဉ်ကလေးကို တယုတယထိန်းသိမ်းစောင့်ရှောက်ဖို့ သန္နိဋ္ဌာန်ချထားမိသူရယ်ပါ။

ဤပါးပြင်လေးကို ချစ်သူခူးမှသာ ဖူးဝေစေရမည်။

ဤပါးပြင်လေးကို ချစ်သူနမ်းမှသာ ပွင့်လန်းစေရမည်လို့ပေါ့။

ခုတော့ . . . ဤပါးပြင်လေးမှာ အနမ်းပွင့်ကလေး ခူးဆွတ်သွားသူက ဖူးစာရှင်ရွှေမင်းသားလေးရော ဟုတ်မှ ဟုတ်ပါရဲ့လား။

ရှင်ငြိမ်းမယ်အတွက်တော့ ဤပါးပြင်၏အနမ်းသခင်သည် ဖူးစာရှင်အဖြစ်ပဲ သတ်မှတ်ယုံကြည်ရပါတော့မည်။

အို . . . ကြယ်ရယ် . . .

ရှင့်ကို ကျွန်မချစ်သူအဖြစ် ရွေးချယ်မိလိုက်ပါပြီ။

ရှင့်ဘာသာ ဘယ်လိုအသွင်၊ ဘယ်လိုအမူအရာပဲ ရှိရှိ





. . . ရှင်ဟာ ကျွန်မရဲ့ချစ်သူ ဖြစ်သွားပါပြီ။

ကျွန်မရဲ့ပါးပြင်, ကျွန်မရဲ့နှလုံးသား, ကျွန်မရဲ့အသည်း, ကျွန်မရဲ့အချစ်တွေအားလုံးကို ရှင် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ထာဝရတိုင်အောင် ပေးအပ်မြှုပ်နှံလိုက်ပါပြီရှင်။

ဤအချစ်အတွက် ကြယ်ထံမှ သစ္စာပျက်ပြားသည်ရှိသော် ဖြစ်ပေါ်လာသမျှ အပြစ်ဒဏ်ခံစားမှုအစုစုကို လက်ခံသိမ်းပိုက်ပေးနိုင်ရန်လည်း ရှင်ငြိမ်းမယ်မှာ အရဲစွန့်စွာဖြင့် ဆုံးဖြတ်လိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

**ကြယ်**စင်ဝယ်ထားသောတိုက်ခန်းကို မိသားစု ပြောင်းရွှေ့နေထိုင်ပြီးသည့်နောက် ရှင်ငြိမ်းမယ်အတွက် ပြုလုပ်စရာကိစ္စက မမရာသက်ပန် ပေးအပ်ထားသောတာဝန်။

ချေး (ကျီး) တင်နေသော အဝတ်ကို ဖြူစင်အောင် လျှော်ဖွပ်ရခြင်းက လွယ်ကူပါသည်။

အရောင်ဆိုးထားသောအဝတ်ကို ဖြူစင်သွားအောင်၊ အရောင်ချွတ်ရမည်ဆိုပါက ခက်ခဲ၍ပင်ပန်းမည် အမှန်ပါ။

ကြယ်စင်က ချေး (ကျီး) တင်နေသော အဝတ်ကဲ့သို့ ဖြစ်နေသည်မဟုတ်။

ကြယ်စင်က အရောင်ဆိုးခံထားရသော အဝတ်ကလေးပါ။ ထို့ကြောင့် ခက်ခဲမည်။ ကြန့်ကြာမည်။ ပင်ပန်းမည်ကို

သက်ပိုင်ရဲစာပေ



ရှင်ငြိမ်းမယ် ကြိုသိနေခဲ့ပါသည်။

တွေ့ကြုံလာရမည့် အခက်အခဲပေါင်းစုံကို ခုမှ ခေါင်းညိတ်ခေါင်းခါ ရှောင်တိမ်းချင်၍ မရတော့ပါ။

စိတ်ရှည်သည်းခံ ဖွဲသန်သန် အားမာန်တင်းကာ လက်ခံ၍ ရင်ဆိုင်ရုံပဲ ရှိပါတော့သည်။

ကံကြမ္မာကို ရေးဆွဲနိုင်သော သမ္မာဒေဝနတ်မင်းက ရှင်ငြိမ်းမယ်ဘက်က ရပ်တည်၍ ဖန်ဆင်းပေးလေရော့သလား မသိပါ။

တစ်နေ့သော နေ့လယ်ခင်းလှလှလေးမှာပေါ့ ...

မိတ်ကပ်အမျိုးမျိုးတို့၏ အရောင်ရောစပ်နိုင်မှုသဘောတရားကို ကိုယ်တိုင်သိရှိနိုင်အောင် စမ်းသပ်လိမ်းခြယ်ကြည့်နေသော ရှင်ငြိမ်းမယ်အနီးကို ကြယ်စင်က ဆတ်ကော့လတ်ကော့ အသွင်လေးဖြင့် အပြေးကလေး ရောက်လာပြီး ...

"မယ်လေးရေ ပျင်းနေပြီလားလို့ ... ထ ထ ... ဒီကနဲ့ ရှော့ပင်းနိမောလ် သွားကြမယ်လို့"

ဂျယ်ကလေးများ၏ထုံးစံပမာ စကားစပ်အဆုံးမှာ 'လို့' ဆိုသောအသံလေးကို ချွဲပျစ်စွာ ကြယ်စင်က ပြောတတ်ပါသေးသည်။

"မပျင်းပါဘူး ကြယ်ရယ် ... ဒီမှာ ကျွန်မလေ အသားရောင်မိတ်ကပ်လေးပေါ် ပန်းနုရောင် မိတ်ကပ်ပါးပါးလေးနဲ့ ပါး

သက်ပိုင်ရဲစာပေ

www.burmeseclassic.com

www.burmeseclassic.com



အို့ကလေးရဲလာအောင် လိမ်းကြည့်နေတာရှင့်၊ အဲဒါလေ ပါးအို့ရဲရဲလေးဖြစ်မလာဘဲ အရောင်ရဲရဲနီနီကြီးဖြစ်သွားလို့ စိတ်ညစ်နေတာ''

''ပြစမ်း ပြစမ်း ...ဒီကကြည့်မယ်''

ကြယ်စင်က ရှင်ငြိမ်းမယ်လိမ်းထားသော မိတ်ကပ်ပါးပြင်ကို အသေအချာကြည့်လိုက်ပြီး ...

''ဖြစ်မှာပေါ့လို့ ...မယ်လေးက အသားရောင်ပေါ်ပန်းဆီရောင်လေး တိုက်ရိုက်တင်လိုက်တာဥစ္စာလို့၊ အပြင်မှာဟောဒီလို ဟောဒီလို ... အသားရောင်လေးနဲ့ ပန်းဆီပါးပါးလေးကို ဟတ်တုံးလေးဖြစ်သွားအောင် ရောစပ်လိုက်၊ ပြီးရင် အသားရောင်အစွန်းမှာ ဟတ်တုံးလေး အရင်ဆုံးပြေပြေလေးတင်လိုက်''

ကြယ်စင်က နှုတ်ခမ်းနီပါးပါးလေး ခြယ်ထားသော နှုတ်ခမ်းလှလှလေးနှင့် ပြောလည်းပြောပြကာ သွယ်ပျောင်းရှည်လျားသော လက်ချောင်းနုနုကလေးတွေနှင့် ကိုယ်တိုင်လိမ်းခြယ်ပြနေပါသည်။

''ပြီးရင် ဟောဒီလို ပါးအို့မို့မို့လေးပေါ်ကို ပန်းဆီပါးပါးလေးကို တကယ့်ပါးပါးလေးပဲ တင်လိုက်၊ ကြည့် ကြည့် ... တရုတ်မင်းသမီး၊ ကိုရီးယားမင်းသမီးလှလှလေးတွေလို လှတ၊ ပတလေးဖြစ်သွားရောပေါ့လို့''

ကြယ်စင်ရဲ့အပြောကလေးကို ရှင်ငြိမ်းမယ် မကြားနိုင်





ပါ။ ကြယ်စင်ရဲ့နူးညံ့ပျော့ပျောင်းသော အမူအရာလေးတဲ့ကိုသာ ပျော်ဝင်နေမိပါသည်။

''ကြယ်ရယ် ... ဘယ်ရှေးဘဝပါရမီကြောင့် ကျွန်မတို့ မိန်းကလေးထက် သာအောင် လှနေရတာလဲရှင်''

ကြယ်စင်ကတော့ ရှင်ငြိမ်းမယ်ရဲ့ ရင်တွင်းဖြစ် စိတ်အတွေးကို မဖတ်ရှုနိုင်သူမို့ လိမ်းခြယ်ကာပြသပြီးသည်နှင့် ဆတ်ဆလူးအပျိုမလေးသဖွယ် ရှင်ငြိမ်းမယ်ကို ဆွဲလှုပ်ကာ လောဆော်ပါတော့၏။

''ထ ထ ... ထပါဆို ... သွားမယ်လို့ ... နော် ... နော်''

''ကောင်းပါပြီတဲ့ရှင် ... ကဲ ... ကြွ ကြွ''

မိတ်ကပ်လိမ်းခြယ်ခြင်း လေ့ကျင့်ရသော မျက်နှာတုအရုပ်ကလေးတွေအပါးမှ ဖယ်ခွာခဲ့ရပြီး လက်ကိုင်အိတ်လှလှကြီးကို တယမ်းယမ်းလုပ်ကာ ထွက်သွားသော ကြယ်စင့်နောက်ကို အပြေးကလေး လိုက်ခဲ့ရပါတော့သည်။

ကားစတင်န်းမှာ ကားကိုရပ်ထားခဲ့ပြီး ဟိုက်ပါမွ



www.burmeseclassic.com

www.burmeseclassic.com



ကက်ကြီးပေါ်ကိုအတက် ကြယ်စင့်ခြေထောက်ကလေး တုံ့ခနဲ ဖြစ်သွားသည်။

"အမေရေ"

မိန်းကလေးတစ်ယောက်လို ကြောက်လန့်မှုကို အမေဟု တ,သည်။

"ဘာဖြစ်တာလဲ ကြယ်"

"လာ လာ ...မြန်မြန်လာ မယ်လေး"

ရှင်ငြိမ်းမယ်လက်ကို မလွှတ်တမ်းဆွဲ၍ လှေကားကြီးပေါ်က အမြန်ပြန်ဆင်းသည်။

ရပ်ထားသော ကားတွေအကြား ဝင်ပုန်းသည်။

"ဘာဖြစ်တာလဲ ကြယ် ... ဘာကိုကြောက်နေတာလဲ"

မျက်နှာကလေး သွေးဆုတ်ကာ ကြောက်နေရှာသော ကြယ်စင့်ကိုကြည့်ပြီး ရှင်ငြိမ်းမယ်ပါ သွေးလန့်လာမိသည်။

"ပုန်း ပုန်း ... မယ်လေး ... ဟိုအကောင်တွေ ထွက်လာပြီ"

ကားနှစ်စီးအကြား ကြယ်စင်က ခေါင်းကိုပု၍ပုန်းသည်။ ဘယ်သူတွေကို ပြောသလဲဟု သိချင်သောကြောင့် ရှင်ငြိမ်းမယ်က လည်ဆန့်ကြည့်ရန်ပြင်သည်။

"ဟဲ့ ဟဲ့ ... ပုန်းနေပါဆို မယ်လေးရယ်၊ ကြယ်တို့ကို တွေ့သွားရင် သူတို့က အငြိုးနဲ့ လုပ်သတ်ကြမှာ"





ရှင်ငြိမ်းမယ်ရဲ့ခေါင်းထိပ်ကနေ ဆွဲနှိမ်လိုက်သဖြင့် ဘာမှ မတတ်နိုင်ဘဲ ကားနှစ်စီးအကြား ပုန်းလျက်သားဖြစ်သွားရသည်။ အတော်လေးကြာတော့မှ ခေါင်းလေးမော့ကြည့်ပြီး မတ်တတ် ရပ်နိုင်ကြတော့သည်။

"ထလို့ရပြီ မယ်လေး၊ တော်ပါသေးရဲ့ ... ကိုယ်တော်တွေက ကြယ်တို့ကို မမြင်သွားလို့"

"ဘယ်သူတွေကို ပြောနေတာလဲ ကြယ်၊ ဘယ်သူတွေကို ကြယ်က ကြောက်နေတာလဲ"

"ဟိုမှာလေ ... မတွေ့ဘူးလား ... မကောင်းဆိုးဝါး ကောင် ဂျင်နီတို့လေ"

ကြယ်စင်ညွှန်ပြရာ ကြည့်လိုက်တော့ အဝေးကိုရောက် သွားပြီဖြစ်သော ဂျင်နီဆိုတဲ့လူရုပ်လူပွေလေးတွေက တစ်လမ်းလုံး ပြည့်မတတ် ဖိုးရိုးဖားရား ကိုးရိုးကားရား လျှောက်သွားကြတာ ကို တွေ့လိုက်ရသည်။

ထိုအချိန်မှာပဲ ရှင်ငြိမ်းမယ်ခေါင်းထဲ အိုင်ဒီယာတစ်ချက် လင်းလက်သွားသည်။

"သူတို့ကို ကြယ်က တော်တော်ကြောက်သလား"

အမေးကို ကြယ်စင်က ခေါင်းတွေ အများကြီးညိတ်ပြ သည်။

"ကြောက်တာပေါ့လို့၊ ဂျင်နီတို့က ကြယ့်ကိုတွေ့တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



အနိုင်ကျင့်ကြတာဥစ္စာလို့၊ ပြီးတော့ ...ပြီးတော့''

''ပြီးတော့ ဘာဖြစ်တာလဲ ကြယ်''

''ဘာဖြစ်ရမှာလဲလို့ အခု ကြယ့်ကိုတင်မကတော့ဘူး၊ မယ်လေးကိုပါ သူတို့က ရန်ငြိုးဖွဲ့ထားကြတော့မှာ၊ မယ်လေးက သူတို့ကို ရိုက်ထားတာကို ...လို့''

''အင်းနော် ...ကျွန်မကို သူတို့ ငြိုးထားကြတော့မှာ''

ရှင်ငြိမ်းမယ်က တကယ်ကြောက်ရွံ့စိုးရိမ်သွားတဲ့ပုံစံလေး လုပ်ပြလိုက်သည်။

''အဲဒါပြောတာပေါ့လို့ ...အဲဒီနေ့က ဘေးကလူတွေ ဝိုင်းလာလို့ သူတို့ထွက်ပြေးကြတာ၊ သူတို့ခံထားရတာကို မေ့ပစ်မှာမဟုတ်ဘူးလို့''

''ဒါဆိုရင် သူတို့နဲ့မတွေ့ရအောင် ကျွန်မတို့က အမြဲတမ်း ရှောင်နေရတော့မှာပေါ့ ...ဒုက္ခပါပဲ ကြယ်ရယ်''

ကြောက်သထက် ပိုကြောက်လာအောင် ရှင်ငြိမ်းမယ်က သည်းပြလိုက်သည်။

''ဘုရား ဘုရား ...မိုးနတ်မင်းကြီးကယ်ပါ၊ မယ်လေးပြောမှ ဒီက ပိုကြောက်လာပြီလို့''

ရှင်ငြိမ်းမယ် လက်ဖဝါးလေးကို အားကိုးကြီးစွာ ဆုပ်ကိုင်လာပါသည်။

ရှင်ငြိမ်းမယ်က အလေးအနက်စဉ်းစားတွေးတောနေတဲ့





ပုံကလေး ထပ်လုပ်ပြလိုက်သည်။

''ဟင် ...မယ်လေးက ဘာတွေငိုင်သွားရတာလဲလို့''

''ငိုင်နေတာမဟုတ်ဘူး ကြယ်၊ ကျွန်မ တွေးကြည့်နေတာ၊ သူတို့နဲ့ မဆုံမိအောင် ကျွန်မတို့ ဘယ်လောက်ရှောင်နေနိုင်မှာလဲလို့ပေါ့''

''ရနိုင်သမျှ ရှောင်ရမှာပေါ့လို့ မယ်ရဲ့''

''ဘယ်လောက်ရှောင်နိုင်မှာလဲ ကြယ်ရယ်၊ သူတို့က သာ တကယ်အငြိုးဖွဲ့ပြီး လိုက်ရှာနေမယ်, လိုက်ချောင်းနေမယ်ဆိုရင် ကျွန်မတို့ အိမ်ထဲက မထွက်ကြဖို့ဘဲရှိတော့တယ်၊ အဲဒါမှ လွတ်မှာ''

''အဲတော့ ...ဟုတ်ပါ့၊ အဲ့ဒါဆို ဘာလုပ်ရပ့ါ မယ်ရဲ့ယ်၊ ဒီကရယ်က အပြင်မထွက်လို့မှ မရတာလို့''

ရှင်ငြိမ်းမယ်က ကြယ်စင့်လက်ကို ပြန်ဆုပ်ကိုင်လိုက်ပြီး ...

''ကျွန်မ အကြံရပြီ၊ ကျွန်မ ငယ်ငယ်က တက်ဖူးခဲ့တဲ့ ကာရာတေးသင်တန်းကျောင်းရှိတယ်၊ အဲဒီမှာ ကြယ်ရယ်,ကျွန်မရယ် သင်တန်းသွားတက်ကြမယ်လေ''

''အံမယ် ...မတက်ချင်ပေါင်၊ ကာရာတေးတို့, ဂျူဒိုတို့ဆိုတာ ယောကျ်ားလေးတွေလုပ်တာ၊ ဒီက တို့က မိန်းကလေးတွေဥစ္စာလို့''



www.burmeseclassic.com

www.burmeseclassic.com



“ကြယ်က မတက်ဖူးသေးဘဲနဲ့ လျှောက်ပြောနေတယ်၊ အဲဒီသင်တန်းကျောင်းမှာ ယောက်ျားလေးတွေထက် မိန်းကလေးတွေ များတာရှင့်”

“မယ်လေးရယ် ဟုတ်လို့လားဟယ်”

ကြယ်စင်က မိန်းကလေးတွေ သင်နေကြတာဆို၍ စိတ်ဝင်စားလာပုံရသည်။

“ဟုတ်တာပေါ့ ကြယ်ရဲ့ ... ယောက်ျားလေးတွေအတွက်က ရန်ဖြစ်ကြမှပဲ အန္တရာယ်ရှိတာ၊ ကျွန်မတို့လို မိန်းကလေးတွေအတွက်က ဘယ်သွားသွား အမြဲတမ်း အန္တရာယ်ရှိတယ်လေ၊ ဒါကြောင့် သင်နေကြတာ”

“ဟုတ်ပဲ့ ဟုတ်ပဲ့ ... ဒီအိုင်ဒီယာကို ကြယ် လုံးဝမတွေးမိဘူး၊ ဒီညနေ အလုပ်ဆင်းတာနဲ့ သွားသင်ကြမယ် ... ဟုတ်တယ်နော် မယ်လေး”

“ကောင်းပါပြီတဲ့ရှင်”

မမရာသက်ပန် ရွှေ့စေချင်သော ကျားကွက်တစ်ကွက်ကိုတော့ အဆင်ပြေစွာ ရွှေ့လိုက်နိုင်ပါပြီ။

ကံကြမ္မာမိုးနတ်မင်းနှင့် ဂျင်နီတို့ လူရှုပ်ကလေးတွေအုပ်စုကို ရှင်ငြိမ်းမယ် ကျေးဇူးတင်လိုက်ရပါသည်။





ညနေ အလုပ်မသိမ်းခင် ကာရာတေးသင်တန်းကျောင်းက ဆရာကြီးဆီကို ရှင်ငြိမ်းမယ် ကြိုတင်၍ ဖုန်းဆက်ထားရပါသည်။

ကာရာတေးပညာ အတတ်သင်ယူလိုခြင်းထက် မိန်းကလေးစိတ်ပေါက်နေသူကို ကျားကျားလျားလျားပြန်ဖြစ်စေဖို့ အကူအညီပေးရန်အတွက် ဆရာကြီးကို အပူကပ်ရခြင်းဖြစ်သည်။

ငယ်စဉ်က တပည့်မလေးအတွက် ဆရာကြီးက လိုလိုလားလားပင် အကူအညီပေးမည်ဟု ပြောသဖြင့် ရှင်ငြိမ်းမယ်မှာ ဝမ်းသာရသည်။

ညနေစောင်း အလုပ်တွေသိမ်းနေစဉ်မှာပင် ရှင်ငြိမ်းမယ်အနီးကို မမရာသက်ပန် ရောက်လာသည်။

“အလုပ်လုပ်ရတာ အဆင်ပြေတယ်မဟုတ်လား ညီမ”

“ဟုတ်ကဲ့ရှင့် ... အဆင်ပြေပါတယ် မမ”

“တိုက်ခန်းမှာ ပြောင်းနေရတာရော အဆင်ပြေလား”

“ဟုတ် ... ကျွန်မတို့မိသားစုအတွက် မမျှော်မှန်းနိုင်လောက်အောင် အဆင်ပြေသွားပါတယ် မမ၊ ကြယ်စင့်ကိုရော မမကိုပါ ဘယ်လိုကျေးဇူးပြန်ဆပ်ရမှန်းကို မပြောတတ်တော့ပါဘူး မမ”



www.burmeseclassic.com

www.burmeseclassic.com



မမရာသက်ပန်က ရွှင်လန်းစွာ ပြုံးရယ်လိုက်ကာ . . .

"တကယ်ကျေးဇူးတင်တာလား ညီမ၊ ဒါဆိုရင် မမ ပြောထားတာကို အချိန်မဆွဲဘဲ မြန်မြန်ကူညီပေးနိုင်ရင် သိပ်ကောင်းမှာပဲကွယ်"

မိန်းမတို့၏အလှမာယာနှင့် ညို့ငင်ကာ ကြယ်စင့်ကို ဘဝမှန်ရောက်စေအောင် လုပ်ရမည်ကိုတော့ ရှင်ငြိမ်းမယ် စိတ်ဘဝင်မှာ ခုထိ မရဲဝံ့နိုင်သေးပါ။

"ဟိုလေ မမ . . . ကြယ်စင့်ကို အသွင်းပြောင်းသွားစေဖို့ပဲ အဓိကမဟုတ်လား မမ"

"အင်းလေ . . . မင်းမှာ ဘာစဉ်းစားထားတာရှိလို့လဲ"

"စဉ်းစားထားတာ မဟုတ်ဘူးမမ . . . အခုညနေပဲ အစီအစဉ်စတော့မှာ"

"ဟုတ်လား . . . မောင်လေးကို ဘဝမှန် ပြန်ရောက်စေမယ်ဆိုရင် မင်း ဘာနည်းပဲသုံးသုံး ရတယ်၊ အဲဒီကျေးဇူးကို မမက ထိုက်ထိုက်တန်တန် ပြန်ဂုဏ်ပြုမှာပါ"

"ထပ်ဂုဏ်ပြုပေးဖို့မလိုပါဘူး မမ၊ အခု အလုပ်ခန့်ပေးတာရော, နေစရာတိုက်ခန်းငှားပေးတာနဲ့တင် ပြည့်စုံနေပါပြီ"

"အေးပါကွယ် . . . အဲဒါတွေက နောက်မှပြောကြတာပေါ့၊ ခု . . . ဒီညနေ မင်းပြောတာက ဘာလဲ"

"ကြယ်စင့်ကို ကျားကျားယားယားဖြစ်ရအောင် ကာရာ





တေးသင်တန်းတက်ဖို့ပါ မမ"

"တကယ် . . . တကယ်ပြောတာလားညီမ၊ မောင်လေးက အသတ်အပုတ်, အထိုးအခတ်ဆို သိပ်ကြောက်တတ်တာ၊ ကာရာတေးကို တကယ်သင်မယ်တဲ့လား"

"ဟုတ် မမ . . . အခု အလုပ်သိမ်းပြီးတာနဲ့ သင်တန်းကိုသွားကြဖို့ စီစဉ်ပြီးပါပြီ မမ"

"ဝမ်းသာလိုက်တာ ညီမရယ်၊ ဒီစကားကို ကြားရတာ မမဖြင့် ယုံတောင်မယုံနိုင်ဘူး"

ထိုစဉ်မှာပင် အခန်းထဲကို ကြယ်စင်ဝင်လာပါသည်။

"ဟော . . . မမ ရောက်နေပါလား။ ဘာတွေ မယုံနိုင်ဘူးလို့ ပြောနေတာလဲ၊ ကြယ်ရဲ့မယ်လေးကို စိတ်ညစ်ရအောင် ဇယားတွေ လာမချနဲ့နော် မမ၊ ကြယ် စိတ်ကောက်ပစ်လိုက်မှာနော် . . . ဟွန့်"

"ဇယားလာရှုပ်တာ မဟုတ်ပါဘူး ကြယ်ရယ်၊ မမက ကြယ်ရဲ့မယ်လေးကို ကျေးဇူးတင်နေတာပါ၊ ကြယ့်ကို ကာရာတေးသင်တန်းတက်ရဲအောင် လုပ်ပေးလို့လေ"

"အင်း . . . ကြယ်က မတက်ရဲပါဘူး မမရယ်၊ ဒီက မယ်လေးအတွက် အန္တရာယ်ရှိလို့ မယ်လေးကို ကာကွယ်စောင့်ရှောက်နိုင်အောင် တက်ရတာ မမရဲ့"

ကြယ်စင့်ပါးစပ်က ထွက်လာမှ မမရာသက်ပန်က ပုံး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သွားပုံရသည်။ အရမ်းကို ပျော်သွားပုံက ထိန်းမရ။

“ကြယ်ရယ် ...မမ ဝမ်းသာလိုက်တာ”

“မမဝမ်းသာတာက နောက်မှသာ၊ ကဲ ...လာ လာ မယ်လေး ...သင်တန်းကို နောက်ကျနေမယ်လို့ ...သွားမယ် သွားမယ်”

ထုံးစံအတိုင်း ရှင်ငြိမ်းမယ်လက်ကို အတင်းဆွဲခေါ်ကာ လက်ကိုင်အိတ်ကြီး တယမ်းယမ်း၊ တင်ပါးကလေး တခါခါနှင့် ကြယ်စင်က ထွက်လာပါတော့သည်။ ရပ်ကြည့်ကျန်ရစ်ခဲ့ရှာသော ရာသက်ပန်အတွက်တော့ ...

“မောင်လေးရဲ့ အခုလိုပုံစံနဲ့ သိုင်းသင်တန်းကို ဘယ်လို တက်မလဲဆိုတာ မမ လိုက်ကြည့်ချင်ပါရဲ့ကွယ်”

“ယိစ် ...ယိစ်”

“ယိစ် ...ယိစ်”

ခန်းမထဲအဝင်မှာ သင်တန်းသူ သင်တန်းသားတွေရဲ့ အထိုး၊ အခုတ်၊ အကန်တွေကိုကြည့်ကာ ကြယ်စင်က ကြောက်ရွံ့တဲ့ပုံကလေးဖြင့် ရှင်ငြိမ်းမယ်နောက်ကို ဝင်ပုန်းကွယ်ပါတော့





သည်။

“အမေရေ ...အသည်းတုန်စရာကြီးတွေတော့”

“ဟော ...ငြိမ်းမယ်တို့ ရောက်လာကြပြီလား ...လာ လာ ဒီဘက်ကို”

သင်တန်းမှူးဆရာကြီးအသံက ဟိန်းထွက်လာသည်မို့ ကြယ်စင့်ကို ပို၍အသည်းယယ်သွားစေသည်။

“မယ်လေး ...သူ ...သူက သင်တန်းမှူးကြီးဆိုတာ လားဟင်”

“အင်း ...ဆရာကြီးပုံစံက မိုက်တယ်မို့လား၊ ကျွဲကြီး တစ်ကောင်ကို တစ်ချက်တည်းနဲ့ လဲအောင် လက်သီးနဲ့ထိုးနိုင် တယ်လေ၊ သိပ်တော်တာ ကြယ်ရဲ့”

“အမေရေ ...ရုပ်ကြီးက ဆိုးလိုက်တာ၊ ဘီလူးကြီး ကျနေတာပဲ၊ သင်တန်းမှူးချောချောလေးတွေ မရှိဘူးလား မယ် လေးရယ်”

“ပညာမြန်မြန်တတ်ဖို့က အရေးကြီးတာလေ ကြယ်ရဲ့ ...လာပါ”

“ဟွန့် ...ဒီလူကြီးနဲ့ဆိုရင်တော့ ကြယ်တော့ သေချင် တာပါပဲ ...ဟွန့် ဟွန့်”

ကြယ်စင်က ခြေကလေးဆောင့်ပြီး ငြင်းရန်ပြင်နေစဉ် မှာပဲ ဆရာကြီးအသံက ဟိန်းထွက်လာပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟိတ် ... ဟိုနှစ်ယောက် ခေါ်နေတာ မကြားဘူးလား ... ဒီဘက်ကို လာကြ”

ကြယ်စင့်ကိုယ်လုံးလေး ကြောက်ပြီး တုန်တက်သွားသည်။

ရှင်ငြိမ်းမယ်က ကြယ်စင်ထွက်မပြေးရအောင် လက်ကို ဖမ်းဆွဲထားကာ ခန်းမထဲကို ဆက်ဝင်ခဲ့ရပါတော့သည်။

“ဟုတ် ... လာပါပြီ ဆရာကြီး”

ဆရာကြီးရှေ့ကိုရောက်တော့ ကြယ်စင့်ခြေထောက်ကလေးမှာ ဒူးတွေတုန်နေပါရဲ့။

ဆရာကြီးက ကြယ်စင့်ကို အထက်နှင့်အောက်စုန်ကာ ဆန်ကာ ကြည့်လိုက်ပြီး ...

“သူလား သင်တန်းတက်မယ်ဆိုတာ”

“ဟုတ် ... ဟုတ်ပါတယ် ဆရာကြီး၊ သူ့နာမည်က ကြယ်စင်လို့ ခေါ်ပါတယ်”

ရှင်ငြိမ်းမယ်က ရယ်ချင်စိတ်ကိုထိန်းပြီး ဟန်မပျက်အောင် ဖြေလိုက်ရသည်။

ဆရာကြီးက တမင်သက်သက် ဟိတ်ဟန်ထုတ်ပြနေတာဖြစ်သလို ကြယ်စင်မှာလည်း ဒူးခိုင်ခိုင်ရပ်နိုင်အောင် ရှင်ငြိမ်းမယ်ပခုံးကို မှေးမှီကာနေရသည်မှာ ပုံပျက်ပန်းပျက်။

“မင်း ... ကြောက်နေတာလား၊ မကြောက်နဲ့၊ ငါ့သင်





တန်းကို လာတက်ရင် သတ္တိရှိမှ ငါကြိုက်တယ်၊ ကဲ ... အဝတ်သွားလဲပြီး ထွက်ခဲ့ကြ”

“ဟုတ်ကဲ့ပါ ဆရာကြီး ... လာ ကြယ်”

အဝတ်လဲခန်းဆီ ကြယ်စင်ကို ခေါ်ခဲ့ရပြန်သည်။

“ဘာ ... ဘာအဝတ်တွေ လဲရဦးမှာလဲ မယ်လေး၊ ကြယ်တော့ သင်တန်းမတက်ချင်တော့ဘူး”

ကြယ်စင့်ကို ထိတ်လန့်ပြီး ထွက်မပြေးစေရအောင် ရှင်ငြိမ်းမယ်က ချော့ရပါတော့သည်။

“မလုပ်ပါနဲ့ကြယ်ရယ် ... ဆရာက သင်တန်းသားအသစ်ကို လက်ခံချင်တာမဟုတ်ဘူး၊ ကျွန်မက ဖုန်းဆက်ပြီး အတင်းတောင်းပန်ထားလို့ လက်ခံတာ၊ ကျွန်မမျက်နှာကို ပျက်အောင် မလုပ်ပါနဲ့နော်”

“ပြီးရော ပြီးရော ... ဘာဝတ်စုံလဲရမှာလဲ ... ပေးပေး”

ကြယ်စင် စိတ်လိုလက်ရဖြစ်တုန်း ကီဝတ်စုံအသစ်တွေကို ဗီရိုထဲက ဆွဲဖွင့်ကာ ယူလိုက်ရသည်။

ဝတ်စုံလဲဝတ်ရန်အတွက် ကြယ်စင်က အကျီချွတ်နေသဖြင့် ရှင်ငြိမ်းမယ်က အမြန်ကျောပေးရပ်လိုက်ရသည်။

“ဟဲ့ မယ်လေး ... ဘာလုပ်နေတာလဲ ... ချွတ်လေလို့”



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ...ကြယ်ပဲ အရင်ဝတ်ပြီး ထွက်သွားနှင့်၊ ပြီးမှ ကျွန်မ လိုက်လာခဲ့မယ်"

"အံမယ် ...မယ်လေးက ဒီကကို ရက်နေတာပေါ့လေ၊ မိန်းကလေးအချင်းချင်း ရှက်စရာလားလို့"

တော်တော်ဆိုးတဲ့ ကြယ်စင်။ မိန်းကလေးအစစ်မဟုတ်တဲ့သူ့ရှေ့ ဘယ်မိန်းကလေးက အဝတ်လဲရဲပါ့မလဲ။

ရှင်ငြိမ်းမယ်က လုံးဝလှည့်မကြည့်ရဲဘဲ လက်ကိုသာ ယမ်းခါပြပြီး ...

"မြန်မြန်လဲဝတ်ပြီး မြန်မြန်ထွက်သွားနှင့်ပါတော့ ကြယ်ရယ်၊ ကြာနေလို့ ဆရာကြီးက စိတ်ဆိုးပြီး ဝင်လာဦးမယ်"

"ဟယ် ...ဟုတ်ပ့ါ ဟုတ်ပ့ါ ...အဲဒီဆရာကြီးဆိုတဲ့ ယောကျ်ားကြီးရှေ့မှာတော့ ဒီကလည်း အဝတ်မလဲရဲပေါင်"

ကြယ်စင် အဝတ်လဲဝတ်နေသံတွေကို ကြားနေရသည်။ လှည့်မကြည့်ဘဲနှင့် ရှင်ငြိမ်းမယ်ရဲ့ရင်တွေ မသိမသန့်ဖြစ်နေမိပါရဲ့။

"ကဲ ပြီးပြီ ...မြန်မြန်လဲဝတ်ပြီး မြန်မြန်ထွက်လာခဲ့နော်၊ ဒီကလေ အခန်းပေါက်ဝက စောင့်နေမယ်"

"ဟုတ် ကြယ် ...မြန်မြန်လိုက်ခဲ့ပါ့မယ်"

ကြယ်စင် ထွက်သွားတော့မှ ရှင်ငြိမ်းမယ်လည်း စိတ်ချလက်ချ အဝတ်လဲနိုင်ပါတော့သည်။





ကီဝတ်စုံကိုယ်စီနှင့် သူတို့နှစ်ယောက် ဆရာကြီးရဲ့ရှေ့ ရပ်လိုက်ကြသည်။

"အေး ...နင်တို့နှစ်ယောက်က အသစ်ဆိုတော့ သီးသန့်နေရာခွဲပြီး သင်ပေးရမှာ ...လိုက်ခဲ့ကြ"

သင်တန်းသားတွေ လေ့ကျင့်နေရာရှေ့ကနေ ခွဲထွက်လာခဲ့ရန်ဖြစ်ပါသည်။

"နင်တို့ကို လိုက်နှောင့်ယှက်နေတဲ့သူတွေရှိလို့ အမြန်ဆုံးနည်းနဲ့ အမြန်ဆုံး တတ်ချင်တာပေါ့ ...ဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"အေး ...ဒီလိုဆိုတော့ တိုက်ကွက်အတိုနည်းလေးတွေ သင်ပေးရမှာပေါ့ကွာ"

ဆရာကြီးက သူတို့နှစ်ယောက်ကို ကျောခိုင်းပြီး လက်နက်စင်ပေါ်က ကင်ဒိုဓားတစ်လက်ကို ဆွဲယူလိုက်ပါသည်။

ပြီးတော့ ကြယ်စင့်ရှေ့ကို ပစ်ပေးလိုက်သည်။

"ရော့ ...ဟော့ကောင် အဲဒီဓားကို မင်းယူ"

'ချွမ်း'

"အ မေ ရေ့...ဓား ကြီး တော့်"

ကြယ်စင်က ဖမ်းယူဖို့ နေနေသာသာ ဓားကြီးကို တွေ့သည်နှင့် လိပ်ပြာစင်မတတ် ကြောက်ရွံ့ပြီး နောက်ကိုဆုတ်ပြေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို . . . ကြွယ် ဘာလုပ်တာလဲ၊ ဓားကို ယူလိုက်လေ"

ရှင်ငြိမ်းမယ်က ပြောလိုက်သော်လည်း ကြွယ်စင်ကတော့ ဓားကြီးကို ဘာထင်နေသလဲမသိ။ အနားတောင် မကပ်ဝံ့တဲ့ပုံ။

"ဟင့်အင်း ဟင့်အင်း . . . အဲဒီဓားကြီးကို ကြောက်တယ်လို့ . . . ကိုင်ရဲပါဘူးလို့"

ဆရာကြီးက အသံနက်ကြီးဖြင့် . . .

"ဟာ ဒီကောင် . . . ဓားက မင်းကို ဘာလုပ်မှာမို့လို့လဲ . . . ကောက်ယူလိုက်၊ ပြီးရင် ငါ့ကို တအားခုတ်ကွာ"

ဒီတစ်ခါတော့ ကြွယ်စင့်မျက်နှာမှာ ရဲတက်သွားသည်။ မျက်မှောင်ကြုတ်ပြီး စိတ်ဆိုးဒေါသထွက်သွားတဲ့ပုံ။

"ဒီမှာ ဆရာကြီး . . . ကြွယ့်ကို ဒီကောင် ဒီကောင်လို့ မခေါ်ပါနဲ့၊ ကြွယ်က မိန်းကလေးပါ၊ ဒီကောင်မ . . . ဟဲ့ကောင်မလို့ ခေါ်ပါ"

ခါးကလေးထောက်ကာ မာန်ပါပါပြောလိုက်သော ကြွယ်စင့်ကိုကြည့်ပြီး ရှင်ငြိမ်းမယ်မှာ အံ့သြရပါရဲ့။

"ဗုဒ္ဓေါ . . . ဓားကိုတော့ မကိုင်ရဲဘူး၊ ငါ့ကိုတော့ ပြန်အော်ရဲတယ်၊ ဟဲ့ ငြိမ်းမယ် . . . နင့်အကောင်တော့ တော်တော်လုပ်ယူရမယ်နဲ့တူတယ်"

ရှင်ငြိမ်းမယ်က ဆရာကြီး စိတ်မဆိုးအောင် လေပြေစကား ဆိုရပါတော့သည်။





"ဆရာကြီးရယ် . . . သူက ကြမ်းကြမ်းတမ်းတမ်းတွေ တစ်ခါမှမလုပ်ဖူးတဲ့သူပါ၊ စိတ်ကလေးက အရမ်းနူးညံ့တော့လေ၊ ဓားကို ကျွန်မ ကိုင်ပါ့မယ်"

ကင်ဒိုဓားကြီးကို ရှင်ငြိမ်းမယ်က ကောက်ကိုင်လိုက်ရပါသည်။

"အေး . . . ပြီးရော . . . ဟိုကောင်မလေး သေချာကြည့်နေနော်၊ ကဲ ငြိမ်းမယ် . . . ဆရာ့ကို ဓားနဲ့ခုတ် . . . မညှာနဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး . . . ယား"

'ဗိုး . . ဖောင်း'

"အိ . . . အု"

ဓားနှင့် ခုတ်လိုက်သော ငြိမ်းမယ်လက်ကို ဆရာကြီးက လက်ဝါးစောင်းဖြင့် ရိုက်ဖယ်လိုက်ပြီး ကျန်လက်ဝါးစောင်းက ရှင်ငြိမ်းမယ်ရဲ့မျက်နှာဆီသို့ ပေါ့။

"အ . . . အ . . . အမေရေ . . . သေ . . . သေပါပြီ . . . တော့် . . . အိ . . . အိ . . . အိ"

ခံရသော ငြိမ်းမယ်က ဘာမှမဖြစ်၊ ရပ်ကြည့်နေသော ကြွယ်စင့်မှာသာ မျက်ဖြူကလေးလန်ကာ ပျော့ခွေ၍ လဲကျသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမနေ့ညနေမှာ ကြယ်စင်က မူးဝေလဲကျခဲ့ပေမယ့် ရှင်ငြိမ်းမယ်က ချော့တစ်ခါ မြှောက်တစ်ခါဖြင့် မကြောက်စေရအောင် စည်းရုံးနိုင်ခဲ့သဖြင့် ရက်သတ္တပတ်ကျော်သည်အထိ သင်တန်းကို မပျက်မကွက် တက်နိုင်ခဲ့ပါပြီ။

လက်သီးထိုးဟန်၊ လက်ဝါးစောင်းခုတ်ဟန်၊ ခြေဖဝါး၊ ခြေဖနောင့်၊ ခြေစောင်းကန်တဲ့ဟန်တွေက မိန်းမဆန်ဆန်ဖြစ်နေခြင်းကို မပြုပြင်ပေးနိုင်သော်လည်း သင်ပေးသမျှတိုက်ကွက်တွေကို ကြယ်စင်က စိတ်မပျက်လက်မပျက်ဘဲ ကြိုးကြိုးစားစား သင်ယူနေခြင်းကိုပင် ရှင်ငြိမ်းမယ်မှာ ကျေးဇူးတင်ရပါသည်။

မမရာသက်ပန်ကလည်း ရှင်ငြိမ်းမယ်ကို အခန်းထဲခေါ်ပြီး တကူးတက ကျေးဇူးစကားဆိုပါသည်။

"ကျေးဇူးပဲ ညီမလေးရယ် ... မမဖြင့် ပျော်လွန်းလို့ ဘာပြောရမှန်းကို မသိပါဘူး"

"ရှင် မမ ... ကြယ်က ပုံစံမှမပြောင်းသေးတာ၊ မမဖြစ်စေချင်သလို မဖြစ်သေးတဲ့အတွက် ကျွန်မ ဘာပြောရမယ်ကို မသိပါဘူး မမ၊ ကျွန်မကို အချိန်ထပ်ပေးပါဦးနော် မမ"

"အို ... ညီမကို မမ အပြစ်တင်ဖို့ နေနေသာသာ အရမ်းကို ကျေးဇူးတင်နေတာပါကွယ်၊ မောင်လေးကလေ ပုံစံက





သာ မပြောင်းသေးတာ၊ စိတ်ဓာတ်လေးကတော့ ပြောင်းစပြုလာပြီကွယ်"

"ရှင် ... တကယ် ... တကယ်လား မမ"

"တကယ်ပေါ့၊ မောင်လေးက ငယ်ငယ်လေးကတည်းက ပင်ပန်းတဲ့ဟာဆို လမ်းလျှောက်တာတောင် လုပ်ချင်တာမဟုတ်ဘူး၊ အခုဆိုရင် သင်တန်းက ပြန်လာပြီး ညဆိုရင်လည်း အိမ်ထဲမှာ ကာရာတေးလေ့ကျင့်တယ်"

သက်ရောက်မှုကလေး ရှိတယ်ဆိုတာ ကြားရသဖြင့် ရှင်ငြိမ်းမယ် ဝမ်းသာရပါသည်။

"နံနက်ဆို နေဖင်ထိုးမှ ထချင်တတ်တဲ့ မောင်လေးက အခုဆိုရင် နံနက်အစောကြီးထပြီး ကာရာတေး လေ့ကျင့်တတ်တယ်၊ အရင်တုန်းက ထိုးတာသတ်တာကို ကြောက်တတ်တဲ့ မောင်လေးက ခုဆို သူကိုယ်တိုင် တယားယား တယိစ်ယိစ်နဲ့ လုပ်တတ်နေပြီလေ၊ မမဖြင့် မောင်လေးလေ့ကျင့်နေတာကို ကြည့်ပြီး ဝမ်းသာလွန်းလို့ ငိုတောင်ငိုမိပါရဲ့ကွယ်"

မမရာသက်ပန်က ဝမ်းသာမှုကို ဟန်တွေပန်တွေ ထိန်းမနေဘဲ တကယ့်ကို လှိုက်လှိုက်လှဲလှဲနှင့် ပြောပြနေခြင်းပါ။

မမရာသက်ပန်၏အပျော်က ရှင်ငြိမ်းမယ်ဆီကိုပါ ကူးစက်စေပါသည်။

"ကျွန်မကို အပြစ်မတင်တဲ့အတွက် ကျေးဇူးတင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ် မမ''

''အို ...ညီမကို မမက ဘာလို့အပြစ်တင်ရမှာလဲ၊ ရော့ ...ဒီမှာ မမက ပထမအောင်မြင်မှုအတွက် ဂုဏ်ပြုလက်ဆောင်''

မမရာသက်ပန်က စာအိတ်ရှည်ကြီးတစ်လုံးကို ပေးပါသည်။ အထဲမှာ ငွေစက္ကူတွေ ဖြစ်ပါလိမ့်မည်။

''ကျွန်မ မယူပါရစေနဲ့မမ၊ မမတို့မောင်နှမကျေးဇူးတွေက များလှပါပြီ၊ ဒီကိစ္စကို ကျွန်မ စိတ်ရင်းစေတနာနဲ့ ကူညီပါရစေနော်''

''ညီမလေးရဲ့စေတနာကို မမ အသိအမှတ်ပြုပါတယ်၊ ဒါပေမဲ့ မမရဲ့စေတနာကို မငြင်းရဘူးလေ၊ ဒါကို လက်မခံရင် မမစေတနာကို စော်ကားတာပဲ''

မမရာသက်ပန်က စကားလုံးပြင်းပြင်းနှင့် စာအိတ်ကြီးကို အတင်းထိုးပေးပါတော့သည်။

''ကျေး ...ကျေးဇူးတင်ပါတယ် မမ''

''အဲဒီမှပေါ့ ညီမလေးရယ်၊ ပထမတော့ မမက ညီမလေးကို ပစ္စည်းတစ်ခုခု ဝယ်ပေးမလို့ပါ၊ ဒါပေမဲ့ ငွေကြေးက ညီမတို့မိသားစုအတွက် ပိုအဆင်ပြေမလားလို့၊ ကဲ ကဲ ... သွားနိုင်ပြီ ညီမ''

''ဟုတ်ကဲ့ပါရှင့် ...သွားခွင့်ပြုပါဦး မမ''





ရှင်ငြိမ်းမယ်က ပြန်ထွက်လာစဉ် ...

''ဩော် ...မေ့လို့, မေ့လို့ ညီမရေ ...ခဏနေဦး''

''ဟုတ် မမ''

ရှင်ငြိမ်းမယ်က ပြန်လှည့်ရသည်။

မမရာသက်ပန်က လက်မှတ်နှစ်စောင်ကိုင်ကာ ...

''ဒါ ...မမ သတင်းစာထဲမှာဖတ်ရလို့ မန်နေဂျာကို လှမ်းပြီး အဝယ်ခိုင်းလိုက်တာ၊ ရော့ ...ကြယ်နဲ့ညီမတို့ သွားကြည့်ကြပါ''

''ရှင် ...ရုပ်ရှင်လား မမ''

''မဟုတ်ဘူး ...မြန်မာ့လက်ဝှေ့ပွဲ၊ မောင်လေးက အသတ်အပုတ် ကြောက်တယ်လေ၊ ခု ...ကာရာတေးတောင် သင်နိုင်ပြီဆိုတော့ ပိုပြီး ရဲစိတ်ရဲမာန်တွေဝင်လာအောင် လက်ဝှေ့ပွဲကြည့်ခိုင်းမလားလို့ မမ စီစဉ်လိုက်တာ''

''ကောင်းတယ် မမ ...မမစီစဉ်တာ ကောင်းတယ်၊ ကျွန်မတို့ သွားကြည့်လိုက်ပါ့မယ်''

''အေး ...ပွဲစဉ်က ဒီနေ့နော်၊ ဒီညနေကို သင်တန်းကို မတက်နိုင်တဲ့အကြောင်း ဖုန်းဆက်ပြီး ခွင့်တိုင်လိုက်ပေါ့ကွယ်''

''ဟုတ်ကဲ့ပါ မမ''



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့လက်ဝှေ့ပွဲကြီးကို ကျင်းပရာ သုဝဏ္ဏအားကစားရုံကြီးဆီကို ကြယ်စင်က မလိုက်ချင်လိုက်ချင်နှင့် လိုက်ခဲ့ပါသည်။

လက်မှတ်ပေါ်တွင် ရိုက်နှိပ်ထားသော ချန်ပီယံဆုရှင်လက်ဝှေ့ကျော်တွေရဲ့ပုံတွေကိုကြည့်ရင်း ကြယ်စင်၏မျက်နှာလေး ရှုံ့မဲ့နေသည်။

"ဘယ်လိုများ စိတ်ကူးရတာလဲ မယ်လေးရယ်၊ မော်ဒယ်လ်ရှိုးတွေ၊ မြူးဇစ်ရှိုးတွေ ဒီလောက်၊ ဒီလောက် ရှိတာကို မကြည့်ဘူး၊ ဘယ့်နှယ်တော် ... ဒီလောက် ပုံဆိုးပန်းဆိုးကြီးတွေ လက်ဝှေ့ထိုးတာကို ကြည့်စရာလားလို့ ... ရှားပ့ါ ရှားပ့ါ"

ညည်းတွားနေသော ကြယ်စင်ကို ရှင်ငြိမ်းမယ်က ညာလိုက်ရသည်။ လက်ဝှေ့ပွဲကို တစ်ခါမှ မကြည့်ဖူးပါဘဲနှင့်ပေါ့။

"ကြယ်ကလည်း ကျွန်မက ငယ်ငယ်လေးကတည်းက မြန်မာ့လက်ဝှေ့ပွဲကို ဖေဖေနဲ့အတူ မလွတ်တမ်း လိုက်ကြည့်တာရှင့်၊ အခု ဒီပွဲက ချန်ပီယံခါးပတ်လုပွဲ သိပ်ကောင်းတာ၊ ဒါကြောင့် ကြယ်လည်း ကြည့်ဖူးရအောင် ခေါ်လာတာ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ ... ဒီလက်မှတ်က ဘယ်ကရတာလဲ၊ ဒီလောက်ဈေးကြီးတာ တစ်စောင်ငါးထောင်ဆိုတော့ မယ်လေး ပိုက်ဆံတစ်သောင်းကြီးတောင်ကုန်မှာ ... မနှမြောဘူး





လားလို့"

"အဲဒါ ... အဲဒါ ... ဟို ... ဟို"

ဒီအစီအစဉ်တွေဟာ မမရာသက်ပန်က စီမံ၍ကွပ်ကဲပေးနေကြောင်းကို ကြယ်စင့်အား အသိပေးရန်မဖြစ်ပါ။

ယုတ္တိရှိမည့်စကားလုံးတွေ အမြန်ရှာဖွေနေရစဉ် ...

"ကဲပါ ... မယ်လေးက ကြယ့်ကို ကြည့်စေချင်လို့ ဒီလောက်အကုန်အကျခံတာ မဟုတ်လား၊ မယ်လေးကို ဒီလောက်ပိုက်ဆံတွေ မကုန်စေချင်ပါဘူး ... ရော့ ရော့ ... လက်မှတ်ဖိုး ပြန်ယူနော်"

"အို ... မယူ ... မယူပါဘူး၊ ဒီလက်မှတ်တွေက ... ဟို ... ဟို"

ရှင်ငြိမ်းမယ် အမှန်ကို ပြော၍လည်းမဖြစ်၊ ပိုက်ဆံယူရန်လည်း အခက်မို့ ငိုချင်စိတ်တောင် ပေါက်မိပါရဲ့။

"လက်မှတ်ဖိုး ပြန်မယူဘူးလား၊ ဒါဆို ကြယ်လည်း ဝင်မကြည့်တော့ဘူးနော်၊ ယူရင် ကြည့်မယ်၊ မယူရင် မကြည့်ဘူး"

ကြယ်စင်က ငါးထောင်တန်နှစ်ရွက်ကို အတင်းထိုးပေးကာ ဈေးကိုင်နေပါသည်။

"ကဲ ... ပေး ပေး ... ဒီလက်ဝှေ့ပွဲတော့ ဝင်မကြည့်လို့မဖြစ်ဘူး ... ဝင်ကြစို့"



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံကို ရှင်ငြိမ်းမယ် ယူလိုက်ရပါသည်။ နောက်မှ မမရာသက်ပန်ကို အကျိုးအကြောင်းပြောပြပြီး လက်မှတ်ဖိုးကို ပြန်အပ်ရပါမည်။

ရုံအတွင်းရောက်တော့ လက်ဝှေ့စင်ကြီး၏လေးဖက်လေးတန် ပိုင်းရုံထားသည့်ထိုင်ခုံများတွင် ထိုင်နေကြသော ပရိသတ်တွေကိုကြည့်ကာ ကြယ်စင်က မိန်းကလေးသဖွယ် စုတ်ကလေးတသပ်သပ်ဖြင့် ...

"ကျစ် ကျစ် ကျစ် ...ကြယ်ထင်ထားတာကလေ လက်ဝှေ့ပွဲဆိုတာ ယောကျ်ားကြီးတွေပဲ ကြည့်ကြတာလို့ ထင်နေတာရှင့်၊ ခု ကြည့်စမ်းပါဦး မယ်လေးရယ် ...ဒီက တို့လို မိန်းကလေးတွေလည်း လာကြည့်ကြတာ အများကြီးနော်"

ရှင်ငြိမ်းမယ်ကလည်း အလိုက်သင့်ဝင်ဖောလိုက်ရသည်။

"အဲဒါပြောတာပေါ့ ကြယ်ရဲ့ ...ကျွန်မက ငယ်ငယ်လေးကတည်းက လက်ဝှေ့ပွဲတွေ ကြည့်လာတာပါဆို"

ဆိုင်ဆိုင်,မဆိုင်ဆိုင် ကြယ်စင် ယုံသွားဖို့က အဓိက။ ထိုင်ခုံနံပါတ်ကို ရှာဖွေပြီး ဝင်ထိုင်လိုက်ကြသည်။ ကြိုးဝိုင်းစင်ကြီးနှင့် နှစ်တန်းအကွာ သုံးတန်းမြောက်ခုံတန်းမှာ လက်ဝှေ့ထိုးသတ်ခြင်းကို အပီအပြင် တွေ့မြင်နိုင်မှာ သေချာသည်။

လက်ဝှေ့ပွဲတွေ စတင်တော့မည်မို့ ဗိန်းမောင်းတီးခတ်သံတွေက သွေးတွေကြွစေသလို အစီအစဉ်ကြေညာသူ၏ ကာရံ





နဘော အချီအချတွေနှင့် ထိုးသတ်ကြမည့်သူတွေအကြောင်း မိတ်ဆက်သံက မြူးကြွစေပါသည်။

ထောင့်နှစ်ထောင့်မှနေ၍ ကြိုးဝိုင်းပေါ်ကို ထိုးသတ်မည့်သူနှစ်ဦး တက်လာကြပါပြီ။

"ဟယ် ...ကြည့်စမ်းပါဦး မယ်လေးရယ် ...ငယ်ငယ်ရွယ်ရွယ်လေးတွေနဲ့ ကိုယ့်အသား အနာခံပြီး ထိုးသတ်ကြမှာ သနားစရာပဲနော်"

"ဒါကတော့ ဝါသနာပါကြတာကိုး ကြယ်ရဲ့၊ ကျွန်မလည်း ယောကျ်ားလေးသာဆိုရင် ယောကျ်ားပီသအောင် လက်ဝှေ့တက်ထိုးမှာပဲ"

နားလည်သွားလေမလားဟု ပြောမိပေမယ့် ကြယ်စင်က သဘောပေါက်ပုံမရပါ။

"ကြယ်တော့ မထင်ပေါင်"

"ဘာကိုမထင်တာလဲ ကြယ်"

"မယ်လေးပြောတဲ့ ဝါသနာပါလို့ ထိုးကြတာဆိုတာကိုပေါ့၊ ကြယ်ကတော့ သူတို့လက်ဝှေ့သမားတွေကို ဝမ်းလည်တာလို့ပဲ ထင်တယ်"

"ဟင် ...ဘာဆိုင်လို့လဲ ကြယ်ရဲ့"

"ဆိုင်တာပေါ့လို့၊ သူတို့က အရင်ဘဝတုန်းက ကြက်တိုက်စားတဲ့လူတွေနေမှာ၊ ဒါကြောင့် ဒီဘဝမှာ ဝမ်းလည်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လက်ဖွေ့သမားတွေဖြစ်လာကြတာပေါ့လို့''

ကြယ်စင့်အပြောကို ရှင်ငြိမ်းမယ် သဘောကျစွာ ရယ်မိလိုက်ရသည်။

''ပြောတတ်လိုက်တာ ကြယ်ရယ်၊ ကဲ ကဲ ...ကြည့်ကြဦးစို့ ...ဟိုမှာ ထိုးကုန်ပြီ''

''ဟင် ...တကယ်ထိုးကြတာတော့၊ တော်ပြီ တော်ပြီ ...ကြယ် မကြည့်ရဲဘူး''

ကြယ်စင်က မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်ပိတ်ကာ ခေါင်းကို အတင်းငုံ့ထားပါတော့သည်။

''အို ...ကြယ်ကလည်း လက်ဖွေ့ထိုးတာ လာကြည့်တာပါဆို၊ ခေါင်းကြီးငုံ့ထားတော့ ဘာမြင်ရတော့မှာလဲ''

''ဟင့်အင်း ဟင့်အင်း ...သူများတွေ ထိုးကြတာ, သတ်ကြတာတွေ ကြယ် မကြည့်ချင်ပါဘူး''

''မကြည့်ရင် ဂျင်နီတို့နဲ့ဆုံတဲ့အခါ ဘယ်လိုထိုးရမယ်, ရှောင်ရမယ်ဆိုတာ ဘယ်သိတော့မှာလဲ ကြယ်ရဲ့၊ သူများတွေ ထိုးသတ်တာကြည့်ထားမှ ကိုယ်လည်း တတ်မှာပေါ့''

ရှင်ငြိမ်းမယ်က အတင်း နားပူနားဆာလုပ်ကာ စည်းရုံးတော့မှ ကိုယ်တော်ချောက ခေါင်းမော့ကြည့်ပါတော့သည်။

ဒါပေမဲ့ ကြောက်ရွံ့တတ်သည့် စိတ်ကလေးကြောင့် ရှင်ငြိမ်းမယ်ရဲ့လက်ကလေးကို အားတင်းသည့်ပမာ အတင်းဆုပ်





ကိုင်ထားပါလေရဲ့။

''ချ ...ချ ...ဟော့ကောင် သတ်ပစ်''

''ဟော့ကောင်တွေ နှမပေးယောက်ဖတွေလို ချစ်မနေကြနဲ့၊ ငါတို့က လက်ဖွေ့ပွဲ လာကြည့်တာဟေ့၊ ရှောင်မနေကြနဲ့ ...ထိုးကြပါဟ''

''ထိုး ထိုး ထိုး ...ဟုတ်ပြီ ...ချ ချ''

''ဒါမှ ငါ့သားတွေကွ ...ချပစ်''

အားပေးအော်ဟစ်သံတွေရော ဗိန်းမောင်းတီးသံတွေရော၊ ပွဲကြေညာသူအသံတွေရော တစ်ရုံးလုံး ဟိန်းထွက်နေပါသည်။

ကြည့်ရင်း ကြည့်ရင်းနှင့် ကြယ်စင်လည်း ကြောက်စိတ်ကလေး ပျောက်သွားပြီး သွေးကြွလာဟန် တူပါတော့သည်။

''ဟဲ့ အကောင် ...သတ်ပါတော့လားဟဲ့''

အသံပြာလဲ့လဲ့လေးနှင့် အော်ဟစ်ကာ အားပေးနေမိပါပြီ။

ပွဲစဉ်တွေက တစ်ပွဲပြီးတစ်ပွဲ ကြမ်းလာသလို ကြယ်စင်၏ အမူအရာတွေလည်း နွဲ့နွဲ့လေးနှင့် လှုပ်ယမ်းလာနေပါပြီ။

''ဟဲ့ အကောင် ...နင့်ကို ဒီလောက်လုပ်နေတာ ခံမနေနဲ့ဟဲ့ ...ပြန်ထိုးပါလားဟဲ့''

ခြေမြှောက်လက်မြှောက်နှင့် အားပါပါ အော်ဟစ်အား



www.burmeseclassic.com

www.burmeseclassic.com



ပေးနေသော ကြယ်စင့်ကိုကြည့်ကာ ရှင်ငြိမ်းမယ်မှာ ဝမ်းပဲသာရမလိုလို၊ အံ့ပဲဩရမလိုလို။

ကြယ်စင်၏ရှေ့တည့်တည့်ခုံတွင် ထိုင်နေသော ဦးလေးကြီးက နောက်ကိုလှည့်ကြည့်ပြီး ...

"ဟဲ့ ကလေးမတို့ ... ဖြည်းဖြည်းအားပေးကြပါကွယ်၊ မင်းတို့လုပ်တာကို ရှောင်နေရတာနဲ့ အန်ကယ့်မှာ ရှေ့ကို မကြည့်ရတော့ဘူး"

တကယ်လည်း ကြယ်စင်က စင်ပေါ်မှ လက်ဝှေ့သမားတွေ ထိုးသလို ခြေနှင့်လက်ကို လိုက်လုပ်နေသဖြင့် ထိုဦးလေးကြီးခမျာ ဒုက္ခရောက်နေပုံရသည်။

"အို ... ဆောရီး ဆောရီး အန်ကယ်"

ကြယ်စင်က သွားအဖြီးသားလေးနှင့် တောင်းပန်ပြီး ခဏပဲ ကိုယ်ဟန်ကို ထိန်းနိုင်ပါသည်။

စင်ပေါ်က ပွဲကြမ်းလာသည်နှင့်အမျှ ကြယ်စင့်ခမျာ ပါးစပ်ရော, ခြေရော, လက်ရော မထိန်းနိုင်တော့ပါဘူး။

"ဟဲ့ ... လုပ်ကြလေ ... ထိုးကြပါဟဲ့"

"ဟဲ့ ... ထိုးပါဆိုနေ ညံ့လိုက်တာ ... ညံ့လိုက်တာဟယ်၊ ဟောဒီလို ... ဟောဒီလို ထိုးရတယ်ဟဲ့"

ကြယ်စင်က အားပါပါနှင့် ထိုးပြလိုက်သည်။

'ဘုန်း .. ဘုန်း'





"အမလေးဗျာ ... လုပ်ကြပါဦးဗျ"

'ဝုန်း'

ရှေ့မှ ဦးလေးကြီးမှာ ပြင်းထန်စွာ အထိုးခံလိုက်ရပြီး ခုံရော,လူရော ရှေ့သို့ ဟပ်ထိုးလဲကျသွားပါတော့သည်။

"ဟယ် ... အန်ကယ်ကြီး"

"ကြယ် ... ကြယ် ... ဘယ်လိုလုပ်လိုက်တာလဲ"

ဘယ်လိုမှ ပြဿနာကို မတားဆီးနိုင်တော့ပါဘူး။

ပရိသတ်တွေအားလုံးရဲ့အကြည့်တွေက စင်ပေါ်သို့ မရောက်တော့ဘဲ ကြယ်စင်တို့ရှိရာဆီသို့သာပေါ့။

လက်ဝှေ့ပွဲမှာဖြစ်ခဲ့သမျှကို ကြယ်စင်နှင့်ရှင်ငြိမ်းမယ်တို့ ပြောပြသမျှကို နှာခေါင်းရှင်း မမရာသက်ပန်မှာ ရယ်လိုက်တာ မျက်ရည်လေးများတောင် ဆို့မိပါရဲ့။

"မမရယ် ... ကြယ့်ကိုယ်ကြယ်တောင် အံ့ဩမိပါရဲ့၊ မကြည့်ရဲ့,ကြည့်ရဲနဲ့ မယ်လေးကို အားနာပြီး ကြည့်ပေးမိတာ ဘယ်ကဘယ်လို အားတွေပါသွားမှန်းတောင် မသိပါဘူး မမရယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ် မမ . . . ကျွန်မလည်း ကြယ့်ကို အံ့သြပြီး ကြည့်နေမိတာ၊ ရှေ့က အန်ကယ်ကြီးကလည်း ရှောင်ပေးရလွန်းလို့ နောက်လှည့်ပြီးတောင် ကြယ့်ကို တားသေးတာရယ် . . .၊

စင်ပေါ်က ထိုးတဲ့ကောင်နှစ်ယောက်က အသည်းယားအောင် ထိုးနေကြတာကိုးလို့၊ ကြာတော့ ကြယ်လည်း မနေနိုင်တော့ဘဲ ဒီလိုထိုးရတယ်ဟဲ့ . . . ဒီလိုထိုးရတယ်ဟဲ့လို့ အော်ပြီး ထိုးပြလိုက်တာ အန်ကယ်ကြီးနောက်စေ့ကို ကွက်တိပဲ မမရယ်၊ ဝုန်းခနဲကို လဲကိုက်ျသွားရော''

''ဒါနဲ့ပဲ လုံခြုံရေးရုံးခန်းကို ရောက်သွားရတာပေါ့ . . . ဟုတ်လား ကြယ်၊ မင်းတို့ ဘယ်လိုဖြေရှင်းပြီး ထွက်လာကြတာလဲ၊ မမဆီကို ဖုန်းဆက်လိုက်တာမဟုတ်ဘူး''

''အဲဒီအန်ကယ်ကြီးကို ငိုပြပြီး တောင်းပန်ရတာပေါ့ မမရဲ့၊ ကြယ်က ချွဲပြတဲ့နေရာမှာ စပါယ်ရှယ်ဝမ်းပဲဥစ္စာလို့ . . . သိတယ်မို့လား''

ကြယ်စင်က ကြွားပြကာ အမူပိုနေပေမယ့် ရှင်ငြိမ်းမယ်တော့ အမှန်ကိုပဲ ဖွင့်ပြောပြရပါတယ်။

''ထိုးမိတာ နည်းနည်းလေးပေမယ့် ရှေ့ကိုလဲကျပြီး ဒူးလေး ဘာလေး ပွန်းပဲ့သွားတော့ ဆေးဖိုးဆိုပြီး ကန်တော့ပါတယ်အန်ကယ်ရယ်ဆိုမှ ကျေနပ်သွားတာပါ မမ၊ လုံခြုံရေးအဖွဲ့ကိုလည်း ကျွန်မတို့ဘက်က ကူညီပေးရအောင် လက်ဖက်ရည်ဖိုး





လည်း ပေးထားရတာရယ်''

''ဟုတ်လား . . . ကြယ်ကတော့လေ တကယ်စွမ်းတာပဲလို့ မမက ထင်နေတာ''

မမရာသက်ပန်က ရယ်ရယ်မောမောလေး ပြောလိုက်တော့ ကြယ်စင်က စိတ်ကောက်ပြပါတော့သည်။

''အံမယ် . . . မမက ကြယ့်ကို ရယ်တာပေါ့လေ . . . တော်ပြီ တော်ပြီ . . . မမကို မခေါ်တော့ဘူး၊ စကားလည်း မပြောတော့ဘူး။ လာ မယ်လေး . . . ပြန်မယ်လို့''

ရှင်ငြိမ်းမယ်လက်ကို အတင်းဆွဲခေါ်ပါတော့သည်။

''မမ . . . နောက်မှတွေ့မယ်နော်''

''အေး အေး . . . ကျေးဇူးတကယ်တင်တယ်နော် ညီမ''

နှစ်ယောက်သားသာ သိနိုင်သော စကားတွေကိုဆိုရင်း ကြယ်စင့်နောက်ကို ရှင်ငြိမ်းမယ် လိုက်သွားရပါတော့သည်။

နောက်တစ်နေ့ကျမှပဲ မမရာသက်ပန်နှင့် ပြန်ဆုံခွင့်ရသည်။

''လာ ညီမလေး . . . မမတို့ အပြင်မှာ တစ်ခုခုသွားစားကြရင်း စကားပြောကြရအောင်''

''ကြယ်ရော . . . မမ''

''ကြယ့်ကို ဆီဒိုးနားမှာလုပ်မယ့် မော်ဒယ်ရှိုးအတွက် ဦးစီးဖို့ လွှတ်လိုက်တယ်၊ ညနေတောင် ပြန်ရောက်နိုင်မှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ လာ . . . ကားပေါ်တက် ညီမ''

ရုပ်ရှင်, ဗွီဒီယိုတွေထဲမှာသာ တွေ့ဖူးသော ကော်ဖီဆိုင် လှလှလေးထဲကို မမရာသက်ပန်ကျေးဇူးနှင့် ရှင်ငြိမ်းမယ် ရောက်ဖူးရပါပြီ။ အစားအသောက်တွေ မှာပြီးသည်နှင့် . . .

''ရော့ . . . မမ''

''ရော့ . . . ညီမလေး''

တိုင်ပင်မထားဘဲ တိုက်ဆိုင်သွားပါသည်။

မမရာသက်ပန်လက်ထဲမှာက နောက်ထပ်လက်မှတ် နှစ်စောင်။ ရှင်ငြိမ်းမယ်လက်ထဲမှာက ငါးထောင်တန်လေးနှစ်ရွက်။

''ဟင် . . . အဲဒါဘာလဲ ညီမ''

''ဟိုနေ့က လက်ဖွေ့ပွဲသွားကြည့်တော့ လက်မှတ်ကို ကျွန်မက ဝယ်ပေးတယ်ထင်လို့ ကြယ်က လက်မှတ်ဖိုးပြန်ပေးလို့ပါ''

''ဟုတ်လား . . . ဒါဆိုလည်း ညီမပဲ ယူလိုက်ပါကွယ်၊ မမကို ပြန်ပေးစရာမလိုပါဘူး''

''ဟင့်အင်း . . . မမရဲ့ကျေးဇူးတွေက များလှပါပြီ၊ ဟိုနေ့ကလည်း မမပေးလိုက်တဲ့ပိုက်ဆံက နှစ်သိန်းတောင် အများကြီးပဲ၊ ကျွန်မက ဘာမှမလုပ်ပေးနိုင်သေးဘဲနဲ့ ယူထားရတာ အားနာလိုက်တာ မမရယ်''

''ဘယ့်နှယ် . . . မလုပ်ပေးနိုင်ရမှာလဲ ညီမရယ်၊ ဒီ





လောက် မောင်လေးက စိတ်ကလေး ပြောင်းလာတာ ညီမကျေးဇူးပေါ့၊ မမက ဒီထက်မကတောင် ပေးချင်သေးတာ၊ ညီမ တစ်မျိုးထင်မှာစိုးလို့၊ ကဲ . . . ဒီပိုက်ဆံကိုတော့ မောင်လေးက ညီမကို မုန့်ဖိုးပေးတယ်လို့ပဲ သဘောထားပြီး ယူလိုက်ပါကွယ်''

မမရာသက်ပန်က မရမကပြောနေတော့ ရှင်ငြိမ်းမယ်လည်း ငြင်းပယ်ရန် ခက်ရပါပြီ။

''အဲဒီလက်မှတ်တွေက ဘာလဲမမ''

''ဒီလက်မှတ်တွေကလေ မမ ငွေအပ်တဲ့ကမ္ဘောဇဘဏ်က မေတ္တာလက်မှတ်''

''ရှိုးပွဲလား မမ၊ ကြယ်နဲ့ သွားကြည့်ရမှာလား''

''ရှိုးပွဲမဟုတ်ပါဘူးကွယ်၊ ဘောလုံးပွဲလက်မှတ်ပါ၊ ဒီညနေ သူတို့အသင်းနဲ့ ရန်ကုန်ယူနိုက်တက်ရှိတယ်လေ၊ အဲဒါ ကြယ့်ကိုခေါ်ပြီး သွားကြည့်ပေးပါလား''

''ရှင် . . . ဖြစ် . . . ဖြစ်ပါ့မလား မမ''

ရှင်ငြိမ်းမယ် မျက်နှာလေး တကယ်ထိတ်လန့်သွားရသည်။

''ဘာဖြစ်လို့လဲ ညီမလေး''

''လက်ဖွေ့ပွဲတုန်းက လက်နဲ့ထိုးလို့သာ တစ်ဖက်လူကို တောင်းပန်လို့ရတာနော် မမ၊ ဘောလုံးပွဲမှာဆိုရင် ကြယ်က အားပါပြီး ခြေထောက်နဲ့ ကန်မိလို့ကတော့ အကန်ခံရတဲ့သူကို



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်လို့ ရမှရပ့ါမလားလို့''

ရှင်ငြိမ်းမယ် ရှင်းပြမှ မမရာသက်ပန်ကလည်း တွေးမိသွားပုံရသည်။

''ဟုတ်ပ့ါကွယ် ... မမက အဲ့ဒါကို မတွေးမိဘူး၊ မောင်လေးရဲ့အိပ်ခန်းထဲမှာ ဘောလုံးသမားပုံဝေါလ်ရှီတွေကပ်ထားလို့ ဒီအိုင်ဒီယာ ရတာ၊ ဘဏ်ကလည်း လက်မှတ်တွေ ဆယ်စောင်တောင် မေတ္တာလက်ဆောင်ပေးတာမို့ ယူလာခဲ့တာ''

ရှင်ငြိမ်းမယ်ကတော့ ဘောလုံးပွဲမှာ ကွိုင်တက်နေပုံကို အတွေးနှင့် ပုံဖော်ကြည့်ရင်း ...

''ဟုတ်ပြီ မမ ... ဒီလိုလုပ်ရင် ကောင်းမလားမသိဘူး''

''ဟင် ... ညီမမှာ အိုင်ဒီယာရှိလို့လား ... ပြောပြစမ်းပါဦး''

''ဒီလိုပါမမ ... အပြင်မှာ သူစိမ်းတွေ ကွိုင်တက်ပြီး ဖြေရှင်းရ, တောင်းပန်ရ, ရုံးရောက်ရ, ဂါတ်ရောက်ရ ဖြစ်ရမှာထက်စာရင် ရုပ်ရှင်တွေထဲကလို လူငှားပြီး ရန်ပွဲအတု ဖန်တီးပေးရင် ကောင်းမလားလို့ပါ မမ''

မမရာသက်ပန်က ခေါင်းကလေးငုံ့၍ စဉ်းစားသည်။

''အင်း ... ညီမလေးပြောတာ မဆိုးဘူး၊ ရန်ပွဲအတုလေးတွေ ခဏခဏလုပ်ပေးရင် မောင်လေးစိတ်တွေ ပိုပြီးရဲရင့်လာမှာ''





''ဒါဆို ကျွန်မ အဲ့ဒါကို ဖြစ်အောင်စီစဉ်လိုက်မယ်နော် မမ''

''ဟင် ... လူဆိုးအတုလုပ်မယ့် ချာတိတ်တွေကို ရှာရဦးမှာလေ ညီမရဲ့''

''လူဆိုးလုပ်မယ့် ချာတိတ်တွေအတွက်တော့ မပူနဲ့မမ၊ ကျွန်မတို့ရပ်ကွက်ထဲမှာ ပျံကျလုပ်စားနေကြတဲ့ ချာတိတ်တွေ အများကြီးရယ်၊ ဘာမှမလုပ်ဘဲ ဟန်ဆောင်ပြရုံနဲ့ ပိုက်ဆံတွေ အများကြီး ရမယ်ဆို လာထားဆိုတဲ့ ချာတိတ်တွေချည်းပဲ''

ပိုက်ဆံဆို၍ မမရာသက်ပန်က ...

''ပိုက်ဆံက ဘယ်လောက်တောင် ပေးရမှာလဲ ညီမလေး၊ မမက နှမြောလို့မေးတာ မဟုတ်ဘူးနော်၊ တွက်ကြည့်ချင်ရုံလေး မေးကြည့်တာ''

''သူတို့က ပန်းရံတို့, လက်သမားတို့ နေ့စားလိုက်ကြတဲ့သူတွေလေ၊ တစ်နေ့ကို သုံးထောင်လောက်ပဲ ရကြတာ၊ အဲ့ဒါ နှစ်ဆလောက်ပေးလိုက်ရင် က,တောင် လုပ်ပေးကြမှာ''

''နှစ်ဆ လုပ်မနေပါနဲ့ ညီမရယ်၊ သူတို့သာ ပီပြင်အောင် သရုပ်ဆောင်နိုင်ရင် တစ်ယောက်တစ်သောင်း ပေးလိုက်ပါ ... ဟုတ်ပေါ့ ညီမလေး''

ချစ်သောမောင်လေးကို ကျားကျားယားယား၊ ရဲရဲဝံ့ဝံ့ဖြစ်လာစေဖို့ မမရာသက်ပန်မှာ မျှော်လင့်သောစိတ်ဖြင့် တက်ကြွ



www.burmeseclassic.com

www.burmeseclassic.com



မှုတွေ ဒီရေအလား ဖြစ်ရပြီ။

စီစဉ်စရာလေးတွေ စီစဉ်ပြီးသောနေ့ကလေးမှာတော့ ..

"ကြယ် ... ဘောလုံးပွဲ ကြိုက်လား"

"ဟင့်အင်း ... မကြိုက်ပေါင်၊ အလုံးတစ်လုံးကို လူတွေ ဝိုင်းပြီး ခြေထောက်တွေနဲ့ လုကြ၊ကန်ကြ ရှုပ်ယှက်ခတ်နေတာပဲလို့ ... ဘာရသမှ မရှိဘူး"

"ရသရှိရအောင် အနုပညာမှ မဟုတ်တာဘဲ ကြယ်ရယ် ... အားကစားပဲဥစ္စာ၊ အဲ့ဒါနဲ့ ဘာဖြစ်လို့ ကြယ်ရဲ့အခန်းထဲမှာ ဘောလုံးသမားပုံတွေ ကပ်ထားတာလဲ၊ မကြိုက်ဘူးလည်း ပြောသေးတယ်"

"ဟင် ... ကြယ်ရဲ့အခန်းထဲမှာ ပုံတွေကပ်ထားတာ မယ်လေး ဘယ်လိုသိတာလဲလို့ ... ပြောစမ်း ပြောစမ်း"

"မမရာသက်ပန် ပြောတာလေ၊ ကဲ ... ကျွန်မမေးတာ ဖြေပါဦး"

"ဒီကရဲ့အခန်းထဲမှာ ကပ်ထားတာက ဒေးဗစ်ဘက်ခမ်းနဲ့ စီရော်နယ်ဒိုပုံတွေပါ မယ်လေးရယ်၊ သူတို့ ဘောလုံးကစားတာ





ကြိုက်လို့ ကပ်ထားတာမဟုတ်ပါဘူး ... စတိုင်လ်မိုက်လို့ ... စတိုင်လ်မိုက်လို့"

"ဟင် ... ဘောလုံးသမားတွေက စတိုင်လ်မိုက်တယ် ... ဟုတ်လား ကြယ်"

"အင်း ... မိုက်တယ်၊ ဦးဦးဒေးဗစ်ဘက်ခမ်းဆိုရင် အသက်သာကြီးသွားတာ ... ဟဲယားစတိုင်လ်ကို အခုထိ မရိုးအောင် ထွင်နိုင်တုန်းရယ်"

"ဘောလုံးသမားက ဆံပင်စတိုင်လ်ထွင်တယ်"

ရှင်ဦးမြိမ်းမယ်က တအံ့တသြလေး ပြောမိတော့ ...

"ဟင် ... မယ်လေးကလည်း ညံ့ပါ့တော် ညံ့ပါ့၊ ဆံပင်မိတ်ကပ် ဖက်ရှင်လောကထဲလည်း ရောက်နေပြီ၊ ဒီနေ့ခေတ် ဘယ်သူက ဘယ်လိုစတိုင်လ်ထွင်တယ်, ဘယ်သူက ဘယ်လို ဖက်ရှင်ထုတ်တယ်ဆိုတာ လေ့လာနေရမှာကို၊ ဒေးဗစ်ဘက်ခမ်းကို မသိဘူးလားလို့"

"မသိလို့ပါ ကြယ်ရယ် ... ပြောစမ်းပါဦး ကျွန်မ မှတ်ထားရအောင်လို့"

"မှတ်ထားနော် ... ဦးဦးဒေးဗစ်ဘက်ခမ်းက ဆံပင်စတိုင်ယ်အသစ်ထွင်တဲ့နေရာမှာ စပါယ်ရှယ်ဝမ်းပဲ၊ တစ်နှစ်ကို စတိုင်လ်တစ်မျိုးပြောင်းတာ၊ သူပြောင်းလိုက်တဲ့ ဆံပင်ပုံစံကိုလည်း တစ်ကမ္ဘာလုံးက ချာတိတ်တွေက အရူးအမူး လိုက်ထား



www.burmeseclassic.com

www.burmeseclassic.com



ကြတာရှင့် . . . သိရဲ့လား . . . သိရဲ့လား မယ်လေးရဲ့''

''ဩော် . . . ဩော် . . . ဟုတ်လား''

''ဟုတ်ပ့ါ ဟုတ်ပ့ါ . . . စီရော်နယ်ဒိုကလည်း ဦးဦးဒေး ဗစ်ဘက်ခမ်းလိုပဲ''

ဒီနေရာမှာတော့ ရှင်ငြိမ်းမယ် စကားစပ်ကိုဖြတ်ဖို့ ပြင်ရပါပြီ။ ချိန်းထားသောအချိန်ကို ရောက်တော့ပါမည်။ တိုင်ပင်လွဲလျှင် ကီးပျက်သွားနိုင်သည်။

''အယ် . . . ကြည့်ပါဦး စကားကောင်းနေတာနဲ့ မမရာသက်ပန်နိုင်းထားတာ မေးသွားတယ် . . . လာ လာ ကြယ် . . . ကျွန်မတို့ နောက်ကျနေပြီ''

ရှင်ငြိမ်းမယ်က ကြယ်စင့်လက်ကို အတင်းဆွဲကာ ခေါ်ထုတ်ခဲ့သည်။

''အို . . . ဘာတွေနောက်ကျတာတုန်း မယ်လေးရဲ့ ကြယ့်ကို ပြောပါဦး''

''မမရာသက်ပန်က ကြယ်နဲ့ကျွန်မကို နေ့လယ်စာကျွေး မလို့တဲ့၊ မနက်ကတည်းက မှာသွားတာ၊ ကျွန်မ မေ့သွားလို့ လာ လာ . . . မမရာသက်ပန်က စောင့်နေရလို့ စိတ်ဆိုးနေပြီလား မသိ''

''နောက်ကျနေရင် ကားနဲ့သွားမယ်လေ မယ်လေးရဲ့''

''ဒီလမ်းက ကားတွေ အမြဲကျပ်နေတာဥစ္စာ၊ ကားနဲ့





သွားရင် လမ်းရှင်းအောင် စောင့်ရတာနဲ့ ကြာနေမှာ၊ ပြီးတော့ ဆိုင်ကလည်း နှစ်လမ်းပဲခြားတာဥစ္စာ၊ ခြေလျင်သွားတာမှ မြန်မြန်ရောက်မှာ''

''ပြီးရော . . . ပြီးရော''

ရှင်ငြိမ်းမယ်ဆွဲခေါ်ရာနောက်ကို ကြယ်စင်ကလည်း လေဒီရှူးသံလေး တခွပ်ခွပ်ပေးကာ လိုက်သွားရပါလေရဲ့။

ရှေ့က လမ်းကြားထဲကို ဝင်သည်နှင့် ဓာတ်ဝင်ခန်းက စတင်လာပါပြီ။

'ရှစ် . . ရှစ် . .'

''ဟော့ . . . ရှေ့က အသည်းလေးတွေ''

''အို . . . မယ်လေး . . . နောက်မှာ နောက်မှာ''

ကြယ်စင်က ကြောက်ရွံ့ပုံဖြင့် ရှင်ငြိမ်းမယ်အနားကို အတင်းတိုးကပ်လာသည်။

''ကြယ်ကလည်း မကြောက်စမ်းပါနဲ့၊ ကျွန်မတို့က ကာရာတေး သင်ထားတာလေ''

''ကာရာတေးက ကာရာတေး . . . အပြင်က အပြင်ပဲ မယ်လေးရဲ့၊ နောက်ကို လှည့်ကြည့်ပါဦးလို့ . . . ဟွန့် ဟွန့်''

ကြယ်စင်က လက်ကို အတွင်းဆွဲပြီး နောက်ကို လှည့်ကြည့်နိုင်းသည်။ ရှင်ငြိမ်းမယ်လည်း ခပ်တည်တည်နှင့် လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရယ်ချင်စိတ်တွေကို အမြန်မျိုချပစ်လိုက်ရသည်။

စိတ်လည်း တော်တော်ပျက်သွားမိသည်။

အရပ်ထဲကကောင်တွေ လုပ်လိုက်ရင် ဒီလို တလွဲတွေချည်းပါပဲ။

ရိုးရိုးလေးပဲ ဟန်ဆောင်နှောင့်ယှက်ပေးကြဖို့ ပြောထားတာကို ဝတ်လာကြတဲ့ပုံတွေကိုက ကြည့်။

ဗွီဒီယိုဇာတ်ကားတွေ အကြည့်များပြီး ဗွီဒီယိုထဲက လူကြမ်းတွေအတိုင်း ဝတ်စားလာကြပါလေရဲ့။

"ဟေ့ အသည်းလေးတွေ ... ငါတို့နဲ့ လိုက်ခဲ့"

"ဟေ့ကောင်တွေ ဒီကောင်မလေးတွေကို ဖမ်းခဲ့စမ်း၊ ညောင်ညိုစခန်းမှာ ပွဲကြမ်းကြမယ်ဟေ့၊ ငါ့နာမည် သာဒင်တဲ့ ... ဘာထင်သလဲ ... ဟား ဟား ဟား"

ဒီလို ဗွီဒီယိုရှူးချာတိတ်တွေနှင့်တော့ ခက်နေပါပြီ။

"ဒုက္ခပါပဲ"

အပြင်မှာ တကယ်ရှိသော ဇရတ်ကောင်လေးတွေအတိုင်း လုပ်နိုင်းတာ အားလုံး တလွဲတွေချည်းပဲ ဖြစ်နေသည်။

ရှင်ငြိမ်းမယ်ကသာ စိတ်ပျက်နေသည်။ ကြယ်စင်ကတော့ တကယ့်လူဆိုးတွေထင်ပြီး အသည်းတုန်အူတုန် ကြောက်နေရှာပါသည်။





"မယ် ... မယ်လေး ... ကြယ်တို့တော့ ဒုက္ခရောက်ပြီ၊ ကြယ့်ကို ပစ်မပြေးပါနဲ့နော်"

"မကြောက်ပါနဲ့ ကြယ်ရယ်၊ ကာရာတေးသင်ထားတာ ဘာလုပ်ဖို့လဲ၊ လာစမ်းပါ ... အဲဒီကောင်တွေကို ကျွန်မတို့ ပြန်ဖိုက်ကြမယ်"

"ကြောက် ... ကြောက်တယ်လို့၊ သူ ... သူတို့က တကယ့်လူဆိုးကြီးတွေ၊ ကြည့်ပါလား ... ဂျင်နီတို့လို မဟုတ်ဘူး၊ ကြယ်တော့ ကြောက်တယ် ... ကြောက်တယ်"

ကြယ်စင်က ခေါင်းကိုဝှက်ကာ ရှင်ငြိမ်းမယ်နောက်ကို အတင်းဝင်ပုန်းပါတော့သည်။

လူဆိုးဟန်ဆောင်ထားသော ချာတိတ်က ရှင်ငြိမ်းမယ်ဆီကို ဘာဆက်လုပ်ရမလဲဟု အရိပ်အကဲပြကာ မေးသည်။

ရှင်ငြိမ်းမယ်က အစီအစဉ်အတိုင်း ဆက်လုပ်ဖို့ အချက်ပြကာ ...

"ရှင်တို့ ဘယ်သူတွေလဲ၊ ကျွန်မတို့ကို မနှောင့်ယှက်ပါနဲ့"

"ဟား ဟား ဟား ... အသည်းလေးတွေ မကြောက်ကြပါနဲ့ကွယ်၊ ကိုကြီးတို့က ချစ်လို့ပါ"

"ဟုတ်တယ် ဟုတ်တယ် ... တို့နဲ့ ချစ်တမ်းကစားကြရအောင်နော် ... ဟီး ဟီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးအတု ချာတိတ်တွေက ဗွီဒီယိုတွေထဲကအတိုင်း တစ်သဝေမတိမ်း ရှင်ငြိမ်းမယ်တို့လက်ကို ဝင်ဆွဲခေါ်ကြပါတော့သည်။

"ကျွန်မတို့ကို ဒီလိုလာစမ်းလို့မရဘူး၊ ကြယ် . . . ပြန်ချ . . . ပြန်ချ . . . ယား"

'ဖောင်း'

"အား"

ချာတိတ်တစ်ယောက်ကို တိုင်ပင်ထားသည့်အတိုင်း ပြန်ထိုးပြလိုက်သည်။

လူဆိုးချာတိတ်က အသံနက်ကြီးနဲ့အော်ကာ လွင့်စဉ်လဲကျသွားတဲ့ပုံ ဟန်ဆောင်ပြလိုက်သည်။

"မယ်လေး . . . ကြယ့်ကို ကယ်ပါဦး . . . ကြယ့်ကို ကယ်ပါဦး"

"ပြန်ချလေ ကြယ်ရဲ့ . . . ပြန်ချ . . . ပြန်ချ"

ရှင်ငြိမ်းမယ်က ကြယ်စင်ကို သတ္တိတွေ ပြန်ဝင်အောင် ရှေ့ကနေ အော်လည်းအော်၊ ဖိုက်လည်း ဖိုက်ပြနေရသည်။

"သေကြစမ်း . . . ယား . . . ယိစ်"

"အား . . . အု"

လူဆိုးအတု ချာတိတ်တွေကလည်း မထိုးခင်ကပင် ဟန်ဆောင်ကာ အမြန်လဲကျပြနေကြပါသည်။





ကြယ်စင့်လက်ကို ဆွဲထားသော လူဆိုးတုတစ်ယောက်နှင့် ဝိုင်းထားသော လူဆိုးတုနှစ်ယောက်သာ ကျန်တော့သည်။

"ကြယ် . . . ပြန်ချလေ ပြန်ချ၊ ဒီမှာ ကျွန်မချတာ သုံးယောက် မှောက်နေပြီ"

"ဟင့်အင်း . . . ကြယ်ကြောက်တယ်၊ ကြယ်ကြောက်တယ်"

"မကြောက်နဲ့ . . . ပြန်ချ ပြန်ချ၊ ကျွန်မတို့ သင်ထားတဲ့ ကာရာတေးကွက်တွေက အရမ်းစွမ်းတယ် ပြန်ချ"

ကြယ်စင့်လက်ကို ဆွဲထားသော လူဆိုးကလည်း လက်ကို အသာဖြေလျှော့ပေးပြီး ကြယ်စင့်အထိုးကို မျက်နှာကြီးထိုးပေး၍ စောင့်နေပါသည်။

အထိုးခံဖို့ စောင့်နေမှာပေါ့။ ကြယ်စင်က ပြန်ထိုး၍ အထိခံရလျှင် တစ်ချက်ကို တစ်သောင်း အပိုဆုကြေးရမည်ဟု မမံရာသက်ပန်က ကြေညာထားသည်လေ။

လူဆိုးတုလက်က လွတ်သည်နှင့် ကြယ်စင်က တစ်ကိုယ်လုံး အားအင်တွေကို စုစည်းလိုက်ပြီး . . .

"ဟောဒီမှာ လာကြပါဦးရှင့် . . . ကျွန်မတို့ကို လူဆိုးတွေ နှောင့်ယှက်နေလို့ . . . ကယ်ကြပါဦး . . . ကယ်ကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



''ဟာ''

''ဟင်''

ကြယ်စင်ရဲ့ရုတ်တရက် လုပ်ပေါက်ကြောင့် ရှင်ငြိမ်းမယ်သာမက လူဆိုးတု ချာတိတ်တွေလည်း လန့်သွားရပြီး ပတ်ဝန်းကျင်ကို အမြန်လှည့်ကြည့်ကြရသည်။

''ဟေး ... တို့လမ်းထဲမှာ လာနှောင့်ယှက်ရဲတဲ့ကောင်တွေ မလွတ်စေနဲ့ ... ဖမ်းကြဟေ့ ဖမ်းကြ''

''ဟုတ်တယ် ... မိန်းကလေးတွေကို စော်ကားတဲ့ကောင်တွေ ဆော်ပစ် ... ဆော်ပစ်''

လမ်းထဲမှာနေထိုင်ကြသော လူတွေက တုတ်တွေကိုင်ပြီး ပြေးလာကြသည်မို့ ...

''အမလေး ... ကျွန်တော်တို့တော့ ဘဝပျက်ပါပြီဗျ၊ ပြေးပြီ မမရေ ... နောက်မှရှင်းမယ်၊ ဟေ့ကောင်တွေ ... ထ ထ ... အမြန်ပြေးမှ လွတ်မယ်ဟ ... ပြေးကြ ပြေးကြ''

လူဆိုးတု ချာတိတ်ကလေးတွေ လွတ်မည်ထင်တဲ့လမ်းအတိုင်း ထွက်ပြေးလိုက်ကြတာ တစ်ဟုန်ထိုးပါပဲ။

ရှင်ငြိမ်းမယ်ကတော့ စိတ်လည်းပျက်၊ လက်မှိုင်လည်းချကာ ငိုင်ထွေကျသွားပေမယ့် ကြယ်စင်ကတော့ ...

''အဲဒါ ... ကြယ်တဲ့ဟေ့ မှတ်ထားလို့ ... မှတ်ထား''





ဖြစ်ခဲ့သမျှတွေက တစ်ခုမှအဆင်မပြေ။

အလဲလွဲအချော်ချော်တွေချည်းပဲ။ ကြုံခဲ့ရသည်မို့ မမရာသက်ပန်နှင့်အတူ ရှင်ငြိမ်းမယ်လည်း ပင့်သက်မောကိုယ်စီချမိကြပါရဲ့။

''ချာတိတ်တွေကလည်း တစ်ခါတည်းနဲ့ လန့်သွားပြီတဲ့၊ နောက်ဆိုရင် ဘယ်လောက်ပေးခေါ်ခေါ် မလိုက်ရဲတော့ဘူးတဲ့၊ မှုခင်းဂျာနယ်ထဲမှာ သူတို့မပါချင်ဘူးတဲ့၊ တကယ်မဟုတ်ဘဲနဲ့ နာမည်အပျက်မခံရဲပါဘူးတဲ့''

''အင်း ... မမတို့က ဖြစ်ချင်ဇာတ်တွေ အရမ်းကို လောနေမိကြတာပဲ၊ ရှေးလူကြီးတွေစကားရှိတယ် မဟုတ်လား ... ခုရေတွင်းတူးပြီး ခု ရေကြည်သောက်ချင်လို့ မရဘူးတဲ့ ... သိပ်မှန်တာပဲကွယ်''

''ဒါဆို ညီမတို့ ဘာဆက်လုပ်ရမှာလဲ မမ''

''အချိန်ပေးပြီး ဆက်လုပ်စရာရှိတာ ဆက်လုပ်ရမှာပေါ့၊ ညီမလေးကို မမ တောင်းဆိုပါရစေနော်''

''ဘာလဲဟင် မမ''

''ညီမလေးက စိတ်လုံးဝမပျက်ဘဲ မောင်လေးကို ဘဝမှန်ရောက်သည်အထိ စိတ်ရှည်ရှည်နဲ့ ဆက်ပြီးကူညီပေးပါဖို့



www.burmeseclassic.com

www.burmeseclassic.com



မမ အနူးအညွတ်တောင်းဆိုပါရစေကွယ်''

''အို ...မမကလည်း အဲဒီလောက်ကြီး ပြောနေစရာ မလိုပါဘူး မမရယ်၊ မမတို့ကျေးဇူးက ဒီလောက်ကြီးတာကို ကျွန်မက မမ,မတောင်းဆိုလည်း ကြယ့်ကို ဘဝမှန်ဖြစ်ရအောင် ဆက်ကူညီသွားမှာပါ မမ''

''ကျေးဇူးတင်ပါတယ် ညီမလေးရယ်''

မမရာသက်ပန် မတောင်းဆိုခဲ့ရင်လည်း ရှင်ငြိမ်းမယ်က ကြယ်စင့်ကို အိပ်မက်ကမ္ဘာထဲကလို တာရာဆိုသော ရွှေမင်းသား လေးအသွင် အမြဲမြင်ချင်နေသော သူရယ်ပါ။

ထိုဆန္ဒလေးကြောင့် ကြယ်စင်ကို ယောကျ်ားလေးစစ် စစ်ကေန်ဖြစ်သည်အထိ စောင့်မျှော်နေမည့်သူဟာ ရှင်ငြိမ်းမယ် ပါပဲ။

ရှင်ငြိမ်းမယ်ရဲ့အချစ် ...
ရှင်ငြိမ်းမယ်ရဲ့နှလုံးသားဟာ ...
ကြယ်စင်ထံပေးအပ်ဖို့ မွေးဖွားလာခဲ့တယ်ဆိုတာ ...
ကြယ်စင်သိစေတဲ့အထိပေါ့။

## အခန်း (၅)

ဒီလိုနှင့်ပင် ကြယ်နှင့်မယ်တို့၏ သံယောဇဉ်ကြိုးတစ်စ က ပို၍ခိုင်မာသထက် ခိုင်မာလို့လာပါသည်။

အခိုင်အမာတည်ဆောက်ထားတဲ့ အရိုးရှင်းဆုံး သံယော ဇဉ်ကမ္ဘာလေးထဲသို့ "**နေနေ**"ဆိုသော ယောကျ်ားပျိုတစ်ယောက် ကို ကြယ်သည် တစ်ခုသောညနေခင်းလေးတွင် မယ့်ထံသို့ ခေါ် ဆောင်လာခဲ့ပါသည်။

ထိုနေ့က မယ်သည် Model Show ပွဲတစ်ခုအတွက် မယ်တို့ကုမ္ပဏီမှ မိတ်ကပ်နှင့် အဝတ်အစားဒီဇိုင်းကို တာဝန်ယူ ပေးရသဖြင့် မယ်သည် ကြယ်၏တာဝန်ပေးချက်အရ ပျားပန်း ခပ်လောက်အောင် အလုပ်တွေရှုပ်နေရပါသည်။

မယ်၏အစွမ်းနှင့် ဉာဏ်ရည်ဉာဏ်သွေးကို သိလိုသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြယ်သည် ထိုပွဲအတွက် ဘာမှဝင်ကူခြင်း မရှိပေ။

မယ်ရဲ့ ထက်မြက်မှုအရည်အသွေးကို စာမေးပွဲစစ်သလို စစ်သော ပွဲဖြစ်သလို ModelShow ပွဲ စီစဉ်သူတစ်ယောက် အနေနဲ့ ပထမဆုံး ပွဲဦးဆောင်နိုင်းခြင်းလည်း ဖြစ်ပါသည်။

ထိုသို့ အလုပ်တွေနှင့် ဒေါင်ချာစိုင်းနေသောအချိန်တွင် ကြယ်သည် ...

"မယ် ... သူက နေနေတဲ့၊ အာခိတက်တစ်ယောက်ပေါ့၊ ကြယ့်ရဲ့သူငယ်ချင်းဆိုလည်းဟုတ်, ကျောင်းနေဘက် သူငယ်ချင်းဆိုရင်လည်း မမှားဘူး၊ တစ်နေ့ကမှ ပြင်သစ်က ပြန်လာတာ"

သူမသည် နေနေဆိုသူအား အပြုံးချိုချိုဖြင့် ပျူငှာစွာ နှုတ်ခွန်းဆက်သလိုက်ပါ၏။

"ဟုတ်ကဲ့ ... တွေ့ရတာ မင်္ဂလာပါ"

"ကိုယ်ကလည်း မင်္ဂလာပါပဲ မယ်"

မယ်ဟု သုံးနှုန်းပြီးမှ အားနာဟန်ဖြင့် ...

"ကြယ်စင်ခေါ်သလို မယ်လို့ပဲ ခေါ်တော့မယ်နော်"

"ရပါတယ် ... ကိစ္စမရှိပါဘူး"

ကြယ်က ...

"မယ် ... ဒီပွဲက ဘယ်နှစ်နာရီလောက် ပြီးမလဲ"

ရှင်ငြိမ်းမယ်သည် လက်မှနာရီကို ငုံ့ကြည့်လိုက်ပြီး...





"အင်း ... ရှစ်နာရီလောက်တော့ ပြီးမယ်ထင်တယ် ... ကိစ္စရှိလို့လား ကြယ်"

"ဒီနေ့ နေနေ့ကို ဒင်နာကျွေးမလို့ စိတ်ကူးထားတယ်၊ မယ်ပါ လိုက်ခဲ့ရမယ်နော်၊ ဒါမှမဟုတ် စားသောက်စရာတွေ ဝယ်သွားပြီး မယ့်အိမ်မှာပဲ ပါတီအသေးစားလေးလုပ်ရင် ကောင်းမလားလို့"

"ကြယ့်သဘောပဲလေ ... အိမ်မှာလုပ်မယ်ဆိုရင်တော့ သီးသန့်အချိန်လေး ပေးစရာမလိုတော့ဘူးပေါ့၊ လွတ်လွတ်လပ်လပ်လည်း ရှိတယ်"

"အိုကေ ... ဒါဆို များတို့ အိမ်ကိုသွားနှင့်ပြီး စီစဉ်ထားလိုက်မယ်"

နေနေက ရှုံ့မဲ့သောမျက်နှာဖြင့် ကြယ့်အား ပြောလိုက်သည်။

"ဟော့ ကြယ်စင် ... များတို့ဆိုတဲ့ နာမ်စားကြီး မသုံးစမ်းပါနဲ့ကွာ၊ အလကားနေရင်း ငါပါ အခြောက်ဖြစ်သွားသလိုပဲ"

"ဟယ် ကောင်စုတ်နော် ... ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းနေပြန်ပြီ၊ ဘာမှမကျွေးဘဲ အငတ်ထားလိုက်မှ ... သိလား၊ ကဲ မယ်ရေ ... ကြယ်တို့သွားပြီ၊ ပွဲပြီးလောက်မှ မယ့်ကို လာပြန်ကြိုမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒါဆို မယ်လည်း စီစဉ်စရာတွေရှိတာ စီစဉ်လိုက်ဦးမယ်၊ မမရာသက်ပန်တို့တောင် ခန်းမထဲရောက်နေပြီ၊ အစီအစဉ်က စ,တော့မှာ"

"ခွင့်ပြုပါနော် ကိုနေနေ"

မယ့်ရဲ့ ချိုသာသောနှုတ်ဆက်စကားကြောင့် နေနေသည် ခေါင်းလေးညွှတ်ပြလျက် ...

"ဟုတ်ကဲ့ ... ကောင်းပါပြီ မယ်"

နေနေရဲ့ပုံစံတွေ, ဟန်တွေက အနောက်တိုင်း နည်းနည်းဆန်နေပေမယ့် ရင်းနှီးနှစ်လိုဖွယ်ကောင်းသည်ဟု တွေးရင်း မယ်သည် သူတို့နှစ်ဦးအနားမှ ထွက်လာကာ ခန်းမဘက်ဆီသို့ ခပ်သွက်သွက်လျှောက်ခဲ့လိုက်သည်။

မယ့်ရဲ့ပုံစံကလေးကလည်း တကယ့်ကို စတိုင်ကျကျလေးဖြင့် ညှို့ပရိသတ်လူအများစုရဲ့အလယ်မှာ တောက်ပလင်းလက်လွန်းနေ၏။

Show ပွဲက ရှစ်နာရီမှန်းထားပေမယ့် မီဒီယာတွေ အင်တာဗျူးဝင်နေသဖြင့် နာရီဝက်လောက် နောက်ကျမှပြီး၏။ ရှင်ငြိမ်းမယ်သည် နာရီကိုတစ်ချက်ငုံ့ကြည့်လိုက်ပြီး အိမ်မှာစောင့်နေသော ကြယ်နှင့်သူ့သူငယ်ချင်းကို အလွန်အမင်း အားနာနေမိပါသည်။

အပြင်ရောက်တော့ အတော်ပင်မှောင်နေပြီ၊ ကားပါကင်





တွင် ကြယ့်ကားကို တွေ့ရ၍ ကားဆီသို့ ခပ်သွက်သွက်လျှောက်လာလိုက်သည်။

ညဘက်ဆိုတော့ ကားထဲမှ ကြယ့်ကို သဲကွဲစွာမမြင်ရပေမယ့် ကြယ် ကားထဲတွင် ထိုင်စောင့်နေတာတော့ သေချာ၏။

ရှင်ငြိမ်းမယ်သည် ကားနားရောက်သည်နှင့် ကြယ် စိတ်မဆိုးအောင် အရင်ဆုံး ချော့သည့်အနေဖြင့် ကြယ့်ပါးပြင်ကို ချစ်စနိုးလေးဖြင့် ဖိဆွဲလိုက်ပြီး ...

"ကြယ်ရယ် ဆောရီးနော် ... ကျွန်မ နောက်ကျသွားတယ်၊ မီဒီယာတွေက လာဗျူးတာ ဒိုင်ခံဖြေနေရတာနဲ့ နောက်ကျသွားတာ၊ အဲ့ဒါများ ဒီမှာစောင့်နေရတယ်လို့ အထဲဝင်လာတာ မဟုတ်ဘူး"

နေနေသည် မထင်မှတ်ဘဲ ရှင်ငြိမ်းမယ်ရဲ့ လက်သည်းချွန်ချွန်လေးနှင့် သူ၏ပါးပြင်ကို လိမ်ဆွဲလိုက်သဖြင့် အနည်းငယ် နာကျင်သွားကာ ...

"ရပါတယ် မယ် ... ကိစ္စမရှိပါဘူး"

မှုန်ရွှဲ့သော ကြယ့်ရဲ့အသံမဟုတ်ဘဲ သြရှတည်ကြည်သော အသံတစ်သံကြောင့် မယ်သည် ကြယ် မဟုတ်မှန်းသိ၍ ထူပူသွားရ၏။

"ဟယ် ... ကြယ်မှမဟုတ်ဘဲ၊ အို ... ဆောရီးပဲရှင်၊ ကျွန်မက ကြယ်အောက်မေ့လို့ ပါးကို အားရပါးရ လိမ်ဆွဲလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ တော်တော်နာသွားလား ဟင်''

နေနေသည် သူ၏ပါးပြင်ကို အသာပွတ်သပ်ရင်း ...

''အဟင်း ... ရပါတယ်၊ ခံစားမှုအသစ်ကလေး ဖြစ်သွားတာကလွဲလို့ မနာပါဘူး''

နေနေ့အပြောကြောင့် ရှင်ငြိမ်းမယ်သည် ရှက်အမ်းအမ်းဖြစ်ကာ တစ်ဖက်ရေ့ခန်းသို့လျှောက်ပြီး ကားတံခါးဖွင့်ကာ ဝင်ထိုင်လိုက်သည်။

''ကြယ် ... ဘာဖြစ်လို့ လာမကြိုတာလဲ၊ ပြောတော့ သူလာကြိုမယ်ဆိုပြီး''

''အိမ်မှာ ... မယ့်ရဲ့အမေနဲ့မောင်လေး မရှိကြဘူး၊ မယ်ရဲ့ဦးလေးတစ်ယောက် နေမကောင်းလို့ဆို၊ အဲဒီကို သတင်းသွားမေးကြမလို့ အိမ်ပေါ်ကဆင်းလာကြတာ၊ ကိုယ်တို့နဲ့ လှေကားထိပ်မှာတွေ့လို့ ကြယ့်ကို သော့ပေးထားခဲ့ပြီး သွားကြတယ်၊ ကြယ်က စားဖို့သောက်ဖို့ပြင်ဆင်ပြီး ကျန်ခဲ့တယ်''

''ရှင့်ကို အားနာလိုက်တာ'' ကိုနေနေရယ်''

''ဟိုကောင် ကြယ်စင်ခေါ်သလို နေလို့ပဲခေါ်ပါ၊ ဒီကောင်က မယ့်ကို တော်တော်သံယောဇဉ်ကြီးတာပဲ''

''သူက ကျွန်မမှမဟုတ်ဘူး ... လူတိုင်းအပေါ် ဒီလိုပဲဆက်ဆံတတ်တာပါ''

''ဟုတ်တော့ဟုတ်တယ်ဗျ၊ ဒီကောင်က ကိုယ်နဲ့ငယ်





ငယ်ကတည်းက ပေါင်းလာတာ၊ သူ့မှာ လူတွေကို သနားကြင်နာတတ်တဲ့ ဓာတ်ခံပါပြီးသား၊ ကျောင်းမှာဆို ချို့ချို့တဲ့တဲ့ကျောင်းသူကျောင်းသားတွေဆို အမြဲတမ်း စာအုပ်, ဘောလ်ပင်, အဝတ်အထည်ပါမကျန် အကုန်ထောက်ပံ့တာ၊ တစ်ခါတလေ သူရေးနေတဲ့ ဘောလ်ပင်တောင် ပေးချင်ပေးဖြစ်တာ ...၊

တက္ကသိုလ်တက်တော့လည်း မိန်းမစိတ်သာ ပေါက်တာ၊ တွဲရင် ယောက်ျားလေးတွေနဲ့ပဲ တွဲတယ်၊ သူငယ်ချင်းတွေထဲက ကျောင်းလခမသွင်းနိုင်တဲ့သူကို စာရင်းကောက်ပြီး သူစိုက်သွင်းပေးတာ၊ တချို့ကျတော့လည်း မိန်းမစိတ်ပေါက်နေလို့ယောက်ျားလေးတွေကို အကုန်အကျခံပြီး ညှုတယ်ပေါ့ဗျာ၊ အမှန်တော့ သူတို့ထင်သလို မဟုတ်ပါဘူး၊ သူ့ရဲ့စေတနာနဲ့ လူတွေရဲ့ အခက်အခဲကိုလိုက်ပြီး ဖြေရှင်းပေးတာပါ''

''သူ ဒီလို စရိုက်ပြောင်းသွားတာ ကြာပြီပေါ့နော်''

''အင်း ... မှတ်မှတ်ရရ ရှစ်တန်းနှစ်လောက်က ဖြစ်မယ်ထင်တယ်၊ ရပ်ကွက်တန်ဆောင်တိုင်ပွဲမှာ မိန်းကလေးလို ဝတ်ပြီး တေးသရုပ်ဖော် တက်က,တာ ...၊

အဲဒီနောက်ပိုင်း မကြာမကြာ မိတ်ကပ်လိမ်း, နှုတ်ခမ်းဆေးဆိုးနဲ့ မိန်းကလေးအဝတ်အစားတွေလည်း တစ်ခါတစ်ရံမှာ ဝတ်တတ်လာတယ်၊ ဘာဖြစ်လို့ ဒီလိုဖြစ်သွားတာလဲဆိုတော့ သူ့အမေရဲ့တပည့် အခြောက်မတွေနဲ့ပဲ အနေများတာကိုး၊ အဲ



www.burmeseclassic.com

www.burmeseclassic.com



အခြောက်တွေရဲ့ အကျင့်ဆိုးတွေ သူ့ဆီ တဖြည်းဖြည်း ကူးစက်လာတာ၊ ကိုယ်တို့ ဘောလုံးကန်သွားခါရင်တောင် မလိုက်တော့ဘူး၊ အဲဒီနောက်ပိုင်း သူ့ရဲ့စိတ်တွေ လုံးဝကိုပြောင်းလဲသွားတော့တာပဲ ...၊

သူ့အမေလည်း သူ့ကိုဆုံးမတာပဲ ... မရဘူး၊ နောက်ပိုင်း အဲဒီအခြောက်မတွေကို အလုပ်ထုတ်ပစ်ရတဲ့အထိကို ဖြစ်သွားတာ၊ ဒါပေမဲ့ သူ့စိတ်တွေက ပြန်ပြောင်းမလာတော့ဘူး၊ သူ့အမေဆုံးတာ အဲဒီစိတ်ကြောင့်လည်းပါတယ်၊ သူ့ အဖေဆုံးတာတော့ သိပ်မကြာသေးဘူးထင်တယ် ...၊

မယ်နဲ့ရော ခင်တာကြာပြီလား''

''ကြာပြီလို့ပဲ ပြောရတော့မှာပေါ့၊ ကျွန်မဘဝ အခြေအနေတွေ ဒီလိုပြောင်းလဲသွားတာ ကြယ့်ကြောင့်ပေါ့၊ ကြယ်က ကျွန်မအတွက်တော့ ကယ်တင်ရှင်တစ်ယောက်ပေါ့''

နေနေနှင့်ရှင်ငြိမ်းမယ်သည် စကားတပြောပြောနှင့် အိမ်သို့ရောက်မှန်းမသိ ရောက်လာကြသည်။

ကားပေါ်မှဆင်းပြီး တိုက်ပေါ်သို့ မော့ကြည့်တော့ ဝရန်တာလက်ရန်းပေါ်တွင် မေးတင်ပြီး ထိုင်မျှော်နေသော ကြယ့်ကို တွေ့လိုက်၍ ရှင်ငြိမ်းမယ်သည် လက်လှမ်းပြကာ လေ့ကားထစ်တွေအတိုင်း ခပ်သွက်သွက် တက်လာခဲ့လိုက်သည်။

အပေါ်ရောက်တော့ ကြယ်က တံခါးကို အဆင်သင့်ဖွင့်





ကာ ကြိုနေရင်း အိမ်ထဲသို့လှမ်းဝင်လာသော ရှင်ငြိမ်း၏ခါးကို နောက်မှ သိမ်းဖက်လိုက်ပြီး ...

''ကြာလိုက်တာဟာယ် ... ဒီမှာ စောင့်ရတာ ဗျိုင်းဖြစ်ခါနီးနေပြီ''

''မယ့်ကို ဘာတွေမေးကြသလဲ ... ပြောစမ်းပါဦး၊ အမလေး ... ရင်တွေခုန်လိုက်တာဟာယ်''

''အစုံပေါ့ ... သိချင်ရင် အဲဒီကျရင် စောင့်ကြည့်၊ ခွေထွက်မှာပဲ ... ခုပြောရင် အရသာမရှိဘူး''

နေနေဝင်လာသဖြင့် ကြယ်သည် နေနေဘက်သို့လှည့်ပြီး ...

''နေ ... ကြယ့်ရဲ့မယ်က လှတယ်မဟုတ်လား၊ မင်းသမီးတောင် လုပ်လို့ရတယ်''

''ကဲ ... ကိုယ့်ငါးချဉ် ကိုယ်ချဉ်ပြန်ပြီ၊ မယ်လှတာ ငါသိတယ် ... မင်းပြောမှ မဟုတ်ဘူး''

''ခုလောလောဆယ် နာရီကြည့်လိုက် ... ကိုးနာရီထိုးတော့မယ်၊ ငါ့ဗိုက်ထဲက ဗိုင်းရပ်စ်တွေ ထကြွပုန်ကန်နေကြပြီ''

''ဟင်း ... ငတ်ကြီးကျနေပြန်ပြီ၊ ငယ်ငယ်ကအတိုင်းပဲ၊ အဆင်သင့်ပါပဲ၊ စားလို့ရပြီ ... ထမင်းစားခန်းထဲကို ကြွ''

ကြယ်သည် နေ့အား နှုတ်သီးကောင်းလှချည်ပါးဖြင့် မျက်စောင်းချိုပြီးပြောကာ ထမင်းစားခန်းထဲသို့ ဝင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းထဲရောက်မှ ...

"မယ် ... အဝတ်အစားတွေ နောက်မှလဲတော့၊ ဒီမှာ အရင်လာစားလိုက်ဦး"

ကြယ့်စကားအတိုင်း မယ်ပါ ထမင်းစားခန်းထဲသို့ ဝင်စားပြီး သုံးယောက်သား ဆာဆာနှင့်စားလိုက်ကြသည်။

အင်မတန်မှ ပျော်စရာကောင်းတဲ့ ဒင်နာပွဲလေးပါပဲ။ ရှေးဟောင်းနှောင်ဖြစ်တွေ ပြောကြ၊ ကိုယ့်အတွေ့အကြုံ၊ သူ့အတွေ့အကြုံ ဖလှယ်ကြနှင့် ကြယ်တို့ရဲ့စကားဝိုင်းလေးက ညဆယ့်တစ်နာရီမှ ပြီးလေသည်။

အမေနှင့်မောင်လေးက ဦးလေးအိမ်မှာ အိပ်ကြမည်ကို ကြယ်သိနေသဖြင့် မယ့်အား စိတ်မချဖြစ်မိကာ ...

"မယ် ... အမေတို့က ဒီည ဟိုမှာပဲ အိပ်ကြမယ်တဲ့၊ ကြယ် ဒီမှာအိပ်လိုက်တော့မယ် မယ့်ကို စိတ်မချဘူး"

ကြယ့်အပြောကြောင့် နေသည် အဓိပ္ပာယ်တစ်မျိုးသက်ရောက်သောအကြည့်ဖြင့် ကြည့်ကာ ...

"ဟာကွာ ... မင်းပြောတော့ ငါ့အိမ်မှာ လိုက်အိပ်မယ်ဆို"

"အို ... နောက်ပြောတာကို၊ ယောက်ျားတစ်ယောက်တည်းနေတဲ့အိမ်မှာ လိုက်မအိပ်ရဲပါဘူး"

ကြယ့်ရဲ့အပြောကြောင့် နေသည် မျက်နှာကြီး နီမြန်း





လျက် ငိုရမလို ရယ်ရမလိုပုံစံကြီးဖြင့် ကြယ့်ထံသို့ကြည့်ကာ...

"ဗုဒ္ဓေါ ... မင်းက မင်းကိုယ်မင်း ဘာများထင်နေလဲ၊ ဟမ် ... ဟော့ကောင် မင်းပုံစံကို ငါ သိပ်ကြည့်မရတော့ဘူးနော်၊ မကြာခင် ငါ့လက်သီးက မင်းပါးပေါ်ကိုရောက်တော့မယ်"

"အံမယ် ... ထိုးကြည့်လိုက်လေ၊ နင့်လက်သီးထက် များလက်သံက ပိုပြင်းတယ်ဟဲ့၊ များက ကာရာတေးသင်တန်းတက်ထားတာ၊ ကျုပ်ပါးပြင်နုနုလေးကို တစ်ချက်လောက်စမ်းပြီး ထိုးကြည့်လိုက်"

သူမသည် သူတို့သူငယ်ချင်းနှစ်ယောက် ခွန်းကြီးခွန်းငယ် ပြောနေကြပုံကိုကြည့်ရင်း အူလှိုက်သည်းလှိုက်ကို ရယ်မိပါသည်။

နေခမျာ ရှက်ရှက်နှင့် ထပြန်ရန်ပြင်ရင်း ...

"မယ် ... ဘုရားစာရွတ်ပြီး မယ့်ရဲ့ဘေးပတ်ပတ်လည်ကို စည်းတားပြီး အိပ်နော်၊ ဒီကောင်က ညသန်းခေါင်ဆို ဖုတ်တွေ့သရဲဘီလူးတွေ ဝင်ပူးတတ်တယ်"

"ဟယ် ... ဘိုင်းနာကောင် ... သွေးစုတ်ဖုတ်ကောင် ... သူများကိုများ ဖုတ်ဝင်သလေး, သရဲဝင်သလေးနဲ့၊ ကျုပ်သာ အဲဒီမကောင်းဆိုးဝါး ဝင်ပူးရင်လေ မယ်လေးကို ဘာဒုက္ခမှ မပေးဘူး၊ နင့်ဆီကိုပဲလာပြီး နင့်ရဲ့အူထဲက ညစ်ညမ်းတဲ့ ကလီစာတွေကိုထုတ်ပြီး မီးဖိုခန်းမှာပဲ စွပ်ပြုတ်လုပ်သောက်ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မှာဟဲ့ ... အယုတ်တမာကောင်ရဲ့"

"အဟင်း ဟင်း ဟင်း ... တော်ပါတော့ ကြယ်ရယ်၊ ကျွန်မ ရယ်ရလွန်းလို့ ဗိုက်ကြောတွေတောင် နာလာပြီ"

"တော်ပြီ ... မင်းနဲ့ စကားရှည်လုပြီး ပြောမနေတော့ဘူး ပြန်တော့မယ်"

"ပြန် ... ကြွ ... ကြွ"

"မယ် ... ကိုယ်သွားပြီနော်၊ နောက်နေ့ မယ့်ဆီကို ကိုယ် လာခဲ့ဦးမယ်နော်"

"လာပါရှင် ... ကျွန်မကို ကြယ့်ကိုခင်သလိုပဲ ခင်လို့ရပါတယ်"

ကြယ်သည် နေနှင့်မယ်တို့ အပြန်အလှန် နှုတ်ဆက်နေကြသည်ကို မရှုစိမ့်ဖြစ်မိကာ မျက်စောင်းတထိုးထိုးနှင့် နေလှေကားမှဆင်းသွားသည်နှင့် ...

"မယ် ... အရမ်းကိုပျော်နေတယ်ပေါ့"

"ဘာကိုလဲ ကြယ်ရဲ့"

"ဟိုအကောင်နဲ့ စကားပြောနေရလို့လေ"

"ကြယ်နော် ... ဘာတွေလျှောက်ပြောနေတာလဲ၊ ကြယ်ပဲ ကျွန်မနဲ့ မိတ်ဆက်ပေးပြီးတော့"

"ဟုတ်ပါတယ် ... မယ်များ ရင်ခုန်နေသလားလို့ပါ"

"သွား ... ဘာတွေလာပြောနေလဲ မသိဘူး၊ ကျွန်မ





ရေချိုးခန်းဝင်တော့မယ်"

ကြယ်ရှေ့မှ မယ်သည် ထွက်လာခဲ့ကာ အိပ်ခန်းထဲသို့ ဝင်သွားလေ၏။ အခန်းထဲရောက်တော့ ရေချိုးခန်းကို တော်တော်နှင့် မဝင်ဖြစ်သေးဘဲ သွေးပူသွားစေရန် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းကို အချိန်ကြာမြင့်စွာ လုပ်နေလိုက်သည်။

ပေါင်ရင်းလောက်သာသာ ဘောင်းဘီတိုကျပ်ကျပ်နှင့် ရင်အောက်လောက်သာရှိသော အတွင်းခံ စွပ်ကျယ်ချိုင်းပြတ် ဂါည်ဟိုက်အင်္ကျီကိုဝတ်ပြီး လေ့ကျင့်ခန်းလုပ်နေစဉ် ...

ရုတ်တရက် အခန်းတံခါးဖွင့်လာသဖြင့် အလန့်တကြား ဖြစ်ကာ ကိုယ့်ကိုယ်ကိုယ် မလုံမလဲဖြစ်သွားသည်။

ကြယ်သည်လည်း မယ့်လိုပင် မယ့်၏အတွင်းသားအလှ ဖွံ့ဖြိုးမှုကို မျက်ဝါးထင်ထင်တွေ့လိုက်ရ၍ တစ်ကိုယ်လုံး ထူပူရှိန်းမြသွားရကာ စိတ်နှင့်ခန္ဓာ တစ်ထပ်တည်း မကျတော့လောက်အောင် ဖြစ်သွားရသည့်အထိ ...။

"ဆောရီး ... ဆောရီး မယ် ... ကိုယ် မင်း ရေချိုးခန်းဝင်နေတယ်ထင်လို့ ဝင်လာခဲ့တာ"

အရှက်ပြေ ပြောချင်ရာကို ဗလုံးဗထွေးပြောပြီး အခန်းထဲမှ အပြင်သို့ ကမူးရှူးထိုး ပြန်ထွက်သွားသည်။

သူမသည်လည်း ရှက်စိတ်ဖြင့် ဘယ်လိုရင်ဆိုင်ရမှန်းတောင် မသိ။ ဒါတောင် ကြယ်က မိန်းမစိတ်ပေါက်နေလို့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးစိတ်နဲ့သာဆိုလျှင် ရှက်လွန်းလို့ ထိုနေရာမှာပင် သတိလစ်မေ့မြောသွားမလားတောင် ထင်ရ၏။

ကြယ့်မှာလည်း မယ့်အား ယခုလိုပုံစံမျိုးနှင့် ရင်ဆိုင်လိုက်ရ၍ တစ်ခါမှ မခံစားဖူးသော ခံစားမှုကြီးက ရင်တစ်ခုလုံးကို ဖောက်ထိုးမိုးမျှော် ဖြစ်သွားစေပါသည်။

သူမသည် တဘက်အကြီးတစ်ထည်ဖြင့် ကိုယ်ကိုပတ်လျက် အိပ်ခန်းထဲမှ ရေချိုးခန်းထဲသို့ထွက်ရန် အပြင်ကို အသာကဲကြည့်လိုက်ပြီး ကြယ့်အရိပ်အယောင်မတွေ့မှ ရေချိုးခန်းဆီသို့ အပြေးထွက်ကာ ရေချိုးခန်းထဲဝင်ကာ ရေကိုစိမ်ပြီး ချိုးနေလိုက်သည်။

စောစောက ရင်ဆိုင်လိုက်ရသော မြင်ကွင်းသစ်ကြောင့် ရင်ခုန်စိတ်မပြေကာ ဝရန်တာတွင်ရပ်နေသော ကြယ်စင်ခမျာလည်း ဘယ်အချိန်ကတည်းက ပါထားသည်မသိသော ကြောင်ချေးပုံကို တက်နင်းမိကာ အော့နှလုံးနာစွာဖြင့် ရေချိုးခန်းဆီသို့ အမြန်ပြေးရသည်။ မယ့်အခန်းရှေ့မှဖြတ်တော့ အခန်းတံခါးက ပိတ်ထားဆဲ။ အင်းပေါ့လေ ... ရုတ်တရက်ဆိုတော့ သူလည်း ရှက်နေရှာမှာပေါ့။ အတွေးမျှင်မျှင်တွေကိုတွေးရင်း ရေချိုးခန်းရှေ့သို့ ခုန်ဆွခုန်ဆွ ခြေတစ်ပေါင်ကျိုးဖြင့် ရောက်သွားပြီး ရေချိုးခန်းထဲ ဝင်လိုက်ပြန်ရာ ရုတ်တရက် လိပ်ပြာလွင့်မတတ်ဖြစ်ကာ နှုတ်မှ ယောင်ယမ်းပြီး အော်မိပြန်၏။





"ဟာ"

ဟု အလန့်တကြား အာမေဍိတ်သံပြုကာ ချောင်ပိတ်မိနေသော ကြောင်တစ်ကောင်လို ထွက်ပေါက်ရှာမရ ဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် အပေါက်ဝကို ကျောပေးကာ ကိုယ်ကို ဆပ်ပြာတိုက်နေသော မယ့်ကို တွေ့လိုက်ရ၍ဖြစ်သည်။

ကြယ်ရဲ့စူးစူးဝါးဝါးအော်သံကြောင့် နောက်ပြန်လှည့်ကြည့်လာသော သူမလေးရဲ့မျက်ဝန်းမှာလည်း ရှက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းတွေက အစီအစဉ်မကျစွာဖြင့် ဝင်နေရာယူလို့နေကာ ဘာလုပ်၍ဘာကိုင်ရမှန်းမသိအောင်ဖြစ်ကာ လက်မှကိုင်ထားသော ဆပ်ပြာကိုပင် လွှတ်ချမိ၏။

"ကြယ် ... ကြယ် ဘာဖြစ်လို့လဲ .. ကြယ် ဘာကြောင့် ဝင်လာရတာလဲ"

ကြယ့်ဘက်သို့လှည့်ကာ မေးလာသော မယ့်ရဲ့အရှက်တရားတွေအတွက် အလိုက်သတိပင် မျက်စိကိုမှိတ် ကျောကို ခိုင်းကာ ...

"ကြောင်ချေး ... ကြောင်ချေး နင်းမိလို့ မင်းက ဘယ်လိုလုပ်ပြီး ရေချိုးခန်းထဲရောက်နေရပြန်တာလဲလို့"

ဟုဆိုကာ ရေချိုးခန်းနံရံတွင် ချိတ်ဆွဲထားသော တဘက်ကိုယူကာ မယ့်ဘက်သို့ ကျောခိုင်းလျက် ပစ်ပေးလိုက်ပြီး အခန်းထဲက ဝုန်းခနဲ ခုန်ထွက်ရပြန်၏။ ဒုတိယအကြိမ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကြယ့်ခမျာ ဒူးတွေတောင် သိပ်မခိုင်ချင်တော့။

ကိုယ်တွင် ဆပ်ပြာမြှုပ်တွေတန်းလန်းနှင့် မယ့်ခမျာလည်း ရေချိုးခန်းတံခါးကို အမြန်ပိတ်ကာ၊ အရေးထဲ ရေချိုးခန်းတံခါးချက်က မကောင်း။ ဒါကို ကြယ်က မသိ၍ဖြစ်မည်။ ထို့နောက် ရေကိုဆပ်ပြာစင်စေရန် အမြန်လောင်းချိုးကာ တဘက်ပတ်ပြီး ရေချိုးခန်းထဲမှ အမြန်ပြန်ထွက်လာခဲ့ရ၏။

ကြယ်ကတော့ ရေချိုးခန်းတံခါးကို ကျောပေးရပ်ကာ ခြေထောက်တစ်ချောင်းတည်းဖြင့် ဒယိမ်းဒယိုင်နဲ့ ရပ်နေရရှာ၏။ ကြောင်ချေးတွေ တစ်အိမ်လုံးပေပွကုန်မှာစိုး၍ ပေနေသော ခြေထောက်ကို အောက်သို့မချရဲ။

မယ်သည် အခန်းထဲရောက်သည်နှင့် သေချာချက်ထိုးကာ ရေကိုစင်အောင်သုတ်ပြီး ဗီရိုထဲမှ ညဝတ်ဂါဝန်တစ်ထည်ကို အမြန်ထုတ်ဝတ်လိုက်သည်။

ပြီးမှ ကြယ်ရှိရာ ရေချိုးခန်းဆီသို့ထွက်လာခဲ့ကာ ကြယ်၏အခြေအနေကို လာပြန်၍ အကဲခတ်လိုက်သည်။

ကြောင်ချေးတွေကို စိမ့်ပြေနပြေအထပ်ထပ်အခါခါဆေးနေသော ကြယ်ခမျာ မယ့်ကိုတွေ့လိုက်ရ၍ ရှက်လွန်း၊ အားနာလွန်းသောမျက်နှာဖြင့် ခေါင်းကိုတွင်တွင်ငုံ့ကာ ဘုံဘိုင်ခေါင်းကိုဖွင့်ပြီး ခြေထောက်ကို စိမ့်ပြေနပြေ ဆေးနေလေတော့သည်။

သူမလည်း ဘာစကားမှမဆိုခဲ့တော့ဘဲ မောင်လေးရဲ့





အခန်းမှာ ကြယ့်အတွက် အိပ်ရာပြင်ပေးထားလိုက်၏။

အရင်က အိမ်မှာ ညလာအိပ်ပြီဆိုလျှင် မယ်သည် တော်တော်နှင့် မအိပ်ရ။ ကြယ့်ရဲ့ဖောင်ဖွဲ့နေသောစကားများကို မပျင်းမရိစွာ နားထောင်ပေးရ၏။

ခုတော့ ကြယ်သည် မယ့်အား စကားသိပ်မပြောပါ။

ညသန်းခေါင်ကို သူမတို့နှစ်ဦးသည် အတွေးကိုယ်စီဖြင့် တိတ်ဆိတ်ခြင်းကို ခြယ်မှုန်းနေကြလေ၏။

မြင်သမျှသည် သူ၏နလုံးသားအစုံကို တဒင်္ဂတော့ ဖောက်ထိုးဖြစ်သွားလေ၏။ သူ၏ရင်ခုန်သံက တိုင်ကပ်နာရီလက်တံလေးတွေ ရွေ့လျားနေသော တဂျောက်ဂျောက်အသံတွေနှင့်အပြိုင် ညသန်းခေါင်မှာ တိတ်ဆိတ်ခြင်းကို အတူဖြိုခွင်းနေကြလေရဲ့။ မယ်ရော သူ့လိုပဲ ရင်ခုန်မှာလား။ ရှင်ငြိမ်းမယ်အနေနဲ့လည်း အတွေးများစွာဖြင့် အိပ်စက်ခြင်းကို မသိကျိုးကျွန်ပြုကာ နလုံးသားနုနုမှာ သိမ်သိမ်မွေ့မွေ့လေး လှုပ်ခတ်လို့နေ၏။

သူ တမင်ရည်ရွယ်တာ မဟုတ်ဘူးဆိုတာ သိသော်လည်း မနက်မိုးလင်းလျှင် သူနဲ့ ဘယ်လိုမျက်နှာချင်းဆိုင်ရပါ့မလဲ။ စောစောက ကမူးရှူးထိုးဆန်စွာ ပြောသွားသောကြောင့် ကြယ်ရဲ့လေယူလေသိမ်းတွေသည်သာ နားထဲမှာ လျှံထွက်နေ၏။

ငဲ့နေရာမှ အသိတစ်ခုက အာရုံမှာ လက်ခနဲ ထင်ဟပ်လာ၍ ဖျတ်ခနဲ ထထိုင်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"စောစောက ကြယ် သူ့ကိုယ်သူ ကိုယ်လို့ပြောသွားပြီး ငါ့ကိုကျတော့ မင်းတဲ့"

အရင်က အဲဒီလိုနာမ်စားတွေ တစ်ခါမှမသုံးခဲ့ဖူး။

အခုကျမှ ကိုယ်တွေ့,မင်းတွေ သုံးလို့နေ၏။ ရုတ်တရက်မို့ သူ့ရဲ့စိတ်တွင်းဇီဇက ပေါ်လာတာပဲ။ ဟုတ်ပါတယ် ... ငါ နားကြားမလွဲနိုင်ပါဘူး။ 'ဆောရီး မယ် ... ကိုယ် မင်းရေချိုးခန်းဝင်နေတယ်ထင်လို့တဲ့၊ ပြီးတော့ ... မင်းက ဘယ်လိုလုပ်ပြီး ရေချိုးခန်းထဲ ရောက်နေရပြန်တာလဲ' ... သူ အဲဒီလို ပြောတဲ့အချိန်မှာ ခါတိုင်းပြောသလို နွဲ့မနေပါလား။ ပုံမှန်ယောက်ျားတစ်ယောက်ရဲ့ လေယူလေသိမ်းတွေနဲ့ ပြောတာပါလား။

အို ... ဘုရား ဘုရား ... ကြယ် ယောက်ျားစိတ်ပြန်ပေါက်သွားပြီထင်တယ်။ ဒါဆို ငါ့အဖြစ်က ရှက်သင့်တာထက် အဆပေါင်းများစွာ ပိုပြီးရှက်စရာကောင်းနေပါလား။

သူမသည် တစိမ့်စိမ့်တွေးကာဖြင့် အရှက်ကြီး ရှက်နေမိ၏။ အတွေးတွေ ချာချာလည်ကာ တော်တော်နှင့် အိပ်၍မပျော်။

နားထဲတွင် ညည်းသံသဲ့သဲ့ကြားလိုက်သဖြင့် ထိုအသံကို နားစွင့်ရင်း ...

"ကြယ် ညည်းနေတာပါလား ... ဘာဖြစ်လို့ပါလိမ့်"

ခြုံထားသော လွှာစောင်လေးကိုလှပ်ပြီး ခုတင်ပေါ်မှ ဆင်းကာ ကြယ်ရှိရာအခန်းသို့ ခြေသံဖွဖွနင်းပြီး လျှောက်လာ





ခဲ့လိုက်သည်။

ခြင်ထောင်က ဇာခြင်ထောင်ပါးပါးလေးမို့ စောင်ခေါင်းမြီးခြုံထားသော ကြယ့်ရဲ့အနေအထားကို သဲကွဲစွာမြင်ရ၏။

"အင်း .. ဟင်း .. ဟင်း ဟင်း"

စောင်ခြုံထားသော ကြယ်ရဲ့ခန္ဓာကိုယ်မှာ တဆတ်ဆတ် တုန်ယင်နေ၏။

"ကြယ် ... ကြယ် ... ဘာဖြစ်နေတာလဲ"

ကြယ့်ထံမှ ဘာတုံ့ပြန်မှုမှမရသဖြင့် ခြင်ထောင်ကို အသာလှပ်ပြီး စောင်ခေါင်းမြီးခြုံထားသောအစကို ဆွဲဖယ်ပြီး ကြယ့်ရဲ့နဖူးကိုစမ်းကြည့်တော့ ...

"အို ... အဖျားတွေတက်နေပါလား ... ဒုက္ခပဲ"

"ကြယ် ... ကြယ် ... ထပါဦး"

ကြယ်သည် မျက်လုံးအစုံကို အားယူဖွင့်ကြည့်ပြီးမှ ...

"မယ် ... ကိုယ် ဖျားနေပြီထင်တယ်၊ အရမ်းချမ်းတယ်"

"ဟုတ်မှာပေါ့ ... စောစောတုန်းက ခြေထောက်ကို ရေအကြာကြီး ဆေးနေတာကို အအေးပတ်ပြီပေါ့၊ ထ, ... ဆေးသောက်ရအောင်"

အိပ်ရာထက်မှ ကြယ့်ကို အသာဖေးမကာထိုင်စေပြီး ရှင်ငြိမ်းမယ်သည် ကြယ့်အနားမှထလာကာ ဆေးသေတ္တာသို့



www.burmeseclassic.com

www.burmeseclassic.com



လေးထဲမှ ဘိုင်အိုဂျက်စစ်တစ်လုံးနှင့် ရေအိုးထဲမှ ရေခပ်ကာ ကြယ့် အနားသို့ ပြန်လာပြီး …

"လောလောဆယ်တော့ အိမ်မှာ ဒီဆေးပဲရှိတယ်၊ ဒါလေးပဲ သောက်ထားနော်၊ အချိန်က ရှစ်နာရီတောင် ကျော်နေပြီ၊ ဆေးခန်းက သွားဖို့မလွယ်တော့ဘူး၊ မနက်မှ ဆေးခန်းသွားရအောင်"

"ရတယ် မယ် … အဟင်း ဟင်း … ကိစ္စမရှိဘူး"

"ရှင် တော်တော်ချမ်းနေလား … ကျွန်မ ဘာလုပ်ပေးရမလဲ"

"ရ … ရတယ် … စောစောကကိစ္စကို ခွင့်လွှတ်နော်၊ မရည်ရွယ်ခဲ့ပါဘူး"

ကြယ့်ထံမှ စောစောကအဖြစ်အပျက်အတွက် တောင်းပန်တိုးလျှိုးနေသဖြင့် သူမသည် ရှက်သွေးဖြန်းလျက် ရင်ခုန်နှုန်းဒီဂရီ မသိမသာမြင့်တက်သွားရ၏။

"ကျွန်မ နားလည်ပါတယ်၊ ဒါဟာ … မထင်မှတ်တဲ့ တိုက်ဆိုင်မှုပါ"

ထိုနေ့မနက်မိုးလင်းတော့ ကြယ်သည် မယ်,မနိုးခင် အစောကြီး ထ,ပြန်သွားလေသည်။ မယ့်ကိုပင် နှိုးပြီး နှုတ်ဆက်မသွားချေ။





သူမ,နိုးတော့ ကြယ့်ကို အိပ်ရာထဲမှာမတွေ့၍ ရေချိုးခန်း, အိမ်သာဝင်နေသည်အထင်နှင့် ပိတ်ထားသောတံခါးကို အသာခေါက်ကြည့်တော့ ကြယ်ရှိမနေ။

ညကအဖြစ်ကို မျက်နှာပူပြီး အစောကြီး ထပြန်သွားတာပဲ ဖြစ်မည်။

ညတုန်းက သူမသည် ခိုက်ခိုက်တုန်အောင် ချမ်းနေသော ကြယ့်အား နွေးသွားစေရန် အချိန်ကြာမြင့်စွာဖြင့် သူမ၏ ရင်ခွင်တွင် ကြယ့်အား ထွေးဖက်ထားမိပါ၏။ ထိုအဖြစ်အပျက်ကြောင့် သူ၏စိတ်ခံစားမှု ဘယ်လိုပြောင်းလဲသွားသည်ဆိုတာကို မတွေးတတ်ပါ။ သူမအတွက်တော့ ဒါဟာ ဝေဒနာသက်သာစေရန်အတွက် ရိုးရှင်းသော စေတနာစိတ်ကူးအတွေးဖြင့် ကြယ့်အား ပြုစုခဲ့ခြင်းပါ။

BURMESE CLASSIC .com

အိမ်ကိုရောက်ရောက်ချင်း အိပ်ခန်းဆီကို တရကြမ်း ပြေးတက်ခဲ့သော်လည်း ကြယ်ရဲ့စိတ်တွေ မတည်ငြိမ်နိုင်ပါ။

မွေ့ရာပေါ် ဝုန်းခနဲ ပစ်လှဲလိုက်ပြီး ဘယ်သို့ညာသို့ အကြိမ်ကြိမ် လူးလိမ့်ပါသော်လည်း စိတ်ဝိညာဉ်က ပြန့်ကျဲယိမ်း



www.burmeseclassic.com

www.burmeseclassic.com



နွဲ့နေသည်။

မျက်ဝန်းမှတစ်ဆင့် စိတ်ဝိညာဉ်နှလုံးသားတိုင်အောင် ကိန်းအောင်းခိုဝင်လာသော အလှပုံရိပ်လေးကို နေရောင်ထိသော နှင်းမြူခိုးများသဖွယ် အမြန်ပျောက်ပြယ်သွားစေချင်ပါသည်။

ခြုံလွှာထူထူကြီးကို ခေါင်းသို့တိုင်အောင် ဆွဲခြုံပစ်လိုက်သည်။ ခဏတာတော့ မှောင်ပိန်းသွားပါ၏။

ထိုအမှောင်ထုကြီးထဲမှပင် အခိုးအငွေ့အသွင်ဖြင့် အလှပုံရိပ်ရှင်လေးက ယိမ်းနွဲ့စွာ ပေါ်လာပြန်ပါသည်။

အနက်ထဲတွင် အစိမ်းရောင်လွင်နေသော ပိတုန်းရောင်ဆံကေသွယ်လေးများက ကြယ့်ရဲ့ဝိညာဉ်ကို တို့တ်နှောင်နေကြ၏။

မှို့ဝန်းသော ... သွယ်ပျောင်းသော ...

ဝင်းမွတ်သော ... နုညက်သော ...

အယိမ်းအနွဲ့ အရှိက်အဖို ကြတ္တိယမိန်းမပျိုလေး၏ပုံရိပ်သွင်သည် ကြယ့်ကို ဘာလို့များ ခြောက်လှန့်နေရတာလဲ။

''ကြယ် ... ကြယ် ... နင်ဘာဖြစ်နေတာလဲ၊ နင်ဘာဖြစ်နေရတာလဲ''

ခြုံလွှာကြီးကို လွှားခနဲ ခွာပစ်ပြန်သည်။

မွေ့ရာကြီးပေါ်က ဝုန်းခနဲ ခုန်ထလိုက်ပြီး ကိုယ်လုံးပေါ်မှန်ကြီးရှေ့ ပြေးသွားမိသည်။





''ကြယ် ... နင် ဘာလို့ ဒီလိုစိတ်တွေ ဖြစ်နေရတာလဲ၊ နင်ကလည်း မိန်းကလေး၊ မယ်လေးကလည်း နင့်လို မိန်းကလေးပဲလေ ... အတူတူပဲ ... အတူတူပဲ''

အရူးတစ်ယောက်နှယ် ကြယ်က အော်ဟစ်မိလိုက်သည်။

''ကြည့်လိုက် ... ကြည့်လိုက်လေ ... နင် မိန်းကလေးလေ ... နင်က မိန်းကလေး''

မျက်နှာချင်းဆိုင်တည့်တည့်လည်း ကြည့်သည်။

ရင်ကလေးကို မော့်၊ တင်ကလေးကို ကော့်၍လည်း ဘေးတစောင်းကြည့်သည်။

တစ်ကိုယ်လုံးအနှံ့ ပတ်ပတ်လည်သွားအောင်လည်း အမူအရာအမျိုးမျိုးနှင့် လှည့်ကြည့်သည်။

''နင်လည်း ဒါပဲ၊ မယ်လေးလည်း ဒါပဲလေ၊ ဘာလို့ နင့်စိတ်တွေက တုန်တုန်ချည့်ချည့် ဂဂျိုးဂကျောင်တွေ ဖြစ်နေရတာလဲ ...၊

သွား ... သွား ... အဲဒီစိတ်ကြီးကို ငါမလိုချင်ဘူး၊ အဲဒီစိတ်ကြီးကို မုန်းတယ် ... မုန်းတယ်''

မျက်စိကို လက်ဝါးနှင့်စုံပိတ်ကာ ပါးစပ်က အသံကုန်အော်ပြီး ပေါက်ကွဲပစ်လိုက်သည်။

အလှပုံရိပ်ကလေးက ကြောက်လန့်ပြီး အဝေးကို ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပြေးသွားပြီဟု ထင်ပါသည်။

ကြယ်ရဲ့စိတ်တွေ တည်ငြိမ်စပြုလာသည်။

မျက်လွှာကိုဖွင့်ပြီး ကြေးမုံပြင်ကို စိုက်ကြည့်လိုက်၏။

''ဟင်''

ကြည့်ရင်း ... ကြည့်ရင်း ...

ကြည့်နေရင်းဖြင့် မှန်ရိပ်ပြင်မှာ ကြယ်ရဲ့အသွင်က နွဲ့နွဲ့နှောင်းနှောင်း ပျော့ပျော့ပျောင်းပျောင်း အမူအရာလေးမှနေ၍ တင်းမာကျစ်လစ် မာကျောရိပ်လေးတွေ ထင်လာပါတော့သည်။

''မဟုတ်ဘူး ... မဟုတ်ဘူး၊ အဲဒါ ငါမဟုတ်ဘူး ... ငါက ... ငါက''

အချစ်သည် သွေးသားပြောင်းလဲစေသည်လား၊

သွေးသားသည် ဇီဇကို ပြောင်းလဲစေသည်လား၊

တစ်ခုခုကတော့ ကြယ့်ရဲ့မျိုးဇီဇကို ပြောင်းလဲစပြုလာစေခဲ့ကတော့ အမှန်ပါ။

BURMESE CLASSIC .com

## အခန်း (၆)

''**မယ်** ... ကိုယ် Show ပွဲလက်မှတ်နှစ်စောင် မေတ္တာလက်ဆောင်ရထားတယ် ... သွားကြည့်ရအောင်၊ ဖြူဖြူကျော့်သိန်းပွဲဆိုတော့ မယ်လည်း ကြိုက်မယ်ထင်လို့ ကိုယ့်ကိုလည်း ကြယ်စင်လိုပဲ ခင်တယ်ဆိုရင် မငြင်းပါနဲ့မယ်''

ငြင်းဆိုရန်ဟန်ပြင်ထားသော မယ်မှာ နေနေရဲ့အသနားခံနေပုံကိုကြည့်ပြီး မငြင်းရက်တော့ဘဲ ခေါင်းညိတ်လိုက်ရ၏။

ဖြူဖြူကျော့်သိန်းပွဲပြီးတော့ ည ၁၀ နာရီပင် ထိုးတော့မည်။ အမေ့ကို ကြိုပြောခဲ့၍ ပူမည်မထင်ပါ။

နေနှင့်အတူ ကားပါကင်နားရောက်တော့ အနောက်မှ မယ့်အား လှမ်းခေါ်သံကြောင့် မယ် လှမ်းကြည့်မိတော့ အံ့သြသွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ကြယ်"

"ဘယ်ကဘယ်လို ရောက်လာတာလဲ"

"နေနဲ့ စတိတ်ရှိုးသွားကြည့်တယ်လို့ အမေက ပြောလိုက်လို့ လာစောင့်နေတာလေ"

နေနေက ကြယ့်ကိုမြင်တော့ မလုံမလဲဖြစ်ကာ ...

"လက်မှတ်က နှစ်စောင်တည်းရလို့ မင်းကို ဝင်မခေါ်ဖြစ်တာ ကြယ်"

"ရတယ် ... ကိစ္စမရှိပါဘူး၊ ငါကလည်း ဒီလိုပွဲမျိုးတွေကို သိပ်ပြီး စိတ်မဝင်စားပါဘူး၊ နင်ပြန်ရင် ပြန်လိုက်တော့လေ၊ မယ့်ကို ငါပဲ ခေါ်သွားလိုက်တော့မယ်"

"ကဲ ... လာ မယ် ... ကြယ် ပြန်လိုက်ပို့ပေးမယ်"

မယ့်လက်ကိုဆွဲပြီး သူ့ကားရှိရာသို့ ခေါ်သွားသော ကြယ့်အား မယ်သည် ဘာပြန်ပြောရမှန်းပင်မသိတော့။ နေကတော့ ထိုနေရာမှာပင် ရပ်ကြည့်ပြီး ကျန်ခဲ့၏။

ကားပေါ်ရောက်တော့ ကြယ့်ဘက်ကစပြီး ခနဲ့တော့၏။

"အရမ်းကို တက်ကြွနေကြပါလား မယ်"

"ဘာကိုတက်ကြွရမှာလဲ ကြယ်ရယ်"

"ဖြူဖြူကျော်သိန်းပွဲကို နေနဲ့အတူ သွားကြည့်ရလို့လေ"

"ကြယ်ရယ် ... အဲဒီလိုမပြောပါနဲ့၊ နေကလည်း ကြယ့်သူငယ်ချင်းပါ၊ သူ့မှာ မယ့်အပေါ် အခွင့်အရေးယူလိုတဲ့စိတ်





မရှိဘူး၊ ပြီးတော့ ..."

မယ်သည် စကားကို ဆက်မပြောသေးဘဲ ကြယ့်ထံသို့ မျက်ဝန်းကလေးထောင့်ကပ်ကြည့်ကာ လှမ်းပြီး အကဲခတ်လိုက်၏။

"ပြီးတော့ ဘာဖြစ်လဲ ... ဆက်ပြောလေ"

"သူ့မှာ တည်ကြည်ခံ့ညားပြီး ယောကျ်ားပီသတဲ့ဟန်အပြည့် ရှိတယ်လေ"

ထိုစကားလုံးအချို့ဟာ ကြယ့်ရင်ကို အဆိပ်လူးထားသော မြားအစင်းတစ်ရာနဲ့ ချိန်ရွယ်ပစ်လိုက်သလို ဆတ်ဆတ်ခါအောင် နာကျင်ရပါသည်။

'ဒါဆို ကြယ်က ယောကျ်ားမပီသဘူးပေါ့ ... ဟုတ်လား မယ်' ... ဟု မေးလိုက်ချင်ပါသည်။

သို့သော် ကိုယ့်အားနည်းချက်ကို မလုံမလဲဖြစ်ရာရောက်မှာစိုး၍ နှုတ်က ဘာစကားမှ ထပ်ပြီးမထွက်ဖြစ်တော့ပါ။ ခပ်ဆိတ်ဆိတ်ပင် နေလိုက်ပါ၏။

"ကြယ် အိမ်ပေါ်မတက်တော့ဘူး မယ် ... ဂွတ်နိုက်"

ကားပေါ်မှဆင်းပြီး ကြယ်ရှိရာဘက်သို့ လျှောက်လာပြီး

"ကျွန်မရဲ့လက်ရာ ကော်ဖီပူပူလေး မသောက်သွားတော့ဘူးလား ကြယ်"

"ကော်ဖီသောက်ရင် မျက်လုံးကျယ်သွားလိမ့်မယ်၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ညနေတော့ ဘာကိုမှမတွေးဘဲ အိပ်စက်ခြင်းနဲ့ပဲ ကုန်ဆုံးချင်လို့ပါ . . . မယ်"

ကြယ့်ရင်ထဲမှာ မယ်နဲ့ပတ်သက်ပြီး ဘယ်လိုခံစားနေရသလဲဆိုတာ အတိအကျမသိနိုင်ပေ။ မယ့်ကို သဝန်တိုမှုအနည်းငယ်တော့ ကိန်းအောင်းနေပြီဆိုတာ မယ် သိလိုက်ပါသည်။

❦

မနက်မိုးလင်းတော့ မယ် ရုံးသွားဖို့ပြင်ဆင်ပြီး အောက်ဆင်းလာတော့ နေရဲ့ကားက အောက်မှာ အဆင်သင့်ရောက်နေ၏။

"နေ . . . ရှင် စောစောစီးစီး ဘာလာလုပ်ပြန်ပြီလဲ"

"ကိုယ်လည်း ကြယ်စင့်ဆီသွားမလို့ လမ်းကြုံတာနဲ့ မယ့်ကို တစ်ခါတည်း ဝင်ခေါ်လိုက်တာ"

နေသည် ဖြစ်နိုင်ခြေရှိသော အကြောင်းပြချက်အစုံအလင်ဖြင့် မိမိထံကို ချဉ်းကပ်လာပြီဆိုတာ အလိုလိုသိနေပေမယ့်လည်း အားနာစွာဖြင့် လိုက်လျောမိနေပြန်၏။

"ကိုယ် မနက်ကတည်းက ဘာမှမစားဖြစ်သေးဘူး မယ် . . . တစ်ခုခု ဝင်စားရအောင်"

နေရဲ့တောင်းဆိုမှုကြောင့် လက်မှနာရီကို တစ်ချက်ငုံ့





ကြည့်လိုက်၏။ ဒါကို ရိပ်မိသော နေက . . .

"ဆယ့်ငါးမိနစ်လောက်ပါပဲ၊ ကိုယ် တကယ်ဗိုက်ဆာလို့ပါ"

"အင်းလေ . . . ရပါတယ်"

နေက ကိုယ့်အကြံနဲ့ကိုယ်ပါ။ ဒီနေ့တော့ မယ့်ကို သူ့ရင်ထဲက ခံစားချက်တွေကို မဖြစ်ဖြစ်အောင် ရင်ဖွင့်တော့မည်ပေါ့။

ကိုယ့်အတွေးနှင့်ကိုယ် ကော်ဖီဆိုင်တစ်ခုဆီသို့ ဦးတည်လိုက်၏။

ကော်ဖီဆိုင်လေးက မနက်ခင်း လာရောက်စားသုံးသောသူများနှင့် စည်ကားနေ၍ ဆိုင်အတွင်းဘက် ထောင့်ကျကျ စားပွဲတစ်ခုသာ အလွတ်ရှိ၏။

"လာ မယ် . . . ဟိုထောင့်က စားပွဲမှာ သွားထိုင်ရအောင်"

စားပွဲထိုးလေးကို မှာစရာရှိတာမှာပြီး မနက်ခင်းရဲ့လတ်ဆတ်မှုနှင့်အတူ လန်းဆန်းနေသော မယ့်ရဲ့မျက်နှာနုနုလေးကို အားမနာတမ်း တရှိုက်မက်မက် စိုက်ငေးကြည့်ပစ်လိုက်၏။

ကိုယ့်ရဲ့အကြည့်ရဲတင်းမှုများကြောင့် မယ့်ကို အားနာမိပေမယ့်လည်း ကိုယ်က ချစ်မိနေပြီဆိုတော့ ဒီအချိန်မှာ မယ် ရိပ်မိသွားလည်း ပိုလို့ပင် ကောင်းသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့မနက်ခင်းနဲ့ မောနင်းစာဟာ အရင်ရက်များထက် ပိုပြီး အရသာထူကဲနေပါ၏။

''မယ်''

တိုးညင်းညင်းခေါ်သံသဲ့သဲ့ဖြင့် ရင်ဖွင့်တေးဆိုဖို့ နိဒါန်းချီကာ မယ့်ကို ချစ်ရည်အပြည့်ရွှန်းသောမျက်ဝန်းအစုံဖြင့် ကြည့်လိုက်တယ်ဆိုရင်ပဲ ...

နေနှင့်မယ့်အနားသို့ စိတ်ပျက်စရာကောင်းသော မာရ်နတ်တစ်ကောင်က ဘွားခနဲ ပေါ်လို့လာပြန်၏။ သွားပြန်ပြီ။ ဒီတစ်ခါလည်း ကိုယ့်ဘက်မှာ ရပ်တည်နေသော အခွင့်အရေးက ကိုယ့်ကို ကျောခိုင်းသွားပြန်ပြီ။

ဒီအဖြစ်ဆိုးကို ဆိုင်ဝကို ကျောပေးထိုင်နေသော မယ်ကတော့ ဘယ်သိရှာမလဲလေ။

ကားသော့တွဲကို လက်ညှိုးမှာချိတ်ပြီး ယမ်းကာယမ်းကာဖြင့် မျက်လုံးက တစ်ဆိုင်လုံးကိုဝေ့ဝဲပြီး လူရှာ၍ဝင်လာသော ကြယ့်ကို မြင်လိုက်ရ၍ မျှော်လင့်ချက်တွေအပြည့်ဖြင့် ရင်ခုန်နေရသောမနက်ခင်းလေးသည် ရုတ်တရက် အကျည်းတန်သွားရပြန်ပါ၏။

''မယ် ...ဟိုမှာ ကြယ်စင် လိုက်လာတယ်''

နေ့စကားကြောင့် မယ်က ဆိုင်ပေါက်ဝကိုလှည့်ကြည့်ပြီး ...





''ဟယ် ...ကြယ် ...လာ ...ထိုင်''

''ဒီမှာ ငါတို့ရှိတာ မင်း ဘယ်လိုသိလဲ''

''နင့်ကား ဆိုင်ရှေ့မှာတွေ့လို့ ဝင်လာတာ၊ နင်နဲ့အတူ မယ်လည်း ရှိလိမ့်မယ်ထင်လို့လေ၊ ထင်တဲ့အတိုင်း ကွက်တိပဲ''

''ဟုတ်တယ် ကြယ်ရဲ့ ...မနက်က ကျွန်မ ထွက်လာတော့ နေက ကြယ့်ဆီလာမှာမို့ လမ်းကြုံတာနဲ့ တစ်ခါတည်း လိုက်လာလိုက်တာ''

''ရုံးကိုမသွားနဲ့ဦး မယ်၊ ကြယ်နဲ့ ခဏလိုက်ခဲ့ဦး၊ မမ ခိုင်းထားတဲ့ကိစ္စလေးရှိလို့''

''ဟုတ်လား''

ဟုဆိုပြီး နေဘက်လှည့်ကာ ...

''ကဲ ...နေရေ နောက်မှပဲ အဝစားတော့မယ်၊ ခုတော့ နေမြင်တဲ့အတိုင်း အလုပ်ကိစ္စက ပေါ်လာပြီ''

''ရတယ် ...မယ်၊ ဟော့ကောင် ကြယ်စင် ...ငါ ညကျမှပဲ အိမ်ကို လာတော့မယ်''

''အေး ...ငါ ...ငါတို့သွားပြီ''

မယ့်မှာ ကြယ့်အနောက်ကနေ လိုက်သွားရပြန်ပြီ။ နေမှာတော့ ကြယ့်ကို အကြိမ်ကြိမ် စိတ်ထဲမှ ကျိန်ဆဲပစ်လိုက်၏။

ဒီအခြောက်မတော့ အနှောင့်အယှက်ပေးနေပြီ။ မယ့်ကို ချစ်ရေးဆိုဖို့ အခွင့်အရေးကြုံလာတိုင်း သူက မကောင်းဆိုးဝါး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်လို ဘွားခနဲ ပေါ်လာတတ်၏။

ညကလည်း Show ပွဲက အပြန်လမ်းမှာ မယ့်ကိုရင်ဖွင့်မည်ဟူသောအတွေးနှင့် မယ့်အတွက် ရင်ခုန်စရာကောင်းမယ့် နားဝင်ချိုမယ့်စကားလုံးတွေကို စဉ်းစားရတာ ဖြူဖြူကျော်သိန်းပင် ဘာသီချင်းတွေဆိုသွားမှန်း မသိလိုက်။

ခုလည်း မယ့်ကို အကြောင်းရှာခေါ်ထုတ်လာပြီး လမ်းမှာဆိုင်တစ်ဆိုင်ဝင်ပြီး မယ်နဲ့အတူ မနက်စာစားမယ်၊ စားရင်းနဲ့ မယ့်ကို ချစ်တယ်လို့ ဖွင့်ပြောတော့မယ်ပေါ့။ ခုတော့ လွဲပြန်ပြီ။

ကားကို ကုမ္ပဏီရှေ့သို့မောင်းနေသဖြင့် ကြယ့်ကို လှမ်းကြည့်လိုက်၏။ သူ့မျက်နှာက ခပ်တင်းတင်းနှင့် တစ်ခုခုကို မကျေနပ်သောဟန်ပေါက်နေ၏။

"ကြယ် ... မမခိုင်းထားတဲ့ကိစ္စ သွားရမယ်ဆို"

"မသွားရပါဘူး"

"ကြယ် ... ဘာဖြစ်နေတာလဲဟင်"

မယ့်အမေးကိုမဖြေဘဲ မယ့်ကိုသာ မေးခွန်းပြန်ထုတ်လိုက်၏။





"ဘယ်လိုလဲ မယ် ... ဒီကောင်နဲ့အတူရှိနေတဲ့အချိန်တွေကို မယ် နှစ်သက်တတ်နေပြီလား၊ ဒီကောင် မယ့်ကို လိုက်ကပ်နေတာ နည်းနည်းလေးမှ မရိပ်မိဘူးလား"

ကြယ့်စကားကြောင့် မယ်သည် ခပ်လွင်လွင်လေး ရယ်လိုက်ပြီး ...

"ကြယ်ရယ် ... နှစ်သက်တယ်ရယ်လို့လည်း ဘယ်ဟုတ်မလဲ၊ သူကလည်း လွတ်လတ်တဲ့ယောကျ်ားတစ်ယောက်၊ ကျွန်မကလည်း လွတ်လပ်တဲ့မိန်းမတစ်ယောက်၊ အဲ့ဒီတော့ နေကလည်း သူ့အခွင့်အရေးကို သူ အသုံးချသလို၊ ကျွန်မကလည်း ကျွန်မရဲ့အခွင့်အရေးအတိုင်း ရှောင်သင့်တာရှောင်, လိုက်လျောသင့်တာ လိုက်လျောပေါ့ ... မဟုတ်ဘူးလား၊ နေလို ယောကျ်ားပီသတဲ့ Gentleman တစ်ယောက်က ကျွန်မကို ချဉ်းကပ်တာ ကြယ်ကတောင် ကျွန်မအစား ဂုဏ်ယူရဦးမှာလေ၊ ပြီးတော့ နေက ကြယ့်ရဲ့သူငယ်ချင်းပဲ"

"အို ... တော်စမ်းပါ ... နားကြားပြင်းကတ်တယ်၊ ကြယ်ကတော့ မယ် ဒီကောင့်ကို ကြယ့်ထက်ပိုပြီး ခင်တွယ်သွားမှာကို ပုံး၀ (လုံး၀) မလိုလားဘူး၊ ဒါဟာ ကြယ့်ရဲ့စိတ်ရင်းမှန်ပဲ ... သိလား၊ ခုလည်း ဘယ်စက်ရုံကိုမှ မသွားဘူး၊ မယ် နောက်ကျနေလို့ ဘာများဖြစ်လဲမသိဘူးဆိုပြီး စိတ်ပူလို့လာခေါ်တာ၊ ဟင်း ... သူတို့က ကော်ဖီဆိုင်မှာ အကြည်ဆိုက်နေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြယ့်ရဲ့ ကလေးဆန်သောအပြုအမူနဲ့ စကားတချို့ကြောင့် မယ်သည် သဘောတကျဖြင့် ရယ်လိုက်မိပါသည်။

နေနှင့်သူမ တွဲနေတာကို ကြယ် မကြိုက်ဘူးဆိုတာ ရိပ်မိလိုက်သည်နှင့် နေအား တတ်နိုင်သမျှ ရှောင်မည်ဟူသော အတွေးက အစီအစဉ်တကျဖြင့် အာရုံထဲဝင်လာပါသည်။

နေ ဖုန်းနှင့်ချိန်းလျှင်လည်း မရှိဘူးဟုသာ ပြောခိုင်းသလို အိမ်ကိုလာလျှင်လည်း မယ်သည် အခန်းထဲ ဝင်ပုန်းနေလိုက်ပြီး အမေနှင့်မောင်လေးကို အားနာစွာဖြင့်ပင် မုသားသုံးခိုင်းလိုက်ရလေသည်။

ခုဆို မယ်နှင့်နေ မတွေ့ဖြစ်တာ နှစ်ပတ်သုံးပတ်ခန့်ပင် ရှိတော့မည်။

နေခမျာမှာလည်း မယ့်ကိုတွေ့ဖို့အတွက် မယ့်အနားမှာ ကြယ်မရှိတဲ့အချိန်ကို အမြဲချောင်းနေရ၏။

ခုလည်း ကြယ့်ဆီကို ဖုန်းဆက်ပြီး 'မင်း ဘယ်မှမသွားနဲ့ ငါလာခဲ့မယ်' ဆိုပြီး အိမ်မှာစောင့်ခိုင်းထားလိုက်၏။

ဒါမှ မယ်နဲ့သူနဲ့ တွေ့တဲ့အချိန်မှာ အနားကို ဘွားခနဲ ရောက်မလာမှာ။

နေကတော့ သူ့စိတ်ကူးနဲ့ သူ့မှန်းချက် အဆင်ကိုပြေနေ၏။

ကြယ်ကလည်း တစ်ဖက်မှာ ဒီကောင် ငါ့ကို အချဉ်ဖမ်း





ခဲ့ပြီး မယ့်ဆီကို သွားဖို့ချောင်းနေတယ်ဆိုတာ အကွက်က ကြိုမြင်ပြီးသား။ ဒါကြောင့် မယ့်ဆီကို အချိန်မီထွက်လာခဲ့လိုက်၏။

နေသည် မယ့်အား ချစ်ရေးမဆိုနိုင်အောင်ပေါ့။

လူခေါ်ဘဲလ်တီးသံကြောင့် မယ်သည် ကိုရီးယားကားထိုင်ကြည့်နေရင်းမှ တံခါးထဖွင့်လိုက်သည်။

"ဟင် ...နေ"

နေ့ကိုမြင်လိုက်တော့ ရှင်ငြိမ်းအဖို့ အငိုက်မိသွားပြီလေ။ ဘယ်လိုမှ ရှောင်လို့မရတော့။ ဘယ်တတ်နိုင်မလဲလေ။ လူမှုရေးအရ အလိုက်အထိုက် ဆက်ဆံရမှာပေါ့။'

"နေကောင်းတယ်နော် မယ်"

"ဟယ် ...နေကောင်းလို့ အခုလို တံခါးထဖွင့်ပေးနိုင်တာပေါ့"

နေသည် ရှက်ရယ်ကလေးရယ်လိုက်ပြီး ...

"အင်း ...ဟုတ်သားပဲနော်၊ နည်းနည်းလောကွတ်လွဲသွားတယ်၊ အနားယူနေသလားလို့ မေးရမှာ"

"ရော့ ဒါက ...မယ့်အတွက် လက်ဆောင်"

နေ့ထံမှ ကမ်းပေးလာသော အပြာရောင်ပန်းစည်းလေးကို လှမ်းယူလိုက်ပြီး ...

"ဟယ် ...ပန်းလေးတွေက လှလိုက်တာ၊ ကျွန်မအဲဒီလိုပန်းစည်းမျိုး တစ်ခါမှ မရဖူးဘူး၊ ဒါဟာ ...ရှင့်ဆီက



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးအကြိမ်ပဲ''

''ဒါဆို ... ကိုယ်က ကံထူးရှင်ပေါ့''

''ဒါကတော့ ရှင့်သဘောပဲလေ၊ ကိုယ်ယူဆထင်မြင်ချက်တွေဟာ ကိုယ့်ရဲ့ ကိုယ်ပိုင်အခွင့်အရေးတစ်ခုပဲ၊ ကြိုက်သလို သတ်မှတ်လို့ရတယ်''

''ကဲ ... မဝင်တော့ဘူးလား၊ ပန်းစည်းပေးပြီး အပေါက်ဝက လှည့်ပြန်တော့မလို့လား''

''အင်း ... ဟုတ်သားပဲ၊ မယ့်အလှနဲ့မျက်နှာလေးကို မြင်လိုက်ရလို့ ယစ်မူးသွားတာနဲ့ အိမ်ထဲဝင်ဖို့တောင် သတိမရတော့ဘူး''

နေသည် အိမ်ထဲကိုလှမ်းဝင်လိုက်ပြီး TV ကြည့်နေသော မောင်လေးရဲ့ဦးခေါင်းကို ပုတ်လျက် ...

''ညီထူး ... ကျောင်းမသွားရဘူးလား''

''ဒီနေ့ ကျောင်းပိတ်တယ်လေ၊ စနေ,တနင်္ဂနွေရက်တွေကို ဘယ်ကျောင်းမှမဖွင့်ဘူး အစ်ကိုရ''

''အဟဲ ... ဟုတ်သားပဲ ... ဆောရီး၊ အမေရော''

နေကပါ သူမ၏မိခင်ကို ကြယ်ခေါ်သလို အမေဟုပဲ ခေါ်ပါသည်။

''ခေါင်းကိုက်လို့တဲ့ အိမ်ထဲမှာ ခဏလှဲနေတယ်၊ ထိုင်ဦးနော် ... ရှင်သောက်ဖို့ ကျွန်မ တစ်ခုခုစီစဉ်လိုက်ဦးမယ်''





''မယ် ... ကိုယ်တို့ ကော်ဖီဆိုင် သွားထိုင်ရင်ကောင်းမလား''

သူ့ဆန္ဒကို အဖော်ညှိနေသော နေ့အား ပြုံးကြည့်ရင်း

''အင်း ... သွားလေ၊ ခဏနော် ... မယ် အင်္ကျီလဲလိုက်ဦးမယ်''

နေနေကာ့ သရီးကွာတားဘောင်းဘီ ကာကီရောင်နှင့် တီရှပ်အဖြူလေးကို တွဲဖက်ဝတ်ဆင်ထားပြီး အိမ်နေရင်း ပေါ့ပေါ့ပါးပါးစတိုင်လ်လေးနဲ့လည်း လှပရှင်းသန့်ကာ ချစ်စရာကောင်းနေတဲ့ ရှင်ငြိမ်းမယ်ရဲ့အလှကို စူးစိုက်ငေးကြည့်နေမိရင်းက ...

''ဒီအတိုင်းလည်း လှနေသားပဲ မယ်ရယ် ... လဲမနေပါနဲ့တော့''

နေနေ့အပြောကြောင့် မယ်လည်း အိမ်နေရင်း အဝတ်အစားတွေနှင့်ပင် နေနှင့်အတူ ကော်ဖီဆိုင်လေးသို့ ထွက်လာခဲ့လိုက်သည်။ ကော်ဖီဆိုင်ရောက်တော့ ...

''မယ် ... ဘာသောက်မလဲ''

''ကပချီနို''

''ကိုယ်နဲ့ အကြိုက်ချင်းတူတာပဲ၊ ကိုယ်လည်း ဒါပဲ သောက်တယ်''

''မယ့်အနေအထားက ဒီလောက်ဈေးကြီးတဲ့ကော်ဖီဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်နိုင်ခွင့်ရှိတဲ့ဘဝမျိုး မဟုတ်ပါဘူး နေရယ်၊ ဒီဆိုင်မှာ ကြယ်က မယ့်ကို ကော်ဖီလိုက်တိုက်တိုင်း သူ့အကြိုက်ကို လိုက်သောက်နိုင်းရင်းနဲ့ အကျင့်လုပ်ပေးခဲ့လို့ မယ်လည်း ကြိုက်သွားပြီး ဒီဆိုင်ကိုရောက်တိုင်း ကပချီနိုကိုပဲ သောက်ဖြစ်ခဲ့တာပါ နေ''

မယ်က ကော်ဖီခွက်ထဲမှာ ပေါလောမျောနေတဲ့ အသည်းပုံ နို့ဆီပြင်လေးကို ဇွန်းဖြင့် ကျေအောင်မွှေရင်းက ပြောလိုက်သည်။

နေက မယ့်ကို နားလည်ပေးတဲ့အပြုံးလေး ပြုံးပြရင်းမှ

''မယ် ...ကိုယ်လေ မင်းကိုတွေ့ရင် ရင်ခုန်တယ်''

''ရင်ခုန်တာ ကော်ဖီသောက်လို့နေမှာပေါ့''

''မနောက်ပါနဲ့ ...ကိုယ် တကယ်ပြောတာပါ''

''ကြယ်စင် မိတ်ဆက်ပေးတဲ့နေ့ကတည်းက ကိုယ့်ရဲ့ ရင်ခုန်ခြင်းတွေ စတင်ပြီး သက်ဝင်လှုပ်ရှားခဲ့တာပါ''

''ရှင် ကျွန်မကို ရည်းစားစကားပြောဖို့ နိဒါန်းတွေ ပျိုးနေတာလား နေ''

''ရဲဆေးတင်နေတာပါ မယ်၊ မင်းက ကြိုသိနေမှတော့ အဖြေတောင်းရုံပဲ ရှိတော့တာပေါ့''

''ရှင်က ...တော်တော်ဖြတ်လမ်းနည်း သုံးတာပဲ၊ ကျွန်မက ဖြစ်နိုင်ခြေရှိတာကို ပြောတာ''

''အဲ့ဒါက ကွက်တိမှန်နေတာကိုး၊ ကဲပါ ...ကိုယ်ပြော





မယ် ...နားထောင်ပေး''

စားပွဲပေါ်တင်ထားသော မယ့်ရဲ့လက်အစုံကို နေသည် အသာဆုပ်ကိုင်လိုက်ရင်း ...

''ကိုယ် ...မယ့်ကိုချစ်တယ်၊ ပြီးတော့ လက်ထပ်ချင်တယ်၊ အဲ့ဒါ ကိုယ့်ဘဝရဲ့အကြီးမားဆုံး မျှော်လင့်ချက်ပဲ''

ဆုပ်ကိုင်ခြင်းခံရသော လက်အစုံက ရုန်းဖယ်ခြင်းမရှိဘဲ သူမသည် ပခုံးထက်သို့ ဖြောင့်စင်းသောဆံစလေးများ ဝဲခနဲ ဖြာကျသည်အထိ ခေါင်းကို အသာငုံ့လျက် အတန်ကြာ တိတ်ဆိတ်နေသည်။ ပြီးမှ နေ့ထံသို့ ရင်ခုန်ရိပ်အစွန်းအစလေး ကပ်ငြိနေသော မျက်နှာရဲရဲလေးဖြင့် ...

''နေ''

''ပြောလေ''

''လောကမှာ စိတ်ကူးနဲ့လက်တွေ့ တစ်ထပ်တည်းမကျနိုင်ဘူးဆိုတာ နေ ယုံလားဟင်''

''သိပ်ယုံတာတာပေါ့၊ ဒါပေမဲ့ ...ကိုယ်က မယ့်ကို စိတ်ကူးယဉ်ပြီး ချစ်တာမှမဟုတ်တာ၊ ကိုယ့်ရဲ့လက်တွေ့ဘဝမှာ အသေချာဆုံး သေချာခဲ့လို့ ကိုယ်ချစ်မိသွားတာလေ၊ ကိုယ့်မှာ မယ့်အတွက် စိတ်ကူးယဉ်တယ်ဆိုတာ ဘယ်တော့မှ ရှိလာမှာ မဟုတ်ပါဘူး၊ ကိုယ် စိတ်ကူးမယဉ်တတ်ဘူးမယ် ...အဲဒါ ယုံလားတော့မသိဘူး ...၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မယ့်ကိုလက်ထပ်ချင်လောက်အောင် ချစ်မိလို့ပါ၊ ကိုယ် စိတ်ချမ်းသာဖို့ တဒင်္ဂသာယာမှုရှာတဲ့သဘောမျိုး လုံးဝ မဟုတ်ဘူးဆိုတာကိုတော့ အသေအချာ ကျိန်ပြောရဲပါတယ် မယ်''

''ဆောရီးပဲ နေရယ် ... ကျွန်မမှာ နေစိတ်ကျေနပ်စေမယ့် အဖြေမျိုး အဆင်သင့်မရှိသေးဘူး''

ရင်ထဲမှာ နေ့ကို အဖြေတစ်ခုကို ရေရေရာရာပေးဖို့အတွက် နိုင်လုံသောခံစားချက် သက်သေမရှိသေးပါ။ ရင်ခုန်တိုင်း အချစ်မဖြစ်နိုင်သေးပါ။ ဒါဟာ တဒင်္ဂစိတ်လှုပ်ရှားမှုလည်း ဖြစ်နိုင်ပါ၏။

အဲဒီနောက်မှာတော့ နေရဲ့ကြင်နာခြင်းတွေ အပြည့်အသိပ်ပါသော ခပ်ရဲရဲအကြည့်တွေအောက်မှာ မယ်ဟာ စိတ်ကျဉ်းကျပ်စွာဖြင့် အချိန်တွေကို အမြန်ကုန်လွန်စေချင်လှပါ၏။

ကော်ဖီဆိုင်မှအပြန် နေသည် အိမ်အောက်အထိ မယ့်ကို လိုက်ပို့ပြီး ပြန်သွား၏။ အပေါ်ရောက်တော့ အမေနှင့် ထိုင်စကားပြောနေသည့် ကြယ့်ကို တွေ့ရသည်။ ကြယ်က ဂျင်းဘောင်းဘီနှင့် အီမိုဒီဇိုင်း နှစ်ထပ်အင်္ကျီအနီအစင်းကလေးကို တွဲဝတ်ထားသည်။

ငယ်နုချောမောသည့် ကြယ့်ရုပ်သွင်လေးမှာ ယခင်က ကြယ် နှစ်သက်မက်မောစွာဝဝဆင်တတ်သည့် မိန်းမဆန်ဆန်





အဝတ်အစားတွေနှင့်တုန်းကလိုမဟုတ်ဘဲ တစ်မျိုးလေး ပိုပြီး ကြည့်ကောင်းနေသည်ကတော့အမှန်ပင်။

ခေတ်လူငယ်ယောကျ်ားလေးတွေရဲ့ ဝတ်စားဆင်ယင်မှုပုံစံအတိုင်း ဝတ်ဆင်ထားသည့်ကြယ့်ပုံစံလေးကို ငေးမောရင်း မယ်က ကျေနပ်စွာပြုံးမိသည်။

အခုဆို ကြယ်ဟာ ဝတ်စားဆင်ယင်မှုပုံစံလေးတွေ ပြုမူနေထိုင်လှုပ်ရှားဟန်လေးတွေ ဖြည်းဖြည်းချင်း မသိမသာပြောင်းလဲလို့ လာနေပြီဆိုတာကို မယ် သတိပြုမိသည်။ ကန္တဲ့ကလျာဟန်လေးတွေရှိနေသေးပေမယ့် တချို့ဟန်ပန်အမူအရာတွေက ယောကျ်ားဆန်ဆန် သွက်လက်ဖျတ်လတ်နေသည်။ ဘာပဲဖြစ်ဖြစ် ဒါဟာ ကြယ့်အတွင်းစိတ်အခြေအနေ ပြောင်းလဲလာခြင်းရဲ့ ပြယုဂ်ပဲ မဟုတ်လား။

မယ်သည် နေနှင့်ကော်ဖီဆိုင်သို့ လိုက်သွားမိခြင်းအပေါ် စိတ်မလုံမလဲ ဖြစ်နေမိရင်းမှပင် ...

''ကြယ် ... ဘယ်တုန်းက ရောက်သလဲ''

မယ်၏အမေးကို တုံးတိတိပင် ပြောလိုက်သည်။

''နေနဲ့ ကော်ဖီဆိုင်ထွက်သွားကတည်းက''

''ဟယ် ... ဒါများ လိုက်လာလိုက် ပြီးရော၊ ဆိုင်လည်းသိနေတဲ့ဟာကို''

''မလိုက်ပါဘူး၊ သူများတွေ ကိုယ့်ကြောင့် စိတ်အနှောင့်



www.burmeseclassic.com

www.burmeseclassic.com



အယှက်ဖြစ်မှာ မလိုလားဘူး''

အမေသည် အနားမှထသွားရင်း ...

''ကဲ ...စကားပြောကြဦး ...အမေ ထမင်းပွဲသွားပြင်ထားလိုက်တော့မယ်၊ ထူးထူးရေ ...အမေ့ကို လာပိုင်းကူဦး''

အမေနှင့်မောင်လေး အနားမှထသွား၍ ရှင်ငြိမ်း ကြယ့်အနားတွင် ဝင်ထိုင်လိုက်ရင်း ...

''ကြယ် ...ရှင် ကျွန်မကို စိတ်ကောက်နေတာလား''

''ကြယ့်ဘဝမှာ စိတ်ကောက်တယ်ဆိုတာ ဘယ်တုန်းကမှ မရှိဖူးဘူး''

ကြယ်သည် မယ့်အား အမှန်တကယ်ပင် စိတ်ကောက်ချင်ပါသည်။ မယ့်အပေါ် အဲဒီလိုစိတ်မျိုးတွေ ဘာကြောင့်ဝင်လာသလဲဆိုတာကို ကြယ်သည် သူ့ကိုယ်သူပင် သိပ်နားမလည်ချင်။ မယ်နှင့်ပတ်သက်ပြီး သူ့မှာ တစ်ခါမှ မခံစားဖူးသော ခံစားမှုအသစ်အဆန်းတွေကို တစ်ခုပြီးတစ်ခု ခံစားနေရသည်။

''ကြယ်က စိတ်မကောက်ဘူးတာဆိုတယ် ကျွန်မကိုဆက်ဆံပုံက တစ်မျိုးပဲ၊ အင်းပေါ့လေ ...ကျွန်မရဲ့ကျေးဇူးရှင်က ရှင်ဖြစ်နေတော့ ရှင်ကျေနပ်တဲ့အထိ တောင်းပန်ရတော့မှာပေါ့''

သူမသည် တမင်တကာ မျက်နှာညှိုးလျက် စိတ်မကောင်းချင်ဟန် ဆောင်ပြလိုက်သည်။ ကြယ့်အနေနဲ့လည်း မယ့်အပေါ် ထိုသို့အနိုင်မယူချင်ပါ။





ဒါကြောင့် မျက်နှာကို ချက်ချင်းပြင်လိုက်ပြီး ...

''နေက ကော်ဖီဆိုင်မှာ ဘာတွေပြောသေးလဲ''

''ရှင် ...အဲဒါကို သဝန်တိုချင်နေတာလား''

''မေးတာကိုပဲဖြေပါ''

''အဟင်း ...ရှင်စိတ်မဆိုးဘူးဆိုရင် ပြောပြမယ်လေ၊ နေက ...ကျွန်မကို ရည်းစားစကားပြောပြီး လက်ထပ်ခွင့်တောင်းနေတယ်''

ကြယ့်ရင်ထဲ မနာလိုမှုဆိုတာထက် မယ့်ကို သူ့အနားက ခွဲထုတ်လိုက်ရမှာကို သေမလောက် ကြောက်သွားသည်။

''ဟင် ...ဒါဆို မယ်က အဖြေဘယ်လိုပေးလိုက်လဲ''

''ဘယ်လိုမှ အဖြေမပေးလိုက်ဘူး၊ သူ မယ့်အတွက် ငြင်းလောက်တဲ့ ယောကျ်ားတစ်ယောက် မဟုတ်ဘူးဆိုတာ ရှင်လက်ခံလားဟင်''

ကြယ် ထိုမေးခွန်းကို မဖြေချင်ပါ။

''မသိဘူး ...ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ပေါ့''

''ကျွန်မလည်း ဆုံးဖြတ်ရခက်နေလို့ပေါ့''

နေနှင့်မယ့်ကို မိတ်ဆက်ပေးခဲ့မိတဲ့ ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်မိခြင်းနှင့်အတူ နောင်တရ၍မဆုံး။

မယ်နှင့် ထိုအကြောင်းကို ဆက်မဆွေးနွေးလို၍ စကားလမ်းကြောင်းလွှဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မယ့်ကို မမရာသက်ပန် မေးနေတယ်၊ မနက်ဖြန် သူ့ရဲ့ရုံးခန်းကို သွားလိုက်ဦး"

"မနက်ဖြန် သွားလိုက်မယ်လေ၊ ကျွန်မလည်း မမနဲ့ မတွေ့ဖြစ်တာကြာပြီ၊ အပြင်အောက်ဒိုးတွေ လိုက်နေရတာနဲ့ပဲ"

"မနက်ဖြန်အတွက်ရော အလုပ်ဇယားချပြီးပြီလား"

"မနက်ဖြန်ညေ့ခံပွဲနဲ့ မင်္ဂလာပွဲနှစ်ပွဲရှိတယ်"

"နှစ်ခုက အချိန်တိုက်နေတယ်၊ ဒါပေမဲ့ ကိစ္စမရှိဘူး၊ ညေ့ခံပွဲပြင်ဖို့ ရှီလာတို့နဲ့ လွှတ်လိုက်၊ မယ်က မင်္ဂလာပွဲကိုသွား၊ လူကြီးပိုင်းသားသမီးထဲကပဲ၊ ပညာကုန် ထုတ်သုံးရမှာနော်၊ ကြယ် လိုက်ခဲ့ဖို့လိုမယ်ဆိုရင်တော့ အဖော်လိုက်ပေးမယ်"

"ရပါတယ်"

ထိုစဉ် အမေ အနားသို့ရောက်လာပြီး ...

"ဒီနှစ်ယောက်စကားဝိုင်း ခုထိ မပြီးသေးဘူးပဲ၊ ထမင်းဝိုင်းပြင်ထားတယ်လေ၊ တော်ကြာ ဟင်းတွေအေးကုန်ရင် စားမကောင်းဘဲ နေတော့မယ်"

"ဟုတ်ကဲ့ အမေ ... လာပြီ၊ ကဲ ထ ... ထမင်းသွားစားကြရအောင်"

ကြယ်သည် စားချင်စိတ်မရှိ၍ ...

"ကြယ် မစားတော့ဘူး"

မယ်သည် မနို့တရှိ့ပြုံးလျက် သူမ၏ပုလဲရောင်သန်းနေ





သော မျက်နှာလှလှလေးကို ကြယ့်မျက်နှာအနားသို့ အသာတိုးကပ်လိုက်ပြီး ...

"ရှင် ... သစ္စာဖောက်တာလား ကြယ်"

ကြယ်က အပြုံးနှင့်အတူ ...

"မဟုတ်ပါဘူး ... တကယ်မဆာတာ"

"နည်းနည်းဖြစ်ဖြစ်တော့ ဝင်စားမှဖြစ်မယ်နော်၊ မစားဘူးဆိုရင်တော့ ဒီလက်သည်းချွန်ချွန်တွေနဲ့ ရှင်ရဲ့ပါးကို မညှာမတာ လိမ်ဆွဲရလိမ့်မယ်"

ထိုသို့ခြိမ်းခြောက်လျှင် ကြယ် တကယ်ကြောက်ပါသည်။ အဲ့ဒီအတွက် နေရာမှထလျက် ထမင်းစားခန်းထဲသို့ မယ်နှင့်အတူ လိုက်ဝင်လိုက်သည်။

အမေနှင့်ထူးထူးက ထမင်းဝိုင်းတွင် ရောက်နှင့်နေပြီဖြစ်သည်။ မိသားစုထမင်းဝိုင်းလေးကို အရင်ကလိုပင် စိုစိုပြည်ပြည်နှင့် အဆုံးသတ်လိုက်သည်။

ထိုညက ကြယ်သည် မောင်လေးနှင့် TV ဂိမ်းကစားပြီး ည ၉နာရီလောက်မှ ပြန်သွား၏။

ကြယ်သည် အရင်ကလို မဟုတ်တော့၊ အပြောအဆို အနေအထိုင်သည် တဖြည်းဖြည်း တည်ငြိမ်ရင့်ကျက်လာသည်။ ဝတ်စားဆင်ယင်ပုံကအစ ပြောင်းလဲ၍လာပါသည်။ အရင်လို မျက်နှာတွင် အခြယ်အသ မရှိတော့။ ထူးထူးကိုလည်း အစ်ကိုဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲခေါ်နိုင်း၏။

သူပြန်သွားတော့ အမေက ...

"သမီးရေ ... ကြယ့်ပုံစံက တဖြည်းဖြည်းနဲ့ ရာကနေ တည်ငြိမ်လာသလိုပဲနော်"

"သူ့ဘဝအမှန်ကို ပြန်ပြီးတောင့်တလာလို့နေမှာပေါ့ အမေရယ်"

ဟုသာ ခပ်ပေါ့ပေါ့လေး ဖြေလိုက်၏။

နောက်တစ်နေ့နံနက်တွင် သူမသည် မမရာသက်ပန် ရုံးခန်းသို့ သွားတွေ့၏။

"မမ"

"ဩော် ... လာ ရှင်ငြိမ်းမယ်၊ မင်းလာတာနဲ့ အတော် ပဲ၊ မင်းကို သတင်းထူးပြောမလို့"

"ဘာသတင်းထူးလဲ မမ"

"ကြယ်လေ ... သူ အိမ်မှာ ယောကျ်ားလေးအဝတ် အစားတွေ ဝတ်ပြီးနေတတ်နေပြီ"

"ဟိုတစ်နေ့ကလည်း ပလာဇာကပြန်လာတော့ ဘာ





တွေ ဝယ်လာတယ်မှတ်သလဲ၊ ယောကျ်ားတွေသုံးတဲ့ လက်ဝှေ့ ထိုးတဲ့အိတ်တွေ, အလေးမဝိတ်ပြားတွေ ဝယ်လာတယ်"

သိထားပြီးသား ကိစ္စပေမယ့်လည်း မသိဟန်ပြုကာ..

"ဒါဆို ... ကြယ့်ရဲ့ဇီဇစိတ်တွေ ပြောင်းလဲလာတော့ မှာပေါ့"

"ဒါပေါ့ ... ဒါဟာ မမ အဖြစ်ချင်ဆုံး ဆန္ဒပဲလေ"

"ကြယ်နဲ့ပတ်သက်ပြီး မမရဲ့ ရည်မှန်းချက် အောင်မြင် ဖို့အတွက် ပထမအဆင့် အောင်မြင်တော့မယ်၊ ဒုတိယအဆင့်ပဲ ကျန်တော့တယ်"

"ဒုတိယအဆင့်ဆိုတာကရော ကျွန်မ ဘယ်လိုပါဝင် ပတ်သက်ပေးရဦးမလဲ မမ"

ရာသက်ပန်သည် ရှင်ငြိမ်းမယ်အား အကဲခတ်သလို တစ်ချက်လှမ်းကြည့်လိုက်မိပြီး ပြောသင့်,မပြောသင့် ချိန်ဆကာ သက်ပြင်းခပ်လေးလေးတစ်ချက် ချလိုက်၏။

"ဒုတိယအဆင့်ကတော့ မင်းကို မောင်လေး ကြယ် စိတ်မဝင်စားလာအောင် နေဖို့ပါ"

"ရှင်"

ရာသက်ပန်၏စကားမြွာဦးသည် သူမ၏ရင်ကို ထုတ် ချင်းခတ် စူးဝင်သွားစေလောက်အောင် နာကျင်ရပါ၏။ နားမ လည်နိုင်မှု၊ အံ့သြမှု၊ အဖြေရှာလိုမှု၊ စုံလင်သောအကြည့်အစား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မမ၏နှုတ်က ထပ်ထွက်လာမည့်စကားကိုပဲ ခံနိုင်ရည်ရှိအောင် အသင့်ပြင်ထားသောအနေအထားဖြင့် . . .

"ဟုတ်တယ် . . . ရှင်ငြိမ်းမယ်၊ မောင်လေးရဲ့စိတ်တွေ ပုံမှန်ပြန်ရပ်တည်နိုင်ပြီဆိုရင် သူ့ရဲ့အတိတ်ကို မေ့ပစ်နိုင်ရမယ်၊ အဲဒါဟာ ဘာလဲဆိုတော့ မိဘတွေရှိစဉ်ကတည်းက သူတို့ရဲ့ အရင်းနှီးဆုံး မိတ်ဆွေတစ်ဦးရဲ့သမီးနဲ့ အိမ်ထောင်ချပေးဖို့ပါ၊ သူတို့မရှိကြတော့တဲ့နောက်ပိုင်းမှာ အဲဒီတာဝန်ကို မမက ပခုံးပြောင်းလွှဲယူထားလို့ပဲ၊ အဲဒီလိုစီစဉ်ရတာဟာ မိဘတွေရဲ့ဆန္ဒကို ဖြည့်ဆည်းရာလည်းရောက်၊ မောင်လေးရဲ့အနာဂတ်လည်း လုပစေဖို့အတွက် အကောင်းဆုံးအခွင့်အရေးတစ်ခုလည်းဖြစ်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့"

ဒါဆို သူမဟာ အသုံးချခံသက်သက်ပေါ့။ မမေးသင့်မှန်း သိပေမယ့် မိမိ၏သိက္ခာနှင့် မာနတရားအတွက် လိုအပ်သော မေးခွန်းဖြစ်သဖြင့် . . .

"ကျွန်မ အလုပ်ထွက်ဖို့လိုသလား မမ"

"အင်း . . . ခုလောလောဆယ်တော့ မလိုသေးဘူး၊ တကယ်လို့ လိုအပ်လာလို့ရှိရင်လည်း မမက မင်းကို အလုပ်မထုတ်ပါဘူး၊ မင်းရဲ့ခံစားပိုင်ခွင့်ရှိသလောက် . . . ဥပမာ မမ မင်းကို လုပ်ငန်းတစ်ခု ထူထောင်ပေးမှာပါ၊ လက်ရှိနေတဲ့အိမ်ကိုလည်း မင်းနာမည်နဲ့ လွှဲပေးမယ်၊ ကြယ်ကလည်း သဘောတူမှာ





ပါ"

ရင်မှာ ပြင်းပြစွာ စူးရှနာကျင်ရပါသည်။ တကယ်တော့ သူမသည် ကြယ်စင်ကို တွေ့ခဲ့မိသည့်အချိန်မှစ၍ အိပ်မက်ထဲမှာ တွယ်တာခဲ့ရသော တာရာကို အပြင်မှာ တကယ်တွေ့ခွင့်ရခဲ့သဖြင့် မိန်းကလေးဆန်သော ကြယ်စင်ရဲ့စရိုက်ကို ဥပေက္ခာပြုခဲ့မိပြီး သူ့ထံတွင် တကယ့်ကို နက်နက်ရှိုင်းရှိုင်း ပျော်ဝင်ခဲ့မိပါသည်။ ဒါဟာ မိမိရဲ့တစ်ဖက်သတ်ခံစားချက်သက်သက်ပါ။ ကြယ်စင်ကတော့ သူမအား သူငယ်ချင်းတစ်ယောက်ထက် ညီအစ်မတစ်ယောက်သဖွယ် တွယ်တာခဲ့တယ်ဆိုတာ သိပါသည်။

သူက ယောကျ်ားလေးဆိုပေမယ့် သူ့ရဲ့စိတ်နှင့်စရိုက်က မိန်းမတစ်ယောက်ရဲ့ဟန်ပန်အသွင်အပြင်စရိုက်လက္ခဏာမျိုးကို လုံးလုံးလျားလျား ကူးပြောင်းထားပြီးသား။

ထိုတစ်နေ့ညက မထင်မှတ်သော အဖြစ်အပျက်တစ်ခုကို နှစ်ဦးသား ရင်ဆိုင်လိုက်ရသည့်နောက်ပိုင်းတွင် မိမိလည်း ရှက်စိတ်နှင့် ရင်ခုန်လှိုက်မောခဲ့ရသလို ကြယ်စင်သည်လည်း စိတ်ခံစားမှုတစ်ခုက သူ့ဘဝကို လူမှန်နေရာမှန်အဖြစ်သို့ ပြန်လည်ရရှိကောင်း ရရှိပါလိမ့်မည်။

"ရှင်ငြိမ်းမယ်"

ခေါ်သံကြောင့် အတွေးကို ရုတ်တရက်ရပ်လိုက်ကာ . .

"ရှင် . . . မမ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘက်က တခြားတင်ပြစရာမရှိရင် သွားလို့ရပါပြီ ကွယ်"

"ဪ ... ဟုတ်ကဲ့ ဒါဆို ကျွန်မ သွားတော့မယ် မမ"

သူမသည် ရာသက်ပန်အား နှုတ်ဆက်အရိုအသေပြုပြီး ရုံးခန်းထဲမှ ထွက်လာခဲ့လိုက်သည်။ အပြင်ရောက်သည်နှင့် ပါး ပြင်ထက်သို့ မျက်ရည်စက်ရဲ့ နွေးထွေးသော ထိတွေ့မှုမျိုးကို ခံစားလိုက်ရသည်။

"အို ... ငါ ... ငိုနေပါလား"

"ဟင့်အင်း ... မငိုရဘူး၊ ငါ့ရဲ့နာကျင်ကြေကွဲခြင်းတွေ ကို ကြယ် မြင်သွားလို့မဖြစ်ဘူး"

ပါးပြင်ထက်သို့ ကျဆင်းလာသော မျက်ရည်စက်တွေကို လက်ဖမိုးဖြင့် ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်ရင်း ကြယ်ရှိသော လေ့ကျင့်ရေးခန်းမဘက်သို့ ထွက်လာခဲ့လိုက်သည်။

ဒီနေ့ လေ့ကျင့်ရေးခန်းမတွင် ကြယ်ကိုယ်တိုင် သင် တန်းသူများကို လေ့ကျင့်ရေးသုံးပစ္စည်းများဖြင့် သရုပ်ပြလေ့ကျင့် ပေးမည်ဖြစ်သည်။

ခန်းမထဲရောက်တော့ သင်တန်းသူများကို ပြေးစက်ပေါ် တွင် သရုပ်ပြလေ့ကျင့်ပြနေရာမှ မယ့်ကို တွေ့သွား၍ ခဏ စောင့်ဆိုသော အမူအရာဖြင့် လက်လှမ်းပြသည်။ သူမသည်





အားကစားဝတ်စုံလေးဖြင့် ခံ့ညားနေသော သူ့ရဲ့ဟန်လေးကို ကြည့်ရင်း ကြည့်မဝဖြစ်နေမိတော့သည်။

တအောင့်နေတော့ လက်တွေ့သရုပ်ပြပြီး၍ ပြေးဆင်း ကာ နည်းပြဆရာမများဖြင့် လွှဲခဲ့ကာ ချွေးစို့နေသော မျက်နှာကို ပခုံးပေါ်မှ မွှေးပွတဘက်အသေးစားလေးဖြင့်သုတ်ရင်း သူမ့ရှိရာ သို့ လျှောက်လာသည်။

"ခုမှရောက်သလား မယ်"

"အင်း ရောက်တာကြာပြီ ... မမရာသက်ပန်ရုံးခန်းထဲ ကို ခဏသွားနေလို့ပါ"

"နေ့လယ်တစ်နာရီအရောက် ဟိုတယ်ကိုသွားရမယ် နော်"

"ဟင် ... သတို့သမီးအိမ်မှာ မပြင်ဘူးလား"

"ဟိုတယ်မှာပဲ တစ်ခါတည်း ပြင်မယ်တဲ့"

"ဒီနေ့ရော ကြိုပွဲဂိုင့်တွေ လာသေးလား"

"အလုပ်လက်ခံဌာနက သတင်းမပို့သေးဘူး"

"မယ် ... မောနင်းစာ စားခဲ့ပြီးပြီလား"

"ဟင့်အင်း မစားခဲ့ဘူး၊ စားချင်စိတ်မရှိလို့"

"ကြည့် ... မယ်ကလေ ကိုယ့်ကိုယ်ကိုယ် ဘယ်တော့မှ ဂရုမစိုက်ဘူး၊ အစားအသောက်ဆိုတာ စာစာမစာစာ အချိန်တန် ရင်တော့ အာဟာရက ဖြည့်တင်းပေးရမှာပဲ၊ ဒါမှ eneergs



www.burmeseclassic.com

www.burmeseclassic.com



တွေက ပုံမှန်လည်ပတ်မှာပေါ့၊ လာ ...ကြယ်တို့ ရုံးခန်းထဲ သွားရအောင်၊ ကောင်မလေးတစ်ယောက်ယောက်ကို တစ်ခုခု စီစဉ်နိုင်းလိုက်မယ်''

ရှင်ငြိမ်းမယ်ရဲ့လက်ကို ဖျတ်ခနဲဆွဲယူဆုပ်ကိုင်ကာ ရုံးခန်းရှိရာ အောက်ထပ်သို့ ခါတ်လှေကားဖြင့် ဆင်းလာခဲ့လိုက်သည်။

သူမအပေါ် အသေးအဖွဲ့လေးကအစ အလိုက်သိ ဂရုစိုက်လွန်းသော ကြယ့်ကို သတိလက်လွတ် ငေးကြည့်မိ၏။ ရင်မှာ တစ်ခုခုကို ဆုံးရှုံးရတော့မည်ဆိုသည့်အသိက မျက်ဝန်းမှ ကျလုလု မျက်ရည်တွေကို တွန်းအားပေးနေသလို သူမ၏ အကြည့်မျက်လုံးများက သူ့နှုတ်ခမ်းရဲရဲလေးဆီကို အကြည့်ရောက်နေမိ၏။ သူက ရိပ်မိပုံနှင့် ခေါင်းကိုငုံ့ချလိုက်ပြီး ခပ်တိုးတိုးရယ်လျက် ...

''မယ် ... ဘာကြောင့် အဲဒီလိုကြီး စိုက်ကြည့်နေရတာလဲ ... အဟင်း ... နောက်တစ်ခါ ထပ်ကြည့်ရင်တော့ စိတ်မထိန်းနိုင်ဘဲ ဖက်နမ်းမိမှာနော်''

ကြယ်ရဲ့ မထိတထိစကားကြောင့် မယ်သည် ရှက်စိတ်ဖြင့် ပူထူသွားရသည်နှင့်အတူ ပါးပြင်ပေါ်သို့ မကျအောင်ထိန်းထားသောမျက်ရည်တို့က လိမ့်ဆင်းကျလာသည်။

သူမ၏မျက်ရည်များကို သတိပြုမိသွားကာ ...





''ဘာဖြစ်လို့လဲ မယ် ...ကြယ့်ကိုပြောစမ်း''

ကြယ်သည် မျက်နှာချင်းဆိုင်တွင် လာရပ်လိုက်ပြီး သူမအား ရင်ခွင်ထဲသို့ သိမ်းဖက်လိုက်ပြီး နှစ်သိမ့်နိုင်ဖို့ အဖြေရှာလိုက်သည်။ မျက်လုံးတစ်စုံစာနှင့် လူချင်းထိတွေ့ ပူးကပ်လိုက်သော အချိန်တိုကလေးမှာ နှစ်ယောက်စလုံးရဲ့နှလုံးသားတွေ နွေးထွေးလှုပ်ခတ်ကုန်ကြ၏။

ဒီလိုခံစားမှုမျိုးကို မယ်နဲ့တွေ့တိုင်း ခံစားနေရသည်။

ဟိုနေ့ညကဆိုရင် သူ၏စိတ်ခံစားမှုတွေကို ဗုံးတစ်လုံးကို ပေါက်ကွဲပစ်လိုက်ချင်ပါသည်။ သို့သော် ...

မယ့်ကို အဲဒီလိုမျိုး အနိုင်ချင်ပါ။ သူက ကိုယ့်ကို မိန်းမ ဝိတ်ပေါက်နေသော သူတစ်ယောက်အဖြစ်နှင့် ဒီလို ပူးပူးကပ်ကပ်နေတာကို ကြည်ဖြူစွာလက်ခံနေတာ။

ကိုယ်ကသာ အဲဒီဘဝနဲ့ အဲဒီစိတ်ကြီးကို အလိုလို ရွံ့မုန်းလာမိခြင်းဖြစ်သည်။ သူ ဒီအခြေအနေနှင့် ရပ်တည်နေသမျှ ကာလတစ်လျှောက်လုံး မယ်နှင့် အလှမ်းကွာဝေးနေရသလို ခံစားရ၏။ သူ တဖြည်းဖြည်း ရှုံးသွပ်တပ်မက်လာသောဘဝမှာ မိန်းမတစ်ယောက် ... အထူးသဖြင့် မယ်ရဲ့ယုံကြည်အားကိုးသော ယောကျ်ားပီသသောဘဝမျိုးဖြစ်သည်။

ဒါတာလည်း မယ်နှင့်တွေ့ပြီး မယ့်ရဲ့အကြည့်အပြုံးတွေနှင့်အတူ သူ့မျက်နှာလေးကို အမြဲမြင်ခွင့်ရနေချင်သည်။ နောက်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းမှာ ဖြစ်ပေါ်လာသော ခံစားမှုဖြစ်သည်။

သူမကို အမြဲတမ်းယုယကြင်နာနေချင်သည်။ ဒါဟာ သူ့အလိုလိုဖြစ်သွားတဲ့ ပြောင်းလဲခြင်းတွေပါ။ အဲဒီပြောင်းလဲခြင်းတွေကို ကြယ်ကိုယ်တိုင်က နှစ်ထောင်အားရစွာ လက်ခံချင်ပါသည်။

သူ့ဘဝ ပုံမှန်အတိုင်းပြန်ဖြစ်သွားရင် မယ့်ကို လက်ထပ်ယူချင်ပါသည်။ မယ် လက်မခံမှာဘဲ စိုးသည်။

ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ဘက်က ရုတ်တရက်ပြောင်းလဲသွားသော ပြောင်းလဲမှုတစ်ခုကို မယ်သည် လက်ခံဖို့ အဆင်သင့်မဖြစ်မှာကိုပါ။

ကြယ်သည် အတွေးနှင့်အတူ မယ်၏နဖူးပြင်မှ ဆံစလေးကို သပ်တင်ရင်း ...

"မယ့်မှာ ဘယ်လိုအခက်အခဲမျိုးတွေ ကြုံနေပါစေ ... ကြယ့်ကို အသိပေးတိုင်ပင်ပါ၊ ကြယ်ဟာ မယ့်ရဲ့အရင်းနှီးဆုံးလူတစ်ယောက်အဖြစ် သတ်မှတ်ပါ"

ရုံးခန်းထဲသို့ စာရေးမ ဝင်လာသဖြင့် မယ့်ကို ရင်ခွင်ထဲမှ ဆွဲထုတ်ဖယ်ခွာရင်း ...

"သက်ထားရေ ... မောနင်းစာတစ်ခုခု စီစဥ်ပေးပါ"

"ဟုတ်ကဲ့ ... ခုပဲ စီစဥ်လိုက်ပါ့မယ်"

ဟုပြောပြီး ရုံးခန်းထဲမှ ပြန်ထွက်သွား၏။ သူမ ထွက်





သွားပြီး သိပ်မကြာလိုက် နေ ဝင်လာသည်။

"မောနင်း ... ကြယ်စင်၊ ဩော် ... မယ်လည်း ရှိနေတာကိုး"

"ဒီနေရာ ဒီပတ်ဝန်းကျင်က ကျွန်မရဲ့လုပ်ငန်းခွင်လေ"

"အင်း ... ဟုတ်သားပဲ၊ ကြယ်စင် ... မင်း ဒီည အားလား"

"ဘာလုပ်မလို့လဲ"

"ငါ ... ဟိုတယ်တစ်ခုလုံးဆောက်ဖို့အတွက် အလုပ်လက်ခံလိုက်ပြီ၊ အဲဒီအတွက် ဒီည မင်းနဲ့မယ်ကို ညှော်ခံမလို့၊ မယ် လိုက်မယ်မဟုတ်လား"

သူမသည် နေ၏အမေးကို ရုတ်တရက် မဖြေဘဲ ကြယ့်ထံသို့ လှမ်းကြည့်လိုက်သည်။ ကြယ်က အကင်းပါးစွာဖြင့် ...

"အင်း ... ကောင်းသားပဲ၊ မယ်ပါတော့ ပိုကောင်းတာပေါ့"

"ရှင်တို့နှစ်ယောက်ပဲ သွားကြပါ၊ ကျွန်မ မလိုက်တော့ပါဘူး"

နေသည် မျက်နှာညှိုးလျက် ...

"ဘာဖြစ်လို့လဲ မယ်ရာ လိုက်ခဲ့ပါ"

"ကျွန်မ ဒီနေ့ နည်းနည်းနေမကောင်းဖြစ်ချင်နေလို့ပါ၊ ရှင် သိပ်မကြာခင်မှာ အောင်မြင်တဲ့ အာခိတက်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာမှာပဲ၊ အဲဒီအတွက် ဒီလိုပွဲမျိုးကလည်း မကြာမကြာ ကြုံရမှာပဲလေ၊ ဒီတစ်ခေါက် မလိုက်နိုင်ပေမယ့် နောက်တစ်ခေါက်ပေါ့''

ထိုစဉ် သက်ထားဝင်လာပြီး ထမင်းကြော်နှင့်အချိုရည်ဘူးထည့်ထားသော ဗန်းကလေးကို စားပွဲပေါ်တင်ပြီး ...

''ဘာလိုအပ်ပါသေးလဲ''

သက်ထားအမေးကို ကြယ်စင် တန်းမဖြေသေးဘဲ ...

''နေ ... နင် ဘာစားမလဲ''

''နိုး ... ငါ ဘာမှမစားနိုင်တော့ဘူး''

နေ့ဆီမှ အဖြေစကားကြား၍ စာရေးမ,ဘက်လှည့်ကာ

''ရပြီ ... မလိုတော့ဘူး''

''ဟုတ်ကဲ့''

''ကဲ ... မယ် စားလိုက်ဦး''

''ကြယ်ရော ... စားလေ ကျွန်မတစ်ယောက်တည်း မကုန်ဘူး''

''ကိုယ့်ဟာကိုယ်ပဲစား၊ ကြယ်က မယ့်လိုမဟုတ်ဘူး မိုးလင်းတာနဲ့ အာဟာရဖြည့်ပြီးသား''

နေ့ကိုတော့ တကူးတကမခေါ်တော့ပေ။ သူစားပြီးသွားပြီလို့ စောစောက ကြယ့်ကိုပြောပြ၍ လောကွတ်မလုပ်တော့ပေ။

စာရေးမ စီစဉ်ပေးသော ထမင်းကြော်ကို မစားချင်





စားချင်ဖြင့် တို့ကနန်းဆိတ်ကနန်း စားနေမိသည်။

ထိုနေ့က မယ်သည် အပြင်အောက်ဒိုးပြီးသည်နှင့် အိမ်ကိုတန်းပြီးပြန်လာခဲ့လိုက်တော့သည်။

''သမီး ... အစောကြီးပဲ ပြန်လာတယ်''

အမေ့ရဲ့အံ့သြမှုနဲ့ မေးလာသောမေးခွန်းကို ဖြေရင်း အိပ်ခန်းထဲသို့ တန်းပြီးဝင်ကာ အဝတ်အစားလဲပြီး ရေချိုးခန်းဝင်လိုက်သည်။

ညစာကို မစားတော့ဘဲ ကော်ဖီတစ်ခွက်သောက်ကာ စောစောစီးစီး အိပ်ခန်းထဲ ဝင်အောင်းနေလိုက်သည်။

ရင်ထဲက သံယောဇဉ်အရှိန်တွေဟာ ဒီရေတက်သလို တဖြည်းဖြည်း တက်လာတာနဲ့အမျှ ဆုံးရှုံးရမယ်ဆိုသောအသိစိတ်ကြောင့် ရင်မှာခံစားရတဲ့ နာကျင်မှုဟာလည်း လှိုင်းတံပိုးထန်စေခဲ့ပါ၏။

''ဒုတိယအဆင့်ကတော့ မင်းကို မောင်လေးကြယ်စင် စိတ်မဝင်စားလာအောင် နေပေးဖို့ပါ''

မမရာသက်ပန်၏စကားကို မယ် ကြားယောင်မိသည်။

ကြယ်နဲ့ဝေးရတော့မယ်ဆိုတဲ့အသိက မယ့်နှလုံးသားကို နာကျင်ကြေကွဲစေသည်။

မယ့်ရင်ထဲက ကြယ့်အတွက် ရည်ရွယ်ပြီး ပွင့်လာခဲ့တဲ့ အချစ်ဆိုတဲ့ပန်းကလေးဟာ ဖူးပွင့်ဝေဆာခွင့်မရသေးမီ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကြွေကြေမွသွားရတော့မည့်အဖြစ်မျိုးပါ။

စိတ်ချပါ မမရာသက်ပန်။ ကြယ့်အတွက်ဆို မယ်က ဘာမဆို ပေးဆပ်ဝံ့သူပါ။ ကြယ့်ကို မယ့်အပါးက ဝေးကွာသွားစေဖို့ မယ့်ကို ကြယ် စိတ်ပျက်မုန်းတီးသွားစေဖို့ မယ် အစွမ်းကုန်ကြိုးစားမှာပါ။ ဒါပေမဲ့ ...

မယ့်ရင်ထဲက ကြယ့်အပေါ် ချစ်နေမိတဲ့အချစ်ကိုတော့ တားဆီးပိတ်ပင်ဖို့ မကြိုးစားပါနဲ့။

မယ့်အချစ်က အခြောက်ကလေးဘဝကတည်းက မယ်ကပဲ စပြီး ကြယ့်ကို စိတ်ဝင်စားခဲ့မိတာပါ။

မမ ရာသက်ပန်ရဲ့တာဝန်ပေးမှုနဲ့ ကြယ့်ကို ယောကျ်ားပီသတဲ့စိတ်တွေဖြစ်လာအောင် ဆွဲဆောင်ပြုပြင်ပေးရမယ်ဆိုတော့ မယ်က ဒီတာဝန်ကို ကျေနပ်ဝမ်းသာစွာနဲ့ ထမ်းဆောင်ခဲ့တာပါ။

မမရာသက်ပန်ပေးမယ်ဆိုတဲ့ မက်လုံးတွေထက်ကို ကြယ်တစ်ယောက်တည်း သူ့ဘဝကပေးတဲ့ ဗီဇအမှန်အတိုင်း ယောကျ်ားပီပီသသဖြစ်စေချင်တဲ့ မယ့်စေတနာက ပိုခဲ့ပါတယ်။

နဂိုကတည်းက အဝေးကြီးဝေးနေတဲ့ ဘဝကွာခြားချက်တွေအရ တစ်ချိန်ချိန်မှာ ဆုံးရှုံးကြေကွဲရခြင်းတွေ တစ်ပွေ့တစ်ပိုက်နဲ့ ကြယ့်အပါးကနေ မယ် ထွက်ခွာသွားရမယ်ဆိုတာကို မျှော်လင့်ထားပြီးသားပါ။

ဒါကိုသိသိကြီးနဲ့ပဲ မယ်က ကြယ့်အပေါ်မှာ သံယောဇဉ်





ကြိုးတွေ တိုးလို့ရစ်ချည်ခဲ့မိတာလေ။

အနေကြာလာတာနဲ့အမျှ မယ့်နှလုံးသားထဲ တစ်စတစ်စ တိုးဝင်နိုင်မာလာခဲ့တဲ့ ကြယ့်အပေါ် ချစ်မိတဲ့အချစ်တွေကို မယ် မတားဆီးနိုင်ခဲ့ပါဘူး။

ကြယ့်အချစ်ကို ပိုင်ဆိုင်ခွင့် မယ့်မှာ မရှိဘူးဆိုတာ သိနေလျက်နဲ့ပဲ မယ်က ကြယ့်ကို ချစ်ခဲ့ရတာပါ။

ချောင်းတွေ၊ မြစ်တွေ၊ ပင်လယ်သမုဒ္ဒရာထဲက ရေတွေဟာ ကောင်းကင်က တိမ်တိုက်တွေနဲ့ ဆုံနိုင်ဖို့ မျှော်လင့်ပြီး စီးဆင်းနေတာမဟုတ်သလို မယ့်အချစ်ကလည်း ဘာကိုမှ မျှော်လင့်ပြီး စီးဆင်းနေတာ မဟုတ်ပါဘူး။

ကြယ်နဲ့ ဝေးဝေးနီးနီး မယ့်ရဲ့အချစ်မြစ်ကတော့ ထာဝရ ရှင်သန်စီးဆင်းနေမှာပါ။

ဝေးကွာသွားပေမယ့်လည်း မယ့်ရဲ့အိပ်မက်ထဲက မင်းသားလေးကို မယ် ဆက်ချစ်နေမယ်။ ကြယ့်ကိုချစ်မိတဲ့အတွက် မယ့်ရဲ့ဘဝတစ်ခုလုံး၊ နှလုံးသားတစ်ပြင်လုံးကို ရှုံးနိမ့်ရခြင်းတွေ၊ ငိုကြွေးပေးဆပ်ရခြင်းတွေက ပင်လယ်လို ဖုံးလွှမ်းနစ်မြုပ်သွားစေလိမ့်မယ်ဆိုရင်တောင် ...

မယ်ကတော့ ကြယ့်ကို ဆက်ချစ်နေဦးမှာပါလေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

**ထို**နေ့က ကြယ်လည်း အိမ်ကို စောစောပြန်လာခဲ့လိုက်သည်။

ညနေရောက်တော့ လက်မောင်းကြွက်သားလှပစေရန် လေ့ကျင့်သည့် အပေါ့စားဝိတ်တုံးအသေးလေးနှင့် သူ့အခန်းထဲမှာ လေ့ကျင့်ကစားနေရင်းမှ ကြယ်က ဝိတ်တုံးလေးကို အခန်းကြမ်းပြင်ဆီ အသာချကာ အခန်းနံရံမှာကပ်ထားသည့် ကိုယ်လုံးတစ်ဝက်ပေါ်မှန်ကြီးရှေ့မှာ ခပ်မတ်မတ်ရပ်လိုက်သည်။

အီမိုစတိုင်လ်ညှပ်ထားသည့် နဖူးပေါ် တစ်ခြမ်းဝဲကျနေသော ဆံပင်ဖြောင့်စင်းစင်းလေးတွေကို ကြယ်က လက်နှင့်အသာအယာသိမ်းဖယ်လိုက်ပြီး မှန်ထဲမှ သူ့ပုံရိပ်ကို ပြန်ကြည့်လိုက်သည်။





ဖြူနုဝင်းမွတ်သော သူ့အသားရောင်နှင့် လိုက်ဖက်စွာ ဝတ်ဆင်ထားသည့် ချိုင်းပြတ်စွတ်ကျယ်အစိမ်းရောင်ကလေးမှာ ချွေးစတချို့ စိုလျက် အသားမှာကပ်နေသည်။

ပြည့်တင်းလာသည့် လက်မောင်းအိုးကြွက်သားတွေနှင့် ကျယ်ပြန့်မို့မောက်လာသည့် သူ့ရင်အုပ်သားတွေကိုကြည့်ပြီး ကျေနပ်စွာ ပြုံးလိုက်မိသည်။

ယခင်ကလို ပြုပြင်ပြီးဆေးဆွဲထားခြင်းမရှိသည့် မျက်ခုံးနှစ်ဖက်က သဘာဝအတိုင်း နက်မှောင်ထူတန်းလျက် မျက်ခုံးမွေးနုနုစိမ်းစိမ်းလေးတွေက နှာတံတည့်တည့် နဖူးစပ်အလယ်လောက်ဆီမှာ ဆက်လုမတတ်။

တောက်ရွှန်းညို့ရီသည့် မျက်ဝန်းတောက်တောက်တွေနှင့် ဖြောင့်စင်းသော နှာတံ၊ ပိရိသေသပ်စွာ တင်းတင်းစေ့နေသည့် နှုတ်ခမ်း၊ သွယ်လျပေမယ့် ခိုင်မာတောင့်တင်းသည့် မေးရိုးများနှင့် တည်ဆောက်ထားသည့်မျက်နှာနှင့် သူ့ပုံရိပ်က အခြားဘူစိမ်းယောကျ်ားတစ်ယောက်နှယ် သူ့ကို ပြန်ကြည့်နေသည်ထင်မိ၏။

ဟိုင်း။

ကြယ်က လက်တစ်ဖက်ကို မာန်ပါပါမြှောက်ပြီး သူ့ပုံရိပ်ကို နှစ်လိုဝမ်းမြောက်စွာ နှုတ်ဆက်လိုက်၏။ စိတ်ထဲမှလည်း

"စောင့်ကြည့်လိုက်ပါ မယ်၊ သိပ်မကြာခင်မှာ ကိုယ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



မယ် ယုံကြည်အားကိုးထိုက်တဲ့ တည်ကြည်ခံ့ညားပြီး ယောကျ်ားပီသတဲ့သူတစ်ယောက် ဖြစ်လာစေရမယ်"

ထိုစဉ်မှာပင်

ကြယ်အိပ်သည့် ခုတင်နံဘေး စားပွဲပုလေးပေါ်မှာ တင်ထားသည့် ကြယ့်ဟင်းနုဖုန်းလေးဆီမှ ဖုန်းခေါ်သည့်သီချင်းတီးလုံးသံလေးကို ကြားလိုက်ရသည်။

သွက်လက်သော ခြေလှမ်းများဖြင့် ကြယ်က ဖုန်းလေးဆီ လှမ်းလာခဲ့ပြီး ကောက်ကိုင်ကာ ကြည့်လိုက်၏။

"နေ့ဆီကပဲ ဒီကောင် ဘာရှုပ်ဦးမလို့လဲ"

တွေးနေဆဲမှာပင် ...

"ဟော့ကောင် ကြယ် ...မင်း အခု ဘာလုပ်နေလဲ၊ ဆိုင်မှာရှိနေတုန်းပဲလား"

"မဟုတ်ဘူး ...ငါ အိမ်ပြန်ရောက်နေပြီ၊ ရေမချိုးခင် ခဏအနားယူတာ"

"ငါ မနက်က မင်းကို ဖိတ်ကျွေးမယ်လို့ ပြောထားတာ သတိရရဲ့လား၊ မင်းရေချိုးပြီးရင် ညနေခြောက်နာရီလောက် ပိုင်အိုးနီးယားကလပ်ကို လာခဲ့နော်"

"မယ်ကတော့ မနက်တုန်းက မင်းကို သူ မလိုက်နိုင်တဲ့ အကြောင်း ပြောလိုက်တယ် မဟုတ်လား၊ ဘယ်သူတွေပါဦးမှာလဲ၊ လူများရင်တော့ ငါလည်း မလာချင်ဘူး"





"ဘယ်သူမှမပါဘူး၊ မင်းနဲ့ငါနဲ့ နှစ်ယောက်တည်းပဲ၊ ဟော့ကောင် ကြယ် ...မင်းမလာဘဲနေလို့တော့ မရဘူးနော်၊ အမှန်ကတော့ သောက်ရင်း စားရင်း ငါ့ရင်ထဲမှာဖြစ်နေတဲ့ ခံစားချက်တချို့ကို မင်းဆီမှာ ရင်ဖွင့်ပြချင်လို့ပါ၊ မင်းက အခြောက်ကောင်ဆိုတော့ သောက်နိုင်မှာ မဟုတ်ပါဘူး၊ စားရင်းနဲ့ပဲ ငါရင်ဖွင့်ပြတာကို နားထောင်ပေးကွာ၊ ညနေ ခြောက်နာရီ ပိုင်အိုးနီးယားကလပ် ...ဒါပဲနော် အခြောက်ကောင်"

နေက သူပြောချင်ရာတွေ ဆက်တိုက်ပြောချလိုက်ပြီး ဖုန်းပိတ်သွားသည်။

ငယ်သူငယ်ချင်း အရင်းနှီးဆုံးမို့ နေက ခုလို ခပ်ကြမ်းကြမ်းပြောနေကျဆိုပေမယ့် သည်တစ်ခါ အခြောက်ကောင်လို့ အခေါ်ခံရတာကို ကြယ့်စိတ်ထဲ ဖျင်းခနဲ ခံစားလိုက်ရ၏။

❦ ❦ ❦

ပိုင်အိုးနီးယားကလပ်မှ ကားပါကင်တွင် ကြယ့်ကားကို ထိုးရပ်လိုက်ချိန်၌ နေ့ကားက အရင်ရောက်နှင့်နေတာကို ကြယ် တွေ့လိုက်ရသည်။

ကားပေါ်မှဆင်းလာသည့် ကြယ့်ပုံစံက တကယ့်ကို အလန်းစား။



www.burmeseclassic.com

www.burmeseclassic.com



Levis တီးရှပ်နီညိုရောင်လေးနှင့် Lois ဂျင်းဘောင်းဘီ အနက်ရောင်ကို တွဲဖက်ဝတ်ဆင်ထားတာမို့ ဖြူနုသောကြယ့် အသားရောင်နှင့်လိုက်ဖက်စွာ ကြည့်လို့ကောင်းလှသည်။

ကြယ်က ကလပ်ထဲသို့ လျှောက်ဝင်လာပြီး ဘားခန်းသို့ ဝင်လိုက်သည်။ စားပွဲတစ်လုံးမှာ တစ်ယောက်တည်း ထိုင်နေသည့် နေက ကြယ့်ကို လက်လှမ်းပြကာ လက်ယပ်၍ခေါ်၏။

ကြယ်က နေရှိရာ စားပွဲသို့လှမ်းလာခဲ့ပြီး ထိုင်ခုံတစ်လုံးကို ဆွဲယူ၍ ဝင်ထိုင်လိုက်သည်။

စားပွဲပေါ်ရှိ စားသောက်စရာများအလယ်မှ ဘလက်လေဘယ်လ်ဝီစကီပုလင်းက သုံးချိုးတစ်ချိုးလောက် လျော့နေပေပြီ။

နေက အခြားအကြောင်းအရာအချို့ကို ခေတ္တပြောဆိုနေပြီးနောက် မယ့်အကြောင်းကို စကားစလာသည်။

"မယ် လိုက်မလာတာလည်း ခပ်ကောင်းကောင်းပါပဲ ကြယ်ရာ၊ သူလိုက်မလာတော့ ငါ မင်းကို အားမနာတမ်း ရင်ဖွင့်လို့ရသွားတာပေါ့၊ ဒီလိုကွာ ကြယ် ငါ မယ်လေးကို ချစ်နေမိပြီ"

"ဘာရယ် ...မင်းက မယ်လေးကို ချစ်တယ် ဟုတ်လား"

သိပြီးသားကိစ္စတစ်ခုကို မသိဟန်ဆောင်ပြီးမေးရတဲ့ ဟန်ဆောင်မှုက ကြယ့်အတွက်တော့ ခပ်ကြောင်ကြောင်အလုပ်





တစ်ခုပါပဲ။

ဒါမှလည်း ရင်ထဲက ခံစားမှုတွေက မျက်နှာပြင်က တစ်ဆင့် အပြင်ကိုလျှံပြီး ထွက်မလာမှာလေ။

"ဟုတ်တယ် ... ငါ မယ့်ကို သိပ်ချစ်တယ် ကြယ်ရာ"

"အဲ့ဒါကို ငါ့လာပြောနေလို့ ဘာအကြောင်းထူးမှာလဲ ... မယ့်ကို သွားပြောပေါ့"

"ငါ ပြောပြီးသွားပြီ"

"အဲ့ဒီတော့ ..."

"ခေါင်းလည်းမညိတ်, ခေါင်းလည်း မခါဘူးကွာ၊ သူ့ဆီက အဖြေကိုလည်း အတင်းအကျပ်တောင်းရဲတဲ့သတ္တိ ငါ့မှာ မရှိဘူး၊ အဲဒါကြောင့် မင်းရဲ့အကူအညီလိုလိမ့်မယ်လို့ ငါ စဉ်းစားမိတယ်"

နေရဲ့စကားလုံးတွေက မယ့်ကို သူ့ဘဝထဲက အပြီးအပိုင် ' သိမ်းနုတ်ယူငင်သွားမယ့်အရှိန်တွေပါနေ၏။

အဲ့ဒီလို လုံးဝမဖြစ်နိုင်ပါ။ သူ့အိပ်မက်၊ သူ့ဘဝထဲကို မယ် စ,ဝင်လာတဲ့နေ့ကတည်းက သူ့ရဲ့အနာဂတ်ကို အဓိပ္ပာယ်ရှိရှိ အင်အားကြီးကြီးနဲ့ ဆက်လက်ရှင်သန်ဖို့ သူ ကြိုးစားခဲ့တာ။

ဒါတွေကို နေရဲ့စကားလုံးတွေကြောင့် ယိုင်နဲ့ပြိုလဲရတော့မှာလား။

သူဟာ တစ်နေ့တစ်ချိန်မှာ မယ်လေး ယုံကြည်အား



www.burmeseclassic.com

www.burmeseclassic.com



ထားလာတဲ့ ယောက်ျားကောင်းတစ်ယောက်အဖြစ် ရပ်တည်မယ်ဆိုတဲ့ သူ့ရဲ့ယုံကြည်မှုတွေကို သူငယ်ချင်းတစ်ယောက်ကြောင့် အဝေးကို လွှင့်ပစ်ရမှာလား။ ဟား ... ဒါဟာ လုံးဝမဖြစ်နိုင်ပါဘူး။ အဲ့ဒီလို အမှန်တကယ်ဖြစ်ခဲ့မယ်ဆိုရင် သူ့ဘဝဟာ ဘယ်မှာလာပြီး အဓိပ္ပာယ်တွေနဲ့ သက်ဝင်နေတော့မှာလဲ။

တွေဝေမိန်းမောခြင်းတွေနဲ့ စကားတစ်ခွန်းမှ မဆိုဖြစ်အောင် အံ့ရုံတွေ ပျက်သုဉ်းနေသော ကြယ်စင့်အဖြစ်ကို နေရိပ်စားမိသော်လည်း မတတ်နိုင်ပါ။ သူလည်း မယ့်ကို သိပ်ချစ်သွားမိတာကိုး။

"ကြယ် ... ငါပြောတာ ကြားလား"

နေ့အမေးကို ပြန်ဖြေခြင်းမပြုဘဲ ကြယ်သည် ရေဖန်ခွက်ထဲမှ လက်ကျန်ရေအနည်းငယ်ကို အကုန်မော့သောက်လိုက်ပြီး နေရှေ့မှာရှိနေသော အရက်ပုလင်းကို ကောက်ယူလိုက်ပြီး ရေကုန်သွားသောဖန်ခွက်ထဲကို ငှဲ့ချလိုက်လေသည်။

ပြီးတော့ အတိုင်းအဆမရှိ မော့သောက်လိုက်၏။

လည်ချောင်းဝမှာ သံရည်ပူခါးခါးကို မျိုချလိုက်ရသလို အခံရဆိုးလွန်းပေသည်။

ယောက်ျားများ ဘာကြောင့် ဒီအရက်ကို ခုံမင်နှစ်သက်နေကြပါသလဲ။

အံ့ဩလွန်းပါ၏။





နေ့ရှေ့မှာ ယောက်ျားတစ်ယောက်ရဲ့အစွမ်းကို ပြချင်လွန်းလို့သာ ကျိတ်မှိတ်မျိုချခဲ့ရသည်။ လည်ချောင်းကတော့ ပြင်းထန်လွန်းသောအပူရှိန်ကြောင့် အမည်မဖော်နိုင်သော ဝေဒနာတစ်ခုကို ခံစားလိုက်ရသည်။

နေက ကြယ့်ရဲ့မထင်မှတ်သော အပြုအမူများကြောင့် အံ့ဩလွန်းမက အံ့ဩကာ ...

"ကြယ် ... မင်း ... မင်းဖြစ်ပါ့မလား၊ ဒါတွေကို မင်း ဘယ်အချိန်တုန်းက သောက်တတ်သွားတာလဲ"

"အခုမှ"

"မင်းရင်ထဲမှာ ငါ့လိုပဲ ခံစားချက်တွေ ရှိနေလို့လား"

"သိပ်ရှိတာပေါ့၊ အဲ့ဒီခံစားချက်တွေက မင်းခံစားရတာထက် ပိုပြီးလေးနက်ခိုင်မာလွန်းတယ်"

"ကောင်းပြီလေ ... ဒါဆို ငါတို့ အတူတူရင်ဖွင့်ကြတာပေါ့"

နေသည် ပုလင်းထဲမှ အရက်အချို့ကို သူ့ရှေ့ရှိ ဖန်ခွက်ထဲကိုထည့်ပြီး ကျန်အရက်များကိုတော့ ကြယ်စင့်ဖန်ခွက်ထဲကို အကုန်ငှဲ့ထည့်လိုက်၏။ ပြီးတော့ ရေခဲတုံးလေးများကို ညှပ်ဖြင့်ဆယ်ယူရင်း နှစ်ယောက်စလုံးရဲ့ဖန်ခွက်ထဲကို ကောက်ထည့်လိုက်ကာ ဖန်ခွက်ချင်း တိုက်မည့်ဟန်ဖြင့် ကြယ့်အရှေ့သို့ ဖန်ခွက်ကို ထိုးပေး၏။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်ကလည်း အလိုက်သင့်ပင် သူ့ရဲ့ဖန်ခွက်ကိုယူပြီး နေရဲ့ဖန်ခွက်ဖြင့် တိုက်လိုက်၏။

''ချွင်'' ...''ချီးယား''လို့ နှစ်ယောက်စလုံးရဲ့ရင်ဖွင့်ပွဲလေး အောင်မြင်စွာ ပြီးဆုံးပါစေ။

ဟု နေက ကောင်းချီးပေး၏။

ပြီးတော့ နှစ်ယောက်ပြိုင်တူ ဖန်ခွက်ထဲမှ အရက်များကို ပြိုင်တူမော့ချလိုက်၏။

ဒုတိယအကြိမ်မြောက် ခံစားမှုဆိုးကြီးကို ကြက်သီးဖျန်းဖျန်းထအောင် ခံစားနေရရှာသော ကြယ့်ရဲ့ရင်ထဲမှာတော့ မယ့်ကို ဘယ်လောက်ချစ်ပါသည်ဆိုသော စကားလုံးတွေ လည်ချောင်းဝမှတစ်ဆင့် ခုန်ထွက်လာဖို့ အလုအယက်တွန်းထိုးနေကြ၏။

ဒီအချိန်မှာ သူဟာ အလှဖန်တီးရှင် ကြယ်စင်မဟုတ်တော့ပါ။

ရှင်ငြိမ်းမယ်ကိုချစ်မိသော ကြယ်စင်ဆိုသော ယောကျာ်းတစ်ယောက်အဖြစ် နေရှေ့မှာ အခံ့ညားဆုံးဖြစ်အောင် ဟန်ပါပါဖြင့် မုဒ်သွင်းလိုက်၏။

ထွက်ပြူလာမည့်စကားလုံးတချို့က တက်ကြွနေပေမယ့် အရက်ရှိန်ရဲ့ဖိအားပေးမှုကြောင့် ဗလုံးဗထွေး အစီအစဉ်မကျသော အာလေးလျှာလေးအသံပေါက်နေ၏။





ဒါမှ ယောကျာ်းကွဟု ကိုယ့်ကိုယ်ကိုယ် မချီးမြှုံးမြှုံးရင်းရင်ထဲကနေ အားပေးလိုက်မိပါသေး၏။

မယ်ရေ ကြယ့်အဖြစ်ကို လာကြည့်ပါဦး။ ကြယ့်ရဲ့ခန္ဓာကိုယ်တစ်ခုလုံး လေဟာနယ်ထဲမှာ လွင့်မျောနေသလိုပဲ။ ကိုယ့်ရှေ့မှာထိုင်နေတဲ့ နေကိုလည်း ကြယ့်ရဲ့အမြင်အာရုံမှာ ခေါင်းဆယ်လုံးပူးနေတဲ့ ဒသဂီရိဘီလူးတစ်ကောင်လို မြင်နေရပြီလေ။

ဒါပေမဲ့ မယ့်ကိုချစ်တဲ့အချစ်တွေကတော့ ကြယ့်ရဲ့ရင်ဘတ်ထဲမှာ နေသားတကျနဲ့ ကျခြေရရနဲ့ ရှိနေပါသေးတယ်။

ကျေးဇူးပြုပြီး ကြယ့်ရဲ့ရင်ဘတ်ထဲမှာ ထာဝရဆက်လက်ရှင်သန်နေပါ့ မယ်ရယ်။ မကြာတော့မယ့် အနာဂတ်မှာ ကြယ်ဟာ မယ့်ရဲ့ဘဝကို အုပ်မိုးခြုံရုံနိုင်မယ့် မိုးကောင်းကင်ကြီး ဖြစ်လာမှာပါ။

မူးယစ်ရီဝေမှုနှင့်အတူ ကြယ့်အတွေး၊ ကြယ့်ခံစားချက်တွေက သူ့အာရုံထဲမှာ ရှုပ်ထွေးလည်ပတ်လို့ နေသည်။

နေနေ့ကိုကြည့်လိုက်တော့ နေ့ရုပ်သွင်က သူ့မျက်ဝန်းထဲမှာ ဝေဝေဝါးဝါး။ မဖြစ်ဘူး ... မဖြစ်ဘူး ငါလည်း မယ်လေးကို ဘယ်လောက်ချစ်တယ်ဆိုတာ မင်းသိအောင် ဖွင့်ပြောမှဖြစ်တော့မယ် နေ။

စိတ်ထဲမှ ဆုံးဖြတ်ချက်နှင့်အတူ ကြယ်က နေ့ကို စူးစူးစိုက်စိုက်ကြည့်လိုက်ရင်း လျှာလေးအာလေးအသံဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ်နေ ... မင်းက မယ်လေးကို ချစ်နေတယ် မဟုတ်လား"

"ဟုတ်တယ်လေကွာ ... ဒါကြောင့် ငါ့အချစ်ကို မယ်လေး လက်ခံလာအောင် ကူညီပါလို့ မင်းကို ပြောနေတာပေါ့"

"မဖြစ်နိုင်တဲ့ကိစ္စပဲ နေ၊ အဲဒီကိစ္စကလွဲရင် တခြားအရာတွေကို မင်း ငါ့ဆီက တောင်းစမ်းပါ၊ ဘာကိုမဆို မင်းကို ငါ ပေးနိုင်ပါတယ်၊ ဒီကိစ္စကတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး နေ ... မဖြစ်နိုင်ဘူး"

"ဘာကြောင့်လဲ"

နေနေက ကြယ်စင့်ကို ရှုသိုးသိုးဖြင့် စိုက်ကြည့်ရင်း သံပြတ်နှင့် မေးလိုက်သည်။

"ဘာကြောင့်ရမလဲ ... မင်းတောင်းနေတာက ငါ့နှလုံးသား ဖြစ်နေလို့ပေါ့၊ မင်းချစ်တာထက် အဆများစွာပိုတဲ့အချစ်မျိုးနဲ့ ငါလည်း မယ်လေးကို ချစ်နေခဲ့လို့ပေါ့၊ မယ်လေးကို မင်းထက် အစောကြီး ငါက ချစ်ခဲ့ရတာပါလေ၊ မယ်လေးကို ငါချစ်တဲ့အချစ်က ဘာနဲ့မှ နှိုင်းယှဉ်လို့မရအောင် ကြီးမားလွန်းတယ်၊ မယ်လေးနဲ့ပတ်သက်လာရင် ဘာကိုမှ ငါအလျှော့မပေးနိုင်ဘူး၊ ဒီတော့ မင်း လက်လျှော့လိုက်ပါ နေ၊ မယ်လေးကို ဆက်မချစ်ပါနဲ့"

ကြယ့်ထံမှ မမျှော်လင့်ပဲ ကြားလိုက်ရသည့်စကားတွေ





ကြောင့် အရက်ရှိန်တက်နေသည့်နေပင် ခေတ္တမျှ အံ့သြဘနန်း ဖြစ်သွားရသည်။ ပြီးမှ ...

"ဟား ဟား ဟား ... မင်းစကားတွေက ရိုက်ချက်ပြင်းလှချည်းလား ကြယ်ရာ၊ ငါ တကယ်ကို မျှော်လင့်မထားခဲ့မိဘူး၊ ဘာ ... မင်းကလွဲရင် မယ်လေးကို ဘယ်သူမှချစ်ခွင့်မရှိတော့ဘူးပေါ့ ဟုတ်လား ... ဒီလိုလား"

"ဟုတ်တယ် နေ၊ အဲ့ဒါ ငါ့ရဲ့နှလုံးသားကဆန္ဒအမှန်ပဲ၊ မယ်လေးကို ငါက ငါ့ဘဝတစ်ခုလုံးနဲ့ ပုံပြီးချစ်မိနေပြီ၊ မယ်လေးက ငါ့ရဲ့ဘဝပဲ၊ ငါ့ရဲ့အသက်ရှူထုတ်မှုတိုင်း, ငါ့ရဲ့သွေးခုန်နှုန်းတိုင်း, ငါ့ရဲ့ရင်ခုန်သံနရီစည်းချက်နဲ့အပြိုင် ငါ့ရဲ့ရှင်သန်မှုတိုင်းက မယ်လေးအတွက်ပဲ ဖြစ်နေခဲ့ပြီ၊ ငါ့ရင်ဘတ်ကြီးတစ်ခုလုံးမှာ မယ်လေး နေရာအပြည့်ယူထားပြီးနေပြီကွ၊ ဒါကြောင့် မယ်လေးကို ဘယ်သူ့လက်မှ ငါ အပါခံမှာမဟုတ်ဘူး၊ အဆုံးရှုံးခံမှာမဟုတ်ဘူးဆိုတာ မင်း သိထားလိုက်တော့ နေ"

ကန္တဲ့ကလျဟန်တွေပျောက်ကာ ဒေါသတကြီးပြောနေသည့် ကြယ်စင်ကို နေနေက အံ့သြတကြီးကြည့်ရင်းမှ သူ့နှုတ်ခမ်းတို့ မထီတရီပြုံးလာသည်။

"ဟင်း ဟင်း ... ငါ တကယ့်ကို အံ့သြမိတယ် ကြယ်စင်၊ မင်းလို မိန်းမလျာတစ်ယောက်က မယ်လေးကို ဘယ်လို အချစ်မျိုးနဲ့ ချစ်တာလည်းဆိုတာကိုပါ၊ ဒီမှာကြယ် ... မင်း



www.burmeseclassic.com

www.burmeseclassic.com



မယ့်ဘဝကို ဘယ်လိုအရောင်တွေ လျှောက်ဆိုးဦးမလို့လဲ၊ မင်းဘဝကို အရောင်ဆိုးရတာ အားမရသေးလို့ တောက်ပတဲ့ အနာဂတ်ကိုပိုင်ဆိုင်တဲ့ မယ်လေးရဲ့ဘဝကိုပါ အရောင်ထပ်ဆိုးဦးမယ်ပေါ့ ဟုတ်လား၊ ပြီးတော့ မင်းလိုမိန်းမလျာတစ်ယောက်ကို မယ်လေးကရော ဘယ်လိုပုံစံနဲ့ ပြန်ချစ်မှာတဲ့လဲ၊ စဉ်းစားစမ်းပါဦး ကြယ်ရာ"

နေနေ့စကားတွေက ကြယ့်ရင်ထဲသို့ ခံပြင်းမှုနှင့်အတူ ခါးသီးစွာ စီးမျောဝင်ရောက်သွားသည်။ ရင်ထဲမှ ရှန်းကြွလှုပ်ရှားလာသည့် မာနတရားနှင့်အတူ ကြယ်စင်က ခေါင်းကို ယမ်းခါပစ်လိုက်ရင်း ...

"မဟုတ်ဘူး၊ ငါ မယ်လေးကို ဘာအရောင်မှမဆိုးဘူး၊ ငါ့ရဲ့အနာဂတ်မှာ ငါ့ဘဝရဲ့အမှန်တရားတွေရှိလာအောင် မယ်ကသာ လမ်းညွှန်ခဲ့တာ၊ မယ်ကသာ ငါ့ဘဝကို စစ်မှန်တဲ့အရောင်ဆိုးပေးခဲ့တာ"

"ဒီလိုဆိုရင်တော့ မင်းအတွက် ငါ ဝမ်းသာဂုဏ်ယူပါတယ် ကြယ်စင်၊ ဒါပေမဲ့ မယ်လေးရဲ့နှလုံးသားကို ချုပ်ကိုင်ထားခွင့်တော့ မင်းမှာမရှိဘူး၊ မယ်လေးကို မင်းရော၊ ငါရော ချစ်ခွင့်ရှိသလို မယ်လေးမှာလည်း သူချစ်တဲ့သူကို သူ့ဆုံးဖြတ်ချက်နဲ့ ရွေးချယ်ခွင့်ရှိပါစေ"

နေနေ စကားအဆုံးတွင် ကြယ်စင်က သက်ပြင်းတစ်





ချက်ကို ချလိုက်ရင်း ...

"ငါ ဘယ်တုန်းကမှ မယ်လေးကို ချုပ်ကိုင်မထားဘူး"

"အိုကေ ... ဒါဆို မင်းနဲ့ငါ မယ့်ဆီက အချစ်ကိုရအောင် ကြိုးစားကြတာပေါ့၊ ငါ မယ့်အချစ်ကိုရခဲ့ရင် မင်းက အလိုက်တသိနဲ့ နောက်ဆုတ်ပေး၊ အေး ... မယ့်အချစ်ကို မင်းက ရခဲ့မယ်ဆိုရင်လည်း ငါက အလိုက်တသိ နောက်ဆုတ်ပေးမယ်"

နေ အမှန်တကယ်ပင် တရားမျှတသောစကား ဆိုလိုက်ခြင်းပါ။ လောကသဘာဝတရားကြီးက ဒီတစ်ခါတော့ တရားစီရင်သူအဖြစ် သူငယ်ချင်းနှစ်ယောက်ကို ဘက်မလိုက်ပဲ တရားစီရင်ပေးမှာပါ။

နှစ်ယောက်သား သဘောတူညီမှုကို အပြန်အလှန်လက်ခံပြီး ဟိုတယ်ထဲမှ ပြန်ထွက်လာကြ၏။

"မင်း ကားမောင်းလို့ဖြစ်မလား ကြယ်"

"ဖြစ်တယ် ... ငါ့အတွက် ဘာမှမပူနဲ့၊ မင်းသာ ကားကို ဂရုစိုက်မောင်း ... ဂွတ်နိုက်"

"ဂွတ်နိုက်"

ထိုနေ့ညက ကြယ်သည် အိမ်ကိုမပြန်တော့ဘဲ မယ့်အိမ်ကိုသာ ကားကို ဂရုတစိုက်မောင်းလာခဲ့ရပါသည်။ မယ်တို့ အိမ်အောက်ထပ်ရောက်တော့ သန်းခေါင်ကျော်လောက်တောင် ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီထင်၏။ လမ်းတစ်လျှောက်တွင် လူများ ကင်းရှင်းနေပြီ။

အိမ်ရှေ့အောက်ဘက်တွင် ကားကိုရပ်ခဲ့ပြီး မှောင်မဲနေသော လေ့ကားထစ်များကို ဂရုတစိုက်ဖြတ်တက်နင်းလျှောက်လာရင်း လူက ရီဝေဝေနှင့် လူခေါ်ဘယ်ကို နှိပ်လိုက်၏။ အိပ်မပျော်သေးသော မယ်မှာ တအံ့တသြဖြစ်သွား၏။ ညှော်စာရင်းများလာစစ်သလားပေါ့။

တစ်ဖက်ခန်းရှိ အမေသည် အိမ်ရာထဲမှ ထသွားသံကြားမှ သူမ မထွက်တော့ဘဲ ငြိမ်နေလိုက်တော့၏။

အမေသည် တံခါးလျှို့ဝှက်အပေါက်ငယ်ကလေးကနေ ကြယ့်ကိုတွေ့လိုက်ရ၍ တံခါးကို ဖွင့်ပေးလိုက်သည်။

"ကြယ် ... ညကြီးအချိန်မတော် ဘယ်ကဘယ်လို ပြန်လာတာလဲ"

မသောက်စဖူး သောက်ထားသော အရက်အရှိန်ကြောင့် ခေါင်းကိုပင် မနည်းထူမော့ရင်း အာလေးလျှာလေးအသံဖြင့်...

"ကြယ် ... ဒီည ဒီမှာအိပ်မယ်နော် အမေ"

"အို ... ကြယ် ... အရက်တွေသောက်လာသလား"

"နည်းနည်းလေး သောက်ကြည့်တာ ... တစ်ခါမှ မသောက်ဖူးလို့"

"အို ... ကလေးရယ် ... ကဲ ... လာ ဝင် ... ဝင်"

ကြယ်သည် အိမ်ထဲသို့ ဒယီးဒယိုင်ဝင်လာသည်။ အမေ





သည် သူ့အား ဆက်တီခုံပေါ်တွင် ထိုင်စေရန် ယိုင်နဲ့ရီဝေကာ အရက်နံ့တထောင်းထောင်းထနေသော ခန္ဓာကိုယ်ကို ဖေးမရင်း

"ထိုင် ... ထမင်းရော စားပြီးပြီလား"

"နေ ... နဲ့အတူ စားလာတယ်၊ အမေ ဒီကောင်နဲ့ ရင်ဖွင့်ပွဲလေး လုပ်လာတာ အမေရဲ့၊ ဒါနဲ့ ... မယ် ... မယ်ရော အိပ်ပြီလားဟင်"

"အင်း ... အိပ်တာကြာပြီ၊ အမေ နှိုးလိုက်မယ်လေ"

"အိပ်ပါစေအမေ မနှိုးပါနဲ့"

"နေဦး ... ကြယ့်အတွက် အမေ အိပ်ရာပြင်ပေးမယ်နော်"

အမေသည် ကြယ့်အနားမှ ထွက်ခဲ့ပြီးခါမှ ...

"အမေ"

ကြယ်ရဲ့တိုးညင်းသောခေါ်သံကြောင့် အမေသည် လှည့်ကြည့်ရင်း ...

"ဘာလိုလို့လဲ ကြယ်"

"ကြယ်လေ အမေ့ကို ဝန်ခံစရာတစ်ခုရှိသလို၊ တောင်းခံစရာတစ်ခုလည်း ရှိပါတယ်၊ အဲဒီနှစ်ခုစလုံးကို အမေလက်ခံပြီး နားထောင်ပေးပါ"

"ပြောလေ ... အမေနားထောင်ပေးပါ့မယ်"

"ဒီစကားတွေကို ပြောထွက်ဖို့အတွက် ကြယ် ဒီအရက်



www.burmeseclassic.com

www.burmeseclassic.com



တွေကို သောက်လာမိတယ် ခွင့်လွှတ်ပါ''

''အဲဒီအရက်ဆိုတဲ့အရည်က ... ကြယ့်အတွက်တော့ ဒီအချိန်မှာ အင်အားတစ်ရပ်ပဲ အမေ''

''အမေနားလည်ပါတယ် ကြယ်ရယ်၊ မင်း ဘာတွေခံစားပြီး စိတ်ညစ်နေရလဲ၊ အမေ့ကို ကိုယ့်မိဘအရင်းလို သဘောထားပြီး ရင်ဖွင့်လို့ရပါတယ်''

''ကြယ့်ရဲ့ မိန်းမဆန်ဆန်နေထိုင်တတ်တဲ့ အကျင့်စရိုက်တွေကို တဖြည်းဖြည်းနဲ့ ရွံရှာစက်ဆုတ်လာတာကစပြီး ကြယ့်ရဲ့ ခံစားမှုတွေလည်း တဖြည်းဖြည်း ပြောင်းလဲလာတယ်၊ အဲဒီအတွက် ကြယ် ကိုယ့်ကိုယ်ကိုယ် အံ့ဩမိတယ်၊ အဲဒီလိုစိတ်ခံစားမှုတွေ တဖြည်းဖြည်း ပြောင်းလဲလာတာဟာ မယ့်ကြောင့်ဆိုတာကို ဝန်ခံပါရစေ၊ ပြီးတော့ ... ကြယ်လေ မယ့်ကို တဖြည်းဖြည်းနဲ့ ...''

ရင်ဘတ်ကို တဘုန်းဘုန်းဖြင့် ပုတ်ပြကာ ...

''ဟောဒီ ... ရင်ဘတ်ထဲကနေပြီး ခံစားမှုဒီဂရီတွေ တက်လာတယ် ဆောရီးအမေ ... နည်းနည်းနားရှုပ်သွားသလား၊ အရိုးရှင်းဆုံးပြောရရင် ကျွန်တော်လေ မယ့်ကို အရမ်းချစ်သွားမိလို့ပါ''

အာလေး လျှာလေးဖြင့် ရှည်လျားစွာပြောလာသော အစီအစဉ်မကျ စကားတွေကြောင့် အမေသည် အံ့ဩမှင်တက်





သွားသလို သမီးရှင်တစ်ယောက်အနေနဲ့ မျက်နှာလည်း ပူမိပါ၏။

မိန်းမစိတ်လုံးလုံးလျားလျားပေါက်နေသော မိန်းမလျာလေးတစ်ယောက်က မိမိရဲ့သမီးကို မေတ္တာသက်ဝင်မိသဖြင့် သူ့ရဲ့စိတ်တွေ တဖြည်းဖြည်း ယောကျ်ားတစ်ယောက်အသွင်မျိုး ပြောင်းလဲလာတာဟာ အမှန်တကယ်ရော ဖြစ်နိုင်ပါ့မလား။ အမှန်တကယ်ဆိုရင်တော့ အမေ့အဖို့ ငြင်းစရာမရှိပါ။

သမီးလေးရဲ့ အနာဂတ်အတွက် စိတ်ချလုံခြုံသွားဖို့ပဲ။ အခုလောလောဆယ်မှာတောင် ကြယ်ဟာ မိမိတို့မိသားစုရဲ့ ကျေးဇူးရှင်ကလေးပါ။

''ခုချိန်မှာ ... မယ့်ကို သူများလက်ထဲပါသွားမှာကို ကျွန်တော် အရမ်းစိုးရိမ်ပါတယ် အမေ''

ကြယ်သည် ... အမေ့ကို ရင်ဖွင့်နေတာကို မယ်တစ်ယောက် အခန်းထဲမှ အတိုင်းသား ကြားနေရပါသည်။

ကြယ်ရယ် ... ကျွန်မနဲ့ရှင်ဟာ ဘယ်လိုမှ မနီးစပ်နိုင်တဲ့ ဆုံမှတ်နှစ်ခုကို ဦးတည်နေကြတဲ့သူတွေပါ။ ရှင့်မှာ သဘောတူ ရည်စူးထားတဲ့ မိန်းကလေးရှိနေတာကို ရှင်မသိလို့ အမေ့ထံမှာ ရင်လာဖွင့်နေတာလား။ ချစ်တယ်ဆိုတဲ့ စကားတစ်ခွန်းကို ရင်ထဲမှာပဲ အကြိမ်ကြိမ်ပြောခွင့်ရှိတာပါ။ ရှင်ကြားအောင် ပြောဖို့ အခွင့်အရေး ကျွန်မမှာ မရှိပါဘူး။

သူမသည် အခန်းတံခါးကို မှီနွဲ့ရပ်နေရာမှ တဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်း ကြမ်းခင်းပေါ်သို့ မှီထိုင်လိုက်သည်။ ရင်မှ နှလုံးသားတစ်စုံက အရုပ်ကြိုးပြတ်။

အမေသည် ကြယ်ပြောချင်တာကို နားထောင်ပြီး ကြယ့် အိပ်ရန် အိပ်ရာကို ပြင်ဆင်နေသည်ဆိုတာကို မျက်စိနှင့်မမြင် မကြည့်ပေမယ့် သိနေပါသည်။

သူမအနေနဲ့ ကြယ့်ကို ဒီအချိန်မှာ ထွက်မတွေ့သင့်တော့ပါ။

သူမသာ ထွက်တွေ့ရင် ကြယ်သည် သူ့ရင်ထဲက ခံစားချက်အားလုံးပေါင်းများစွာက သူမအတွက် မိခင်တစ်ယောက်ရဲ့ ရှေ့မှာ အနေခက်စေမှာ အမှန်ပင်ဖြစ်၏။

တစ်အောင့်ကြာတော့ အပြင်မှ အသံတွေမကြားရတော့။

ဒါဆို ... ကြယ် အိပ်လောက်ပြီပေါ့။ အမေလည်း သူ့အိပ်ရာသူ ပြန်ဝင်နေလောက်ပါပြီ။ ကြယ့်ကို ချစ်နေခဲ့တာ အခုမှမဟုတ်ပါ။ ဟိုအရင်မတွေ့ခင်ကတည်းက သူမရဲ့အိပ်မက်ထဲက ချစ်သူတစ်ယောက်ပါ။

မနက်မိုးလင်းတော့ ကြယ်သည် ညက မူးပြီးရောက်လာတဲ့အတွက် အမေ့ကိုတောင်းပန်နေသံ ကြားရ၏။

မယ်သည် ညကအဖြစ်ကို လုံးဝမသိဟန်ပြုကာ အိပ်ခန်းထဲမှထွက်၍ ...

"ကြယ် ... ဘယ်တုန်းက ရောက်သလဲ"





"ညကရောက်တာ၊ ကြယ် ဒီမှာအိပ်တာ၊ မယ် မသိလိုက်ဘူးမဟုတ်လား"

"ဟယ် ... ကျွန်မ မသိလိုက်ဘူး၊ နိုးတာမဟုတ်ဘူး"

"မနိုးပါဘူး ... မယ် အိပ်ရေးပျက်မှာစိုးလို့"

ကြယ်သည် မယ့်အား ရီဝေသော မျှော်လင့်ချက်အပြည့်ပါသောအကြည့်ဖြင့် ကြည့်ကာ ...

"မယ်"

"ရှင်"

"ညက ... ကြယ်သောက်လာမိတဲ့အတွက် ခွင့်လွှတ်နော်"

"ဘာသောက်တာလဲ"

မသိဟန်ပြုကာ မေးလိုက်၏။

"ဟိုကောင် နေလေ ... မယ့်အကြောင်းတွေ ရင်ဖွင့်တယ်၊ သူလည်းသောက်ပြီး ရင်ဖွင့်တော့ ကြယ်ကလည်း လိုက်သောက်ပြီး ရင်ပြန်ဖွင့်လိုက်တာပေါ့ ...၊

အမေ့ကိုတောင် ဆက်ပြီးရင်ဖွင့်ဖြစ်သေးတယ်၊ မယ်ရုံရင် အမေ့ကို နောက်မှမေးကြည့်"

"မမေးချင်ပါဘူး၊ ဒါနဲ့ ... ရှင် အိမ်ကိုပြန်ဦးမှာလား၊ ကုမ္ပဏီကို ကျွန်မနဲ့အတူ သွားမှာလား"

"အိမ်ကို မပြန်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါဆို ရေချိုးတော့၊ မယ့်ရဲ့အဝတ်အစားတွေပဲ ယူဝတ်တော့ပေါ့"

မယ့်အပြောကြောင့် ကြယ်သည် မျက်နှာပျက်သွားကာ

"ကြယ် ... အမျိုးသမီးအဝတ်အစားတွေ လုံးဝမဝတ်တော့ဘူး၊ ကြယ်သုံးတဲ့ အမျိုးသမီးအသုံးအဆောင်တွေတောင် မယ့်အိမ်ကို သယ်လာပေးဖို့ စဉ်းစားနေတာ"

"ဟယ် ... အဟုတ် ... တကယ်လား"

"အင်း ... တကယ်ပြောတာ"

"ကြယ့်ကိုကြည့်လေ ... ဘာဝတ်ထားသလဲလို့"

Levi's တီရှပ်နီညိုရောင်လေးနှင့် Lois ဂျင်းဘောင်းဘီ အနက်ရောင်ကို တွဲဖက်ဝတ်ဆင်ထားသည်။

ဒါတွေကို ... သူမ အစကတည်းက သတိထားကြည့်မိပြီးသားပဲ။ တမင်တကာ မသိချင်ဟန်ဆောင်နေခြင်းဖြစ်သည်။

"ဟုတ်သားပဲ ... ကျွန်မ သတိမထားလိုက်မိဘူး၊ အင်း ... ရှင်က ယောကျ်ားလေးလို ဝတ်ထားတော့လည်း စတိုင်တစ်မျိုးနဲ့ ကြည့်ကောင်းနေတာပဲ"

"ကိုယ်က ယောကျ်ားပဲဟာ"

ကိုယ်ဟု ပြောင်းသုံးလိုက်သဖြင့် သူ့ကိုယ်သူ မလုံမလဲဖြစ်ကာ မယ့်ကိုကြည့်ပြီး တစ်ချက်ရယ်လိုက်သည်။

"အမယ် ... သူက ရှက်နေပြန်ပြီ"





"ရှက်တယ်ဆိုတာထက် ကိုယ့်ရဲ့အပြုအမူ၊အသုံးအနှုန်းတွေကို မယ် ချက်ချင်းလက်ခံနိုင်ပါ့မလားလို့ ပြီးတော့ ... မယ့်အတွက် လှောင်စရာဖြစ်နေနိုင်တယ်လေ"

"အို ... ဒါ ... လှောင်စရာကိစ္စမှ မဟုတ်တာ၊ ကျွန်မ လက်ခံနိုင်ပါတယ်၊ အရင်က ညီအစ်မလို နေထိုင်ဆက်ဆံရင် အခု မောင်နှမလိုပြောင်းလဲဆက်ဆံရမှာပေါ့ ... မဟုတ်ဘူးလား"

မယ့်ရဲ့မောင်နှမဆိုသောစကားက ကြယ့်ရင်ထဲကအချစ်တွေကို ထွက်ပေါက်မရှိအောင် ပိတ်ဆို့လိုက်သလိုပါပဲ။

"ဘာမောင်နှမလဲ ... ဘဂ်လားမောင်နှမလား"

ဟုဆိုကာ ကြယ်သည် မယ်၏ခါးလေးကို သိမ်းဖက်ရန် ဟန်ပြင်လိုက်သဖြင့် မယ်သည် သတိကြီးစွာ ရှောင်လိုက်ပြီး ...

"ဟိုး ဆရာ ... အခုအခြေအနေအရဆို ရှင်နဲ့ကျွန်မ ဒီလိုမနေသင့်တော့ဘူးလေ"

ကြယ်သည် ရှက်ရှက်ဖြင့် ခေါင်းကြီးငုံ့ကာ သူ၏ဆံပင်များကို အရှက်ပြေ ထိုးဖွနေလိုက်ပြီး ...

"အဲဒါဆိုလည်း ကိုယ် အရင်လိုပြန်နေလိုက်မယ်လေ"

"ဘယ်လိုပဲနေနေ အဓိက,က စိတ်နဲ့ခံစားမှုက အဓိကကျပါတယ်"

အမေဝင်လာ၍ ပြောလက်စ,စကားကိုရပ်ကာ အမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်သည်။

"သမီးနိုးရင် မျက်နှာသစ်လေ၊ အမေ ထူးထူးကို မုန့်ဟင်းခါး ဝယ်ခိုင်းထားတယ်၊ ညက ကြယ်ရောက်တာ သူက မနိုးပါနဲ့ဆိုလို့ အမေ မနှိုးတော့တာ"

အမေသည် မယ့်အား နောက်မှပြောပြမယ်ဆိုသော အကြည့်ဖြင့် မျက်ရိပ်လှမ်းပြလိုက်သည်။

"ကဲလာ ... မယ် ... မျက်နှာသစ်ရအောင်"

မယ့်လက်ကိုဆွဲခေါ်ပြီး ရေချိုးခန်းထဲဝင်လာသော ကြယ်၏အပြုအမူကြောင့် အမေ့ကို ကြည့်မိတော့ အမေက မသိဟန်ပြုကာ အိမ်ရှေ့ကိုထွက်သွား၏။

ရေချိုးခန်းထဲရောက်တော့ သွားပွတ်တံထဲ ဆေးထည့်ပေးသောအလုပ်ကို ကြယ်က လုပ်ပေးရင်း မယ့်ကိုလှမ်းကြည့်ကာ ...

"မယ်က မျက်နှာမသစ်ရသေးလည်း လှတာပဲနော်"

"အို ... ဘာတွေလျှောက်ပြောနေတာလဲ၊ ပေးပါ ... ကျွန်မဘာသာ ထည့်ပါ့မယ် ရှင်ထွက်တော့"

"ဟင့်အင်း ... မထွက်ဘူး၊ မယ် မျက်နှာသစ်,သွားတိုက်တာကို ထိုင်ကြည့်ချင်လို့"

မယ်သည် တားမရသည့်အဆုံး သူ့ရှေ့မှာပင် သွားတိုက်လိုက်သည်။ မယ်သွားတိုက်နေပုံကို စေ့စေ့ထိုင်ကြည့်ရင်း





"မင်းအလှကို ဘယ်သူမှ မီနိုင်မယ်မထင်ဘူးမယ်၊ အဲဒီအစွမ်းကြောင့်လည်း ဖောက်ထိုးမိုးမျှော်ဖြစ်နေတဲ့ ကိုယ့်ဘဝကို အတည့်ပြန်ဖြစ်လာအောင်ကို မင်းရဲ့အလှက အကျိုးပြုလွှမ်းတယ်၊ မင်းဟာ ကိုယ့်အတွက်တော့ အချစ်တွေကို ဖန်ဆင်းပေးနိုင်တဲ့ နတ်ပျိုမလေးတစ်ပါးများ ဖြစ်နေမလား"

ကြယ့်အပြောကြောင့် မယ်သည် ကြက်သီးမွေးညင်းများ ဖြာထလာသည်အထိ အံ့ဩရပါသည်။ သူပြောသလိုမျိုး သူမရဲ့အိပ်မက်နဲ့ တစ်ထပ်တည်းကျလို့နေ၏။ ဒါဟာ တိုက်ဆိုင်မှုတစ်ခုလို့ပင် မမှတ်ယူချင်ပါ။

"ရော့ ... ဆပ်ပြာ"

"နေပါ ကြယ်ရယ် ... ရှင် အဲဒီလိုလုပ်နေရင် ကျွန်မရှက်လို့ သေသွားနိုင်တယ်နော်"

"ဖြစ်နိုင်ရင် ကိုယ်က ကိုယ်တိုင်တောင် မျက်နှာသစ်ပေးချင်တာ"

မျက်စိတစ်မှိတ်အတွင်းမှာပင် ကြယ် တော်တော်ပြောင်းလဲသွားပါလား။

အမေပြင်ပေးသော မုန့်ဟင်းခါးနှင့် ထမင်းကြော်ကို နှစ်ယောက်သား ရင်ခုန်သံတွေညှိရင်းနှင့် စားလိုက်ကြသည်။ ရှစ်နာရီလောက်မှာ ကြယ့်ရဲ့ကားနှင့်ပင် ကုမ္ပဏီသို့ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေအလုပ်က ပြန်လာချိန်မှာတော့ အမေသည် ညက ကြယ်ပြောခဲ့သော အကြောင်းအရာကို စေ့စေ့စပ်စပ်ဖြင့် တစ်လုံးမကျန် ပြောပြလေသည်။ မယ်သည်လည်း သိပြီးသားကိစ္စဖြစ်နေပေမယ့် အမေပြောတာကို အလိုက်သင့် နားထောင်ပြီး မမရာသက်ပန်ရဲ့ အစီအစဉ်တွေကိုလည်း အမေ့ကို တစ်လုံးမကျန် ပြောပြသော အခါ အမေ့ရဲ့မျက်နှာတွင် ပြောပြ၍မရနိုင်သော ခံစားမှုတစ်ခုက ဖြတ်သန်းသွားသည်ဆိုတာကို သူမ သတိထားလိုက်မိပါသည်။

အခန်း (၈)

"ဟယ် ... ဘူလေးလဲ"

"အို ... လန်းနေတာပဲဟယ်"

အလှပြင်ခန်းမထဲကို ခြေချလိုက်သည်နှင့် အလှဖန်တီးရှင်မမတွေ အိုခနဲ,ဟင်ခနဲဖြစ်သွားရသည်အထိ ကြယ်ရဲ့စတိုင်လ်က လန်းနေပါသည်။

ကြမ်းပြင်နှင့်ရှုးဖိနပ်ခွာထိခတ်သံက စည်းချက်ကျကျ ရင်ခုန်သံတွေ မြန်စေသလို။

အိတ်တွဲဖြောင့်စင်းကျလာသော စတိုင်လ်ပင်န် အနားခတ် သွားပုံကလည်း နှလုံးသားတွေကို လှုပ်လျှားသွားစေပါသည်။

အိမ်မှိုစတိုင်လ် ရှပ်အင်္ကျီလက်ရှည်ကျပ်ကျပ်လေးက လည်း ကျစ်လျစ်သော ဝမ်းဗိုက်သားနှင့် ပြန့်ကားမို့မောက်သော



www.burmeseclassic.com

www.burmeseclassic.com



ရင်အုပ်ကျယ်ကျယ်ကို အသက်ရှူမှားဖွယ် ညှို့ငင်နေပါသည်။

အမြဲတမ်း မိတ်ကပ်လိမ်းခြယ်ထားတတ်သော ပါးပြင်လေးနှင့် နှုတ်ခမ်းဆိုးကာ ဝင်းစိုနေတတ်သော နှုတ်ခမ်းလွှာပါးပါးလေးကလည်း အခုတော့ အလိမ်းအခြယ်ကင်းမဲ့စွာဖြင့် ရွှန်းရွှန်းလက်လက်ကြီးကို လှချင်တိုင်း လှပနေပါတော့သည်။

“ဟယ် ...ဒါ ...ဒါ ...ကြယ်လေးမို့လားဟင်”

“ဝိုး ...ဟုတ်တယ် ဟုတ်တယ် ...ကြယ်လေးပဲ ...ကြယ်လေးပဲ”

အလှဖန်တီးရှင်မမတွေ ထိတ်လန့်စွာ, အံ့ဩစွာ, ဝမ်းသာစွာ လှိုက်လှိုက်လှဲလှဲ အသည်းတွေယားစွာဖြင့် အော်ဟစ်လိုက်ကြပြီး ကြယ့်ဆီကို ဝိုင်းအုံကာ ပြေးသွားကြပါသည်။

“ကြယ်လေးရယ် ...ဒီလိုလေး ဝတ်စားလိုက်တော့လည်း ခန့်မှခန့်၊ သန့်မှသန့်”

“တို့များက ကိုရီးယားမင်းသားလေး နိုင်ငံမှားပြီး ဝင်လာသလားလို့ကွယ်”

“တို့ရဲ့ကြယ်လေးကတော့ စတိုင်လ်အသစ်တစ်ခု ထပ်ထွင်လိုက်တာပေါ့လေ ...ဟုတ်တယ် ဟုတ်”

အပြင်မှာ ဆူညံအော်ဟစ်နေကြသောအသံတွေကြောင့် ရှင်ငြိမ်းမယ်လည်း အခန်းပြင်ကို ထွက်ကြည့်မိလိုက်သည်။

ကြယ့်ရဲ့အသွင်ကို မြင်လိုက်သည်နှင့် မယ်ရဲ့မျက်ဝန်းက





မျက်တောင်ကော့လေးတွေ အသက်သေသွားရသည်။

ထွက်လေဝင်လေကလေးတွေ စက္ကန့်ပေါင်းများစွာ ရပ်တန့်ကုန်သည်။

ယောကျ်ားပီသစွာ လှပခံ့ညားသောပုံရိပ်သွင်ကို ရင်ထဲက နှလုံးသားလေး မိန်းမောယိမ်းယိုင်သွားရအောင် တွေ့မြင်လိုက်ရတာပါ။

“အို ...ချောလိုက်တာ ကြယ်ရယ်”

ကျောက်ဆစ်ရုပ်ကလေးလို အသက်မဲ့သွားရသော မယ့်ဆီကို ကြယ်က ယောကျ်ားလေးတစ်ယောက်ပမာ ပီသခံ့ညားစွာ လျှောက်လာနေပါပြီ။

မယ်ရဲ့အသည်းလေး ရင်ခုန်သံလှိုင်းနုနုလေးတွေနှင့် ပူနွေးရှိန်းမြလာနေသည်။

“ဟိုင်း ...မယ် ကိုယ်လေ မမှတ်မိဘူးလား”

ကြယ့်ရဲ့အမေးကို ချက်ချင်း ပြန်မဖြေနိုင်ပါ။

ကြယ့်ရဲ့မျက်ဝန်းရွှဲရွှဲကြီးရယ်၊ ဖြောင့်စင်းသော နှာတံချွန်ချွန်လေးရယ်၊ ပြုံးရယ်နေသော နှုတ်ခမ်းပါးပါးလေး နှစ်လွှာအကြားမှ ပြိုးပြိုးပြက်ပြက် ရွှန်းလက်ဖြူစင်စွာ ညီညာနေသည့် သွားတန်းလေး၏ ညှို့ငင်မှုဝယ် မယ်လေး နစ်မျောလိုက်မောနေရှာပါသည်။

“ကြယ်ကို ပြန်နှုတ်မဆက်တော့ဘူးလား မယ်”



www.burmeseclassic.com

www.burmeseclassic.com



ကြယ်က မယ့်ရဲ့အေးစက်သလိုဖြင့် ပူနွေးနေသော လက်ဖျားကလေးတွေကို ဆုပ်ကိုင်ပြီးမေးတော့မှ မယ့်မှာ မျက်တောင်ကော့လေးတွေ လှုပ်ခတ်နိုင်ပါတော့သည်။

“ဟင် ... ကြယ် ... အင်း ... ဂွတ်မောနင်း”

“မောနင်း မယ်၊ ဘယ်လိုလဲ ... ကိုယ်က ကြည့်ကောင်းတယ်မဟုတ်လား၊ ဒီလို တစ်ခါမှမဝတ်ဖူးတော့ စိတ်ထဲမှာ ယားကျိကျိပဲ မယ်ရဲ့”

“အို ... ကြည့်ကောင်းတာပေါ့၊ ကြယ်က ဒီလိုဝတ်လိုက်မှ တကယ့်ကိုမိုက်သွားတာ”

“တကယ်”

“တကယ်ပေါ့ ကြယ်ရဲ့”

“ဒီလိုဆို မယ်က ကြိုက်တယ်ပေါ့”

“အင်း ... ကြိုက်တာပေါ့”

“မယ်ကြိုက်တယ်ဆို ကြယ်တစ်သက်လုံး ဒီလိုဝတ်ပြမယ်”

မယ်က ကြယ့်ရဲ့စကားအတိုင်း ပြန်မေးမိရသည်။

“တကယ်လား ကြယ်”

“တကယ်ပေါ့ မယ်ရယ်၊ လာ ... အခန်းထဲသွားပြီး ကတိပြုကြမယ်”

ပြောပြောဆိုဆို ကြယ်က မယ့်လက်ကလေးကိုဆွဲပြီး အခန်းထဲဝင်ပါသည်။





“ဟင် ... ဘာကို ကတိပြုမှာလဲ ကြယ်”

“ကြယ်က ဒီလိုယောကျ်ားလေးစတိုင်လ် အမြဲဝတ်မယ်၊ မယ်က ကြိုက်တယ်ဆိုလို့ ဝတ်ရတာဆိုတော့ မယ်က ကြယ့်ကို ကတိပေးရမယ်”

“အင်း ... ပေးရမှာပေါ့ ... ဘာလဲပြော”

“ကြယ်က မယ့်ကြိုက်တဲ့အတိုင်း အမြဲနေပြမယ်၊ မယ်ကလည်း ကြယ့်ကို အမြဲကြိုက်နေပါ့မယ်လို့ ကတိပြု”

“ရှင်”

မယ် လန့်သွားရသည်။

ကြယ့်မျက်နှာကို သေချာစွာမော့ကြည့်မိသည်။ ဒီစကားက ကြယ်က ရိုးသားဖြူစင်စွာ ပြောတာလား၊ သွယ်ဝိုက်စွာ ချစ်ခွင့်ပန်တာလားဆိုသောအဖြေကို ရှာဖွေကြည့်မိပါသည်။

ကြယ်က စွဲမက်ဖွယ်ကောင်းလောက်အောင် ပြုံးပြရင်း

“ကတိပြုလေ မယ်ရဲ့၊ ကြယ့်ကို အမြဲချစ်နေပါ့မယ်လို့၊ အိုး ... ဆောရီး ... ဆောရီး ကြယ် စကားမှားသွားတယ်၊ ချစ်တယ်ဆိုရင် မယ်က အဓိပ္ပာယ်တစ်မျိုးထင်သွားမှာပေါ့”

မယ့်ရင်ထဲမှာ အဲဒီချစ်တယ်ဆိုတဲ့စကားကိုပဲ အတည်ပြုချင်တာပါ ကြယ်ရယ်။

“ကဲ ... မယ်လေး အထင်မမှားရအောင် ကြယ့်ကို အမြဲကြိုက်သွားပါ့မယ်လို့ပဲ ကတိပေး ... ဟုတ်ပြီလား မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် . . . ကျွန်မ ကတိပေးပါတယ် ကြွယ်"

"ဒီလိုကတိပေးလို့ မရဘူးလေ ကြွယ်ရဲ့၊ လာ . . . လက်ချင်းချိတ်ပြီး ကတိပေးရမယ်"

ကြွယ်က မယ့်လက်ဖဝါးလေးကို ဆွဲယူလိုက်ပြီး လက်သန်းချင်းချိတ်သည်၊ လက်မ,ချင်း ထိကပ်သည်။

"ပြော . . . ကျွန်မမယ်လေးသည် ကြွယ့်အပေါ် အမြဲကြိုက်သွားပါမည် . . . လို့"

မယ်က တကယ်သစ္စာပြုသည့်နှယ် နှလုံးသားမှ ချစ်ခြင်းတရားကို တိုင်တည်ကာ ကတိပြုလိုက်ပါသည်။

"ကျွန်မသည် ကြွယ့်အပေါ် အမြဲကြိုက်သွားပါမည်ဟု ကတိပြုပါသည်"

"အိုကေ . . . ကြွယ်လည်း ကတိပြုမယ်၊ ကြွယ်သည် မယ်လေးကြိုက်အောင် အမြဲနေထိုင်ဝတ်ဆင်သွားပါမည်ဟု ကတိပြုပါသည်"

"ကတိ" . . . "ကတိ"

ထိုကတိလေးကို ထာဝရရှင်သန်စွာ တည်ရှိခွင့်ရရှိမယ်ဆိုလျှင် ဘယ်လောက်ကောင်းလိုက်မလဲ ကြွယ်ရယ်။





ကြွယ်သည် တိုတောင်းသောအချိန်ကာလတစ်ခုအတွင်းမှာပင် နေထိုင်မှုဟန်ပန်စရိုက်လက္ခဏာတွေက သိသိသာသာ ပြောင်းလဲလို့လာပါ၏။

အရင်လို ကနွဲ့ကလျပုံစံတွေ,ဟန်တွေ ကြွယ့်ရဲ့လှုပ်ရှားမှုတိုင်းမှာ အစရှာလို့မရအောင်ကို ကွယ်ပျောက်သွားလေသည်။

ဒါဟာ . . . သိပ်ကိုရင်ခုန်စရာကောင်းလွန်းသော ပြောင်းလဲမှုတစ်ရပ်ပါပဲ။

မယ်သည် အတွေးစကိုရပ်ကာ နုံ့ခွေသော ခြေလှမ်းတို့ကို သယ်ဆောင်ရင်း စက်ချုပ်ခန်းတွေရှိရာဘက်သို့ ထွက်လာခဲ့လိုက်သည်။

တိုးသဲ့သဲ့ခေါ်သံကြောင့် စိတ်မပါတပါဖြင့် မော့ကြည့်လိုက်မိသည်နှင့်အတူ ဝေခွဲရခက်သည့် ပုစ္ဆာတစ်ပုဒ်ကို ရင်ဝယ်ပိုက်ထားမိမှန်း ဘာသာသတိပြုမိလိုက်ပြန်သည်။

"နေ . . . ဘယ်တုန်းကရောက်လဲ"

"ခုလေးတင်ပဲ"

"ကြွယ်နဲ့တွေ့လိုက်သေးလား၊ သူတို့လည်း ခုနလေးတင် ထွက်သွားတာ"

"တွေ့တယ်၊ ကိုယ့်ကို မနက်စာလိုက်စားဖို့ အတင်းခေါ်နေတာ၊ ကိုယ်က မလိုက်တာ မယ်နဲ့တွေ့ချင်လို့"

နေသည် မယ့်အား အကြင်နာနွေးနွေးဖြင့် ထုံဖွဲ့ထား



www.burmeseclassic.com

www.burmeseclassic.com



သော မျှော်လင့်ခြင်းလေသံ တိုးသက်သက်ကလေးဖြင့် ...

"မယ် ... အပြင်ခဏထွက်ရအောင်"

"အလုပ်ချိန်ကြီးမှာ ထွက်လို့မကောင်းဘူး နေရယ်"

"ဒါဆို လုပ်ငန်းခွင်ထဲမှာရော ခဏစကားပြောလို့ရမလား"

လက်မှနာရီကို ငုံ့ကြည့်လိုက်ရင်း ...

"နောက် မိနစ်နှစ်ဆယ်ဆိုရင် ကာစတန်မာတစ်ဦး အပ်ထည်လာရွေးလိမ့်မယ်၊ သူတို့ မလာခင်အချိန်အထိတော့ အချိန်နည်းနည်းပေးနိုင်ပါတယ်"

"ရတယ် ... ကိစ္စမရှိဘူး၊ အဲဒီအချိန်နည်းနည်းလေးမှာ ကိုယ်ပြောမယ့်စကားတွေက မကုန်သေးဘူးဆိုရင်လည်း မယ် ... ညနေရုံးဆင်းချိန်အထိ စောင့်မယ်၊ ပြီးမှ ဆက်ပြောမယ်"

နေ့စကားကြောင့် သူမ ခပ်လွင်လွင်လေး ရယ်လိုက်ရင်း

"ကဲ ... လာ ... လူသွားစင်္ကြံကြီးမှာတော့ ပြောလို့မကောင်းဘူးထင်တယ်၊ ရုံးခန်းမှာပဲ ပြောကြရအောင်"

ရုံးခန်းရှိရာသို့ နှစ်ယောက်ယှဉ်တွဲပြီး လျှောက်လာလိုက်သည်။ ရုံးခန်းထဲရောက်ကတော့ ...

"ကော်ဖီသောက်မလား နေ"

"နိုး ... မယ့်ရဲ့မျက်နှာလေးကို မြင်တွေ့ခွင့်ရတာ ကော်ဖီတစ်ခွက်သောက်ရတဲ့အရသာထက် ပိုပြီးချိုမြိန်နေတယ်၊





အဲဒါကို ... မယ် ယုံလား"

"ရှင်ကလေ ... အာဒိတက်တစ်ယောက်မလုပ်ဘဲ စာရေးဆရာတစ်ယောက်လုပ်ရမှာသိလား"

"မယ်ကလည်း ကြယ့်ရဲ့အတွင်းရေးမှူးမလေး မလုပ်ဘဲ နေ့ရဲ့ချစ်သူလုပ်ရမှာ၊ တကယ်ပြောတာပါ မယ်ရယ် ... ကိုယ့်ကို ပြန်ချစ်ပါတော့၊ အချိန်တွေ ထပ်ဆွဲနေရင် ကြယ်က မယ့်ကို အပိုင်သိမ်းလိုက်လိမ့်မယ်၊ ဒီကောင်က ခုတောင် တော်တော်လေးပြောင်းလဲနေပြီ၊ ဖြစ်နိုင်ရင် ဒီကောင့်ကို အရင်လို မိန်းမလျှာပဲ ဖြစ်စေချင်သေးတယ်"

"အို ... ရှင်ကလည်း"

"ဟုတ်တယ် ... ဒါမှ မယ့်အပေါ် သူ့သဘောထားတွေ ရိုးရှင်းနေမှာ၊ ခုတော့ ..."

စကားကိုမဆက်ဘဲ မယ့်ကို နှမြောတသစွာကြည့်ရင်း ငေးရီနေသော နေ့ကို အားမလိုအားမရဖြစ်ကာ မေးလိုက်၏။

"ခုတော့ ... ဘာဖြစ်လဲ"

"ဟိုတစ်နေ့ညက ... ဒင်နာမှာ ကိုယ် မယ့်ကို ချစ်နေတယ်လို့ပြောလိုက်မိတာနဲ့ ပျားရည်အလုပ်ခံရတဲ့ ဝက်ဝံတစ်ကောင်လိုပဲ ရှုံးရှုံးရှားရှားနဲ့ ကိုယ့်ကို ပြဿနာရှာပြီး တစ်ခါမှမသောက်ဘူးတဲ့ အရက်တွေသောက်ပြီး ရမ်းတော့တာပါပဲ"

ကြယ်နှင့်ပတ်သက်သည့် အကြောင်းအရာကို နေ့ထံမှ



www.burmeseclassic.com

www.burmeseclassic.com



အလျဉ်မပြတ်ကြားနေရ၍ သူမ၏ရင်တစ်ခုလုံး ပီတိအဟုန်တွေ လွှမ်းခြုံအုပ်မိုးလျက် အပြုံးရိပ်တွေကို ခပ်ရေးရေးမြင်နေရမယ် ထင်၏။

"ဘယ်လိုလဲ မယ် ... ရင်တွေခုန်နေလား"

မျက်မှောင်တွန့်ကာ မေးခွန်းပေါင်းမြောက်မြားစွာ ပျော်ဝင်နေသောအကြည့်ဖြင့် စောင်းငဲ့ကြည့်ကာ မေးလာသောနေရဲ့ အမေးကို ရင်ဆိုင်ရင်း ...

"အို ... ဘာလို့ရင်ခုန်ရမှာလဲ"

ဟုဆိုကာ ... အတတ်နိုင်ဆုံး ပေါ့ပေါ့ပါးပါးဖြစ်အောင် ရယ်ချလိုက်ဟန်မျိုးဖြင့် ပခုံးတွန့်ကာ ရယ်မောလိုက်သည်။

"သိဘူးလေ ... ခင်ဗျားလေး မျက်နှာက ပြုံးရိပ်က လေးတွေ သန်းနေတာကိုး"

"ဟင် ... ပြုံးတာနဲ့ ရင်ခုန်ရောလား"

"ထားပါတော့ ... ကိုယ်အံ့ထင်မှားတာဖြစ်မှာပါ၊ အဓိက ကိုယ်ပြောချင်တာက မယ့်ကို အရမ်းချစ်တယ်၊ အဲဒီ အချစ်ကို ဘာနဲ့ပဲလာပြီးယှဉ်ယှဉ် ယှဉ်လို့မရဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ မယ့်ကိုချစ်တဲ့ ကိုယ့်ရဲ့အချစ်တွေက အရမ်းကို အင်အား ကြီးနိုင်မာနေလို့ပဲ"

"ကျွန်မ ရှင့်အချစ်ကို လက်ခံနိုင်ဖို့ ကြိုးစားနေပါတယ်၊ ကျွန်မကို အချိန်နည်းနည်းတော့ ထပ်ပေးပါ ... အဟင်း ...





ဟင်း ဟင်း၊ ခုလောလောဆယ်တော့ အချိန်ပြည့်ပြီ၊ ရှင်ပြန်လို့ ရပြီ၊ တော်ကြာ ဧည့်သည်တွေရောက်တော့မယ်"

နေသည် သူမ၏မျက်နှာကို တရှိုက်မက်မက်ကြည့်ကာ ထိုင်နေရာမှ လေးပင်စွာထလိုက်ရင်း ...

"ကဲ ... ဒါဆို ညနေမှ အချစ်ခန်းဆက်ပြီးဖွင့်တော့ မယ် ... ညနေ ကိုယ်လာစောင့်နေမှာနော်"

"အဲဒါတော့ ... ရှင့်သဘောပဲလေ"

နေ အခန်းထဲက ထွက်သွားတော့မှ ကစဉ့်ကလျားဖြစ် နေသော စိတ်အစဉ်တို့ကို စုစည်းကာ အလုပ်ထဲတွင် နှစ်မြုပ် ထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

**အိပ်**ရာထစ မနက်ခင်းလေက သာသာယာယာမို့ ကြယ့်စိတ်တွေ ကြည်လင်လန်းဆန်းလို့နေသည်။

လန်းဆန်းရွှင်ပျမှုနှင့်အတူ ချစ်ရသူမယ်လေးကို သတိရမိ၏။

ဒီနေ့ ကုမ္ပဏီပိတ်ရက်မို့ မယ်လေးကိုခေါ်ပြီး လည်ပတ်သွားလာရန် စိတ်ကူးမိ၏။

မယ်လေးသွားချင်သည့်နေရာ၊ မယ်လေးစားချင်သည့်အစာ၊ မယ်လေးရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရင်း မယ်လေးအတွက် ပျော်ရွှင်မှုလေးတွေ ဖန်တီးပေးလိုသည့်စေတနာက ကြယ့်ရင်ထဲမှာ ပြည့်လျှံနေသည်။

ပြုံးပျော်ရွှင်မြူးနေမည့် မယ်လေးရဲ့မျက်နှာကို မြင်





ယောင်မှန်းဆပြီး စိတ်ကူးနှင့်ကြည်နူးမိ၏။

မယ့်အကြိုက်လေးတွေ ဝတ်ပြမည်ဟု ကတိပြုမိထားသည်မို့ မှန်ရှေ့မှာ အဝတ်အစားအမျိုးမျိုးဝတ်ဆင်ကြည့်ရင်း စိတ်တိုင်းမကျနိုင်။ နောက်ဆုံးတော့လည်း ရိုးရိုးလေးပဲ ပေါ့ပေါ့ပါးပါးစတိုင်လ်၊ ဂျင်းဘောင်ဘီနှင့်တီရှပ်အပြာနုလေးကို တွဲဝတ်ပြီး ရာသီဥတုက အေးအေးမြမြလေးမို့ အပေါ်မှ အနက်ရောင်ကုတ်ကလေးကို ထပ်ဝတ်လိုက်သည်။

ဆောင်းနှောင်းနွေဦးအကြို ဖက်ရှင်စတိုင်လ်တစ်မျိုးပေါ့။

မယ်လေး နှစ်သက်သဘောကျလိမ့်မည်ဟု ကြည်နူးစွာတွေးရင်း အခန်းထဲမှထွက်ကာ ဧည့်ခန်းကိုအဖြတ်တွင် ပြုံပြင်ခြယ်သကာ ဝတ်စားပြင်ဆင်ထားသည့် မမရာသက်ပန်က ...

"ဘယ်ကိုသွားမလို့လဲ ကြယ်"

"မယ့်ဆီ ခဏသွားမလို့ပါ မမရဲ့၊ ဘာကိစ္စရှိလို့လဲ"

"ကြယ် ဒီနေ့ ဘယ်မှသွားလို့မရဘူးလေ၊ ဒီနေ့ စနိုးကိုလေယာဉ်ကွင်းမှာ သွားကြိုရမှာ၊ သူ ဒီနေ့ရောက်မယ်လို့ ကြိုပြီးဖုန်းဆက်ထားတာ မင်းကို မမ,ပြောပြထားသားပဲ"

"ဟာ မမကလည်း မမပဲ သွားကြိုလိုက်ပါ ...ကြယ်မလိုက်ချင်ဘူး"

"ဟဲ့ ... မလိုက်ချင်လို့ဖြစ်မလား၊ စနိုးက မေမေတို့ကိုယ်တိုင် မင်းနဲ့လက်ထပ်ပေးဖို့ စေ့စပ်ထားခဲ့တဲ့သူလေ၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် လာမကြိုဘူးဆိုရင် သူ စိတ်ခုသွားမှာပေါ့''

''ဘာစိတ်ခုစရာရှိလဲ မမရယ်၊ တစ်ခုခုအကြောင်းပြ လိုက်ရင် ပြီးတာပဲ၊ အိမ်ရောက်တော့လည်း ကြယ်နဲ့ တွေ့ရမှာပဲ ဟာ''

''ဒီလိုပေါ့ပေါ့လေးမပြောနဲ့ ကြယ်၊ မေမေတို့ဖေဖေတို့ မရှိတော့တဲ့အချိန်မှာ စနိုးကို တို့က ပိုပြီးအလေးထားရမယ်၊ ဂရုစိုက်ပြရမယ်၊ ဒီလိုအချိန်မှာ စနိုးနဲ့စနိုးမိဘတွေ စိတ်ကွက် စရာ တစ်ခုခုဖြစ်သွားရင်မကောင်းဘူး၊ မင်းကို မမ ဘယ်ကိစ္စ မဆို အလိုလိုက်ခဲ့ပေမယ့် စနိုးနဲ့ပတ်သက်တဲ့ကိစ္စတိုင်းမှာတော့ မမ အလိုကျပဲ မင်းနေပေးဖို့ စဉ်းစားပါ၊ မင်းဘက်က ဒီတစ်ခု တော့ မမကို လိုက်လျောပေးပါ ကြယ်၊ စနိုးဟာ မင်းလက်ထပ် ရမယ့်မိန်းကလေးပဲ၊ မင်းဘက်က အရာရာကို ဂရုစိုက်ကြင်နာ ပြပါလို့ မမ ပြောထားချင်တယ်''

မမရာသက်ပန်၏စကားကြောင့် ကြယ်မှာ မငြင်းသာ တော့ဘဲ ဆိုဖာပေါ် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်ကာ ဆံပင် တွေထဲ လက်ငါးချောင်းထိုးထည့်၍ ဖွပစ်နေမိတော့သည်။

လေယာဉ်ဆိုက်ပြီးနောက် အင်မီကေးရှင်းအခန်းထဲတွင်





အလုပ်ရှုပ်နေသည့် စနိုးကို ညွှန်ကြားဆောင်မှ လှမ်းမြင်နေရသည်။

စနိုးက လယ်သားအပြောင်သားအနက်ရောင်စကဒ် အတိုကလေးနှင့် အနီရဲရဲ ချိုင်းပြတ်လည်ဟိုက်အကျီလေးကို ဝတ်ထားသည်။

ရွှေအိုရောင်ဆိုးထားသည့် ကောက်ကွေးတွန့်လိမ်နေ သော ဆံပင်ရှည်ရှည်တွေကြားမှ မျက်နှာလှလှနုနုလေးနှင့် တင်း ရင်းပြည့်ဖြိုးသော စနိုး၏ခန္ဓာကိုယ်အလှက မြင်ရသူတိုင်းကို ရင်ဖိုလှုပ်ရှားစေလောက်သည့်အလှမျိုးဖြစ်သည်။

နိုင်ငံခြားမှာ အနေကြာလာခဲ့သူမို့ သူမ၏ဟန်ပန်က ရဲတင်းဖျတ်လတ်ကာ တက်ကြွနေ၏။

အင်မီကေးရှင်းခန်းထဲမှ ထွက်လာသည့်စနိုးကို မမရာ သက်ပန်က အပြေးလေးသွားကာ ဆီးကြိုသည်။ ကြယ်ကတော့ ပျာယာခတ်နေသည့် မမကို သိပ်ကြည်လင်တာမဟုတ်ပဲ ခပ်မှုန် မှုန်မျက်နှာနှင့် မမနောက်မှ ဖြည်းဖြည်းလျှောက်လိုက်လာခဲ့မိ၏။

''စနိုးက သိပ်ကိုလှတာပဲကွယ်၊ ငယ်ရုပ်ပျောက်နေ တော့ မမဖြင့် မနည်းကြည့်ယူရတယ်''

''Thank you ပါ မမ''

စနိုးက မမရာသက်ပန်၏စကားကို အလိုက်သင့် တုံ့ ပြန်ရင်း ကြယ့်ကို မျက်လုံးဝေ့ကြည့်သည်။

မမက ကြယ့်လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ရင်း . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... မမရဲ့မောင်လေး ကြယ်စင်လေ၊ ဘယ်လိုလဲ ချောတယ်မဟုတ်လား"

"ဓာတ်ပုံထဲမှာ တွေ့ဖူးပြီးသားပါ၊ ဒါပေမဲ့ အခု အပြင်မှာ လူကိုယ်တိုင်တွေ့ရတော့ ထင်ထားတာထက်ကို ပိုချောနေတယ် မမ၊ အဲ့ဒီလိုပြောတဲ့အတွက် ကြယ်စင်က တို့ကို ဘာကျွေးမှာလဲ ဟင် ... ဟင်း ဟင်း ဟင်း"

စနိုးက ကြယ်စင့်ကို ရွှန်းရွှန်းစားစားကြည့်ရင်း ပြောလိုက်တာမို့ ကြယ်မှာ မနေတတ် မထိုင်တတ်ဖြစ်သွားရသည်။ မမရာသက်ပန်က ကြားမှဝင်ပြီး ...

"သူက စနိုးမလာခင်ကတည်းက ဒီနေ့နေ့လည်စာကို ဆီဒိုးနားဟိုတယ်မှာကျွေးဖို့ စီစဉ်ထားပြီးသားလေ၊ ပြီးတော့ စနိုး ဟိုတယ်မှာတည်းဖို့ စီစဉ်ထားတာကိုဖျက်ပြီး မမတို့အိမ်မှာပဲ တည်းဖို့ ပြောပေးပါလို့ မမကို ပူဆာနေတာ၊ မောင်လေးက ညွှဝတ်မကျေမှာကို အရမ်းစိုးရိမ်နေတာ စနိုးရဲ့"

သူလည်း ဘာမှပြောမထားရဘဲနဲ့ ကြက်တူရွေးက ကဲပြနေသော မမကို စိတ်ထဲမှ အမြင်ကတ်လှစွာကြည့်ရင်း ကျစ်ခနဲ စုတ်သပ်လိုက်မိသော ကြယ့်ကို စနိုးက လှမ်းကြည့်လိုက်သည်မို့ ရောယောင်ခေါင်းကုတ်ရင်း ပြုံးပြလိုက်ရသည်။

"ကဲ ... မမ အိမ်ရောက်မှသာ တစ်ဝကြီး ပြောပေတော့၊ သွားကြရအောင် ... စနိုးလည်း ခရီးပန်းလာလို့ နား





ချင်ရောပေါ့"

ဟိုတယ်ထဲမှာတော့ ကြယ်သည် စနိုး၏ရှေ့တွင် အနေခက်စွာဖြင့် အလွန်အင်မတန်မှ စိတ်ကျဉ်းကျပ်နေသည်။

စားပွဲဝိုင်းပေါ်တွင်ရှိနေသော အစားအသောက်ကို စားနေရတာကိုပင် အရသာမတွေ့။ မယ်သာပါခဲ့ရင် သူ ဒီလိုကြောင်အမ်းအမ်းဖြစ်နေမှာမဟုတ်။

"စနိုး ... အစာနည်းလိုက်တာကွယ် အရသာမတွေ့လို့လား"

"မဟုတ်ပါဘူး အရသာတွေ့ပါတယ် မမရယ်၊ စနိုးက အစားနည်းတော့ နည်းနည်းပဲစားဖြစ်တယ်၊ ခုလို ... မမနဲ့ကြယ်စင်က စနိုးကို တကူးတက လိုက်ညှော်ခံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"အိုကွယ် ... နောက်ဆို အမျိုးတွေတော်ရတော့မှာပဲ ဘာကိုအားနာစရာလိုလဲ"

"ဟုတ်တယ်မဟုတ်လား ကြယ်"

ကိုယ်ထံအဖော်ညှိသော အမေးစကားကိုဖြေရန် နှုတ်ဆွံ့အနေကာ စကားလုံးအစရှာမရ၊ ထို့နောက် ခေါင်းကိုသာ တွင်တွင်ငုံ့ထားပြီး ပန်းကန်ထဲက ထမင်းနှင့်ဟင်းတွေကို အဓိပ္ပာယ်မဲ့မွှေနှောက်နေလိုက်၏။ စနိုးက ထိုအဖြစ်ကို ရိပ်မိဟန်တူ၏။

"မမရဲ့မောင်က ရှက်တတ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှက်တတ်ဇာတော့ ပြောမနေနဲ့ စနိုးရေ . . . မြင်တဲ့အတိုင်းပဲ၊ ဒါပေမဲ့ မောင်လေးကို မင်း သဘောကျတယ် မဟုတ်လား"

မိန်းမတစ်ယောက်ရဲ့ဂုဏ်သိက္ခာကို ဘေးချိတ်ခိုင်းထားပြီး ပွင့်လင်းစွာမေးလိုက်သော မမရာသက်ပန်၏အမေးကို စနိုးကလည်း ရဲတင်းစွာပင်။

"အင်း . . . သဘောကျပါတယ် မမရဲ့၊ သူက စနိုးရဲ့အိမ်ထောင်ရှင်တစ်ယောက် ဖြစ်နိုင်ပါတယ်"

ရဲတင်းသွက်လက်လွန်းသောအကြည့်နှင့် အပြောတို့ကြောင့် ကြယ်သည် စနိုးကို ခပ်စွေစွေ တစ်ချက်ကြည့်လိုက်သည်။ မယ်နှင့်တော့ ကွာပါ့ဟုတွေးရင်း ရင်မှာဘဝင်မကျမိ။

စနိုးသည် ဟင်းပန်းကန်ထဲမှ အသည်းဖတ်တစ်ဖတ်ကို ကြယ့်ပန်းကန်ထဲသို့ လှမ်းထည့်ပေးရင်း . . .

"ကြယ်စင် . . . စားနော်"

"အို . . . ဟင့်အင်း . . . များက အသည်းမစားဘူး"

ကြယ် တမင်ပင် မူနွဲ့နွဲ့ပြောဟန်ကြောင့် စနိုးသည် အံ့သြသောအကြည့်မျက်ဝန်းလေးဖြင့် ကြယ့်အား ကြည့်လိုက်သည်။

ထိုအခြေအနေကို ရိပ်မိသော မမရာသက်ပန်သည် . .

"စနိုး အံ့သြသွားတယ်ထင်တယ်၊ တစ်ခါတလေ သူက





အဲဒီလို အတည်ပေါက် နောက်တတ်တယ်ကွယ့်၊ အလုပ်ကလည်း အလုဖန်တီးရှင်ဆိုတော့လေ"

တစ်ဆက်တည်းမှာပင် ကြယ့်ဘက်လှည့်၍ . . .

"မောင်လေး စနိုးကို မင်းရဲ့သူငယ်ချင်းတွေကို နောက်သလို မနောက်ပါနဲ့လားကွယ် . . . စနိုး အနေခက်မှာပေါ့"

ကြယ်သည် မမနှင့်အလိုက်အထိုက်ဖြစ်စေရန် စနိုးကို စိတ်သက်သာစေသော စကားလုံးအချို့ဖြင့် . . .

"အဟဲ . . . ဆောရီးနော် . . . ကိုယ့်မှာ တစ်ခါတလေ အဲဒီလို ရူးကြောင်ကြောင်အကျင့်တွေ ရှိတယ်"

"အဟင်း . . . ဟင်း ရပါတယ် ကြယ်စင်ရမယ်၊ စနိုးကလေ ရုတ်တရက်ဆိုတော့ နည်းနည်းစပရိုက်(စ်)ဖြစ်သွားတာ၊ ကျေးဇူးပြုပြီး ရှင်သာ အဲဒီလိုပုံစံမျိုး အမှန်တကယ်သာဆိုရင် ကျွန်မလေ ရှက်လွန်းလို့ အင်္ဂလန်က ပါပါးနဲ့မာမားကို ဘယ်လို ပြန်ပြောရမှန်းတောင် သိမှာမဟုတ်ဘူး"

ကြယ်သည် စိတ်ထဲမှာသာ စနိုးကို စကားလုံးရင့်ရင့်တွေနှင့် ပြန်ချေပမိ၏။

"ရှက်ရင်လည်း လဲသေလိုက်ပေါ့ဟာ၊ ငါ့ကို သဘောမကျလေ ငါက ကြိုက်လေပဲ၊ နင့်လို ကြွေရုပ်မျက်နှာနဲ့ မိန်းမမျိုးကိုလည်း ငါက တစ်သက်လုံး လက်မတွဲသေးဘူးမှတ်၊ နင့်ကို ယူမယ့်အတူတူ ငါ့ဘဝ မိန်းမလျာပြန်ဖြစ်သွားတာကမှ ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆန်ဦးမယ်''

ဒေါသအတွေးနှင့်အတူ ပန်းကန်ထဲမှ ကြက်သားတုံးကို ခက်ရင်းနဲ့ဖွဲ့နေရင်းမှ အရှိန်လွန်ကာဖြင့် စနိုး၏ကောက်ကွေးတွန့် လိမ်နေသော ရွှေအိုရောင်ဆံပင်ရှည်ရှည်တွေဆီသို့ ကြက်သားတုံး သည် ချော်ပြီး ခုန်ထွက်သွားလေ၏။

'ဖတ်'

စနိုး အလန့်တကြား အော်လိုက်သည်။

''အမလေး ... ဘာ ... ဘာကြီးလဲဟင်''

''အဟင်း ... ဒီမှာ အရှိန်လွန်ပြီးတော့ မင်းဆံပင်တွေ ကို သွားစင်တာ၊ ဘယ်ရောက်သွားပြီလဲ ကြက်သားတုံး''

''အို ... ဘယ်သိမှာလဲ''

လွင့်ထွက်သွားသော ကြက်သားတုံးကို ခုံဘေးနှင့်ခုံ အောက်တွေကိုသာ သဲကြီးမဲကြီး ရှာနေတော့သည်။

စားပွဲခင်းတွေကို မ,ပြီး အောက်ကိုငုံ့ပြီး အရှာမှာ စကတ်အတိုဝတ်ထားသော စနိုးရဲ့ပေါင်လုံးသားဖြူဖြူလေးကို တွေ့လိုက်ရ၍ မျက်စိမှိတ်လိုက်ပြီး ယောင်ယမ်းကာဖြင့် ကိုယ်ကို ပြန်မတ်လိုက်ရာ ဦးခေါင်းနှင့် စားပွဲစွန်းက ဒုန်းခနဲ တိုက်မိပြန် သည်။

တိုက်မိသည့်အရှိန် ပြင်းလွန်းသဖြင့် စားပွဲခုံသည် တုန်ခါ သွားကာ စနိုးရှေ့မှအချိုရည်ခွက်သည် မှောက်သွားကာ ကော်ဖီ





မစ်ရောင်လယ်သာစကတ်တိုတိုပေါ်တွင် အချိုရည်များနှင့်အတူ စောစောက လွင့်ထွက်သွားသော ကြက်သားတုံးက ထိုအချိုရည် တွေထဲမှာ မျှောလျက်။

မမရာသက်ပန်သည် အားနာစွာဖြင့် ...

''အို ... ကြယ်ရယ် စနိုးကို အားနာစရာတွေတော့ ဖြစ်ကုန်ပါပြီ၊ ဟင် ... ကြက်သားတုံးက စနိုးရဲ့စကတ်ပေါ် ရောက်နေတာပဲ''

ရာသက်ပန်သည် စကတ်ပေါ်မှ ကြက်သားတုံးကို အမြန်လှမ်းယူလိုက်ပြီး စားပွဲပေါ်က တစ်ရှူးကိုယူကာ စနိုးစကတ် ပေါ်က အချိုရည်တွေကို ကပျာကယာသုတ်ပေးနေသည်။

ကြယ်သည် ... ထိုအဖြစ်ကိုကြည့်ပြီး ရယ်ချင်စိတ်ကို မထိန်းနိုင်တော့ဘဲ အားရပါးရ ရယ်ချလိုက်တော့သည်။

စနိုးက ...

''ရှင်က ဘာရယ်တာလဲ၊ ရှင့်ကြောင့်ဖြစ်ရတာကို မကူ ညီတဲ့အပြင် ရယ်တောင်ရယ်နေသေးတယ်ပေါ့''

''ဆောရီးပဲ စနိုး ... ကိုယ့်ရဲ့အကျင့်စရိုက်ဆိုးထဲမှာ အရယ်သန်တာလည်းပါတယ်''

ထို့နောက် နေ့လယ်စာစားပွဲလေးကို ကပိုကရိုဖြင့် ပြီး ဆုံးလိုက်ရလေသည်။

မမရာသက်ပန်ကတော့ ကြယ့်ကို မကျေမနပ်။ ကြယ်



www.burmeseclassic.com

www.burmeseclassic.com

ကတော့ အဲဒီလိုဖြစ်သွားတာကို အလိုလိုကျေနပ်နေမိ၏။

ထိုအဖြစ်အပျက်ကိုအကြောင်းပြုပြီး စနိုးသည် ဟိုတယ်မှာပဲ တည်းတော့မည်ဟုဆိုကာ အိမ်မှာလိုက်တည်းဖို့ကို အကြောက်အကန်ငြင်းလေသည်။

ညဘက် ... မောင်နှမနှစ်ယောက် အိမ်မှာပြန်ဆုံတော့ မမသည် ကြွယ့်ကို သူ့ဘက်မှ သဘောထားအမှန်ကို အတိအလင်း စစ်ကြောညာတော့သည်။

"ကြွယ်စင် ... မင်း မမကို မျက်နှာပျက်အောင် မလုပ်ပါနဲ့"

"အို ... ကြွယ်က ဘာလုပ်လို့လဲလို့"

ဆိုသည့်အမူအရာကို တမင်တကာနွဲ့ပြီး အရင်လိုကာရိုက်တာမျိုးကို ပြန်သုံးလိုက်ခြင်းဖြစ်သည်။

"အေး ... အဲဒီလိုပုံစံကြီးကိုပြောတာလေ၊ ဟိုက မင်းကို ယောကျ်ားပီပီသသလို့ထင်ထားတာလေ"

"အဲဒါဆို မမက အမှန်အတိုင်းပြောပြလိုက်ပေါ့၊ အရင်က မမရဲ့မောင်လေးက ဂျယ်လီလေးတစ်ယောက်ပါလို့၊ အခုထိလည်း အဲဒီစိတ်တွေက သူ့ဘဝမှာ အကင်းမသေသေးဘူးဆိုတဲ့အကြောင်း"

"အို ... ပြောလို့ဖြစ်မလား၊ မင်း အရင်က ဘာဖြစ်ခဲ့တယ်ဆိုတာ သူ သိလို့မဖြစ်ဘူးလေ"





"သိလေ ကောင်းလေပဲ၊ ကြွယ် သူ့ကို စိတ်မဝင်စားဘူး"

"ဒါဆို ... မင်းက ဘယ်သူ့ကို စိတ်ဝင်စားနေလဲ ... ကဲ ပြောစမ်း"

"မယ့်ကိုပဲ စိတ်ဝင်စားတယ်၊ မယ့်ကြောင့် ကြွယ့်ဘဝခုလိုအခြေအနေမှန်ကို ပြန်ရောက်လာတာလေ၊ ဒါကို မမက ဘာလို့မသိချင်ယောင်ဆောင်နေရတာလဲ"

ကြွယ်၏မချိုးမခန့်စကားကြောင့် ရာသက်ပန်သည် ဒေါသတွေ အလိပ်လိုက် မျက်နှာပြင်ပေါ်သို့ ဆန်တက်လာကာ

"မင်းရူးနေပြီလား ကြွယ်၊ ရှင်ငြိမ်းမယ်ရဲ့ဘဝနဲ့ မင်းနဲ့ ထိုက်တန်လို့လား၊ ဘာဖြစ်လို့ နွံထဲ ခုန်ဆင်းနေရတာလဲ"

"အဲ့ဒါ ... နွံမဟုတ်ပါဘူး၊ ဆင်းရဲတဲ့ဘဝတိုင်းကို နွံလို့ သတ်မှတ်မယ်ဆိုရင် ကမ္ဘာပေါ်မှာရှိနေတဲ့ မပြည့်စုံတဲ့လူတိုင်း နွံထဲမှာ နစ်ရတော့မှာလား"

"လောကမှာ ချမ်းသာသာ,ဆင်းရဲရဲ လောက,ကပေးတဲ့ လေကို တန်းတူရှူရှိုက်နေကြရတာပဲ၊ ချမ်းသာပြီး လောဘရမ္မက်တွေ မုန်တိုင်းလိုထန်နေရတာထက်စာရင် ဆင်းရဲပြီး ငြိမ်းချမ်းနေတဲ့ ဘဝလေးကို ကြွယ် ပိုပြီးမက်မောတယ်"

"အို ... ဘုရားရေ"

နှုတ်မှတရစပ်ထွက်ကျလာသော စကားလုံးများကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မမရာသက်ပန် ဘုရားတမိ၏။ ကြယ်ကတော့ ပြောမြဲတိုင်း ဆက်ပြော၏။

"မယ့်ဘဝလေးက မာယာကင်းပြီး သိပ်ကိုရိုးရှင်းလွန်းပါတယ်"

"အေး ... မင်းဘာသာ မာယာပဲကင်းကင်း ဘယ်လောက်ပဲ ရိုးရှင်းရှင်း မမကတော့ မင်းကို ရှင်ငြိမ်းမယ်နဲ့ သဘောလုံးဝမတူဘူး"

ကြယ်သည် ခံပြင်းခြင်း စိုးရိမ်ကြောင့်ကြခြင်းများနှင့် ရောယှက်ရှုပ်ထွေးနေသောဟန်ဖြင့် ...

"ကြယ့်အသက် ၂၀ ကျော်ပြီနော်၊ ကြယ့်ဘဝကို မမရဲ့ ပုံစံခွက်ထဲကို အတင်းဆွဲမနစ်ပါနဲ့၊ မမဆွဲနစ်သလောက် ကြယ့်ဘက်ကလည်း အင်အားရှိသလောက် ရုန်းနေမှာပဲ"

"မင်း ... ဖေဖေမေမေတို့ရဲ့မျက်နှာကို မထောက်တော့ဘူးလား၊ ဒါဟာ ... မိဘတွေစီမံထားကာလေ"

"ကျွတ် ... မမရာ ... မိဘတွေမသေခင်စီမံထားလို့ ယူရပါတယ်ဆိုတဲ့ ဒီလိုဇာတ်လမ်းတွေက ဟိုးရှေးရှေးက ရုပ်ရှင်တွေ, ဝတ္ထုတွေထဲမှာ ပုပ်သိုးဆွေးမြည့်နေလောက်ပါပြီ၊ စနိုးကို ကြယ် လက်ထပ်လိုက်လို့ ဖေဖေနဲ့မေမေ တမလွန်ကနေ ပြန်လာနိုင်မလား၊ အဲသလိုပြန်လာနိုင်မယ်, သိနိုင်မယ်ဆိုရင် စနိုးဟာ ဘယ်လောက်ပဲ အရုပ်ဆိုးအကျည်းတန်နေပါစေ သူ့ကို





ကြယ် လက်ထပ်မယ်၊ ခုဟာက ဖေဖေမေမေတို့ရဲ့ဆန္ဒကို အကြောင်းပြပြီး ဂုဏ်ဂုဏ်ချင်း ထပ်နေကြတာ မဟုတ်လား"

"ဟင် ... မင်း ... မင်း ... မင်း မမကို ခုလိုမျိုး ဘယ်တုန်းကပြန်ပြီး ပြောဖူးသလဲ၊ အို ... ဘုရား ဘုရား အစ်မကိုတောင် အစ်မလိုမမြင်တော့လောက်အောင် အချစ်မျက်ကန်း ဖြစ်နေပါလား၊ မဖြစ်ဘူး ... မဖြစ်ဘူး ရှင်ငြိမ်းမယ်ကို အလုပ်ထုတ်ပစ်မှ ဒီကိစ္စက အေးမှာပါ"

ကြယ်သည် မချင့်မရဲမျက်နှာဖြင့် ဝုန်းခနဲထရပ်ကာ ...

"မမနော် ... ကြွက်မနိုင် ကျီမီးနဲ့မရှို့နဲ့၊ မမလိုအပ်တုန်းက မယ့်ကိုအသုံးချခဲ့ပြီးတော့ မလိုတဲ့အခါကျမှ သူ့ကိုနစ်နာစေမယ်ဆိုရင် မမဘဝထဲက ကြယ် အပြီးထွက်သွားရလိမ့်မယ်"

ကြယ်ဟာ ပြောချင်ရာပြောပြီး ရာသက်ပန်ရှေ့မှ ရှူးရှူးရှားရှားဖြင့် ထွက်လာခဲ့လိုက်သည်။

နောက်မှာကျန်ခဲ့သော ရာသက်ပန်ကလည်း အလွတ်မပေး။

"မင်း ဒီကိစ္စကို နောက်ဆုတ်ရင်ဆုတ်၊ မဆုတ်ဘူးဆိုရင်တော့ မင်းတို့နှစ်ယောက်လုံး နာကျင်မှုတွေနဲ့ အဆုံးသတ်ရလိမ့်မယ်၊ ပြီးတော့ မင်းတို့နှစ်ယောက်လည်း ကြေကွဲနေရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ကြယ်ကြားသာအောင် ပြောနေသော မမရဲ့ အသံတွေကို ဥပေက္ခာပြုကျောခိုင်းကာ ထွက်လာခဲ့လိုက်သည်။

မယ့်ဆီမှ ချွေးသိပ်မှုတစ်ခုကိုတော့ ဒီအချိန်မှာ အရေးတကြီး လိုအပ်နေပါသည်။

မယ့်ထံမှ အားပေးနှစ်သိမ့်လာမည့်စကားသံတွေကို မျှော်လင့်ကြားယောင်ရင်း မယ့်အခန်းရှိရာလှေကားပေါ်သို့ လှမ်းတက်လိုက်သော သွက်လက်သည့် ကြယ့်ခြေလှမ်းတို့သည် စိတ်ပျက်အားငယ်မှုဖြင့် တုံ့ဆိုင်းသွားရ၏။ အဘယ်ကြောင့်ဆိုသော် လှေကားအတိုင်း အတူယှဉ်တွဲဆင်းလာကြသည့် နေနေနှင့် မယ့်ကို တွေ့လိုက်ရသောကြောင့်ဖြစ်၏။

"ဟယ် ... ကြယ်ပါလား"

မယ်သည် ကြယ့်ကိုတွေ့လိုက်ရ၍ အပြုံးနှင့် ဆီးကြိုနှုတ်ဆက်သည်။

နေက ...

"အတော်ပဲ ... ငါတို့ ကော်ဖီဘားသွားမလို့ မင်းပါလိုက်ခဲ့လေ"





နေရဲ့ဖိတ်ခေါ်မှုကို မကြားဟန်ပြုကာ မယ့်ဆီကိုသာ အကြည့်ကိုပို့လိုက်ပြီး ရင်ထဲမှာ မနာလိုစိတ်လား၊ နှမြောတသစိတ်လား၊ နာကျင်ကြေကွဲခြင်းတွေလားဆိုတာ အဖြေရှာရန် မလွယ်ကူရလောက်အောင် ခံစားမှုတွေက ရောပွမ်းနေ၏။

ပြီးမှ နှလုံးသားမှာ ထင်ဟပ်နေသောအချစ်လွန်ဝေဒနာကို အပြုံးတစ်ခုနှင့် ဟန်ဆောင်ဖုံးကွယ်ရင်း ...

"ငါ မလိုက်တော့ဘူး နေ ... အိမ်ကပဲ စောင့်တော့မယ်"

"ဟယ် ... ကြယ်ရယ် ... ရှင်က ဘာဖြစ်ရပြန်တာလဲ ... လိုက်ခဲ့ပါ"

မယ့်ထံတွင် ကြယ်ကိုလိုက်စေချင်နေတဲ့ပုံက အထင်းသား။

"ခေါင်းထဲ နည်းနည်းနောက်နေတယ်၊ အဲ့ဒါ အပေါ်မှာတက်ပြီး အနားယူလိုက်ဦးမယ်၊ အိမ်ပေါ်မှာ အမေရှိတယ် မဟုတ်လား"

"အင်း ... ရှိတယ်ကြယ်၊ တက်သွားလိုက်လေ၊ ကျွန်မမကြာပါဘူး၊ ရှင့်အတွက် ဘာဝယ်ခဲ့ပေးရမလဲ"

"ဟင့်အင်း ... ဘာမှမဝယ်ခဲ့နဲ့တော့"

လှေကားကျဉ်းကျဉ်းလေးတွင် မယ့်ရဲ့ဘေးမှကပ်ပြီး အပေါ်သို့ အရင်ဆုံး ဖြတ်တက်သွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် ... ဘာဖြစ်လာလဲမသိဘူး မယ်"

"အင်း ... ဟုတ်တယ် နေ၊ မမနဲ့များ စကားများလာလားမသိဘူး"

ရှင်ငြိမ်းမယ်ပုံစံက ကော်ဖီဆိုင်သို့ပင် သွားလိုစိတ်မရှိတော့သောဟန်တွေက နေ ရိပ်မိလောက်အောင် အထင်းသားပေါ်လွင်လို့နေ၏။ နေကလည်း အလိုက်သိစွာပင် ...

"မယ် ... နောက်ဆံတင်းနေတယ်ဆိုရင် မသွားနဲ့တော့လေ၊ ကိုယ်တို့အတွက်တော့ အချိန်တွေ အများကြီးရှိသေးတာပဲ"

ရှင်ငြိမ်းမယ်သည် နေ့အား အားနာသောအကြည့်မျက်ဝန်းလေးဖြင့် ...

"အဟင်း ... အားနာလိုက်တာ နေရယ်"

"ရပါတယ် ... ကိစ္စမရှိပါဘူး"

နေသည် ကော်ဖီဆိုင်ရောက်ရင် မယ့်ဆီမှ တိကျတဲ့ အဖြေတစ်ခုကို တောင်းတော့မည်ဟု စိတ်ကူးထားမိ၏။ ခုလို မယ့်ရဲ့ပုံစံက နောက်ဆံတင်းနေမယ်ဆိုရင် သူ့အတွက် ရေရာတဲ့ အဖြေတစ်ခုက မယ့်နှုတ်ဖျားမှ ထွက်ပေါ်လာမှာ မဟုတ်ပေ။

"ကဲ ... ကိုယ်သွားပြီ၊ ကြယ့်ကိုပြောလိုက် ... ကိုယ်ပြန်ပြီလို့"

"အင်းပါ ... ပြောလိုက်ပါ့မယ်"





နေသည် လှေကားထစ်တွေအတိုင်း မယ့်အား ကျောခိုင်းဆင်းသွားသည်။ နေ၏နောက်ကျောပြင်ကိုကြည့်ရင်း ပင့်သက်မောတစ်ခုကို ရှိုက်လိုက်ရင်း အပေါ်သို့ပြန်တက်လာခဲ့လိုက်သည်။

အိမ်ပေါ်ရောက်တော့ ကြယ်သည် အိမ်ရှေ့ဘုရားခန်းရှိ ခင်းထားသောဖျာပေါ်တွင် မှောက်ခုံကြီးအိပ်နေ၍ ကြယ်များ တော်တော်နေမကောင်းဖြစ်နေသလားဟု ရင်ထိတ်သွားကာ ...

"ကြယ် ... ရှင် ဘာဖြစ်နေတာလဲဟင်"

မယ့်အသံကြား၍ ကြယ်သည် ခေါင်းထောင်ကြည့်လာပြီး ...

"ကော်ဖီဆိုင် မသွားဘူးလား"

"ဟင့်အင်း ... ရှင့်ကို တစ်ယောက်တည်းထားခဲ့ရမှာ အားနာလို့ မသွားတော့ဘူး၊ နေကတော့ ပြန်သွားပြီ"

မယ်နှင့်နေ နှစ်ယောက်အတူတွဲပြီး ကော်ဖီဆိုင်သို့ မသွားတော့မှန်း သိလိုက်ရ၍ ကြယ့်မျက်နှာလေး အနည်းငယ်ကြည်သွားရတော့၏။

ထိုစဉ် ... အတွင်းခန်းထဲမှ အမေထွက်လာပြီး ...

"ကြယ် ... နေမကောင်းရင် ဆေးခန်းကိုလိုက်ခဲ့ပါလား၊ ထူးကို ဆေးခန်းသွားပြမလို့"

"ထူးထူးက ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ကကျောင်းမှာ ကဏန်းကြော်တွေ စားတယ်တဲ့လေ၊ ခုတော့ ဝမ်းပျက်ပြီပေါ့၊ အမေလည်း ဆေးမြီးတိုနဲ့ မကုတတ်ဘူး၊ ဆေးခန်းပြလိုက်တာပဲ အေးတယ်"

အမေ့နောက်မှ ခပ်ကုပ်ကုပ်လေးကပ်ပါလာသော ထူးကိုကြည့်ပြီး ကြယ်ရယ်ချင်သွား၏။

"ထူး ... နောက်တစ်ခါကျရင် ကဏန်းကြော်မစားနဲ့၊ လိပ်ကြော်စား သိလား၊ ဒါမှ ဝမ်းမသွားမှာ"

"ဟာ ... အစ်ကိုကလည်း နောက်နေပြန်ပြီ"

"ဘယ်ဆေးခန်းကိုသွားမှာလဲ အမေ"

"တာမွေက ဒေါက်တာခင်လေးကြည်ဆီကိုပေါ့၊ သူနဲ့ဆိုရင် တစ်ရက်တည်းနဲ့ပြီးရော၊ ဒီနားက ဆေးခန်းတွေနဲ့ ညည်းမောင်နဲ့မဖြစ်ဘူး"

"သမီးပါ လိုက်ခဲ့မယ်လေ"

မယ်လိုက်မယ်ဆို၍ ကြယ်သည် မယ့်အား မလိုက်စေချင်သည့်အကြည့်မျိုးဖြင့် ဖျတ်ခနဲလှမ်းကြည့်ကာ ...

"မယ် ... အိမ်မှာ ဘာချက်လဲ၊ ကြယ် ဗိုက်ဆာတယ်"

အမေက ...

"အေး ... ဒီနေ့ ကြယ်လာတာနဲ့အတော်ပဲ၊ ငါးခူစင်းကောလေးကို ရဲယိုရွက်ကလေးနဲ့ ချက်ထားတယ်၊ ကားကတစ်





ခေါင်းကို ချဉ်ပေါင်နဲ့ ခပ်ပျစ်ပျစ်လေးချက်ထားတယ်"

"အမေပြောတာနဲ့တင် ဗိုက်ကပိုဆာလာပြီ၊ မယ် ... ကြယ့်ကို ထမင်းထည့်ကျွေးပါလား၊ ကြယ် ဘာမှမစားရသေးဘူး"

"ကဲ သမီးရေ ... သမီးပဲ ကြည့်လုပ်ပေးလိုက်တော့၊ မေမေ မောင်လေးကို ဆေးခန်းပို့လိုက်တော့မယ်"

"ဟုတ်ကဲ့ မေမေ"

အမေနှင့်မောင်လေး ထွက်သွားတော့မှ မယ်သည် မီးဖိုခန်းထဲသို့ဝင်ကာ ကြယ့်အတွက် ထမင်းပွဲပြင်ရန် စီစဉ်ရသည်။ ထမင်းပွဲပြင်ပြီးသည်နှင့် ...

"ကြယ်ရေ ... လာစားတော့ ပြင်ပြီးသွားပြီ"

ဟင်းပန်းကန်များကို နေရာချရင်းမှ နောက်မှသိမ်းဖက်ခြင်း ခံလိုက်ရ၍ မယ်သည် ရင်ထဲမှာ လှိုက်ခနဲဖိုကာ အနွေးဓာတ်ကြည်ကြည်လေးကို ခံစားလိုက်ရသည်။

"အို ... ကြယ် လွှတ်ပါ၊ ဒီမှာ ထမင်းစားတော့"

"ဟင့်အင်း ... မဆာပါဘူး"

"အို ... သူပဲ ဗိုက်ဆာတယ်ဆိုပြီးတော့"

"အဲ့ဒါက အမေတို့နဲ့ ဆေးခန်းလိုက်သွားမှာစိုးလို့"

"ရှင် ... တော်တော်ဉာဏ်များပါလား"

"ဉာဏ်များတာ ချစ်လို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကြယ်သည် မယ့်၏ခန္ဓာကိုယ်လေးကို နောက်ကျောမှ သိုင်းဖက်ထားရာမှ မျက်နှာချင်းဆိုင်သို့ ဆွဲလှည့်လိုက်ပြီး ...

''ဟုတ်တယ် မယ်ရယ် ... ကိုယ် မင်းကိုအရမ်းချစ်တယ်၊ မင်းရဲ့ရိုးရှင်းတဲ့ဘဝထဲကို ကိုယ်ဝင်လာပါရစေ ... မယ်''

''ဟင့်အင်း ... မဖြစ်နိုင်ဘူး ကြယ်ရယ်''

''ဘာလို့မဖြစ်နိုင်ရမှာလဲ''

''အခြေအနေချင်း ကွာခြားနေတဲ့ဘဝနှစ်ခုက ဘယ်လိုမှ ပေါင်းစည်းဖို့မဖြစ်နိုင်ပါဘူး ကြယ်ရယ်''

''အခြေအနေတွေ, ဂုဏ်ပကာသနတွေဆိုတာ ကိုယ့်ဘဝရဲ့အဓိက ရည်ရွယ်ချက်မဟုတ်ဘူး၊ အဲဒါတွေက ဘာမှအရေးမကြီးဘူး၊ အရေးအကြီးဆုံးက ကိုယ်က မယ့်ကို ချစ်နေဖို့၊ မယ်က ကိုယ့်ကိုပြန်ချစ်ဖို့ပဲလေ၊ ကိုယ် မယ့်ကိုချစ်မိလို့ မယ်နဲ့ ပတ်သက်တဲ့ ခံစားချက်တွေက နင့်သီးလေးနက်လွန်းလို့ ကိုယ့်ဘဝကို လူမှန်နေရာမှန်ဖြစ်လာဖို့ မယ့်ရဲ့စေတနာအင်အားတွေ အများကြီး ပေးဆပ်ခဲ့ရတယ်လေ၊ ဒါတွေဟာ ကိုယ် ... မယ့်ကို ချစ်လာဖို့အတွက် အဓိကအကြောင်းပြချက်တွေ မဟုတ်ဘူးလား''

''ဟင့်အင်း ... အဲဒါ ရှင်ထင်တာပါ၊ တကယ်တော့ ရှင် ဒီလိုအခြေအနေမှန်ပြန်ရောက်လာဖို့ ကျွန်မ ဘာမှသိပ်ပြီး မပေးဆပ်ခဲ့ရပါဘူး၊ ချွင်းချက်အနေနဲ့ ဟိုတစ်နေ့ညက ကျွန်မရဲ့





ပဲ့ထွက်သွားတဲ့ အရှက်နည်းနည်းကလွဲရင်ပေါ့''

''အို ... နိုး မဆိုင်ဘူး၊ မင်းကို ကိုယ်စချစ်ခဲ့တာ အဲဒီညရဲ့နောက်ပိုင်းမှာမဟုတ်ဘူး၊ ဟိုးအရင် မင်း ... ငါ့ကို ကူညီခဲ့တဲ့နေ့လေးတစ်နေ့ကစပြီး ငါ့ရင်ထဲကို မင်း တိတ်တိတ်လေး ဝင်လာတာ၊ အဲဒီအချိန်ကတည်းက ငါဟာ အမှန်တရားတစ်ခုဆီကို ဦးတည်လာနေတာ၊ ငါ့ရဲ့စိတ်ဓာတ်ခွန်အားတွေနောက်မှာ မင်းရဲ့အရိပ်တွေက ငြိပါလာပြီးသား၊ အဲဒါဟာ သိပ်ကိုရိုးရှင်းတယ်၊ သွေးသားဆန္ဒလုံးဝကင်းတယ် ...၊

အဲဒီအချိန်တည်းက ကိုယ့်စိတ်ကိုအားယူပြီး ပြန်တည့်မတ်နိုင်အောင် အရှိန်ယူလာတာ၊ အဲဒီအရှိန်ထဲမှာ မင်းကိုချစ်မိတဲ့ အင်အားတွေပါတယ်၊ ဒါကို မင်း ရဲရဲကြီး လက်ခံစမ်းပါ''

ကြယ်၏စကားလုံးအဆုံးသတ်တိုင်းမှာ အဖျားခပ်၍ တုန်ယင်နေ၏။

''ရှင် ကျွန်မကို ဘယ်လောက်ချစ်ချစ် မမတို့သဘောတူထားတဲ့သူနဲ့ လက်ထပ်ရမှာလေ၊ ဒီအခြေအနေကိုတော့ ရှင် တားဆီးလို့မရနိုင်ပါဘူး''

''အဲဒီကိစ္စက ကိုယ့်အတွက် သိပ်ပြီးအရေးမပါတဲ့ကိစ္စသေးသေးမွှားမွှားလေးပါ၊ မယ်သာ ကိုယ့်ကိုချစ်တယ်လို့သာ အဖြေပေးလိုက် ... ကိုယ် သူ့ကိုဖြေရှင်းနိုင်တယ်''

ကျေးဇူးတရားဆိုတာကို သူမ ဘယ်လိုအင်အားမျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



စော်ကားရက်မှာလဲ။ ကြယ်၏ဆန္ဒအားလုံးသည် မယ့်အတွက်တော့ အနေခက်စေ၏။

ကြယ်သည် မယ့်အား ရင်ခွင်ထဲသို့ ဆွဲယူသိမ်းဖက်လိုက်ပြီး ...

"ကိုယ် မင်းကို သိပ်ချစ်တယ်၊ အဲဒီအချစ်တွေထဲကို နက်နက်ရှိုင်းရှိုင်းသာ ပျော်ဝင်လိုက်စမ်းပါ မယ်ရယ်၊ အရာအားလုံးဟာ သူ့အလိုလို နေသားတကျဖြစ်သွားမှာပါ"

ကြယ်ရဲ့အင်အားအပြည့်ပါသော စကားလုံးတိုင်းက မယ့်နှလုံးသားကို တငြိမ့်ငြိမ့်စီးဝင်မျောပါသွားစေပေမယ့် ...

ကျေးဇူးတရားဆိုတဲ့ အသိတစ်ချက်ကြောင့် မိစ္ဆာနတ်ဆိုးတစ်ကောင် ဝင်ရောက်ပူးကပ်ခြင်းခံရသလို နှလုံးသားအစုံမှာ တလှပ်လှပ်ဖြင့် နာကျင်ရပါသည်။

"ခွင့်လွှတ်ပါ ကြယ်၊ ကြယ့်ရဲ့လိုအင်ဆန္ဒတွေကို ဖြည့်ဆည်းမပေးနိုင်တော့တဲ့ မယ့်ကို ခွင့်လွှတ်ပါ"

မယ်က စိတ်ထဲမှ နာနာကျင်ကျင် တောင်းပန်လိုက်ရင်း သူမကို ဆွဲယူသိမ်းဖက်ထားသည့်ကြယ့်ရင်ဘတ်ကို ခပ်ကြမ်းကြမ်း တွန်းထုတ်လိုက်သည်။

"ဖယ်စမ်းပါ ကြယ်၊ မယ့်ကို အဲဒီလိုမလုပ်နဲ့ မယ်မကြိုက်ဘူး"

"ဘာဖြစ်တာလဲ မယ်၊ မယ့်အပြုအမူက စိမ်းကားလိုက်





တာ၊ ဘာလဲ ... ကိုယ့်အချစ်ကို မယုံလို့လားဟင်၊ ကိုယ့်ကို လိမ်ဖို့ မကြိုးစားပါနဲ့ မယ်ရယ်၊ မယ့်မျက်လုံးတွေကတစ်ဆင့် မယ့်စိတ်ကို ကိုယ်ဖတ်ပြီးပါပြီ၊ မယ့်မျက်လုံးထဲကအရိပ်တွေက မယ့်အပြုအမူနဲ့ ဆန့်ကျင်ဖက်ပဲ၊ မယ်လည်း ကိုယ့်ကိုချစ်နေတယ်ဆိုတာကို ဘာကြောင့်ဖုံးကွယ်ထားချင်ရတာလဲ"

"ဟင်း ဟင်း ... ကြယ်က ကိုယ့်ကိုယ်ကိုယ် တော်တော်အထင်ကြီးတာပဲနော်၊ ကြယ်ချမ်းသာတာ ကြယ်ရုပ်ချောတာတစ်ခုတည်းကိုမက်ပြီး မယ်က ကြယ့်ချစ်သူဖြစ်ချင်နေလိမ့်မယ်ထင်လို့လား ... ဟား ဟား ဟား ရယ်ရတယ် ကြယ်ရယ် ဟင်း ဟင်း ဟင်း"

မယ်က သူမ၏ခေါင်းကလေးကိုမော့ပြီး ဟက်ဟက်ပက်ပက် လှောင်ရယ် ရယ်လိုက်သည်။ ကြယ်ကတော့ မယ့်ပုံစံကို အံ့သြကြည့်ကလေးနဲ့ စူးစိုက်ငေးရီကာကြည့်လျက် ...

"ရှင် တစ်ခုမေ့နေပြီ ကြယ်၊ မယ့်ချစ်သူဖြစ်ရမယ့်သူဟာ မယ်အထင်ကြီးလောက်တဲ့ ယောကျ်ားပီသပြီး တည်ကြည်ခံ့ညားတဲ့ ရေမရောတဲ့ယောကျ်ားစစ်တစ်ယောက်ဖြစ်ရမယ်ဆိုတာကိုပေါ့"

ကြယ့်မျက်နှာနုနုလေးက ရုတ်တရက် အရှက်ဖြင့် ရဲရဲနီသွားပြီ ...

"ဘာ ... မင်းက ငါ့ကို အခြောက်ဖြစ်ခဲ့လို့ မချစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးပေါ့ ...ဟုတ်လား ဒီလိုလား"

"ဒီသဘောပါပဲ"

မယ်က ကြယ့်ကို မခိုးမခန့်ပုံစံလေးဖြင့် မျက်စလေးချီကာ ဖြေလိုက်သည်။

"မယ် တော်တော်စော်ကားတာပဲ မယ်၊ ငါက ယောကျ်ားမပီသဘူး ဟုတ်လား"

ကြယ်က ရုတ်တရက်ပေါက်ကွဲစွာဖြင့် မယ့်အနား တိုးကပ်လာပြီး မယ့်ကိုယ်လုံးလေးကို ခါးဆီမှ ဆွဲယူသိမ်းဖက်လိုက်သည်။

"အမေ့"

ရုတ်တရက်မို့ မယ်က လန့်ပြီး အော်လိုက်မိ၏။

ခါးကျဉ်းကျဉ်းလေးဆီမှာ လက်တစ်ဖက် ပခုံးထက်မှာ လက်တစ်ဖက်ဖြင့် မြဲမြဲသန်မာလွန်းစွာ ဖက်ထားသည့် ကြယ့်လက်တွေကြားမှာ မယ့်ကိုယ်လုံးလေးက ကော့ပျံလျက်။

ခါးကလေးကိုကော့ ပါးကလေးကိုမော့ဆိုသည့်ပုံစံမျိုး ဖြစ်နေသည်။

မယ် အကြောက်အကန်ရုန်းနေသည့်ကြားမှပင် စူးနစ်ကြမ်းရှသည့် ကြယ့်အနမ်းတွေက မယ့်မျက်နှာတစ်ပြင်လုံးအနှံ့သို့ မိုးသီးမိုးပေါက်တွေလို အဆက်မပြတ် ကျလာသည်။

အဆက်မပြတ်ကျဆင်းလာသည့် ကြယ့်အနမ်းတွေက





တဆတ်ဆတ်တုန်ယင်နေသည့် ခပ်မောမော မယ့်နှုတ်ခမ်းဖူးဖူးလေးဆီမှာ ရပ်တန့်သွား၏။

ရှည်ကြာလွန်းသည့် တိမ်းညွတ်ယစ်မူးဖွယ် ကြည့်အနမ်းအောက်မှာ မယ်သည် အခိုက်အတန့်တော့ နစ်မျောလိုက်ပါမိသွားရသည်။

"ဟင့်အင်း ဒီလိုမဖြစ်ရဘူး၊ သွားပါ ကြယ်ရယ် ... မယ့်အနားကနေ ဟိုးအဝေးဆုံးအထိ အမုန်းတွေကို ယူဆောင်ပြီး ထွက်ခွာသွားပါတော့"

မယ်က စိတ်ထဲမှ အံကြိတ်အားတင်းကာ ပြောမိရင်း သူမကိုဖက်ထားသည့် ကြယ့်လက်တွေ အနည်းငယ်အားနည်း ပြေလျော့သွားချိန်မှာ ကြယ့်ရင်ဘတ်ကို ဆောင့်တွန်းပြီး အားကုန်ရုန်းထွက်ပစ်လိုက်သည်။

ကြယ်နှင့်လူချင်းကွာသွားချိန်တွင် မယ့်ညာလက်က လေထဲဝဲမြောက်သွားပြီး ...

'ဖြန်း'

ထင်မှတ်မထားတဲ့ မယ့်ရဲ့တုံ့ပြန်မှုကြောင့် ပါးပြင်တစ်ဖက်ကို အုပ်ကိုင်ရင်း မယ့်ကိုကြည့်လိုက်တဲ့ ကြယ့်မျက်လုံးမှာ အံ့ဩကြေကွဲရိပ်တို့ စွန်းထင်လျက်။

"မယ် ... မယ် ... မင်း အဲဒီလောက် ငါ့ကို ရက်စက်နိုင်တယ်ဆိုတာ ငါ မယုံဘူး၊ ဒါ မင်း ဟန်ဆောင်လိုက်တာ၊



www.burmeseclassic.com

www.burmeseclassic.com



မင်း ငါ့ကို လိမ်နေတာ''

ကြယ်က အသံတွေ တုန်ယင်ပေါက်ကွဲစွာဖြင့် မယ့်ပခုံး နှစ်ဖက်ကို ခပ်ကြမ်းကြမ်းဆွဲကိုင်လှုပ်ယမ်းရင်းမေးသည်။

''ဟုတ်တယ် မဟုတ်လား၊ ဒါ . . . မင်း ငါ့ကို လိမ်ညာဖို့ ကြိုးစားလိုက်တဲ့ သရုပ်ဆောင်မှုပြကွက်တစ်ခုဆိုတာ ငါသိနေပါတယ် မယ်လေးရယ်၊ မင်း . . . ငါ့ကိုချစ်လျက်နဲ့ ခုလိုလုပ်နေတာ ဘာအတွက်လဲ၊ ဘယ်သူ့ကြောင့်လဲ၊ ဘယ်လိုအခက်အခဲကြောင့်လဲ၊ ငါ့ကို အမှန်အတိုင်းပြောစမ်းပါ''

ကြယ့်အသံက ကြေကွဲမှုဖြင့် တုန်ယင်အက်ရှလျက် တဖြည်းဖြည်း တိုးတိတ်တိမ်ဝင်သွားသည်။

မယ်က မျက်ရည်တွေ ကျဆင်းလျက်ဖြင့်ပင် ကြယ့်ကို မော့ကြည့်လိုက်ပြီး သူမပခုံးပေါ်မှ ကြယ့်လက်နှစ်ဖက်ကို ဆတ်ခနဲ ကြမ်းတမ်းစွာပုတ်ထုတ်ပစ်လိုက်သည်။

''ဘာကိုမှမလိမ်ဘူး၊ နင့်ကို ငါမုန်းတယ် ကြယ်၊ နင့်လို အခြောက်တစ်ယောက်ကို ငါမချစ်နိုင်ဘူး၊ ငါ့အချစ်ကိုရဖို့ နင် ဘာမှဆက်မကြိုးစားနဲ့တော့ နင်သွားတော့ ကြယ်၊ နင် ငါ့ရှေ့က ထွက်သွားလိုက်ပါတော့''

ငိုရှိုက်ရင်း ပြောလိုက်သည့် မယ့်စကားသံအဆုံးတွင် ကြယ်က မယ့်မျက်လုံးတွေထဲကို စိုက်ကြည့်ရင်း . . .

''ကောင်းပါပြီ . . . ကိုယ်ထွက်သွားပါ့မယ်၊ အခုအချိန်





မှာ မယ် အရမ်းစိတ်လှုပ်ရှားနေတာမို့ ကိုယ် ဘာမှဆက်မကြိုးစားတော့ပါဘူး၊ ဒါပေမဲ့ မယ်လေးရဲ့အချစ်ကို ကိုယ် အမြဲတမ်းမျှော်လင့်နေမယ်ဆိုတာရယ်၊ ခုအဖြစ်ဟာလည်း အကြောင်းတစ်ခုခုကြောင့် ဟန်ဆောင်ဖုံးကွယ်ထားတဲ့မယ်လေးရဲ့ လိမ်ညာမှုတစ်ခုလို့ပဲ ကိုယ် ယုံကြည်ထားတယ်ဆိုတာကိုတော့ ပြောခဲ့ပါရစေ''

စကားအဆုံးမှာ ကြယ်က မယ့်ရှေ့မှ ချာခနဲလှည့်ထွက်ကာ မယ်တို့တိုက်ခန်းလှေကားအတိုင်း အပြေးဆင်းသွားတော့သည်။

တိုက်ခန်းအဝင် ကျွန်းသားတံခါးကို မယ်က စေ့ပိတ်လိုက်ပြီး ကျောဖြင့် မှီထားလိုက်မိ၏။

လှေကားအတိုင်းဆင်းသွားသည့် ကြယ့်ဖိနပ်သံ ပျောက်ဆုံးသွားချိန်တွင်တော့ မယ်သည် တံခါးကို ကျောဖြင့်မှီလျက် အရုပ်ကြိုးပြတ်ထိုင်ချလိုက်ပြီး မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ ကျောပြင်ကလေးများ တသိမ့်သိမ့်တုန်ခါလျက် အင့်ခနဲ အင့်ခနဲရှိုက်ကာ အားပါးတရ ငိုချလိုက်မိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ရော့ . . . ရှင်ငြိမ်းမယ် . . . ဒါဟာ မမမင်းကိုပေးတဲ့ စေတနာကြေးပါ၊ အင်း . . . နစ်နာကြေးဆိုရင်တော့ ပိုမှန်လိမ့်မယ်ထင်တယ်"

စားပွဲပေါ်လှမ်းတင်လိုက်သော သိန်းတစ်ရာတန် ချက်လက်မှတ်နှင့် မင်္ဂလာဒုံဘက်တွင် ကြယ်မသိအောင် ဝယ်ထားသော အိမ်ရဲ့ပိုင်ဆိုင်မှု စာရွက်စာတမ်းနှင့် သော့တွဲတစ်ချောင်း။

ရီဝေဖျော့တော့သော အကြည့်တစ်ချက်ဖြင့် ဝေ့ကြည့်လိုက်ပြီး . . . ခေါင်းကို ခပ်ဖြည်းဖြည်းခါလျက် . . .

"ဟင့်အင်း . . . ဒါတွေကို ကျွန်မ မလိုချင်ပါဘူး မမ၊ နစ်နာကြေးလို့ဆိုရအောင် ကျွန်မဘဝက ဘာတစ်ခုမှ နစ်နာခဲ့တာ မဟုတ်တဲ့အတွက် နစ်နာကြေးဆိုတဲ့ ခေါင်းစဉ်ကြီးက သိပ်





ကို ကြီးကျယ်လွန်းပါတယ်"

"ကျွန်မ ဒီအခြေအနေ ဒီဘဝထိရောက်အောင် ဆွဲတင်ပေးနိုင်ခဲ့တဲ့ မမတို့မောင်နှမရဲ့ စေတနာတွေကို အခွင့်ကြုံရင်တောင် ပြန်ပြီးကျေးဇူးဆပ်ချင်ပါသေးတယ်"

ဖျော့တော့သောအပြုံးတစ်ခုကို ဟန်လုပ်ပြုံးလိုက်ရင်း

"အဟင်း . . . ခုတော့ အခွင့်ကြုံသွားပြီလေ၊ ကျွန်မ မမရဲ့ဆန္ဒအတိုင်း ဒီအသိုင်းအဝိုင်းထဲက ထွက်ပေးပါ့မယ်"

"အေးကွယ် . . . မမ မင်းကို အရမ်းကျေးဇူးတင်ပါတယ် ညီမလေးရယ်၊ ကြယ်နဲ့ သဘောမတူနိုင်တာကလွဲလို့ မင်းကို မမက ညီမလေးတစ်ယောက်လို သဘောထားမှာပါ၊ ဒါကြောင့် မမရဲ့ထောက်ပံ့ကြေးလေးကိုတော့ လက်ခံပေးပါ"

"ကျွန်မရဲ့ရိုးသားတဲ့ဂုဏ်ကို မမအနေနဲ့ အသိအမှတ်ပြုပေးတယ်ဆိုရင်ပဲ ကျွန်မ ကျေနပ်ပါပြီ၊ ဒီပစ္စည်းတွေက ကျွန်မအတွက် မလိုအပ်ပါဘူး၊ ဒီတစ်ပတ်ထဲမှာပဲ ကျောက်မြောင်းအိမ်ကနေ အပြီးပြောင်းပေးပါ့မယ်"

ရာသက်ပန်သည် သက်ပြင်းမောတစ်ခုကို ကိုယ်တိုင်ကြားသာရုံလောက် ချလိုက်ပြီး . . .

"အေးကွယ် . . . မမ မင်းအတွက် စိတ်မကောင်းပါဘူး၊ ကြယ်စင် စနိုးနဲ့လက်ထပ်ပြီး လန်ဒန်ကိုလိုက်သွားပြီးရင်တော့ မင်းကို ပြန်ဆက်သွယ်ပါ့မယ်၊ ခုတော့ ဒီကိစ္စတွေကို ကြယ်သိလို့



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမဖြစ်ဘူး''

ရှင်ငြိမ်းမယ်သည် ရာသက်ပန်၏နောက်ဆက်တွဲ ချွေးသိပ်စကားအဆုံးတွင် ...

''စိတ်ချပါ ... မမ၊ ကျွန်မ ဒီနေ့ပဲ အလုပ်ထွက်စာ တင်ပေးပါ့မယ်''

ဟုပြောခဲ့ပြီး ရုံးခန်းထဲမှ တိတ်ဆိတ်စွာထွက်လာခဲ့ပါသည်။ ရှိုက်သံမဲ့ငိုညည်းခြင်းတွေက သူမဆီသို့ အပြေးလာရန် တာဆူနေကြသည်။ စိတ်ကိုသာ တွင်တွင်ထိန်းထားမိ၏။

အားလုံးကို နှမြောတသခြင်း အလျဉ်းမရှိဘဲ ငြင်းဖြစ်ခဲ့ပါ၏။ ဒါတွေကို မက်မောတွယ်တာဖို့မလိုပါ။ ဆင်းရဲခြင်းဆိုတာ အရင်ကတည်းက သူမနှင့်နေသားတကျဖြစ်ပြီးသား။ နေသားတကျဖြစ်ပြီးခဲ့တဲ့နေရာကို တဖန်ပြန်သွားရဖို့အတွက် တွန့်ဆုတ်နေစရာလိုပဲ သူ့မှာ အတွေ့အကြုံရင့်ကျက်မှုတွေ ပိုင်ဆိုင်ထားပြီးသားပဲ။

အိမ်ကိုပြန်ရောက်သည်နှင့် အမေ့ကို အကျိုးအကြောင်း ပြောပြီး အရင်အိမ်ကလေးကို ပြန်ပြောင်းရန် ပြင်ဆင်သင့်သည်ကို ပြင်ဆင်ရပါ၏။

အမေသည် သူမရဲ့အမေဆိုသည့်အတိုင်း ရင့်ကျက်မှုက သူမထက်ပင် ပိုလို့နေပါသည်။ အမေ့ရဲ့မျက်နှာတွင် နှမြောတသစိတ်၊ ဝမ်းနည်းကြေကွဲစိတ်တွေနဲ့ တစ်ထပ်တည်းကျသော အမူ





အရာများကို တစ်ကြိမ်တစ်ခါမျှ ရှာမတွေ့ခဲ့ပါ။

ထိုစဉ် ... အိမ်ရှေ့တံခါးဝမှ လူခေါ်ဘဲလ်မြည်လာသည်။

ပစ္စည်းတွေ ထုပ်ပိုးသိမ်းဆည်းနေရင်းမှ တံခါးထဖွင့်ပေးလိုက်သည်။ ကြယ်မဟုတ်ပါစေနဲ့လို့ တံခါးလက်ကိုင်ဘုကို ကိုင်လှည့်ဖွင့်ပေးနေစဉ် ကျိတ်ပြီး ဆုတောင်းမိသည်။

''ဟင် ... နေ''

''ကိုယ်ကုမ္ပဏီကိုရောက်တယ်၊ ဝန်ထမ်းကောင်မလေးတွေက အိမ်ပြန်သွားတယ်ဆိုလို့ အိမ်ကိုလိုက်လာတာ၊ မယ် ဘာဖြစ်လို့လဲ ... နေမကောင်းလို့လား''

အထုပ်အပိုးတွေကို တစ်လှည့်၊ မယ့်ကိုတစ်လှည့်ကြည့်ရင်း ထိုအခြင်းအရာတစ်ခုပေါ်တွင် အဖြေတစ်ခုကို အငမ်းမရ သိချင်နေ၏။

''ဒါတွေက ... ဘာလုပ်နေတာလဲ''

''ကျွန်မတို့ ဒီအိမ်ကနေ ပြောင်းတော့မယ်''

ရုတ်တရက် အံ့ဩခြင်းတွေ စုပြုံတိုးသိပ်နေသော နေ့ပုံစံက ကြယ့်ထံသို့ ရန်ရှာရန် အပြေးအလွှား တာစူသွား၏။

''ဟာ ... ဘာဖြစ်လို့လဲ၊ ဟိုကောင် ကြယ်က ပြောင်းခိုင်းတာလား''

''မဟုတ်ပါဘူး၊ အမေက သူ့အိမ်ဟောင်းလေးကို လွမ်း



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုလို့ ခဏပြောင်းနေကြမလို့ပါ''

မယုံကြည်ခြင်းတွေက မယ့်ရဲ့အကြောင်းပြချက်တွေကို နိုင်လုံမှုမပေး။

''ကိုယ်တော့ မယုံဘူးမယ်၊ မင်း ကြယ်နဲ့ ပြဿနာ တက်ထားလား၊ နေဦး ‥ ဒီကောင့်ကို ဖုန်းဆက်ခေါ်လိုက်မယ်''

မယ်သည် အလျင်အမြန် ဟန့်တားလျက် …

''အို … မဆက်ပါနဲ့၊ ခုလိုပြောင်းတာ သူတောင် မသိသေးပါဘူး … တကယ်ပြောတာပါ၊ ကျွန်မက ပြောင်းပြီးမှ အသိပေးမလို့ပါ၊ အခုအသိပေးရင် သူက တားမှာ၊ အဲဒီအခါကျမှ အမေ့ဆန္ဒ ဘယ်လိုပြည့်တော့မလဲ''

အမေသည် မယ့်ဘက်မှ စစ်ကူဝင်ကာ …

''ဟုတ်တယ် နေ … အမေ့အိမ်ကို ပြန်ပြောင်းချင်တဲ့ စိတ် ပေါ်လာလို့ပါ၊ အဲဒီအိမ်လေးမှာ သမီးရဲ့အဖေ ခေါင်းချသွားတာလေ၊ ခုဆို ငါးနှစ်တောင်ပြည့်တော့မယ်၊ ဒါကြောင့် အိမ်မှာ ပြန်ပြီး ဘုန်းကြီးလေးပင့်ပြီး ရည်စူးအလှူလေး လုပ်ချင်လို့ပါ''

အမေ့အကြောင်းပြချက်က နိုင်လုံနေ၍ နေသည် ဘာမှ စောဒကမတက်တော့ပါ။ စိတ်ထဲမှာတော့ သိပ်ပြီး ဘဝင်မကျချင်။

''ဒီနေ့ ပြောင်းမလို့လား … ကားရောစီစဉ်ပြီးလား''

''မစီစဉ်ရသေးဘူး … တော်ကြာမှ ထွက်ငှားမလို့''





''ဒါဆို … ကိုယ်သွားငှားလိုက်ဦးမယ်၊ ပြီးရင် ကိုယ်ပါ လိုက်ပြောင်းပေးမယ်''

နေသည် အိမ်ထဲမှထွက်ကာ လှေကားပေါ်မှ ခပ်သွက်သွက်ဆင်းသွားသောခြေသံကို ကြားလိုက်ရသည်။

''သမီး … မနက်ဖြန်မှ ပြောင်းမလို့ဆို''

''မနက်ဖြန်ဆို နေက စိတ်ပြောင်းပြီး ညကျရင် ကြယ့်ဆီဖုန်းဆက်ရင် ဘယ်လိုလုပ်မလဲ၊ အဲဒီအခါကျရင် အစီအစဉ်တွေ ပျက်ကုန်မှာပေါ့ အမေ''

''အင်း … ဒါလည်းဟုတ်တာပဲ''

''မမ … ဒီTVတွေရော သယ်သွားရမှာလားဟင်''

''ဒါ … မမတို့ပစ္စည်းတွေမှမဟုတ်တာ၊ သယ်သွားလို့ မရဘူးလေ''

''ဟာ … ဒါဆိုရင် မောင်လေး TVဂိမ်း မနှိပ်ရတော့ဘူးပေါ့''

မယ်သည် မောင်လေးကို ချွေးသိပ်လိုက်သည်။

''မမ မင်းကို TVဝယ်ပေးနိုင်အောင် ကြိုးစားပါ့မယ် မောင်လေးရယ်''

မောင်လေးအတွက် သူပင် စိတ်မကောင်းဖြစ်မိပါသည်။ မတတ်နိုင်ဘူးလေ။

လောကဓံဆိုတာ တစ်နေ့မဟုတ်တစ်နေ့ ကြုံနေရမှာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အရာမှ တည်မြဲနေတာမှ မဟုတ်တာ။ အခုပိုင်ဆိုင်ပေမယ့် တော်ကြာပိုင်ဆိုင်ချင်မှ ပိုင်ဆိုင်ရတာ။ အခုမပိုင်ဆိုင်သေးပေမယ့်လည်း နောက်ပိုင်ဆိုင်ရင် ပိုင်ဆိုင်နိုင်တာပဲလေ။ ဒါဟာ ... မမြဲသော သဘောတရားတွေပါပဲ။

လူတစ်ယောက် မိသားစုတစ်စု ဘဝရပ်တည်ဖို့ ဘယ်လောက်ပဲအရေးကြီးကြီး အချိန်တန်တော့လည်း လောကကြီးထဲက ပျောက်ပျက်သွားရတာပါပဲ။ အဓိက,က ဘယ်လိုပုံစံနဲ့ ပျောက်ပျက်သွားမလဲဆိုတာက ပိုအရေးကြီးတာပါ။

"မမ ... အောက်မှာ ကိုကြီးနေ ကားငှားလာပြီ"

ဝရန်တာတွင် ထွက်ရပ်နေသော မောင်လေးရဲ့ အပြောကြောင့် အတွေးစကိုရပ်ကာ ပြန်သယ်သွားရမယ့်ပစ္စည်းတွေကို စစ်လိုက်၏။ ပစ္စည်းက သိပ်ပြီးများများစားစားမရှိပါ။ အဓိက,က အဝတ်သေတ္တာတွေလောက်ပါပဲ။ အိမ်အသုံးအဆောင်ပစ္စည်းတွေက မယ်တို့ ပြောင်းလာကတည်းက ဒီအိမ်မှာ အဆင်သင့်ရှိနေပြီသားပဲ။ ခုလိုပြောင်းတော့လည်း ကိုယ့်အဝတ်ထုပ် ကိုယ်ပြန်သယ်ရုံပါပဲ။

"မယ် ... ကားငှားလို့ရပြီ"

နေသည် အမောတကောလေသံဖြင့်ပြောကာ အဝတ်ထုပ်တစ်ထုပ်ကို လှမ်းဆွဲလိုက်သည်။

"အို ... နေပါစေ၊ ကျွန်မတို့ဘာသာပဲ သယ်ပါ့မယ်"





"ဟာကွာ ... အဲဒီလောက်အထိတော့ ... ကိုယ်လက်ပိုက်ကြည့်မနေနိုင်ပါဘူး"

ဟုဆိုကာ အဝတ်အိတ်ကတစ်ဖက် ဖစ်ဆွဲအဝတ်သေတ္တာကတစ်ဖက်မ,ကာ လှေကားပေါ်မှ ဆင်းသွားသည်။

မယ်တို့ရဲ့ အရင်အိမ်အဟောင်းလေးဆီသို့ ကားဆိုက်ရောက်ချိန်မှာ နေရဲ့ကားကလည်း မယ်တို့အိမ်ရှေ့တွင် ထိုးရပ်လိုက်၏။

ကားပေါ်မှဆင်းလာသောနေသည် မယ်တို့အိမ်ဟောင်းလေးကို သနားကရုဏာသက်သောအကြည့်ဖြင့် ကြည့်ကာ ... သူမထံသို့ တိုးကပ်ကာ မရဲတရဲဖြင့် ပြောလာ၏။

"မယ် ... ကိုယ်ပြောမယ် ... ရေကျော်မှာ ကိုယ့်တိုက်ခန်းအလွတ်တစ်ခုရှိတယ်၊ အဲဒီမှာ နေပါလားဟင်"

မယ်သည် ခပ်သောသောလေး ရယ်မောလိုက်ပြီး ...

"ကျေးဇူးတင်ပါတယ် နေရယ်၊ အမေက ဒီတစ်ခါတော့ သူ့အိမ်ကခွာမှာ မဟုတ်တော့ဘူး နေရဲ့၊ အဲ့ဒီအတွက် နေရဲ့စေတနာကလည်း အရာရောက်မှာ မဟုတ်တော့ပါဘူး"

နေ ဂျယ်လိမ်းထားသော ဆံပင်များကို လက်ဖြင့် ထိုးမွှရင်း ...

"အင်းလေ ... မယ် ဘယ်နေရာမှာနေနေ ကိုယ်ကတော့ မယ့်ဆီကို အမြဲရောက်နေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုဆိုပါတယ် နေ၊ ဒါပေမဲ့ ... ကြယ့်ကိုတော့ ဒီကို ပြောင်းလာတဲ့အကြောင်းကို မပြောပါနဲ့"

"ကိုယ်က မပြောပေမယ့် သူ့ဘာသာသူ လိုက်လာရင် ရော"

"သူလာလည်း ကျွန်မတို့မိသားစုကို မတွေ့အောင် ပုန်း လို့ရပါတယ်"

"ခြံတံခါးရော,အိမ်ရှေ့တံခါးပါ သော့ပိတ်ထားရင် သူ အလွယ်တကူ ရှာမရပါဘူး"

နေသည် စိတ်မသက်မသာစွာဖြင့် ...

"အမြဲတမ်း ဒီလိုပိတ်ထားလို့ လွယ်ပါ့မလား၊ ဒီမှာက ပတ်ဝန်းကျင်နဲ့လေ"

"အဟင်း ... မပူပါနဲ့နေရယ်၊ ဒီမှာက လူနေအိမ်က လည်း ကျဲ၊ သူ့ဟာသူနေ, ကိုယ့်ဟာကိုယ်နေဆိုတော့ ပတ်ဝန်း ကျင်ကလည်း ကျွန်မတို့ကို သတိထားမိမှာ မဟုတ်ပါဘူး၊ ဘေး အိမ်တွေကလည်း လူမှမနေတာ၊ အိမ်ရှေ့ကလည်း ဂျင်းဖီးပြား စက်ရုံဆိုတော့ ခြံစည်းရိုးအမြင့်ကြီးကာထားပြီး မနက်အလုပ်ချိန် သာ အလုပ်သမလေးတွေကို တွေ့ရတာ၊ တစ်နေကုန် အလုပ် မသိမ်းမချင်း အလုပ်ရုံထဲမှာ အချိန်ကုန်ကြတာဆိုတော့ ကြယ် သွားမေးလည်း သူတို့ဆီက ရေရာတဲ့အဖြေကို ရမှာမဟုတ်ဘူး၊ ကြာရင် ကြယ် လက်လျှော့ပြီး လာမှာမဟုတ်တော့ဘူး၊ ပြီးရင်





မမရာသက်ပန်ဆန္ဒအတိုင်း စနိုးနဲ့ လက်ထပ်လိုက်ရုံပဲ၊ ပြီးရင် အရာအားလုံးက ပိုနေမြဲ ကျားနေမြဲ ဖြစ်သွားမှာပါ"

"အင်းလေ ... အဓိက,က မယ် ခံနိုင်ရည်ရှိဖို့ပါပဲ၊ မယ့်ရဲ့ဘေးမှာ ကိုယ်အမြဲရှိနေမယ်ဆိုတာ မယ်သိနေရင် ကိုယ် ကျေနပ်ပါပြီ"

ကြယ့်နှလုံးသားကရော သူမနှင့်ပတ်သက်ပြီး ဘယ်အ ချိန်အတိုင်းအတာထိ နာကျင်ခံစားသွားမှာမို့လဲ။ ကြာရင် မေ့ သွားမှာပါ။

ထိုနေ့က နေသည် အတော်မိုးချုပ်မှ ပြန်သွားလေသည်။

မပြန်ခင် ကြယ့်ကို ထိုအကြောင်းအရာတွေ မပြောဖို့ အကြိမ်ကြိမ် သတိပေးလိုက်ရလေ၏။

နောက်နေ့မနက်မှစ၍ မယ်တို့သားအမိသုံးယောက် သည် ခြံနောက်ပေါက်မှသာ ဝင်ထွက်ပြီး အိမ်ရှေ့ခြံတံခါးနှင့် အိမ်မကြီးတံခါးကို သော့လုံးဝပိတ်ထားလိုက်လေသည်။

နှစ်ရက်ခန့်ကြာသောအခါ ကြယ့်ရဲ့ကားလေး အိမ်ရှေ့ ရောက်လာသည်။ ကြယ်သည် ကားပေါ်မှဆင်းကာ အိမ်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



အနီးကပ်အကဲခတ်ပြီး ခြံသော့ကို သေချာကိုင်ကြည့်သေးသည်။

ကားသံကြားကတည်းက မယ်တို့သားအမိသည် အိမ်ထဲမှ အသာချောင်းကြည့်နေကြသည်။

ထိုအချိန်တွင် သူမရင်ထဲတွင် နေဆယ်စင်းထက်မက ပူသောအပူချိန်ကို နှလုံးကွဲအက်ကြေမွမတတ် ခံစားနေရပါသည်။

ကြယ်သည် ကားထဲတွင် အတော်ကြာထိုင်နေပြီးမှ ကားကို ဘက်ပြန်ဆုတ်ကာ လမ်းထဲမှ ပြန်ထွက်သွားလေသည်။

အိမ်ပြန်ရောက်တော့ အစ်မလုပ်သူကို ပြဿနာရှာတော့၏။

"မမ ... မယ့်ကို မမ အလုပ်ထုတ်လိုက်တာလား"

"အို ... ကြယ်နော် လူကိုစွပ်စွပ်စွဲစွဲနဲ့၊ သူ့ဟာသူ အလုပ်ထွက်စာတင်သွားတာ ... မမတောင် အံ့ဩလွန်းလို့ မင်းကိုမေးမလို့၊ မင်းနဲ့ ဘာပြဿနာတက်သွားလဲလို့"

ကြယ် စိတ်ထိခိုက်ဒေါသထွက်လွန်းလို့ မျက်နှာတစ်ခုလုံး နီမြန်းနေ၏။

"မမ ... မသိချင်ဟန်ဆောင်မနေပါနဲ့၊ စနိုးနဲ့ လက်ထပ်စေချင်တာကြောင့် မယ့်ကို ကြယ့်အနားကနေ မောင်းထုတ်လိုက်တာမဟုတ်လား၊ အဟင်း ... ဆောရီးပဲနော်၊ မယ့်အနားမှာ မရှိတာနဲ့ဘဲ စနိုးကို လက်ထပ်လိမ့်မယ်လို့ မထင်လိုက်နဲ့"





"မောင်လေးရယ် ... မမကိုအထင်မလွဲပါနဲ့၊ ဒီကိစ္စတွေကို မမ တကယ်မသိရပါဘူးကွယ်၊ သူ့မှာ တခြားကိစ္စရှိလို့လား၊ ဒါမှမဟုတ် မမတို့ပေးတဲ့ လစာထက်ကောင်းတဲ့ အလုပ်ကိုတွေ့လို့ ပြောရမှာအားနာတာနဲ့ တိတ်တိတ်လေးထွက်သွားတာလားမှမသိတာ"

"အဟား ... မမလိုရာတွေကို ဆွဲတွေးလွန်းနေပြီ၊ မယ်က အဲဒီလိုလူစားမျိုးမဟုတ်ဘူး၊ ကျေးဇူးတရားတွေကို ငွေနဲ့ မလဲဘူး၊ ပြီးတော့ သူ ကျွန်တော့်အနားကနေ တိတ်တိတ်လေး ထွက်ခွာရတာဟာ မလွန်ဆန်နိုင်တဲ့ ဖိအားတစ်ခုခုကြောင့်လို့ ထင်တယ်၊ ဒီတော့ ကျွန်တော် မယ့်ကို မတွေ့တွေ့အောင်ရှာမယ် မမ ... မတားပါနဲ့"

ကြယ်သည် ရာသက်ပန်ရှေ့မှ ဒေါသတကြီး လှည့်ထွက်ကာ နေ့ဆီသို့ ထွက်လာခဲ့လိုက်သည်။ မယ်ပျောက်သွားပြီးကတည်းက ဒီကောင့်ကို မေ့နေခဲ့တာ ... မယ် ဘယ်မှာရှိတယ်ဆိုတာ သူလည်း သိနိုင်တာပဲ။

နေ့ရုံးခန်းရောက်တော့ ကွန်ပျူတာတစ်လုံးနှင့် အလုပ်ရှုပ်နေသည်ကို တွေ့ရ၏။ ကြယ့်ကိုတွေ့တော့ ရုတ်တရက် အံ့ဩကာ ...

"ကြယ် ... ဒီအချိန်ကြီး ဆိုင်းလည်းမဆင့်၊ ဗုံးလည်းမဆင့်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"နေ ... မယ်ဘယ်မှာရှိသလဲ မင်းသိလား"

နေသည် ဟန်ပါသောသရုပ်ဆောင်ရင်း ...

"ငါကလည်း အလုပ်ပြီးတာနဲ့ မင်းဆီကို ထွက်လာတော့မလို့၊ ငါ မယ့်ဆီသွားတာ သုံးလေးခါလောက်ရှိပြီ မယ့်အိမ်တံခါးပိတ်ထားတာကြာပြီကွ၊ ဘေးအိမ်ကိုမေးကြည့်တော့ ပြောင်းသွားပြီလို့ပြောတယ်၊ မင်းနဲ့ ဘာကေစ့်တွေ ဖြစ်သွားလဲ"

"ကျွတ် ... မင်းဆီက အဖြေလာရှာပါတယ်ဆိုမှ ငါ့ကိုတွေ Question ပြန်ထုတ်နေသေးတယ်၊ ငါလည်းမသိဘူး၊ သူ့အရင်အိမ်ကိုလည်း သွားကြည့်ပြီးပြီ မရှိဘူးကွာ"

ကြယ်သည် မျက်နှာကြီးညိုမှောင်လာကာ ငိုတော့မည့်ဟန်ဖြင့် နေ့စားပွဲရှေ့မှ လယ်သာထိုင်ခုံတွင် အရုပ်ကြိုးပြတ်ထိုင်ချလိုက်သည်။

"ငါ့ဘဝတော့ သွားပြီ၊ ငါ မယ်မရှိရင် မနေတတ်တော့ဘူး နေ့ရာ၊ ငါ ဘယ်လိုလုပ်ရမလဲ ... မင်း ငါ့ကိုကူညီပါဦး"

နေသည် ကြယ့်အဖြစ်ကို သနားသွားသည်။ သူလည်း မယ့်ကိုချစ်တာပါပဲ မယ်မရှိရင်လည်း သူ့ဘဝက ဘာမှအဓိပ္ပာယ်မရှိသလိုပါပဲ။ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ။ ခုရက်ပိုင်းတောင် မယ်က သူ့ဆီ မလာပါနဲ့ဦးဆို၍ တွေ့ချင်စိတ်ကို မျိုသိပ်ထားရ၏။

ကြယ့်ကိုတော့ ဟန်ဆောင်ဖြေသိပ်မှ ဖြစ်မည့်ထင်သည်။





ကြယ့်ပခုံးကို ခပ်ဖွဖွဆုပ်ကိုင်လိုက်ပြီး ...

"သူငယ်ချင်းရယ် စိတ်ဓာတ်တွေမကျပါနဲ့၊ ငါတို့နှစ်ယောက်စလုံးက မယ့်ကို လိုအပ်နေကြတဲ့သူတွေပါ၊ တို့တွေ သူ့ကိုတွေ့အောင် ရှာနိုင်မှာပါ"

ထိုနေ့ညက နေသည် ကြယ့်အား စိတ်ပြေလက်ပျောက်ဖြစ်စေရန် Beer Bar တစ်ခုတွင် တစ်ယောက်ရင်ဖွင့်သံကို တစ်ယောက်နားထောင်ရင်း အချိန်ဖြုန်းလိုက်ကြသည်။

ထိုအချိန်တွင် ကြယ်၏အိမ်တွင်လည်း စနိုးရောက်နေလေ၏။

မမရာသက်ပန်နှင့် ထိုင်စကားပြောနေရင်း လက်မှနာရီလေးကို ငုံ့ကြည့်ကာ ...

"မမ ... စနိုးလည်း ပြန်တော့မယ်၊ ကြယ့်ကို မစောင့်တော့ဘူး"

"ဟယ် ... ညီမလေးရယ် စောင့်လိုက်ပါ၊ စနိုးလာမှာကို ကြယ်သိတယ်၊ အရေးကြီးကိစ္စကြောင့်သာ သူ မသွားချင်ဘဲ သွားရတာ၊ စနိုးလာရင် စောင့်ခိုင်းထားပါတဲ့"

စနိုးသည် ကြယ့်ထံမှ အခုလို အရေးတယူမှာခြင်းခံရသဖြင့် ရင်မှာ ခိုက်သွားကာ ကြယ်ပြန်လာတဲ့အထိစောင့်ရန် စိတ်ဆုံးဖြတ်လိုက်သည်။

"ကဲ ... ညီမလေး ဂျူစ်လေးသောက်လိုက်ဦးနော်



www.burmeseclassic.com

www.burmeseclassic.com



စောစောက ထမင်းစားထားတော့ အအီပြေသွားအောင်ပေါ့''

ရာသက်ပန် လှမ်းပေးသော ဖန်ခွက်ကလေးကိုယူကာ တစ်ငုံ ငုံလိုက်ပြီး ...

''မမ ... စနိုးတို့မင်္ဂလာပွဲကို ဘယ်တော့စီစဉ်ဖြစ်မလဲ မသိဘူးနော်''

မရဲတရဲမေးလာသော စနိုးအမေးကြောင့် သက်ပြင်းခိုးလေးကို မသိမသာချကာဖြင့် ...

''သူကတော့ ... မမနဲ့စနိုးရဲ့သဘောတဲ့''

''စနိုးကတော့ ဖြစ်နိုင်ရင် ဒီလထဲမှာပဲ စီစဉ်ချင်တယ်၊ ဟိုမှာက စနိုးကျောင်းဆက်တက်ဖို့ ရှိသေးတယ်လေ၊ ပြီးရင် ... ကြယ် ဟိုမှာ လုပ်ငန်းတစ်ခုအခြေချဖို့အတွက် ပါပါးနဲ့မာမားက ခုကတည်းက လုပ်ငန်းပရောဂျက်တစ်ခုကို အကောင်အထည်ဖော်နေပြီ၊ ကြယ် ဟိုကိုရောက်တာနဲ့ MD နေရာဝင်ယူပြီး လုပ်ငန်းတစ်ခုလုံးကို ချုပ်ကိုင်ရုံပဲ''

စနိုး၏အနာဂတ်ပုံစံကွက်တွေကို တမေ့တမော နားထောင်ရင်း ရာသက်ပန်ရင်မှာ ပီတိလှိုင်းတွေ ထန်နေရ၏။ မကြာခင် မိမိတို့မောင်နှမနှစ်ယောက်ရဲ့အနာဂတ်သည် ယခုထက်ပို၍ လှပရတော့မှာပေါ့။

စနိုးသည် ရာသက်ပန်နှင့် စကားပြောနေရင်းမှ မျက်လုံးများ မှေးစင်းလာ၏။ မျက်ခွံများ လေးလံလာကာ အိပ်ချင်





စိတ်က ရုတ်တရက် ဝင်လာသည်။

ဘယ်လိုဖြစ်တာလဲဟူသောအတွေးနှင့်အတူ ဣန္ဒြေမဆည်နိုင်လောက်အောင် မျက်လုံးများ မှေးစင်းကျလာသည်။

ထိုအဖြစ်ကိုရိပ်မိသော ရာသက်ပန်သည် ...

''စနိုး ... ဘာဖြစ်လို့လဲ အိပ်ချင်လို့လားဟင်''

''အင်း ... ချက်ချင်းကြီး ဘာဖြစ်လို့ အိပ်ချင်သွားမှန်း မသိဘူး''

''အို ... စောစောက ငါးသလောက်ပေါင်းကြောင့် ထင်တယ်၊ သူ့ကိုစားမိရင် အကြောတွေတက်ပြီး အိပ်ချင်စိတ် ဖြစ်တတ်တယ်''

''ကဲ ... လာ လာ ... မမအခန်းထဲမှာ ခဏဝင်လှဲလိုက်၊ ကြယ်ပြန်လာတော့ ဟိုတယ်ကို ပြန်လိုက်ပို့မယ်နော်''

''အင်း ... ကောင်းသားပဲ၊ စနိုး ခဏမှေးရင်း စောင့်လိုက်မယ်၊ ဘယ်အခန်းမှာလှဲရမလဲဟင်''

''လိုက်ကာအပြာနဲ့အခန်းကို သွားအိပ်လိုက်နော်၊ မမ ဒါတွေသိမ်းလိုက်ဦးမယ်''

ရာသက်ပန်သည် ကြယ့်အခန်းဘက်သို့ ညွှန်လိုက်သည်။

စနိုးမှာလည်း ကြယ့်အခန်းထဲသို့ ရောက်သွားသည်နှင့် ခုတင်ပေါ်တွင် ခြေပစ်လက်ပစ် အိပ်ချပစ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရာသက်ပန်သည် စန္ဒီးအဖြစ်ကိုကြည့်ပြီး သူမရဲ့အကြံ အစည်အောင်မြင်ပြီဟုတွေးကာ ကျိတ်၍ဝမ်းသာနေသည်။ အဘယ်ကြောင့်ဆိုသော် စန္ဒီးသောက်သော ဖျော်ရည်ခွက်ထဲတွင် အိပ်ဆေးခပ်တိုက်လိုက်သောကြောင့် ဖြစ်သည်။

စန္ဒီးရဲ့အနောက်တိုင်းဟန်ပါသော ဝတ်စားဆင်ယင်မှုဖြင့် ကြယ့်အခန်းထဲတွင် မလုံမခြုံအိပ်နေမယ်ဆိုရင် ကြယ်လည်း ပုထုဇဉ်ပဲလေ။

အခန်းတံခါးကို အသာလှပ်ကြည့်တော့ ဒူးခေါင်းအထက်သာရှိသောစကတ်အတိုနှင့် အိပ်မောကျနေသဖြင့် ရာသက်ပန်သည် စန္ဒီးကိုယ်ခန္ဓာအား အတည့်ထားသိပ်လိုက်ရင်း စောင်တစ်ထည်ကို ခြေဖျားမှ ခေါင်းအထိ ဆွဲခြုံပေးလိုက်သည်။

ပြီးတော့ သူမကိုယ်ဘေးတွင် ကြယ့်ရဲ့အရုပ်ဖက်လုံးရှည်ကြီးကို တင်ထားပေးလိုက်၏။ ဖက်လုံးကြီးကွယ်နေ၍ စန္ဒီးအား ရုတ်တရက် မမြင်နိုင်။ ကိုရီးယားဇာခြင်ထောင်အပါးလေးကိုချကာ သေသေချာချာ ခြင်ထောင်အတွင်းထဲသို့ စန္ဒီးကို ထည့်ပေးခဲ့ပြီး အိပ်ခန်းမီးပိတ်ကာ အခန်းထဲမှ ထွက်လာခဲ့လိုက်သည်။

တအောင့်ကြာတော့ ခြံထဲသို့ဝင်လာသော ကားသံကြားရသည်။ အိမ်ရှေ့ပေါ်တီကိုအောက်သို့ ကားရပ်လိုက်သည်နှင့် ကြယ်သည် ကားပေါ်မှ ဒယီးဒယိုင်ဖြင့် ဆင်းလာသည်။ ကားမှာ ကြယ့်ကားမဟုတ်၊ Taxi ဖြစ်နေသဖြင့် ရာသက်ပန် စိုးရိမ်သွား





သည်။

"ကြယ် ... ကားရော၊ ဘာဖြစ်လို့ Taxi နဲ့ ပြန်လာရတာလဲ"

ကြယ်သည် ရာသက်ပန်အမေးကို အာလေးလျှာလေးသံကြီးဖြင့် ...

"သူက ကြယ်မူးနေတဲ့အတွက် ပြန်မလိုက်ချင်ဘူးတဲ့၊ အဲ့ဒါကြောင့် Beer ဆိုင်မှာ ထားခဲ့တယ်၊ ကြယ်က သူ မလိုက်ချင်တော့ မခေါ်ခဲ့တော့ဘူး၊ အေ့ ... ဒါကြောင့် ကိုယ့်ဘာသာကိုယ်ပဲ ကားငှားပြန်လာလိုက်တာ"

"ဒီလောက်တောင် လူမှန်းမသိအောင် သောက်လာရသလား ကြယ်ရယ်"

"လူမှန်း သိပါတယ် မမရဲ့၊ ဒါဟာ ကြယ့်ရဲ့ထွက်ပေါက်တစ်ခု၊ ဒါကို မမ လက်ခံနိုင်ရမယ်၊ ဟုတ်တယ်နော် ... မမဟာ ဒီလိုပုံစံဖြစ်စေချင်တာကို ... အဟတ်"

"ကဲ ... ပြောချင်ရင် မနက်မှဆက်ပြောတော့ ... သွားအခန်းထဲဝင်"

"အခန်း ... ကျွန်တော့်အခန်းက ဘယ်နားမှာလဲ၊ ပလိစ် ... တစ်ဆိတ်လောက်ညွှန်ပါဦး"

"တကတဲမှပဲ ... ကိုယ့်အခန်းတောင် ကိုယ်မမှတ်မိအောင် သောက်လာရတယ်လို့၊ ကဲ လာ ... မမတွဲပို့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သင့်ခယူး ... ကျေးဇူး ... တာတာ့ ဘိုင့်ဘိုင် ... ဂွတ်နိုက် ဆီးယူမောနင်း"

ကြယ်သည် ရာသက်ပန်တွဲခေါ်ရာသို့ တတွတ်တွတ် ရွတ်ဆိုရင်း ဒယီးဒယိုင်ဖြင့် အသင့်ထောင်ထားသော ခြင်ထောင်ထဲသို့ တန်းဝင်ကာ ထိုးအိပ်လိုက်လေသည်။

စနိုးသည်လည်း အိပ်ဆေးအရှိန်ကြောင့် တုတ်တုတ်တောင်မလှုပ်သဂ°် သူမ ရှိနေသည်ကိုလည်း ကြယ်သည် လုံးဝ မတွေ့ချေ။

တွေ့များတွေ့လို့ကတော့ ခြင်ထောင်အမိုးကိုကျော်ပြီး မျက်နှာကြက်ကိုပင် ခေါင်းနဲ့ ပစ်ဆောင့်မိမလားမသိ။ သောက်ထားသော အရက်ရှိန်တွေပင် ချက်ချင်းပျယ်သွားနိုင်၏။

မနက်မိုးလင်းသောအခါ ... ရာသက်ပန်အတွက် အကောင်းဆုံးမြင်ကွင်းတစ်ခုကို ကျေနပ်အားရစွာဖြင့် မြင်ရခြင်းပင်။

စနိုးသည် ကြယ်၏ရင်ခွင်ထဲတွင် ခွေခွေလေး အိပ်ပျော်လျက်ရှိပြီး စနိုးအား သိုင်းဖက်ထားကာ ခြေထောက်တစ်ဖက်ကလည်း စနိုး၏ခြေအဲစုံပေါ်သို့ ယှက်တင်လျက်။ ဒီလိုမြင်ကွင်းဟာ သူမအတွက် အခွင့်ကောင်းပဲ။

"ကြယ် ... ထစမ်း ... ဒါက ဘယ်လိုဖြစ်နေကြတာလဲ၊ အမေလေး တွေ့ရတာ မျက်စိရှက်စရာပါလား၊ ကြယ်





... ဟဲ့ ကြယ်စင် ထစမ်းပါ"

ရာသက်ပန်၏ စူးစူးဝါးဝါး အော်ဟစ်လှုပ်နှိုးသံကြောင့် ကြယ်သည် အိပ်ပျော်နေရာမှ အလန့်တကြား နိုးလာပြီး သူ့ရှေ့ ရင်ခွင်ထဲတွင်ရောက်နေသော စနိုးကိုတွေ့လိုက်သောအခါ ရုပ်နှင့်နာမ်သည် ကမ္ဘာအပြင်ဘက်သို့ လွင့်စဉ်ထွက်သွားရလောက်အောင်ပင် ဝုန်းခနဲလှဲနေရာမှ ရုန်းထလိုက်ပြီး ...

"ဟင် ... ဒါ ... ဒါက ... သူ ... က ဘယ်လိုလုပ်ပြီး ကြယ့်အိပ်ရာပေါ် ရောက်နေရတာလဲ"

"ဒါကို ... မမက မေးရမှာလေ ကြယ်ရဲ့"

ကြယ်သည် ယခုကြုံနေရသော အဖြစ်အပျက်ဆိုးကြီးကို ရင်မဆိုင်ရဲပါ။ သွေးပျက်စရာကောင်းလောက်သော မျက်နှာမျိုးဖြင့် မမထံသို့ လှမ်းကြည့်ပြီး ...

"ဟာ ... ကြယ်လည်း ဘယ်လိုသိမှာလဲ"

"ဒါ ... မသိဘူးလို့ ငြင်းရမယ့်ကိစ္စ မဟုတ်ဘူးလေ၊ မင်း သူများ သားပျိုသမီးပျိုကို အဲဒီလို တာဝန်မယူချင်တဲ့စကားနဲ့ ကိုယ်လွတ်ရုန်းလို့ရမလား"

"ဘာ ... ဘာတွေလဲဟာ ... နှိုး ... သူ့ကိုနှိုးလိုက်"

"အို ... ဘာကြောင့်နှိုးရမှာလဲ၊ သူများအိပ်နေတဲ့ဟာကို"

"မမ မနှိုးရင် ကြယ်နှိုးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"စနိုး . . . ဟဲ့စနိုး . . . ထ . . . ထစမ်းပါ၊ နင် . . . ငါ့ အိပ်ရာပေါ် ဘယ်လိုရောက်လာသလဲဆိုတာ ငါ့မမကို မရှင်းပြ တတ်ဘူး၊ သေချာတာတစ်ခုကတော့ နင်နဲ့ငါနဲ့ ဘာမှမဖြစ်ခဲ့ ကြတာပဲ"

"ညက မင်းတို့ပဲ ညဦးနက်တဲ့အထိ ထိုင်စကားပြောကြ တယ်လေ၊ မမလည်း အိပ်ချင်တာနဲ့ အစောကြီး ဝင်အိပ်နှင့် တာ"

"ဟာ . . . ညက ကျွန်တော်ပြန်လာတာ တစ်ယောက် တည်းပါ၊ အင်း . . . မဟုတ်ဘူး နေပါ ပါတယ်ထင်တယ်"

ကြယ်သည် သူ့ကိုယ်သူပင် ဇဝေဇဝါဖြစ်နေသည်။ ထို အခြေအနေကို အခွင့်ကောင်းယူကာ ရာသက်ပန်သည် . . .

"ညက ပြန်လာတာ နေမပါဘူး၊ မင်း တစ်ယောက် တည်းပြန်လာတာ၊ စနိုးက မင်းအရင် အိမ်မှာရောက်နေတာ၊ မင်းလာမှ ပြန်မယ်ဆိုပြီး စောင့်နေတာ၊ မင်းပြန်လာတော့ မင်း တို့နှစ်ယောက် လက်ထပ်ဖို့ကိစ္စတောင် တိုင်ပင်ကြသေးတယ် လေ၊ မမလည်း လူငယ်တွေ လွတ်လွတ်လပ်လပ် တွေ့ကြ၊ ပြောကြပါစေဆိုပြီး အစောကြီး အိပ်ရာဝင်သွားတာ၊ အခုမိုးလင်း တော့ မင်းတို့ကို ဒီအတိုင်း မြင်ရတာပဲ"

"မောင်လေးရယ် . . . အရင်ကတည်းက မမ မင်းကို သဘောတူပြီးသားပဲ၊ ဘာဖြစ်လို့ ခုလိုမိုက်ရတာလဲ၊ မိန်းကလေး





တစ်ယောက်ရဲ့ဂုဏ်သိက္ခာကိုလည်း ထည့်တွက်ဦးမှပေါ့၊ ကဲ . . . လာ . . . လာ အပြင်ထွက်မယ်၊ စနိုးခမျာ နိုးလာလို့ မမကို တွေ့ရင် ရှက်နေဦးမယ်"

ရာသက်ပန်စကားကြောင့် ကြယ်သည် . . .

"ဟာ . . . မမနော် အမှန်တရားကိုသိပြီးမှ ဆုံးဖြတ် လေ၊ သူ့ကို ကြယ် ဘာမှနစ်နာအောင် မလုပ်ခဲ့ဘူး၊ ကြယ် ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်"

"ဒီမှာကြယ် . . . မင်း သူ့ကို ယောကျ်ားပီပီသသနဲ့ တာဝန်ယူမလား၊ ဒါမှမဟုတ် သူ့ဘက်က အရှက်ကွဲမယ့်အတူတူ မထူးဘူးဆိုပြီး မင်းကို သက်ဆိုင်ရာကနေ တရားစွဲမယ်ဆိုရင်ရော ဘယ်လိုလုပ်မလဲ"

ကြယ်သည် အခုလိုအခြေအနေဆိုးကြီးထဲမှ ဝေးရာသို့ ခေတ္တမျှ ရှောင်တိမ်းချင်ပါသည်။ ခေါင်းထဲမှာ ဘာလုပ်လို့ ဘာ ကိုင်ရမှန်းမသိအောင်ပင် ထူပူကျိန်းစပ်နေ၏။

ညက မမပြောသလို အမှန်တကယ်ပင် စနိုးနှင့် မှား ယွင်းခဲ့ပါသလား။ အတွေးများစွာဖြင့် ရှုပ်ထွေးလျက် တလှိုက် ငင်ငင်ဖြစ်နေသည့် ဝင်သက်ထွက်သက်တို့ကို ထိန်းချုပ်ရင်း မမအနားမှ တစ်ရှိန်ထိုး ပြေးထွက်ခဲ့သည်။

နေ့အိမ်ကိုရောက်တော့ လူက အတော့်ကို မောဟိုက် နေသည်။ ချွေးသံတရွှဲရွှဲနှင့် ခြံထဲဝင်လာသော ကြယ်စင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး နေသည် အထိတ်တလန့်မေးလိုက်သည်။

"ကြယ်စင် . . . မင်း ဘာဖြစ်လာတာလဲ"

"ငါ . . . ငါ ညက မူးပြီးပြန်သွားတော့ မင်း . . . အိမ်ကို လိုက်လာသလား"

"ငါမလိုက်ဘူးလေ၊ မင်းမူးနေလို့ ကားမောင်းရင် အန္တရာယ်ဖြစ်မှာစိုးတာနဲ့ Taxi နဲ့ တင်ပေးလိုက်တာ၊ ငါ့တပည့် တစ်ယောက်ကို မင်းကား မောင်းပို့ခိုင်းထားတယ်"

"အဲ့ဒါက အရေးမကြီးဘူး၊ ငါ မနက်အိပ်ရာက နိုးလာတော့ ငါ့ဘေးမှာ စနိုးက အိပ်နေတယ်ကွာ"

နေ အံ့သြသွားကာ . . .

"ဟေ . . . ဘာပြောတယ်"

"စနိုး ငါ့ဘေးမှာ အိပ်နေလို့ . . . အဲဒီအဖြစ်ဆိုးကြီးက ငါ့ဆီကို ဘယ်လိုဝင်လာရတာလဲ"

"မင်းခေါ်လို့ မင်းအခန်းထဲကို သူဝင်လာတာပေါ့ကွ"

ကြယ်သည် စိတ်ရှုပ်ထွေးစွာဖြင့် ခေါင်းကို တဖျင်းဖျင်း ကုတ်ဖွလိုက်ပြီး . . .

"ကျွတ် . . . မင်းကပါ အဲဒီစကားမျိုးပြောပြန်ပြီ၊ ငါ သူ့ကို လုံးဝမခေါ်ဘူး၊ သူနဲ့လည်း ညက မတွေ့ဘူးလို့ထင်တာ ပဲ"

"မင်းဟာမင်းတောင် မရေရာတာ၊ ငါတို့က ဘယ်လို





လုပ်ပြီး မင်းထက် ပိုသိနိုင်မှာလဲ ကြယ်စင်ရာ"

"ဒါဆို . . . ဝါက သူ့ကို ဘာမှမကျူးလွန်ခဲ့ပဲနဲ့ ဘလိုင်းကြီး လက်ထပ်ရတော့မှာလား"

"ကံစီမံရာပဲပေါ့ကွာ"

"မင်း . . . စနိုးနဲ့ရော စကားပြောခဲ့ပြီးပြီလား"

"မပြောရသေးဘူး၊ ငါထွက်လာတော့ သူ ငါ့အခန်းထဲမှာ အိပ်နေတုန်း ရှိသေးတယ်"

"ခုထိ အိပ်တုန်း"

"အေး"

"ဟင် . . . မင်းကလည်းကွာ၊ ချက်ချင်းနိုးမေးလိုက်ပွဲက ပြတ်နေပြီ"

"ဟုတ်တယ် . . . ခုချိန်ဆိုရင် သူနိုးလောက်ပါပြီ၊ မင်း ဖုန်းနဲ့ အိမ်ကိုခေါ်ကြည့်လိုက်ကွာ၊ ကမန်းကတန်းထွက်လာရလို့ ဖုန်းတောင် မပါလာတော့ဘူး"

နေသည် ဖုန်းခေါ်လိုက်ပြီး ကြယ့်ထံသို့ လှမ်းပေးသည်။ ကြယ်သည် နေ့လက်ထဲမှ ဖုန်းကို ဆတ်ခနဲလှမ်းယူလိုက်ပြီး . . .

"ဟဲလို . . . မမ စနိုး နိုးပြီလား၊ နိုးရင် ဖုန်းပေးလိုက် . . . ကြယ် သူနဲ့ပြောမလို့"

"ဘာ . . . သူက ကြယ်နဲ့မပြောချင်ဘူး၊ ရှက်လို့ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား''

ရင်တွေ ဒိုင်းခနဲနေအောင် ဆောင့်ခုန်လို့သွားသည်။

''ဘုရား ... ရှက်တယ်ဆို သူနဲ့ကြယ်နဲ့ဇာတ်လမ်းက မမ ထင်သလိုမျိုးလား''

ကြယ်သည် အယောင်ယောင်အမှားမှားဖြင့် ဖုန်းကို ပိတ်လိုက်ပြီး မျက်ပြူးဆန်ပြာဖြင့် ...

''မဖြစ်နိုင်ဘူး ... လုံးဝမဖြစ်နိုင်ဘူး၊ အဲဒီလို မဖြစ်ပါစေနဲ့''

## အခန်း (၁၁)

**ကြယ်**သည် မင်္ဂလာပွဲနီးလေ စိတ်နှင့်လူမကပ်လေဖြစ်နေ၏။

မမနှင့်စနိုးကတော့ အလုပ်တွေရှုပ်နေကြသည်။ သူတို့နှစ်ဦး ပျာယာခတ်နေပုံက အမြင်ကတ်စရာကောင်းလောက်အောင် ပိုလွန်းနေ၏။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်းစူးရှသောမျက်ဝန်းမှာ မျက်ရည်တွေ ရစ်သီးနေ၏။

ဝမ်းနည်းခြင်းမဟုတ်သော ဆုံးရှုံးမှုတစ်ခု။ အဲဒါဘာလဲ။ မယ်နဲ့ မဆုံရခြင်းကြောင့်လား။ ဆုံးရှုံးခြင်းနဲ့ နာကျင်ကြေကွဲခြင်းတွေ ပြည့်နှက်နေသော မျက်ဝန်းက ရီဝေဖျော့တော့နေသည်။

ခုလိုအချိန်မျိုးမှာ မယ့်ကိုတွေ့ချင်လှသည်။ မယ့်ရင်ခွင်



www.burmeseclassic.com

www.burmeseclassic.com



မှာ ခေါင်းတိုးပြီး ကလေးတစ်ယောက်လို ရင်ထဲက နာကျင်မှုများကို ရင်ဖွင့်ရင်း ချုံးပွဲချပစ်လိုက်ချင်၏။ မယ့်ရဲ့အကြင်နာနဲ့ ချွေးသိပ်မှုကို အငမ်းမရတောင့်တမိ၏။

ကြယ်သည် စိတ်ပျက်လက်ပျက်ဖြင့် ကားကို လျှောက်မောင်းနေလိုက်၏။ ဘယ်နေရာ, ဘယ်အရပ်သို့ ဦးတည်နေမိသလဲဆိုတာ မသိ၊ လမ်းအတိုင်းသာ စိတ်ကိုလွှတ်ပြီး မောင်းနေလိုက်၏။ အချိန်တွေ မည်မျှကြာသွားသည်မသိ။ နာရီကိုလည်း မကြည့်။ ဖြစ်နိုင်ရင် သူ အချိန်တွေကို ဆွဲရပ်ထားပစ်လိုက်ချင်၏။

မီးပွိုင့်မှ မီးနီနေသဖြင့် ကားကို ရပ်လိုက်၏။ လူအချို့သည် လူကူးမျဉ်းကြားမှ တစ်ဖက်ကားလမ်းကို ဖြတ်ကူးနေ၏။

ကြယ်သည် ထိုဖြတ်ကူးနေသော လူအုပ်ကြီးထဲမှ လုံးဝတွေ့မယ်လို့ မျှော်လင့်မထားသော မယ့်ကို ရိပ်ခနဲတွေ့လိုက်၍ ရင်ထဲမှ နိုးကြားမှုတွေက သူ့အလိုလိုခေါင်းထောင်လာကြသည်။ လူက သတိလက်လွတ်ဖြစ်ကာ မယ့်နောက် အပြေးလိုက်ရန် စိတ်ကူးလိုက်သည်။

မီးပွိုင့်ဖြစ်နေ၍ သူ့စိတ်ကူးကို အကောင်အထည်မဖော်နိုင်။ မီးစိမ်းသွား၍ ကားကို မယ် ဖြတ်ကူးသွားရာ လမ်းကြောဘက်သို့ ကွေ့လိုက်သည်။ ကားဟွန်းသံကိုပေး၍ လှမ်းခေါ်လို့ကလည်း မရ။ ဟွန်းသံကင်းမဲ့ဇုန်ဖြစ်နေ၍ . . .





မတတ်နိုင်။ အနောက်ကနေ တိတ်တိတ်ကလေးပဲ လိုက်ကြည့်လိုက်တော့မည်။ ဒါမှ မယ်နေတဲ့နေရာကို အတိအကျသိမှာ။

ကားကို ဖြည်းဖြည်းချင်းမောင်းပြီး အရိပ်အခြည်ကြည့်နေစဉ်မှာပင် မယ်သည် တက္ကစီတစ်စီးကို လှမ်းတားလိုက်ပြီး ထိုကားပေါ်သို့ တက်သွား၏။ မယ်လိုက်ပါသွားသော Taxi ကားနောက်ကနေ ကပ်လိုက်လာလိုက်သည်။

မယ်ကတော့ သူမကားနောက်မှ ကြယ်ပါလာတယ်ဆိုတာကို နည်းနည်းမှ ရိပ်မိပုံမပေါ်။ Taxi ကားသည် မယ်တို့ အရင်နေသော အိမ်လေးရှိရာ လမ်းချိုးလေးထဲသို့ ကွေ့ဝင်သွားလေသည်။ ကြယ်လည်း ထိုလမ်းထဲသို့ ကားကိုချိုးကွေ့၍ ဝင်လာလိုက်သည်။

အိမ်ရှေ့သို့ ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် ဆိုသလို ရပ်လိုက်သည်။ မယ့်ခမျာ Taxi ကားပေါ်မှမှ ဆင်းဆင်းချင်း ကြယ့်ကားကို တွေ့လိုက်ရ၍ သူနိုးလူမိပုံစံမျိုးဖြစ်ကာ မျက်နှာမသိမသာပျက်သွားလေသည်။

"ကြယ် . . . ဘယ်လိုလုပ်ပြီး ပါလာတာလဲ"

"မယ် ကားငှားနေကတည်းက မယ်နဲ့ခပ်လှမ်းလှမ်းမှာ ကိုယ်ရှိနေတာပဲ၊ တမင်တကာ နေရာသိရအောင်လို့မခေါ်ဘဲ အနောက်က တိတ်တိတ်လိုက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



Taxi ကားပြန်ထွက်သွားသည်နှင့် မယ်သည် ကြယ့်ကို ဘာစကားမှမဆိုဘဲ ကျောခိုင်းလျက် ခြံထဲသို့ဝင်သွားသည်။

"မယ် ... ကိုယ့်ကို အိမ်ပေါ်မခေါ်တော့ဘူးလား"

မယ်သည် ကြယ့်ကို ရင်မဆိုင်ချင်ပါ။ သူ့နှလုံးသားတွေ ကြယ့်ရှေ့မှာ တင်းမထားနိုင်ဘဲ ဖြေလျော့သွားမိရင် ကြယ့်ရဲ့အနာဂတ် လှပမှာမဟုတ်။

"ပြန်ပါကြယ်၊ ဒီလိုနေရာမျိုးကို ကြယ် မလာသင့်တော့ဘူး၊ မမနဲ့ စနိုး သိသွားရင် ကြယ့်အတွက် ဖြေရှင်းရခက်လိမ့်မယ်"

"မယ် ... အားလုံးသိပြီးပြီပေါ့"

"ကြယ်တို့ရဲ့မင်္ဂလာသတင်းကို ကျွန်မ အမြဲတမ်း နားစွင့်နေတဲ့သူပါ၊ ဝမ်းသာပါတယ် ကြယ်၊ ရှင့်ရဲ့အနာဂတ် ဒီထက်ပိုပြီး ရွှေရောင်တွေ လွှမ်းတော့မှာပါ"

"ကိုယ် အဲဒါတွေ စိတ်မဝင်စားဘူး မယ်၊ ကိုယ် စနိုးကို လက်ထပ်မယ့်ကိစ္စကို အကြောင်းကြောင်းကြောင့် ငြင်းခွင့်မရှိခဲ့ပေမယ့် ကိုယ့်ရဲ့ရှင်သန်နေဆဲအချစ်တွေကို မယ်ပဲပိုင်တာပါ၊ စနိုးကို ကိုယ် လုံးဝမချစ်ဘူး"

"ဘာပဲဖြစ်ဖြစ် မကြာခင်မှာ သူ ရှင့်ရဲ့ဇနီးဖြစ်တော့မှာပဲ"

တစ်ဆက်တည်းမှာပင် ဝေဒနာပြယုဒ်ကို ဟန်ဆောင်





ဖုံးကွယ်ရင်း ...

"ကျွန်မရဲ့မင်္ဂလာပွဲလည်း ရှင်နဲ့သိပ်မကွာလောက်ဘူး ထင်တယ်"

ကြယ့်အတွက် အခါးသက်ဆုံးစကားတစ်ခွန်းကို ရွေးပြီး ပြောလိုက်သည်။ ရင်ထဲမှာတော့ ဖြောင်းဆန်နေအောင် ကြေကွဲဆို့နင့်နေရ၏။

ကြယ်သည်လည်း အံ့ဩခြင်း၊ နှမြောတသခြင်း၊ မယုံကြည်နိုင်ခြင်းတို့ ပေါင်းစုံသော အကြည့်စူးစူးဖြင့် ...

"မင်းက ဘယ်သူနဲ့ လက်ထပ်မှာလဲ"

တုန်ယင်အက်ကွဲသောအသံဖြင့် မေးလာသောအမေးကို ဟန်ပါပါဖြင့် ဖြေရန်အတွက် လည်ချောင်းဝတွင် တစ်ဆို့နေသော စကားလုံးများကို အသိစိတ်ဝင်ကာ နှုတ်ဖျားတစ်စုံက ဖျားယောင်းခေါ်ဆောင်လျက်။

"နေ ... နဲ့ပေါ့"

"သူက ကျွန်မကို ပရိုပို့စ်လုပ်ထားတာ ရှင်လည်း သိနေသားပဲလေ"

"မင်း သူ့ကိုချစ်လို့ လက်ထပ်မှာလား"

"ယောကျ်ားတစ်ယောက်ကို ... ကိုယ့်ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်တာဟာ တခြားယောကျ်ားအတွက် အကြောင်းပြချက်ပေးစရာလိုလို့လား ကြယ်ရယ်၊ ရှင်နဲ့ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းကလည်း သူငယ်ချင်းပဲ၊ ခုလည်း သူငယ်ချင်းပဲ၊ နောက်လည်း သူငယ်ချင်းအဖြစ် ဆက်ပြီးရှင်သန်သွားကြရမှာပါလေ''

ကြယ်သည် မယ့်ဆီက အဖြေစကားအဆုံးမှာ အရူးတစ်ယောက်လို အသိစိတ်ကင်းမဲ့သော အပြုအမူမျိုးဖြင့် ကားဆီသို့ တစ်ဟုန်ထိုးပြေးထွက်ခဲ့ပြီး ကားကို မယ့်အရှေ့မြင်ကွင်းမှ တအားမောင်းထွက်သွားလေသည်။

သူ မယ့်ကို တကယ်ဆုံးရှုံးရတော့မှာပါလား။ ကံကြမ္မာထံမှ ခွင့်တောင်းလို့ရမယ်ဆိုရင် ခွင့်တောင်းချင်ပါသည်။

သူသည် ရှုံးသွပ်ခြင်းလောကသစ်ဆီသို့သာ ခရီးနှင်ချင်ပါသည်။ ဒါမှ အရာအားလုံးဟာ ကိုယ်နဲ့ ဘာမှသိရှိထိတွေ့ခြင်းမရှိခဲ့သလို အစိမ်းသက်သက်နဲ့ နေလို့ရမှာ။

ပါးပြင်မှ မျက်ရည်များ စီးကျလာ၏။ ယောက်ျားတစ်ယောက်အနေနဲ့ အသည်းကွဲခွင့်၊ ငိုခွင့် ရှိပါသည်။ စီးကျလာသော မျက်ရည်များကို မသုတ်မိ။

မျက်ရည်ပြည့်လျှံနေသော မျက်ဝန်းအစုံသည် အသိစိတ်နှင့်အတူ ဝေဝါးလျက် ...

ကားမောင်းနေသည့် ကြယ့်လှုပ်ရှားမှုတွေက အသိသတိကင်းကွာနေသည်။ ထိုအချိန်မှာပင် ...

ရုတ်တရက် ကြယ့်ကားကို နောက်ဘက်မှ မောင်းလာသည့်ကားတစ်စီးက အရှိန်ဖြင့် ဝင်ဆောင့်ခြင်းကို ခံလိုက်ရခြင်း





နှင့်အတူ သတိကင်းကွာနေသော ကြယ့်ခြေထောက်က ကားလီဗာကို ဖိနင်းလိုက်သလိုဖြစ်သွားရပြီး ကြယ့်ကားလေးက တစ်ဖက်ယာဉ်ကြောဆီမှလာနေသည့် ကားတစ်စီးထံသို့ အရှိန်ပြင်းစွာ တိုးဝင်သွားတော့သည်။

'ဒုန်း'

'ဝုန်း'

''အား''

ကြယ်သည် သူ၏မျှော်လင့်ချက် ပြည့်သွား၍ထင်သည်။ အသိအာရုံတွေက မှောင်အတိကျလျက် အသိစိတ်များက နာကျင်ခြင်းဝေဒနာတွေကို သယ်ဆောင်အဖော်ပြုရင်း လောကကြီးနှင့် ခေတ္တ အဆက်အသွယ်ဖြတ်တောက်ခဲ့ရလေ၏။

''နေ ... ကားကို မြန်မြန်မောင်းလို့ရရင် မောင်းပေးပါလား၊ ကျွန်မ,စိတ်တွေ အရမ်းလေးနေလို့ပါ''

''မယ်ရယ် ... ကြယ် ဘာမှမဖြစ်ပါဘူး၊ သတိလစ်နေရုံလောက်နဲ့ ခါးအောက်ပိုင်းပဲ ထိသွားတာပါ''

''အဲဒါ ... ကျွန်မကြောင့်ဖြစ်ရတာ၊ ကျွန်မသာ အဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ခံစားရမယ့်စကားတွေကို မပြောခဲ့ဘူးဆိုရင် သူ ဒီလိုအဖြစ်မျိုးနဲ့ ကြုံရမှာ မဟုတ်ဘူး''

ယှုကျုံးမရသောစကားလုံးတွေကို တတွတ်တွတ်ညည်းတွားရင်း နေ့ဘေးမှထိုင်ကာ တရှုပ်ရှုပ်ဖြင့်ငိုရင်း လိုက်ပါလာသည်။

ဆေးရုံဝန်းထဲ ကားကိုချိုးကွေ့လိုက်သည်နှင့် မယ်သည် ကားပေါ်မှ အမြန်ဆင်းလိုက်ပြီး နေ့ဦးဆောင်ခေါ်ရာသို့ စိုးရိမ်စိတ်အလျင်စောစွာဖြင့် လိုက်ပါလာသည်။

အထူးခန်းရှေ့ရောက်တော့ ရာသက်ပန်နှင့်စနိုးကို တွေ့လိုက်ရသည်။ အားလုံး မျက်နှာမကောင်းကြ။

''ရောက်လာကြပြီလား မယ် ... အဟင့် ဟင့် ဟင့် ... မမမောင်လေးအဖြစ်က ဆိုးတယ်ကွယ်''

''ကြယ် ... အသက်အန္တရာယ်စိုးရိမ်ရလားဟင်''

''ခါးအောက်ပိုင်းကတော့ ပြန်မကောင်းနိုင်လောက်ဘူးထင်တယ်''

စနိုးသည် စိုးရိမ်ခြင်းကင်းသည့် အေးစက်သောအမူအရာဖြင့် မယ့်ကိုဖြေသည်။

နေက မင်္ဂလာပွဲအတွက် မေး၏။

''မင်္ဂလာပွဲက ဘယ်လိုလုပ်ကြမလဲ၊ ကြားထဲမှာ သိပ်မလိုတော့ဘူး''





''ရက်ရွှေ့ရတော့မှာပေါ့ နေရယ် ... မမလည်း ဘယ်လိုစီစဉ်ရမှန်းတောင် မသိတော့ဘူးကွယ်၊ ခေါင်းထဲမှာ မီးတွေတောက်နေပြီ''

နေသည် သက်ပြင်းခပ်လေးလေးကိုချရင်း မယ့်ကို မျက်ရိပ်ပြရင်း ...

''လာ ... မယ် ... ကိုယ်တို့ ကြယ်စင့်ကို ဝင်ကြည့်ရအောင်''

မယ်သည် ဘာစကားမှမဆိုဘဲ နေ့အနောက်မှ အသာလိုက်လာခဲ့သည်။ ဆေးရုံခန်းထဲရောက်တော့ ခါးအောက်ပိုင်းတစ်ခုလုံးတွင် ပတ်တီးများက အဖွေးသား မြင်ရက်စရာမရှိ။

''ကြယ်ရယ် ... ကျွန်မကိုခွင့်လွှတ်ပါ၊ ကျွန်မကြောင့် ရှင် ခုလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံရတာပါ''

''အဲ့ဒါတွေ ပြောမနေနဲ့တော့မယ်၊ ဒီကိစ္စက မယ့်ဆီကအပြုန်ဖြစ်တယ်လို့ မမရာသက်ပန် သိမထားဘူး၊ သူသာ သိသွားရင် မယ့်ကို ကြယ်နဲ့ ပေးတွေ့မှာမဟုတ်ဘူး''

ကြယ့်ရဲ့ဖြူဖျော့နေသော လက်အစုံကို ဆုပ်ကိုင်ဖျစ်ညှစ်ရင်း ...

''ကြယ် ... ရှင်မြန်မြန်သတိရပါတော့၊ ရှင့်ကို ကျွန်မ ဒီလိုပုံစံနဲ့ မမြင်ရက်ဘူး''

မယ့်ရဲ့ပါးပြင်မှ မျက်ရည်များသည် လိမ့်ဆင်းကျလာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကြယ့်ရဲ့လက်ခုံပေါ်သို့ တစ်ပေါက်ချင်း ကျလေသည်။ သူမနှင့် ကြယ့်ကြားမှ အင်မတန်ခိုင်မြဲတဲ့ စွဲလမ်းမှုတစ်ခုကြောင့် ခုလို အဖြစ်ဆိုးမျိုးနှင့် ကြုံရခြင်းဖြစ်သည်။

မနေ့က ကြယ် သူမရှေ့မှ အသိစိတ်ကင်းလွတ်စွာ ထွက်သွားချိန်မှာလည်း သူမအတွက် သိပ်ကိုဝမ်းနည်းကြေကွဲဖို့ နှမြောတသဖို့၊ လွမ်းဆွတ်ရှုးသွပ်ဖို့ အင်မတန်ကောင်းစွာဖြင့် သွေးပျက်စွာ ကျန်ရစ်ခဲ့ရခြင်းပါ။

ရင်ထဲမှာ ဖြေမဆည်နိုင်မှုက အတိုင်းအဆမရှိ၊ ကြယ့်ရဲ့လက်ခုံပေါ်ကို ခေါင်းအပ်ချလိုက်ပြီး မယ်သည် အတားအဆီးမဲ့စွာဖြင့် တရှိုက်ရှိုက်ငိုနေမိသည်။

ထိုစဉ် . . . နေ့ထံမှ အံ့ဩခြင်းတွေ ဝမ်းသာခြင်းတွေဖြင့် သူမ အမျှော်လင့်ဆုံး စကားသံက နားစည်ထဲ ခပ်သဲ့သဲ့တိုးဝင်လာသည်။

"ဟာ . . . မယ် ကြယ် . . . ကြယ်စင်ရဲ့နှုတ်ခမ်းတွေ လှုပ်လာသလိုပဲ"

နေ့စကားကြောင့် သူမခေါင်းထောင်ပြီး ကြည့်လိုက်တော့ အမှန်တကယ်ပင် ကြယ်၏နှုတ်ခမ်းတစ်စုံသည် အနည်းငယ်လှုပ်ရှလာကာ လေသံမျှသော အသံမျှင်မျှင်လေးတစ်ခု မပီမသဖြင့် ထွက်လာသည်။

"ကြယ် . . . ရှင် သတိရလာပြီလား၊ မျက်လုံးဖွင့်ကြည့်





ပါဦး ကြယ်ရယ်"

နေသည် အခန်းအပြင်သို့ ထွက်သွားပြီး ဆရာဝန်သွားခေါ်သည်ထင်၏။ ကြယ်၏စေ့ပိတ်ထားသော မျက်ခွံသည် ဖြည်းဖြည်းချင်း ပွင့်လာပြီး အပေါ်မျက်နှာကြက်ဖြူဖြူဆီသို့ အကြည့်ကိုပို့ရင်း မယ်ရှိရာဘက်သို့ ဦးခေါင်းကို အသာငဲ့စောင်းလျက် အကြည့်လွှဲလာ၏။

"မယ်"

ဟူသောအသံတိုးမျှင်မျှင်လေးသည် နားစည်မှတစ်ဆင့် နှလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာသို့ စိမ့်ဝင်စီးမျောခွင့်ရခဲ့သည်။

နာ့စ်မလေး ဝင်လာသဖြင့် သူမသည် ထိုင်နေရာမှ ထပေးလိုက်ပြီး ခပ်လှမ်းလှမ်းမှရပ်၍ ကြယ့်အား စောင့်ကြည့်နေလိုက်၏။

မကြာခင် ဆရာဝန်ကြီးနဲ့အတူ မမရာသက်ပန်နဲ့ စနိုးတို့လည်း လိုက်ဝင်လာကြသည်။

နာ့စ်လေးက . . .

"ဆရာကြီး လူနာရဲ့ pressure က ပုံမှန်ဖြစ်သွားပါပြီ"

"အင်း . . . ဒါဆိုရင်တော့ အခြေအနေတွေက အားလုံး ok ပါပြီ"

"ဆရာ . . . ခါးအောက်ပိုင်း အခြေအနေတွေကရော"

"ဒါကတော့ ကံတရားနဲ့ ဆိုင်လိမ့်မယ်ဗျ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့လည်း အစွမ်းကုန်ကြိုးစားပြီး ကုမှာပါ၊ ဆယ်ရက်လောက်တော့ ပတ်တီးနဲ့ နေရလိမ့်မယ်၊ ပတ်တီးဖြည်ပြီးပေမယ့်လည်း လူနာက လမ်းတော့လျှောက်နိုင်ဦးမှာ မဟုတ်ပါဘူး၊ ဂိုးချဲလ် ကူရလိမ့်မယ်''

ရာသက်ပန်သည် စိုးရိမ်တကြီးဖြင့် ...

''တစ်သက်လုံးလား ဆရာ''

''အဲဒီလိုလည်း ပုံသေယူဆလို့မရပါဘူး၊ သူ့ရဲ့စိတ်အင်အားအခြေအနေပေါ်မူတည်ပြီး ရောဂါရဲ့အခြေအနေလည်း ကွဲပြားသွားမှာပါ''

ဆရာဝန်ကြီး၏မှတ်ချက်များသည် ကြယ့်အတွက်တော့ ကျေနပ်အားရစရာပင်။ သူ့အတွက် ဂိုးချဲလ်အကူအညီနဲ့ ရှင်သန်ရမယ်ဆိုရင်လည်း ကျေနပ်ပါသည်။ အဓိက,က မင်္ဂလာကိစ္စ အစီအစဉ် ဖျက်လိုက်ဖို့ပင်။ စန္ဒီးနှင့်သူနဲ့ ဘာမှမဖြစ်ခဲ့ကြတာကို သူ့စိတ်က အလိုလိုသိနေ၏။

ဆရာဝန်ကြီးနှင့်နာ့စ်မ အခန်းထဲမှ ပြန်ထွက်သွားတော့ မယ်အပါအဝင် ကျန်သူအားလုံး စကားမဆိုဖြစ်ကြ။ ခေတ္တတော့ အခန်းလေးထဲမှာ ငြိမ်သက်သွားသည်။

ထိုငြိမ်သက်မှု တဒင်္ဂထဲမှာ အားလုံး၏ ခံစားချက်ချင်း မတူသော အတွေးများနှင့်အတူ သဲကန္တာရတစ်ခုလို ခြောက်ကပ် တိတ်ဆိတ်နေ၏။





သက်ပြင်း ယဲ့ယဲ့ချသံလေးနှင့်အတူ စန္ဒီးထံမှ စကားသံ အချို့ ထွက်ပေါ်လာ၏။

''မင်္ဂလာကိစ္စကို ဘယ်လိုလုပ်ကြမလဲ မမ၊ နောက်တစ်ပတ်ဆို ပါပါးနဲ့မာမားတို့က လာကြတော့မယ် ...စန္ဒီးတော့ သိပ်စိတ်ညစ်တာပဲ''

စန္ဒီး၏ အလိုမကျငြူစူနေရာသို့ အားလုံး၏အကြည့်တွေ က စုပြုံရောက်သွား၏။

ကြယ်ကတော့ ပွင့်နေသော မျက်ခွံလေးကို အသာပြန် မှိတ်လိုက်သည်။ ရင်ဆိုင်နေရသည့် အခက်အခဲကြားထဲသို့ သူ တိုးဝင်လိုဟန် မပါသောအနေအထားဖြင့် ခေါင်းလေးကို နံရံ ဘက်သို့ မသိမသာ ငဲ့စောင်းလိုက်သည်။

''ခဏတော့ သည်းခံပါ စန္ဒီးရယ်၊ ဖိတ်စာတွေလည်း မရသေးဘူးဆိုတော့ မမတို့ စဉ်းစားဖို့အချိန်ရပါသေးတယ်၊ အဓိက,က မောင်လေး အမြန်ပြန်ကောင်းလာဖို့ကို မမတို့ နည်းလမ်းရှာရမယ်လေ''

''စန္ဒီးတော့ ခေါင်းတွေ ထူပူနေပြီ၊ စိတ်တွေလည်း ပင်ပန်းလှပြီ''

''ဒါဆို ညီမလေး ပြန်နားလိုက်ပါလားကွယ်၊ ဒီမှာ နေနဲ့ရှင်ငြိမ်းမယ်လည်း ကျန်ခဲ့ဦးမှာပဲ''

''အင်း ဒါဆို စန္ဒီး ဟိုတယ်မှာခဏပြန်နားလိုက်မယ်''



www.burmeseclassic.com

www.burmeseclassic.com



စနိုးသည် မည်သူ့ကိုမှ နှုတ်ဆက်ခြင်းမရှိဘဲ အခန်းထဲမှ ထွက်သွား၏။ ရာသက်ပန်၏စိတ်ထဲမှာတော့ မောင်လေးကို စနိုး ငြင်းလိုက်မှာကိုပဲတွေးပြီး သောကရောက်နေရ၏။

စနိုး၏မိဘများ ရောက်သောနေ့တွင် ကြယ်သည်လည်း ဆေးရုံမှ ဆင်းခွင့်ရလေသည်။ ရောက်ရောက်ချင်း သူတို့တော် စပ်ရမည့် သားမက်ကို ဝှီးချဲလ်နှင့်မြင်လိုက်ရတော့ မသိသာသော အလိုမကျမှုများက စနိုးမိဘများ၏မျက်နှာတွင် ထင်ဟပ်လွှမ်းမိုးသွား၏။

"အန်ကယ်နဲ့ အန်တီတို့ ရောက်ရောက်ချင်း ကျွန်မ မောင်လေးရဲ့အမြင်မတင့်မှုကို အရင်ဆုံး မြင်လိုက်ရတဲ့အတွက် စိတ်မကောင်းပါဘူးရှင်"

မောင်လေးအတွက် အားနာစွာဖြင့် တောင်းပန်တိုးလျှိုးလိုက်သည်။

"ရပါတယ်ကွယ် ... ဒါဟာ ကံစီမံရာပေါ့၊ ဘယ်သူက ဖြစ်ချင်မှာလဲ၊ သမီးလေး ကံဆိုးတယ်လို့ မှတ်ယူရမှာပေါ့၊ ဒါနဲ့ ... သူက ဒီဝှီးချဲလ်နဲ့ အချိန်ဘယ်လောက်ကြာကြာနေရဦးမှာ မလဲ"





ရာသက်ပန်ထံမှ တုံ့ပြန်စကားမဆိုခင် ကြယ်သည် အရင်ဦးဆောင်ဝင်ပြောလိုက်သည်။

"ကြာဦးမယ်ထင်ပါတယ် အန်ကယ်၊ ဒါကြောင့် ကျွန်တော့်ဘက်ကဆန္ဒကို အန်ကယ်လ်၊ အန်တီတို့ရှေ့မှာ တောင်းဆိုပါရစေ"

စနိုးအဖေက ကြယ့်ဆန္ဒကို ပြော,ဆိုသည့်ဟန်ဖြင့် မေးဆတ်ပြကာ အသိအမှတ်ပြု၏။

"ကျွန်တော့်ဘက်က တောင်းဆိုချင်တာက လက်ထပ်ပွဲကို မိန်းကလေးရှင်ဘက်ကပဲ စပြီးဖျက်သိမ်းပေးဖို့ပါ"

ကြယ်စင်ရဲ့ ယတိပြတ်စကားလမ်းကြောင်းမှုကြောင့် ရာသက်ပန်သည် စနိုး၏မိဘများကို အရမ်းအားနာသွားရ၏။

"အို မောင်လေးရယ် ... ဘယ်လိုပြောလိုက်တာလဲကွယ်၊ အန်ကယ်လ်တို့ အန်တီတို့ကို အားနာဖို့ အရမ်းကောင်းနေပြီ၊ ခွင့်လွှတ်ပါ အန်ကယ်လ် ... မောင်လေးက သူ့အခြေအနေကိုကြည့်ပြီး depression ဝင်နေလို့ပါ"

"မောင်ကြယ်စင်သဘောထားကို အန်ကယ်လ်တို့ နားလည်ပါတယ်၊ အင်းလေ ... ဒီအချိန်မှာ ဖြစ်ချင်တဲ့ဆန္ဒထက် ဖြစ်သင့်တာကိုပဲ ဦးစားပေးစဉ်းစားရတော့မှာပေါ့၊ ဒါဟာ အန်ကယ်လ်တို့ မိန်းကလေးရှင်ဘက်က အပြည့်အဝ စဉ်းစားပေးတဲ့သဘောဆိုတာ အန်ကယ်လ် သဘောပေါက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘေဘီလေး ဘယ်လိုသဘောရလဲ''

စနိုးသည် စိတ်ဆိုးဒေါသထွက်ခြင်းအလျဉ်းမရှိတဲ့ ခံစားချက်မဲ့သရုပ်ဖြင့် ...

''သူပြောတာ နည်းလမ်းကျပါတယ်၊ ပါပါး စနိုးကလည်း အားနာပါးနာနဲ့ က,နေရတဲ့ ဇာတ်မျောကြီးထဲမှာ ဟန်လုပ်ပြီး မကချင်ပါဘူး၊ သူပြောသလိုပဲ လက်ထပ်ပွဲကို စနိုးတို့ဘက်ကပဲ ဖျက်သိမ်းလိုက်ကြတာပေါ့''

စနိုး၏အမေက သမီးဖြစ်သူ၏ဆန္ဒကို အလိုက်သင့်ဝင်ထိန်းရ၏။

''အင်းလေ ... လူငယ်တွေရဲ့ဆန္ဒက ဒီလိုအခြေအနေရှိနေမှတော့ လူကြီးတွေက ဘာများတတ်နိုင်မှာလဲကွယ်၊ မောင်ကြယ်စင့်အနေနဲ့ အန်တီတို့ မိန်းကလေးရှင်ဘက်ကို ထွက်ပေါက်ပေးလိုက်တယ်ဆိုတာကို အန်တီတို့ ကောင်းကောင်းသဘောပေါက်ပါတယ်ကွယ်၊ အဲဒီအတွက်လည်း ကျေးဇူးတင်ပါတယ်''

ထိုနေ့မှာပင် ကြယ်စင်နဲ့စနိုးတို့၏မင်္ဂလာလက်ထပ်ပွဲကို ဖျက်သိမ်းလိုက်လေသည်။





''ဘာရယ် ...ကျွန်မကို ပြန်ပြောစမ်းပါ၊ ကြယ်နဲ့စနိုးရဲ့မင်္ဂလာကိစ္စ ဖျက်သိမ်းလိုက်ပြီ ...ဟုတ်လား''

''ဟုတ်တယ် မယ်''

''ကြယ်ကစပြီး ဖျက်သိမ်းပေးဖို့ တောင်းဆိုတာ''

''အို ...ဒါ မဖြစ်သင့်တဲ့ကိစ္စပဲ၊ ဒါဟာ ...မမရာသက်ပန်ရဲ့အကြီးမားဆုံး မှော်လင့်ချက်ပဲ''

''လူ့လောကမှာ ကိုယ်တို့မမြင်နိုင်တဲ့ ကံကြမ္မာတွေအများကြီး ရှိနေသေးတယ်၊ မယ် သူ ခုလိုဖြစ်သွားတာဟာ သူ့အတွက်တော့ အကောင်းဆုံး လက်ဆောင်တစ်ခုလို့ သူကျေကျေနပ်နပ်ကြီးကို လက်ခံနေတယ်''

''တီ ...တီ ...တီ''

ဖုန်းမြည်သံကြောင့် နေသည် ဘောင်းဘီအိတ်ထဲမှာထည့်ထားသော ဖုန်းကို ထုတ်ကိုင်လိုက်ပြီး ...

''ဟဲလို''

''နေလား''

''ဩော် ...မမ ရာသက်ပန်လား ...ပြော ...ကိစ္စရှိလို့လား''

''ကြယ် ...အိမ်မှာမရှိတော့ဘူးကွယ်၊ မင်းဆီများရောက်နေမလားလို့''

''ဟင့်အင်း ...မရောက်ဘူး၊ သူ ဘယ်ကိုထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာလဲ၊ ဒီဗိုးချဲလ်ကြီးနဲ့ သူ ဘယ်မှသွားလို့မရနိုင်လောက်ပါဘူး''

''အေး . . . မမလည်း အဲဒါကိုပဲ စိုးရိမ်နေတာ၊ ဒါမှမဟုတ် ရှင်ငြိမ်းမယ်ဆီမှာများ ရောက်နေမလားကွယ်''

''ကျွန်တော့်အနားမှာ မယ် ရှိနေပါတယ်၊ အခု . . . ကျွန်တော် မယ့်အိမ်က ဆက်နေတာပါ''

''မယ့်ဆီမှာလည်း မရှိဘူးဆိုရင်တော့ ဒုက္ခပါပဲ . . . နေရယ်''

''သိပ်လည်း စိတ်မပူပါနဲ့၊ ကျွန်တော် သူသွားတတ်တဲ့ နေရာတွေကို လိုက်ရှာပေးပါ့မယ်''

''ဟုတ်ကဲ့ . . . စိတ်ချပါ''

နေ ဖုန်းပိတ်လိုက်သည်နှင့် မယ်သည် စိုးရိမ်တကြီးဖြင့် . . .

''နေ . . . ကြယ် ဘာဖြစ်လို့လဲဟင်''

''အိမ်မှာမရှိဘူးတဲ့ . . . ဒီကောင်ဗိုးချဲလ်နဲ့ ဘယ်ကိုထွက်သွားပြန်ပြီလဲ မသိဘူး''

''အို . . . ဒုက္ခပါပဲ နေရယ်၊ ဒါဆို ကျွန်မတို့ရှာမှဖြစ်မှာပေါ့''

နေနှင့်အတူ မယ်ပါလိုက်၍ ကြယ်စင့်ကို ရှာပုံတော်ဖွင့်ရလေသည်။ မယ့်ရင်ထဲမှာ ကြယ်စင့်အတွက် စိုးရိမ်ပူပန်မှု





တွေက နင့်သီးလွန်းပါ၏။ ဒီအချိန် ကြယ် ဘယ်များရောက်နေပြီလဲ။

''ဒီကောင် . . . ဘာတွေ လျှောက်လုပ်နေပြန်ပြီလဲ မသိဘူးကွာ''

ကားမောင်းရင်း နေ့ထံမှ ကြယ့်ကို အပြစ်တင်သည့်စကားသံ ထွက်ပေါ်လာသည်။

''သူ တစ်ခုခုကို ခံစားစိတ်ညစ်နေလို့နေမှာပေါ့ နေရယ်၊ အဲဒါ ဘယ်သူကြောင့် ဖြစ်နိုင်မယ်မသိဘူး''

''ကိုယ့်အထင်ပြောရရင် ဒီကောင် မယ့်အတွက် တော်တော်ခံစားနေပုံရတယ်''

''ကျွန်မကြောင့် ဟုတ်လား''

''မယ်ကရော . . . သူ့ကို ပြောလိုက်သလို ကိုယ့်ကိုတကယ်လက်ထပ်မှာလား''

သူမ၏မျက်နှာလှလှမှာ ရုက်စိတ်ကြောင့် ရဲခနဲဖြစ်သွားသည်။

''အဲဒါဟာ . . . သူ ခုလိုထွက်သွားရခြင်းရဲ့အကြောင်းပြချက်တစ်ခုပဲလို့ ကိုယ်ထင်တယ်''

မယ်သည် တစ်စုံတစ်ခုကို စဉ်းစားမိသွားဟန်ဖြင့် မျက်နှာလေးမှာ မှော်လင့်ချက်ဖြင့် ဝင်းခနဲလက်သွားသည်။

''ကျွန်မ သတိရပြီ . . . အဲဒီနေရာမှာ ကြယ်ရှိနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



မယ် ထင်တယ်''

''ဘယ်နေရာလဲ''

''ကျောက်မြောင်းအိမ်မှာလေ''

မယ်၏ထင်ကြေးကို နေသည် တွေးတွေးဆဆနှင့် . . .

''အင်း . . . သွားကြည့်တာတော့ မမှားပါဘူးလေ''

ကားကို ကျောက်မြောင်းဘက်သို့ ဦးတည်မောင်းလာလိုက်သည်။ တိုက်အောက်ရောက်တော့ ကားပေါ်မှ မဆင်းခင် တိုက်ပေါ်ကို မော့ကြည့်လိုက်သည်။

ဝရန်တာ တံခါးကတော့ ပိတ်ထား၏။ လူက မျှော်လင့်ချက်မဲ့သလိုဖြစ်သွားကာ မရေရာသော အဖြေတစ်ခုအတွက် ကားပေါ်မှ ဆင်းလိုက်ပြီး နေနှင့်အတူ လှေကားမှ တက်သွားလိုက်သည်။

ခြေလှမ်းတွေက မျှော်လင့်ရင်း အမောဆို့သလို နှုံးခွေကာ အင်အားတွေ ယုတ်လျော့နေ၏။

ထင်သည့်အတိုင်းပင် အခန်းရှေ့ရောက်တော့ တံခါးသော့က ပိတ်ထား၏။ ဒါဆို . . . ကြယ် ဒီမှာမရှိတာ သေချာပြီ။ တဆတ်ဆတ်တုန်နေသော နှလုံးသားအဆုံးအတွင်းသို့ တစ်စုံတစ်ခုသော အကြောက်တရားတစ်ခုက အနက်ရှိုင်းဆုံး တိုးဝင်ကုန်ကြလေပြီ။

ထိုအရာက . . . ကြယ်နှင့် အပြီးတိုင် ဝေးကွာသွားမှာ





ကိုပဲ ဖြစ်သည်။ သူမ ကြယ်ကို အရမ်းချစ်ခဲ့ပါသည်။ သူမ၏ ရစ်ဝဲစပြုလာပြီဖြစ်သော မျက်ရည်များ အစပျိုးချိန်မှာပင် နေ့ထံမှ ရွေးသိပ်သော စကားသံတချို့က ကရုဏာသက်စွာ ထွက်ပေါ်လာ၏။

''သိပ်လည်း ခံစားမနေပါနဲ့ မယ်ရယ်၊ သူ့ကို ကိုယ်တို့ အမှန်တကယ် ရှာတွေ့မှာပါ၊ ကိုယ် အတတ်နိုင်ဆုံး ကြိုးစားပြီး ရှာပေးပါ့မယ်''

နေရဲ့ဖေးမခြင်းနှင့်အတူ ပိတ်ထားသော အိမ်ရှေ့တံခါးဝမှ လှည့်ပြန်ဆင်းခဲ့ရသည်။

ထိုနေ့ တစ်နေ့လုံး မောဟိုက်နာကျင်ခြင်းတွေနှင့်အတူ ကြယ့်ရဲ့အရိပ်ကလေး တစ်စွန်းတစ်စကိုမျှ ရှာ၍မတွေ့ခဲ့ပါချေ။

ကြယ်သည်လည်း . . . မယ့်ရဲ့အငွေ့အသက်လေးတွေ ရှိနေသော ထိုအိမ်လေးထဲကိုရောက်နေတာ ဒီနေ့နဲ့ဆို လေးရက်ရှိပြီ။

အမှန်တကယ်တော့ သူသိပ်ချစ် သိပ်မြတ်နိုးခဲ့ရတဲ့ မိန်းမတစ်ယောက်ကို တခြားရင်ခွင်မှာ အပ်နှင်းသည့် မင်္ဂလာပွဲကို ရင်မဆိုင်ရဲ၍ ဒီမှာလာရှောင်နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိုလာဖို့အတွက် ကုမ္ပဏီမှ လုံခြုံရေးဝန်ထမ်းနှစ်ယောက်နှင့် ဒရိုင်ဘာတစ်ယောက်ကို အကူအညီတောင်းရသည်။

သူ့အနေနှင့် ဒီလိုဒုက္ခတိဘဝနှင့် စိတ်သွားတိုင်း ကိုယ်မပါနိုင်ပါ။ ဒါ့ကြောင့် သူတို့ ကားပေါ်သို့ ပွေ့ချီတင်ပြီး ဒီအိမ်ပေါ်ထပ်သို့ရောက်အောင် တင်ပေးခဲ့ခြင်းဖြစ်သည်။

တစ်နေ့နှစ်ကြိမ်တော့ အလှည့်ကျစီ ကြယ် စားဖို့သောက်ဖို့တွေကို လာစီစဉ်ပေးပါသည်။ ကျန်တဲ့အချိန်တွေမှာတော့ အိမ်တံခါးကို သော့ခပ်ပေးခဲ့ပြီး အိမ်သော့လေးကို တံခါးအောက်ကနေ လျှိုသွင်းပြီး ပြန်ထည့်ခဲ့သည်။

သူတို့လာလို့ တံခါးဘဲလ်တီးရင် ကြယ်က ထိုတံခါးအောက်မှာ လက်နှစ်လုံးစာလောက် လွတ်နေသောနေရာလေးမှ သော့လေးကို ထိုးပေးလိုက်သည်။

သူတို့က ထိုသော့ကိုယူပြီး တံခါးကိုဖွင့်ရ၏။ တစ်နေ့ကလည်း နေနှင့်မယ်တို့ ဒီအခန်းရှေ့ကို ကက်လာတာ သူသိသည်။ တမင်တကာပင် အိမ်ထဲမှာ အသံမထွက်အောင် ငြိမ်နေလိုက်သည်။ မယ်၏ငိုရှိုက်သံကိုလည်း သူရင်နာစွာနဲ့ ကြားခဲ့ရပါသည်။

သူပြောခဲ့သလို မယ်က ကြယ့်ကို သူငယ်ချင်းလိုပဲ သဘောထားခဲ့တာဆိုတော့ အဲဒီရှိုက်သံကလည်း သူငယ်ချင်းတစ်ယောက်အတွက် ရှိုက်ပေးတဲ့ ငိုရှိုက်သံဆိုတာကို လက်ခံပြီး





သွားပါ။

အင်းပေါ့လေ ... သူတို့က လက်ထပ်ကြတော့မယ့် ကြင်စဦး ဇနီးမောင်နှံတွေပဲ။ ဒီအချိန်မှာ သွားအတူ လာအတူ ငိုသင့်ပါတယ်။ မယ့်အတွက်လည်း ကျေနပ်မိပါသည်။

မယ်သည် နေခနဲ့သာလျှင် ထိုက်တန်ပါ၏။ သူ့လို ဒုက္ခိတဘဝနှင့် ထိုက်တန်ဖို့ အလွန်တရာမှ အလှမ်းဝေးလွန်းပါသည်။

"တင်း ... တောင် ... တင်း ... တောင်"

လူခေါ်ဘဲလ်သံကြောင့် ဒရိုင်ဘာမောင်စိုးလာပြီမှန်းသိ၍ တံခါးဘေးတွင် ချိတ်ထားသောသော့ကို အောက်မှလျှိုပြီးပေးလိုက်သည်။

တံခါးပွင့်သွား၏။

"ဆရာ ... ဆာနေပြီလား၊ ကျွန်တော့်ကို ဆရာ့အစ်မက ဘဏ်ကိုသွားခိုင်းနေတာနဲ့ နည်းနည်းနောက်ကျသွားပါတယ်"

"ရပါတယ် ကိစ္စမရှိဘူး၊ ကျွန်တော်လည်း မဆာသေးပါဘူး"

"ဆရာ ... ရေချိုးခန်းဝင်ပြီးပြီလား၊ မဝင်ရသေးရင် လာလေ ကျွန်တော်ရှိတုန်း ရေချိုးလိုက်ရအောင်"

"ဝင်ပြီးသွားပြီ၊ အဝတ်တွေကတော့ အဝတ်လျှော်စက်



www.burmeseclassic.com

www.burmeseclassic.com



ထဲ ထည့်ရုံပဲ၊ ခင်ဗျားပဲ ကြည့်လုပ်လိုက်တော့"

"ဆရာရယ် ... အဲဒါက အရေးမကြီးပါဘူး၊ ကျွန်တော် လုပ်ပါ့မယ်၊ ခု ဆရာ ထမင်းစားဖို့က အဓိက"

"သိပ်တော့ မဆာဘူး၊ ဒါပေမဲ့လည်း စားလိုက်ပါ့မယ် လေ၊ ခင်ဗျားရော တစ်ခါတည်း စားသွားလေ"

"ကျွန်တော် မစားတော့ဘူး၊ ဩော် ... ညနေ မောင်ခင်လှိုင် မလာနိုင်ဘူး သူဖျားနေလို့၊ ကျွန်တော်ပဲ လာခဲ့ လိုက်မယ်နော်"

"မအားရင်တော့ မလာပါနဲ့၊ ခင်ဗျားလည်း ပင်ပန်း နေပါပြီ"

"မပင်ပန်းပါဘူး ဆရာရယ်၊ လိုအပ်ရင် ဆရာ အဖော် ရအောင် လာအိပ်ပေးလို့တောင် ရပါတယ်"

"ကျေးဇူးပဲ ... ဒါပေမဲ့ ကျွန်တော်က တစ်ယောက် တည်းပဲ နေချင်တာ"

ထမင်းစားသောက်ပြီး အိမ်ရှေ့ဝရန်တာသို့ ထွက်လာခဲ့ လိုက်သည်။ မောင်စိုးကတော့ ပန်းကန်တွေ သိမ်းဆည်းဆေး ကြောပြီး အလုပ်ကိစ္စရှိ၍ ကုမ္ပဏီသို့ ပြန်သွားလေသည်။

တံခါးတွေအကုန်ပိတ်ပြီး ပိတ်လှောင်နေသော အခန်း လေးကို တခြားသူဆိုရင်တော့ ငြီးငွေ့ကောင်း ငြီးငွေ့ပေမယ့် ကြယ့်အတွက်ကတော့ ထိုအိမ်လေးထဲတွင် မယ့်ရဲ့အငွေ့အသက်





လေးတွေက ခုထိရှိနေတုန်းမို့ သူ့အနားတွင် မယ်ရှိနေသလိုမျိုး ခံစားရ၏။ ဒါဟာလည်း သူ့ရဲ့တစ်ဖက်သတ် သိပ်ကျလွန်တဲ့ အတ္တတွေနဲ့ ရောပြွမ်းခံထားရတဲ့ ရူးသွပ်မှုတစ်ခုပါပဲ။ အဲဒီရူးသွပ်မှုတွေက သူ့ဘဝကို တဖြည်းဖြည်းနဲ့ ဖွဲ့ချွေ စားသုံးတော့မယ်ဆိုတာကို သိသိကြီးနဲ့ ကိုကျေနပ်လက်ခံနေမိ သလို၊ ကွဲအက်ကြေမွနေတဲ့ နှလုံးသားတစ်စုံရဲ့ နောက်ဆုံးထွက် သက်တစ်ခုအဖြစ်လည်း ကျေနပ်စွာ မှိန်းမောနေမှာပါ။

"တင်း ... တောင် ... တင်း ... တောင်"

လူခေါ်ဘဲလ်သံကြောင့် ခုတင်ထက်တွင် လဲလျောင်းနေ ရာမှ ဝိုးချဲလ်ပေါ်သို့ ခက်ခဲပင်ပန်းကြီးစွာဖြင့် ပြောင်းထိုင်လိုက် ပြီး အိမ်ရှေ့ခန်းသို့ ဘီးလှိမ့်၍ ထွက်လာခဲ့သည်။

ကိုမောင်စိုးကတော့ ခုတင်ကို အိမ်ရှေ့ခန်းတွင် နေရာ ချပေးမယ်၊ အခန်းထဲမှာဆို ဝင်ရ,ထွက်ရခက်မယ်ဟု အကြံပေး သည်။ ဒါကို သူလက်မခံခဲ့။

မယ် အိပ်သွားသော ခုတင်နှင့် ဒီအခန်းထဲမှာကလွဲ၍ သူ ဘယ်မှာမှ မအိပ်ချင်ပါ။ သူ အဲဒီလောက်အထိ မယ့်အပေါ်မှာ ရူးသွပ်တပ်မက်ခဲ့ရသူပါ။

အတွေးနှင့်အတူ သော့တွဲကိုယူ၍ တံခါးအောက်ထဲသို့ သော့ကိုထိုးပေးလိုက်သည်။

သော့တွဲလေးက မြင်ကွင်းရှေ့မှ ဆွဲယူခြင်းခံလိုက်ရပြီ



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် တံခါးချပ်ကလေး ပွင့်လာသည်။

"ကြယ်"

ထင်မှတ်မထားသောခေါ်သံ တိုးညင်းလေးကြောင့် တဒင်္ဂတော့ အံ့သြမှင်တက်သွားမိ၏။ ဝမ်းသာခြင်းလား၊ ဝမ်းနည်းခြင်းလားဆိုတာ ကိုယ်တိုင်မဝေခွဲခင်မှာ မယ်သည် အိမ်ထဲသို့ လှမ်းဝင်လာပြီး တံခါးကို အသာပြန်စေ့ပိတ်လိုက်သည်။

"ရှင် ...ကျွန်မကို ပုန်းနေတာ သိပ်မလုံခြုံဘူး ကြယ်"

"ကိုယ် ...မယ့်ကို မပုန်းပါဘူး"

"ရှင်မပုန်းရင် ဘာဖြစ်လို့ တံခါးကို အလုံပိတ်ပြီး ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲနေရတာလဲ"

"ကိုယ်တစ်ယောက်တည်း နေချင်လို့ပါ၊ နေရော မပါဘူးလား"

လှိုက်ငင်နေသော ဝင်သက်ထွက်သက်တို့ကို ထိန်းချုပ်ရင်း ဟန်ဆောင်အပြုံးနှင့်အတူ မေးလိုက်၏။

"ဟင့်အင်း ...မပါဘူး၊ သူလည်း ရှင့်ကို ရှာရလွန်းလို့ ခြေကုန်လက်ပန်းကျနေပြီ၊ ကျွန်မကတော့ တွေ့ချင်နေတဲ့လူဆိုတော့ ကျွန်မရဲ့နောက်ဆုံးထွက်သက်အထိ ရှာဖွေနေဦးမှာပါ၊ ဒီအိမ်တံခါးဝကို ကျွန်မ အမြဲရောက်တယ်၊ ရှင်များ ရှိနေမလား ဆိုတဲ့အတွေး မျှော်လင့်ချက်နဲ့ပေါ့၊ အင်း ...ကျွန်မ ဝဋ်လည်





တာနော်၊ အရင်တုန်းက ကျွန်မ ရှင့်ကို ဒီလိုနည်းလမ်းကိုသုံးပြီး ပုန်းဘူးတယ်လေ၊ ရှင် မေ့သွားပြီလား၊ ကျွန်မရဲ့နည်းပညာကို ရှင် အလွဲသုံးစား လုပ်လိုက်တာပဲ၊ အဲဒီအချိန်တုန်းက ရှင့်အနားမှာ ကျွန်မ,ရှိနေရင် ရှင် စနိုးကို လက်မထပ်မှာစိုးလို့ ပုန်းနေရတာ၊ ခု ...ရှင်ကျတော့ ဘာရည်ရွယ်ချက်နဲ့ ဒီနည်းလမ်းကို သုံးရတာလဲ"

"ကိုယ်က မင်းရဲ့မင်္ဂလာပွဲကို ရင်ဆိုင်ဖို့ အင်အားမရှိလို့"

"ကျွန်မ မင်္ဂလာဆောင်မယ်လို့ ရှင့်ကိုပြောမိသွားလို့လား"

"မနောက်ပါနဲ့ မယ်ရယ်၊ ရှုံးပြီးသားသူကို အရှုံးတွေပဲ ထပ်ပြီး မပေးပါနဲ့"

"ရှင်က ...ရှင့်ကိုယ်ရှင် အရှုံးသမားဆိုပြီး အသည်းတွေ ကွဲနေတယ်ပေါ့၊ ကျွန်မကတော့ ရှင့်ဆီကို ရှင်ပိုင်ဆိုင်သင့်တယ်ထင်လို့ ရှင့်အတွက် လှပတဲ့အနာဂတ်တစ်ခုကို ယူလာပေးတာ၊ ရှင့်ရဲ့ အဲဒီအနာဂတ်ထဲမှာ အချစ်ရဲ့ရနံ့သစ်တွေနဲ့ စီးမျောခွင့်ရှိတယ်"

"ကိုယ့်ကို အရူးမလုပ်စမ်းပါနဲ့ မယ်ရယ်"

"ရှင်တစ်ယောက်တည်း ရူးနေတယ်လို့ ရှင်က ထင်နေတာကိုး၊ ကျွန်မလည်း ရှင့်လိုပဲ ရူးနေတာ၊ ဒါပေမဲ့ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



အဲဒီရှုံးသွပ်ခြင်းတွေကို လုပတဲ့အနာဂတ်ဆီကို ခေါ်သွားနိုင်မယ့် ရည်မှန်းချက်ရှိနေတဲ့အတွက် ရှုံးရတာ တန်တယ်''

သူမ၏နှုတ်ဖျားမှထွက်ကျလာသော စကားလုံးပေါင်းများစွာကို နားလည်ဖို့ ခက်ခဲစွာဖြင့် ပိုးချဲလ်ပေါ်မှနေ၍ သူမ၏ လက်အစုံကို ဆွဲယူဆုပ်ကိုင်လိုက်ရင်း ...

''မင်း သယ်ဆောင်လာတဲ့ အချစ်ရဲ့ရနံ့တွေကို ကိုယ် တကယ်နမ်းရှိုက်ခွင့်ရှိလား ...မယ်''

''အင်း ... သိပ်ကိုရှိတာပေါ့''

''ဒါဆို နေနဲ့ ကီစွကရော''

''အရင်ကတည်းက အဲဒီကိစ္စက တကယ်မှမရှိဘဲ၊ ကျွန်မက နေ့ကို သူငယ်ချင်းတစ်ယောက်လိုပဲ ခင်တာ''

''တကယ်''

''အင်းပေါ့၊ တကယ်တော့ ...ကျွန်မနဲ့ရှင် မဆုံစည်းခင်ကတည်းက ရှင်ဟာ ကျွန်မရဲ့အိပ်မက်ထဲက ချစ်သူတစ်ယောက်အဖြစ်နဲ့ နှလုံးသားတစ်ထောင့်တစ်နေရာမှာ နေရာယူကွန်းခိုပြီးသားပါ၊ အဲဒီ အိပ်မက်ထဲက ကျွန်မရဲ့ချစ်သူဟာ ရှင်ပဲလေ၊ ဒီအကြောင်းတွေကို တစ်ချိန်ချိန်မှာ ရှင့်ကိုပြောပြဖြစ်လိမ့်မယ်၊ ရှင် အရမ်းကို အံ့ဩသွားစေရမယ် ...သိလား''

''မယ်ဟာလည်း ကိုယ့်ဘဝထဲက အိပ်မက်နတ်သမီးလေးအဖြစ် ကိုယ့်ဘဝရဲ့အကောင်းဆုံးတွေကို ရွေးချယ်ပေးခဲ့တာ



BURMESE CLASSIC .com



မဟုတ်လား။ ဒါဟာ တိုက်ဆိုင်မှုသက်သက် ဖြစ်နိုင်ပါ့မလား မယ်ရယ်''

သိပ်ချစ် သိပ်စွဲလမ်းခဲ့ရသော မယ့်ကို အကြင်နာမျက်ဝန်းအကြည့်နှင့်အတူ မယ့်ရဲ့ထွေးအိနူးညံ့သော ကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲ ဆွဲငင်သိမ်းဖက်လိုက်ပြီး နဖူးပြင်တွင် ဝဲကျနေသော မယ့်ရဲ့ဆံမျှင်စလေးများကို တယုတယ ညင်ညင်သာသာကလေး ပွတ်သပ်ဖယ်ရှားရင်း ...

''မယ်ရယ် ...မင်းကို ကိုယ်သိပ်ချစ်တယ်၊ ကမ္ဘာပေါ်မှာ အချစ်တတ်ဆုံးယောကျ်ားတစ်ယောက်ဟာ ကိုယ်ဖြစ်ခဲ့မယ်ဆိုရင်တောင် အဲဒီအချစ်ကို ခံစားနားလည်ပေးမယ့် မေတ္တာရှင်ဟာလည်း မယ်ကလွဲပြီး ဘယ်မိန်းကလေးမှ ဖြစ်လာမှာမဟုတ်ပါဘူး။ ဒါဟာ ...ကိုယ့်ရဲ့ သစ္စာတရားပါ''

ချစ်သူ့နှုတ်ဖျားမှ ထွက်ကျလာသည့် ရိုမန်တစ် (Romantic စိတ်ကူးယဉ်ဆန်သော) ဖြစ်လွန်းသည့် အချစ်စကားလုံးလှလှလေးတွေက မယ့်နှလုံးသားတစ်ခုလုံးကို ပျားရည်မြစ်ထဲ မျောသွားသလို ချိုမြသွားစေသည်။

''စိတ်ချပါ ကြယ်ရယ်၊ မယ်ကလည်း ကြယ့်ရင်ခွင်လေးထဲမှာ ထာဝရခိုလှုံငြိမ်သက်ရင်း မယ်တို့ရဲ့အိပ်မက်ထဲက နတ်ပျိုမလေးရဲ့ရိုမန်တစ်အချစ်မျိုးနဲ့ ကြယ့်ကို တစ်သက်တာ ပြန်ချစ်သွားမှာပါ''



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်က လွတ်ထွက်သွားမှာစိုးသည့်အလား မယ့်ကို တိုး၍ဖက်လိုက်သည်။

ကြယ်စင့်ရင်ခွင်ထဲတွင် မယ့်ခန္ဓာကိုယ်လေးက နစ်မြုပ်လျက် နွေးထွေးလုံခြုံလွန်းသည့် ချစ်သူ့ရင်ခွင်ရိပ်မှာ ကြည်နူးချမ်းမြေ့စွာ ခိုနားရင်း မယ်က ကြယ့်ကို မြတ်နိုးအားကိုးစွာ မော့ကြည့်သည်။

ကြယ်က မယ့်ကို ပြန်ကြည့်ရင်း မယ့်မေးဖျားလေးကို တယုတယကိုင်လိုက်သည်။

ထိုခဏမှာပင် အနမ်းလေးတစ်ပွင့်က မယ့်ပါးပြင်ထက်ဆီသို့ နွေးခနဲ ကြွေကျလာ၏။

တစ်ပွင့်ပြီးတစ်ပွင့် ...

ဆက်တိုက်ကြွေကျလာသည့် ကြယ့်အနမ်းပွင့်လေးတွေကို မျက်တောင်ကော့လေးတွေ မှေးမိုတ်လျက် ကျေနပ်စွာ ခံယူရင်း မယ့်နှုတ်ခမ်းဖူးဖူးလေးမှာ အပြုံးပွင့်လေးတွေ ဖူးပွင့်လာသည်။

ဤပါးပြင်လေးကို ချစ်သူရှူးမှသာ ဖူးဝေစေရမည်၊ ဤပါးပြင်လေးကို ချစ်သူနမ်းမှသာ ပွင့်လန်းစေရမည် ...ဟု မယ် ဆန္ဒပြုခဲ့ဖူးပါသည်။

ခုတော့ ...

ဤပါးပြင်လေးမှာ အနမ်းပွင့်လေး တစ်ပွင့်ပြီးတစ်ပွင့်





ခွေချကာ အချစ်ပန်းကလေးတွေ တစ်ပွင့်ပြီးတစ်ပွင့် ပွင့်ဝေနေစေသူ ဖူးစာရှင် ရွှေမင်းသားလေးက ကြယ်ကိုယ်တိုင်ဖြစ်လို့ နေပါပြီ။

ရှင်ငြိမ်းမယ်အတွက်တော့ ကြင်နာခြင်းများစွာဖြင့် မြတ်မြတ်နိုးနိုးချစ်ခင်ရသော ကြယ်သည် ဤပါးပြင်လေး၏ အနမ်းသခင် ဖူးစာရှင်အဖြစ် ထာဝရသတ်မှတ်ယုံကြည်ရင်းဖြင့်သာ...

နှလုံးသားသည်းနှမှ ချစ်ခြင်းများစွာဖြင့် ...

BURMESE CLASSIC .com



www.burmeseclassic.com